www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း



မြန်မာ့အိုးအိမ်ရေး   အောင်မြင်စာပေ၊ ၂၀၁၅ ခုနှစ်၊ (ဖွန်လ)၊ အုပ်ရေ (၅၀၀)၊ ပထမအကြိမ်၊

ဝ၉၅.၈၃

ကြီးကျွ

ရှင်သူငယ်ထောင်ချောက်/ကြီးကျွ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၄။

၂၅၅ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ၊

# ဒဿနလက်ဆောင်

- အမှန်တရားကိုရှာဖွေရန်အတွက်သော်လည်းကောင်း
  အမှားများကိုလေ့လာကြည့်ရန်သော်လည်းကောင်း
  အရင်းအနှီးတစ်ခုတော့ပေးရသည်။
  အချိန်နှင့်ကိုယ်ကျင့်တရားပင်ဖြစ်ပေ၏။

- မိန်းမပျိုတစ်ဦး၏အလှကို
  ဖြည့်ဆည်းပေးသောအရာများထဲတွင်
  အရှက်တရားလည်း တစ်ခုအပါအဝင်ဖြစ်၏။
  အရှက်မရှိသောအခါ
  အလှလည်းပျက်စီးသွားပေတော့သည်။

- လေးတစ်စင်းမှာ ကြိုးနစ်ချောင်းမတပ်ရပေ၊
  ကြိုးနစ်ချောင်းဖြင့်ပစ်သောမြားသည်
  လိုရာမရောက်သလို၊
  ဦးတည်ချက်ပါ ပျက်စီးသွားပေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- လူတစ်ယောက်ကို ဘာကြောင့်ချစ်သလဲဟုမေးလျှင်
  အဖြေပေးစရာများများရှိနိုင်ပေ။
  ဘာကြောင့်မုန်းရသလဲဟု မေးလျှင်တော့
  အကြောင်းပြချက်ပေါင်းများစွာဖြင့်
  ဖြေရှင်းပြပေလိမ့်မည်။

- အချစ်ကိုမျက်စိနဲ့ကြည့်လို့ မမြင်နိုင်ပါဘူး။
  စိတ်ခံစားမှုနဲ့ကြည့်ရင်တော့
  သင့်တော်သလောက်မြင်ခွင့်ရပါတယ်။
  ဘဝလက်တွဲဖော်ဆိုတာ...
  စစ်မှန်တဲ့ အချစ်နဲ့ အတူရှိနေတတ်ပါတယ်။

- အချစ်ဆိုတာ...အကန့်အသတ်မဲ့ ချစ်နိုင်တယ်။
  အကန့်အသတ်မဲ့ ခွင့်လွှတ်ပေးနိုင်တယ်။
  အရာအားလုံး ဆုံးရှုံးသွားရင်တောင်မှ
  အပြုံးနဲ့ကျန်ခဲ့ပေးနိုင်ပါတယ်။

# ဒဿနလက်ဆောင်

- ပူလောင်နေတဲ့နေ့မှာ ပန်းတစ်ပွင့်အတွက် ရေလိုပါတယ်။
  မှန်တိုင်းထန်နေချိန်မှာ နားခိုစရာ တစ်နေရာလိုပါတယ်။
  မိန်းကလေးတစ်ယောက်အတွက်
  ဘဝလက်တွဲဖော်ဆိုတာ...
  ရေလိုအေးပြီး ခိုနားစရာပေးနိုင်ရပါမယ်။

- သစ္စာတရားရဲ့အလင်းရောင်၊
  ကြင်နာခြင်းရဲ့လေနုအေး၊
  မိုးရေစက်လိုအေးမြတဲ့ပေးမလက်တွဲမှုတွေဆိုတာ
  အချစ်အတွက် မရှိမဖြစ် သင်္ကေတတွေပါပဲ..။

- မီးချင်းတူသော်လည်း
  မီးစာမရှိသောမီးခဲသည် အလင်းရောင်မရနိုင်ပေ။
  မီးစာဖြင့် တောက်လောင်သောမီးသည်
  အလင်းရောင်ကိုပေးစွမ်းနိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

➤ အချစ်ခေါ်သောင်ရာနောက်သို့လိုက်လျှင်
မိမိမျက်စိကိုပွင့်ထားပေးပါ။
တစ်ခါတရံ အချစ်သည်...မိမိစိတ်ကိုသော်လည်းကောင်း၊
မျက်စိကိုသော်လည်းကောင်း လှည့်စားတတ်သည်။

➤ အလိမ်ခံရတာကိုသိလျှင်
အတွေ့အကြုံတစ်ခုတိုးလာပေသည်။
အလိမ်ခံရတာကိုမသိရင်တော့
လိမ်ညာခြင်းက အဖော်အပေါင်းနှင့်
ရောက်လာပေတော့သည်။

➤ ဆင်းရဲဒုက္ခကြုံတွေ့သောအခါ၊
ရုန်းနိမ့်မှုများနှင့် ရင်ဆိုင်ရသောအခါ၊
ယခင်ကအောင်မြင်ခြင်းများကို သတိပြန်ရလေ့ရှိကြသည်။
ထိုအခါ စိတ်သောကရောက်ခြင်းကို
နှစ်ဆတိုးပြီး ခံရပေတော့သည်။

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း (၁) | ယက္ခပူရတို့၏နေရာ |
| အခန်း (၂) | တစ္ဆေကြမ်းသောတစ္ဆေကျွန်း |
| အခန်း (၃) | သေရွာမှပြန်ထလာသောအလောင်း |
| အခန်း (၄) | ပုလဲရတနာနှင့်အသက်ပေးရသောဘဝများ |
| အခန်း (၅) | ညီမသုံးဖော်ကျွန်းမှလမ်းညွှန်ပေးသူ |
| အခန်း (၆) | တစ္ဆေကျွန်းမှထူးဆန်းသောအသံများ |
| အခန်း (၇) | သရဲနှင့်တူသောလူများ |
| အခန်း (၈) | ကမာနီနှင့်တွေ့ခဲ့ရခြင်း |
| အခန်း (၉) | တစ္ဆေကျွန်းသို့သွားလိုသောသူ |
| အခန်း (၁၀) | ကျွန်းပေါ်မှအန္တရာယ်များ |
| အခန်း (၁၁) | လူသရဲများနှင့်တိုက်ခိုက်ကြရခြင်း |
| အခန်း (၁၂) | ရှင်သူငယ်နှင့် ဂမ္ဘီရဆန်သောပန်းများ |
| အခန်း (၁၃) | ဖုတ်ဝင်နေသောလူသရဲ |
| အခန်း (၁၄) | ရှင်သူငယ်ထောက်ချောက် |
| အခန်း (၁၅) | ရှင်သူငယ်တောင်ဝှေးနှင့်ထူဆန်းမှုများ |
| အခန်း (၁၆) | နှလုံးသားကိုပျော်ရွှင်စေသောအရာ |


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

## ယက္ခပူရတို့ဓါးနေရာ

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများစွာ ရှိသော နိုင်ငံအဖြစ် အသိအမှတ်ပြုရပေသည်။ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများ ရှိကြသည့် အပြင် တိုင်းရင်းသားစာရင်း မဝင်သေးသော လူမျိုးအချို့လည်း ရှိကြပေသေးသည်။

သို့သော်လည်း နှစ်ကာလများ အမျိုးမျိုးပြောင်းလဲလာ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်အညီ အခြေအနေတို့ကလည်း အစဉ်သဖြင့် ပြောင်းလဲနေကြလေသည်။

ရှေးကလူဦးရေမြောက်များစွာရှိခဲ့ပြီး မြို့ကြီးပြကြီးတည်ထောင်၍နေခဲ့ကြသော ပျူလူမျိုး၊ ခန္တီးရှမ်းလူမျိုးတို့ ယခုအခါ လူဦးရေအနည်းငယ်မျှလောက်သာ တွေ့ရပေတော့သည်။

ပျူမြို့တော်ကြီး ထွန်းကားခဲ့စဉ်က အကြောင်းများ၊ ခန္တီးရှမ်းလွင်ပြင်ကြီး ကောင်းစားခဲ့စဉ်က အကြောင်းအရာတို့သည် ယခုအခါမှာတော့ သမိုင်းကြောင်းများလောက်သာ ရှိပေတော့သည်။

အချို့လူမျိုးစုများဆိုလျှင် မတွေ့ရသလောက် ကွယ်ပျောက်သွားခဲ့ကြပေပြီ။ အချို့လူမျိုးစုများကတော့ နောက်ပိုင်းကာလများရောက်မှ ဝင်ရောက်လာကြခြင်းဖြစ်သည်။

နောက်ပိုင်းမှ ဝင်ရောက်နေထိုင်သော မျိုးနွယ်စုများကတော့ တိုင်းရင်းသားလူမျိုးစာရင်း၌ မပါဝင်ပေ။ ထို့ကြောင့် လူမျိုးစုများနှင့်ပတ်သက်သော အငြင်းပွားဖွယ်ရာများလည်း ပေါ်ပေါက်ခဲ့ကြရပေသည်။

တိုင်းရင်းသားစာရင်းဝင် လူမျိုးတို့မှာ မြန်မာ၊ ထားဝယ်၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယား စသည်တို့ ဖြစ်ကြလေသည်။

သမိုင်းကိုလေ့လာသူတို့က မြန်မာ၊ ယော(ပရယ်)၊ ရခိုင်၊ ထားဝယ်၊ ပျူ၊ ကမ်းယံ၊ တောင်သူ. . စသောလူမျိုးတို့ကို မြန်မာခုနစ်မျိုးဟု ရေတွက်သည်။





ရှမ်း၊ ကချင်၊ ချင်း၊ ကရင်တို့ကို ရှမ်းသုံးဆယ်စာရင်း၌ ထည့်သွင်းရေတွက်ကြလေသည်။

မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးဝင်ရောက်လာကြသူတို့မှာ မောင်ဂိုလ်(မွန်ဂို) လူမျိုးကြီးအုပ်စုမှ မွန်ခမာအနွယ်ဝင်၊ 'မွန်' လူမျိုးတို့ပင်ဖြစ်ကြလေသည်။

နီဂရစ်တို မျိုးနွယ်စုအချို့သည် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့ ရှေးဦးစွာဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့သည် ရာမည (မွန်)ဒေသကိုကျော်ပြီး အထက်ပိုင်းဒေသများအထိ တက်ရောက်နေထိုင်ကြလေသည်။ ဆလုံနှင့် စလေးလူမျိုးအချို့သည်လည်း လွန်ခဲ့သော နှစ်ပေါင်း(၂၀၀၀)ကျော် (၃၀၀၀)ဝန်းကျင်ကာလကတည်းက. . ပင်လယ်ပိုင်းဒေသများသို့ ဝင်ရောက်နေထိုင်ခဲ့ကြကြောင်း မှတ်တမ်းများရှိသည်။

ရခိုင်ကမ်းမြောင်နှင့် မုတ္တာမပင်လယ်ကွေ့တစ်လျှောက်တွင် ရေဘီလူးဟုခေါ်သော စမင်တို့ ဝင်ရောက်နေထိုင်ခဲ့ကြသည်။ ၎င်းတို့သည် ဩစတြေလျှိုက် မျိုးနွယ်ဝင် ဩစရိုနီးရှမ်းများဟုခေါ်ဝေါ်ကြသည်။

၎င်းတို့၏ မူလနေထိုင်ရာအရပ်ဒေသမှာ မလေးကျွန်းစုယ်များ၊ အင်ဒိုကျွန်းစုများဘက်မှဖြစ်သော်လည်း နောက်ပိုင်းအတိုက်အခိုက်ခံရသဖြင့် မြန်မာနိုင်ငံတောင်ပိုင်း ဒေသများသို့ ဝင်ရောက်ကာ နေထိုင်ခဲ့ကြခြင်းဖြစ်ပေသည်။

မုတ္တမပင်လယ်ကွေ့တွင် နေကြသည့် ရေဘီလူးဟုခေါ်ကြသည့် စမင်တို့သည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးရောက်လာသော မွန်လူမျိုးတို့ ရောက်လာသည်နှင့် တိုက်ထုတ်ပစ်ရာ တဖြည်းဖြည်းနှင့် တောင်းပိုင်းဒေသ (ယခု မြိတ်၊ ထားဝယ်) သို့ ထွက်ပြေးတိမ်းရှောင်ကာ ပုန်းအောင်းနေခဲ့ကြရပေသည်။

မြိတ်မြို့နှင့် (၃၆)မိုင်ကွာဝေးသော ပုလောမြို့သည် ရှေးအခါက ရေဘီလူးတို့နေရာ အရပ်ဖြစ်သောကြောင့် 'ပူလယက္ခမြို့' ဟု အမည်ဟောင်းရှိခဲ့လေသည်။

မွန်ပြည်နယ်အတွင်းမှာရှိသော 'ဘီလူးကျွန်း'မှာလည်း ရှေးအခါက ရေဘီလူးတို့နေထိုင်ရာ အရပ်ဒေသဖြစ်ခဲ့ပေသည်။

ရေဘီလူးလို့ခေါ်တဲ့ စမင်တွေဟာ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတွေမှာ (Semai) လို့သိကြတဲ့ ရှေးခေတ် ရှေးဟောင်းလူသားတွေဖြစ်ပေသည်။

စမင်တွေကို မွန်တိုင်းရင်းသားတွေ ကဲစမောင်း. . ဟုခေါ်ဝေါ်ကြသည်။

ဘီလူးကျွန်းဟာ ရေဘီလူးလို့ခေါ်ကြတဲ့ စမင်တွေရဲ့ နောက်ဆုံးနေထိုင်သွားခဲ့ရာ အရပ်တစ်ခုလည်းဖြစ်သည်။

သမိုင်းပညာရှင် ဒေါက်တာ ဂျီအေဂရိအာဆင်၏ အဆိုအရ ဘီလူးကျွန်းမှာ ရေဘီလူးတွေနေထိုင်ခဲ့တဲ့ အထောက်အထားတွေရှိကြောင်း သိရလေသည်။

၄င်းပြုစုရေးသားသော အိန္ဒိယနိုင်ငံ ဘာသန္တရ လေ့လာမှုစစ်တမ်းမှာ ဘီစီ(၂၅၀)အထက်က ဘီလူးကျွန်း၌ နီဂရိုးအနွယ်ဝင် စမင်များရှိခဲ့ကြပြီး ၄င်းတို့သည် ရေ၌ကျက်စားပြီး လူသား





စားသော ရေဘီလူးများဖြစ်ကြောင်း ရေးသားဖော်ပြထားခဲ့လေသည်။

နှောင်းပိုင်းကာလများရောက်မှသာ ထိုနေရာသို့ မွန်တိုင်းရင်းသားများ ရောက်လာပြီး တိုက်ထုတ်သဖြင့် အောက်ပိုင်းဒေသများသို့ ရွှေ့ပြောင်းပြေးခဲ့ကြရခြင်းဖြစ်ကြောင်းကိုလည်း ရေးသားထားပေသည်။

ဂရိပထဝီပညာရှင် တော်လမီ ရွက်လွှင့်သွားလာစဉ်ကလည်း ပုတ္တမပင်လယ်ကွေ့မှာ လူသားစားတဲ့ လူရိုင်းတစ်မျိုးတွေ့ခဲ့ရကြောင်း မှတ်တမ်းရေးသားခဲ့သည်။

ရေဘီးလူးဟုခေါ်သော စမင်တို့သည် အသားမည်း၊ ကြမ်းတမ်းသောရုပ်ခန္ဓာမျိုး ရှိကြသည်။

ဘီလူးကဲ့သို့ ကြောက်စရာကောင်းသော မျက်နှာမျိုးရှိကြသည်။ ၄င်းတို့သည် ကြမ်းတမ်းခက်ထန်သော စိတ်ရှိရာ အခြားသူများကို တိုက်ခိုက်သတ်ဖြတ်ခြင်း မပြုရပါက အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ခြင်းများ ပြုလုပ်လေ့ရှိကြသည်။

သထုံကျောက်စာ၌. . .၊

ရှေးအခါက သထုံနယ်သည် ဘီလူးများနေထိုင်သော နေရာဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။

ရေဘီလူးဟုခေါ်သော စမင်များပင်ဖြစ်ဟန်ရှိပေသည်။ သထုံနယ်ကို မွန်မျိုးနွယ်များ ဝင်ရောက်လာစဉ်က ဘီလူးများနှင့် တိုက်ခိုက်ခဲ့ရကြောင်း သီဟိုဠ်ဒီပနီဝင် (အေဒီ ၆ ရာစု)နှင့်၊ ကလျာဏီမွန်ကျောက်စာ ( ၁၅ ရာစု)တို့တွင် တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မွန်စာပေ၌ ပါဝင်သော "အဇေတ္တကုမ္မာ" ဝတ္ထု၌ ရေးသားဖော်ပြထားသည်ကလည်း ရေဘီလူးများနှင့် ဆက်စပ်နေသော အကြောင်းများပါဝင်လေသည်။

ထိုဝတ္ထုမှာပါဝင်သော အကြောင်းအရာအချို့မှာ. . .၊

ဗာရဏသီပြည်၌ ဗာရာဏသီမင်းစိုးစံနေစဉ်က. . ခေါင်းဆေးကျွန်းအောက်နားက ပင်လယ်ရေအောက် တစ်နေရာမှာ နတ်မိမယ်တစ်ပါးရှိကြောင်း၊ ရေဘီလူးများက ဝန်းရံစောင့်ကြပ်ထားကြောင်း ရေးသားထားသော ပုရပိုဒ်ကို ရသဖြင့် ဗာရာဏသီမင်းက နတ်မိမယ်ကို ဆောင်ယူရန် စစ်သည်ဗိုလ်ပါများစွာတို့ ရွက်သင်္ဘောဖြင့် စေလွှတ်ခဲ့ကြောင်း၊ စစ်သည်ဗိုလ်ပါတို့မှာ ထိုနေရာသို့ရောက်သည်နှင့် ရေဘီလူးများ တိုက်ခိုက်မှုကြောင့် သင်္ဘောတစ်စင်းလုံး ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊

ဗာရာဏသီမင်းကလည်း လက်မလျှော့ပဲ နောက်ထပ်ရွက်သင်္ဘောတစ်စင်းပြီးတစ်စင်း စေလွှတ်ရာ ရွက်သင်္ဘောခုနစ်စင်းတိုင်အောင် ပျက်စီးခဲ့ရကြောင်း၊ ရှစ်ကြိမ်မြောက်မှာတော့ အဇေတ္တကုမ္မာမင်းသားကိုယ်တိုင် ဦးဆောင်ကာ သွားရောက်ခဲ့ကြောင်း၊

မင်းသားသည် ထိုနေရာသို့ရောက်သောအခါ. . ရေဘီလူးတို့အား အစားအသောက်များ ပေးကမ်း၍ မိတ်ဆွေဖွဲ့ရာ အောင်မြင်သဖြင့် နတ်မိမယ်ကို ဆောင်ကြဉ်းနိုင်ခဲ့ကြောင်း. . စသည်ဖြင့် ရေးသားဖော်ပြထားလေသည်။

ဘီစီ(၃၀၉)ခုနှစ်က ဆရာတော် သောကာထေရ်နှင့်



ဥတ္တရထေရ်နှစ်ပါးတို့သည် နောက်လိုက်သံဃာသုံးပါးတို့နှင့်အတူ သုဝဏ္ဏဘုမ္မိ(သထုံပြည်)သို့ ကြွရောက်ခဲ့ကြလေသည်။

ထိုသို့ရောက်သောအခါ ရေဘီလူးတို့ တိုက်ခိုက်နှောက်ယှက်ခြင်းပြုလာသဖြင့် တရားတော်ဖြင့် နှိမ်နင်းခဲ့ကြရပေသည်။

ဆရာတော်တို့သည် ရေဘီလူးတို့နှင့်တွေ့သောအခါ 'ဗြဟ္မဇာလသုတ်'ဟောကြားကာ ဆုံးမတော်မူခဲ့ရကြောင်း ပါရာဇိကဏ်အဋ္ဌကထာမှာ ရေးသားဖော်ပြထားသည်ကို တွေ့ရဖူးသည်။

ရေဘီလူးလို့ခေါ်တဲ့ စမင်တွေကို တိုက်ခိုက်ဖယ်ရှားပြီးမှသာ မွန်တို့သည် မွန်မြို့ပြနိုင်ငံတွေကို ထူထောင်နိုင်ခဲ့ကြသည်။

မွန်တို့၏ တိုက်ခိုက်မှုကို မခံနိုင်သဖြင့် အောက်ပိုင်းဒေသများသို့ ရွှေ့ပြောင်းပြေးခဲ့ကြသော စမင်တို့သည် နောက်ပိုင်း မြိတ်၊ ထားဝယ်ဘက်မှ ကျွန်းစုများရှိရာဘက်သို့ ရောက်သွားခဲ့ကြပေသည်။ ၎င်းတို့သည် လူသူဝေးရာကျွန်းစုများတွင် သွားရောက်နေထိုင်ကြလေသည်။

ရှေးအခါက မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်မှာရှိကြသော ကျွန်းများမှာ လူသူနေထိုင်မှုမရှိသည့်အပြင် ကမ်းရိုးတန်းဘက်မှ လူများကလည်း မလာရောက်ကြပေ။

ပင်လယ်ပြင်မှ လေမိုးသည်းထန်သောအချိန်များတွင် အခိုက်အတံ့ ဝင်ရောက်ခိုနားကြသည်မှလွဲပြီး တကူးတက လာရောက်ကြခြင်းမျိုးတော့ မရှိကြပေ. . .။

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်မြို့တစ်ဖက်ကမ်း၌ရှိသော ဘီလူးကျွန်းကို မွန်တို့က 'တကော့ခမိုင်း' ဟုခေါ်ကြသည်။

တကော့ဟူသော အဓိပ္ပါယ်မှာ 'ကျွန်း'ဖြစ်ပြီး 'ခမိုင်း' သည် အကိုင်းအခက်များသော သစ်ပင်ဟူ၍ အဓိပ္ပါယ်ရှိသောကြောင့် တကော့ခမိုင်းမှာ သစ်ပင်အကိုင်းအခက်များလှသော ကျွန်းဟူ၍ အဓိပ္ပါယ်ရပေသည်။

အကိုင်းအခက်များသော သစ်ပင်ကို 'ခမိုင်း' ဟုခေါ်ပြီး ထိုအရပ်မှာနေကြသူတို့ကိုလည်း ခမိုင်းဟူ၍ပင် အလွယ်ခေါ်ကြသည်။ ခမိုင်းဟူသော ဝေါဟာရမှာ 'စမင်းလူမျိုး'ကို ညွှန်းဆိုကြောင်းဖော်ပြထားရာ စမင်းမှ စမင်ဖြစ်လာဟန်လည်းရှိပေသည်။ တစ်ကိုယ်လုံး အဝတ်အစားမဝတ်ဘဲ နှုတ်ခမ်းထူ၍ကျယ်ပြီး ခန္ဓာကိုယ်ကြံ့ခိုင်သန်မာသည်။

အသားမည်းပြီးနီကြောင်ကြောင် ဆံပင်တို့က ကိုယ်ပေါ်သို့ ကျနေတတ်သည်။

ရုပ်ဆင်းသွင်ပြင်ကြမ်းတမ်းပြီး အစားကျူးလှသောကြောင့်သော်လည်းကောင်း၊ ရေထဲမှာ အချိန်ကြာမြင့်စွာနေပြီး ကူးခတ်သွားလာနိုင်ကြသောကြောင့် ရေဘီလူးဟု ခေါ်ဝေါ်ကြခြင်းဖြစ်၏။

အစားအသောက်စားရာမှာလည်း သားစိမ်း၊ ငါးစိမ်းများအပြင် လူများကိုဖမ်းမိပါက သတ်ဖြတ်စားသောက်ကြပေသည်။

ဘီးလင်းမြို့နယ် ဇုတ်ဘုတ်ရွာရှိ ထီးဆောင်းဘုရားကို ဘီလူးများတည်ခဲ့ခြင်းမှာ ဘာသာတရားမရှိသော ရေဘီလူးတို့



ည် အရှင်သောကာ်ထေရ်နှင့် ရှင်ဥတ္တရထေရ်နှစ်ပါးတို့နှင့် တွေ့ရပြီး အကျွတ်တရားရကာ ဘုရားတည်ခဲ့ခြင်းလည်း ဖြစ်တန်ရာပေသည်။

ဒေါက်တာ ဗလက်တင်နှင့် စကိတ်တို့ပြုစုရေးသားခဲ့သော သမိုင်းမှတ်တမ်းထဲတွင်. . .

'မာလာ့ယုကျွန်းအောက်ပိုင်းတွင် ဘာသာတရား၊ အသိမြင်ကင်းမဲ့သည့် လူမျိုးစုများတွေ့ရသည်။' ဟု ဖော်ပြထားရာ ရေဘီလူးတို့မှာ ဘာသာတရားနှင့် ယုံကြည်ကိုးကွယ်မှုမရှိကြောင်း သိသာသဖြင့် ဘုရားစေတီတည်သောကိစ္စမှာ ရဟန္တာနှစ်ပါးတို့နှင့်တွေ့ပြီးမှသာ ဖြစ်နိုင်စရာရှိပေတော့သည်။

သုဝဏ္ဏဘုမ္မိ နေရာဝန်းကျင်ကို ယက္ခပူရနိုင်ငံ၊ မော်လမြိုင်မြို့အနီး ဘီလူးကျွန်းဒေသကို ရက္ခပူရဟူ၍ ခေါ်ခဲ့ကြသလို ခေတ်အချိန်နှင့် တပြေးညီပေါ်ပေါက်ခဲ့သော မြိတ်ဒေသဝန်းကျင်၌ရှိသည့် ပူလယက္ခနိုင်ငံတို့မှာ တစ်ခါက ရေဘီလူး၊ စမင်ခေါ်ဝေါ်ကြသော လူမျိုးစုတို့နေထိုင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းအထောက်အထားများ ပေါ်ပေါက်ခဲ့ပေသည်။

ပူလယက္ခနိုင်ငံမှာ ယခုပုလောမြို့နေရာဖြစ်ပြီး ပူလယက္ခမှ 'ပုလော' ဟူ၍ ပြောင်းလဲလာခဲ့ခြင်းဖြစ်လေသည်။

တဖြည်းဖြည်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသသို့ ပြောင်းလာခဲ့ကြသော စမင်တို့မှာ လူသူကင်းဝေးရာအရပ်သို့ ပြောင်းနေထိုင်ရင်းမှ ပင်လယ်ထဲမှာရှိကြသော ကျွန်းစုများ ရောက်ခဲ့ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း တစ်နေရာတည်းမှာ အမြဲနေလေ့မရှိဘဲ ကဗန်းလေ့ကို အိမ်အဖြစ်ပြုလုပ်ကို နေရာအနှံ့သို့ ရွှေ့ပြောင်းလှည့်လည်ကာနေကြသည်။

နောက်ပိုင်းရောက်တော့မှ သင့်တော်သော ကျွန်းစုများပေါ်တွင် ယာယီတဲများထိုး၍ စုဝေးနေထိုင်ရာမှ ရွာငယ်ကလေးများ ဖြစ်လာကြသည်။

ကာလကြာတော့ ယဉ်ကျေးမှုလည်းအတော်အသင့် ရှိလာကြသည်။ ရေဘီလူး၊ စမင် ဟူသောဝေါဟာရများ ပပျောက်သွားခဲ့ပြီး 'ဆလုံ'ဟူသော ဝေါဟာရ ပြောင်းလဲလာခဲ့ပေသည်။

နောက်ပိုင်းမှာတော့ ဆလုံဟူသောအမည်နှင့် ပင်လယ်ပျော်မော်ကင်းတို့အကြောင်းကို တဖြည်းဖြည်းနှင့် လူသိများလာကြလေသည်။

အသံထွက်များကလည်း လူမျိုးအလိုက် အမျိုးမျိုးဖြစ်ပေါ်ခဲ့ပေသည်။ ဆီလုံး(Selone)၊ ဆီလောင်း(Selong)၊ ဆလုံ(Salon)ဟူ၍ အသံထွက်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည်။

သမိုင်းသုတေသီ မစ္စတာအင်ဒါဆင်က ၎င်းတွေ့ရှိသော အချက်အလက်အထောက်အထားတို့ကို ကိုးကားပြီး -

ဆီလန်း(Selung) သို့မဟုတ် ဆလုံ(Salon) ဟူ၍သာ ခေါ်ဝေါ်သင့်ကြောင့် ရေးသားထားလေသည်။

ထို့ပြင် 'ဆလန်း'ဟူသော အသံထွက်တစ်မျိုးလည်း ရှိပေသေးသည်။

ထိုအသံထွက်ကတော့ ဆလုံများကိုယ်တိုင် မြန်မာ





ခေါ်သောအသံထွက်ကိုလိုက်၍ ခေါ်သောအသံထွက်ဖြစ်သည်။

ပတ်ဝန်းကျင်မှာ အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသော်လည်း ၎င်းတို့ကိုယ်တိုင်ကမူ ဆလုံဟူသော အမည်ထက် 'မော်ကင်း' ဟူသောအမည်ကို ပို၍နှစ်သက်ကြသည်။

'ပင်လယ်ပျော်မော်ကင်း' ဆိုလျှင် သာ၍ပင် သဘောကျနှစ်သက်ကြလေသည်။

'မော်ကင်း'ဆိုသည်မှာ 'နစ်မြုပ်ခြင်း'ပင်ဖြစ်ရာ ပင်လယ်ရေအောက်၌သာ အနေများသော နစ်မြုပ်နေသော ၎င်းတို့နှင့်လိုက်ဖက်သော အမည်တစ်ခုလည်းဖြစ်ပေသည်။

(I'Maw) စကားလုံးနှင့် ဆားငန်ရေဟုဆိုသော (O'en Ken) စကားလုံးကိုပေါင်းစပ်လိုက်သောအခါ "ဆားငန်ရေတွင် နစ်မြုပ်နေသူများ"ဟု အဓိပ္ပါယ်ရှိသဖြင့် . . မော်ကင်း(Maw Ken) ဟူသောအမည်ကို ပိုမိုသဘောကျနှစ်သက်ကြခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်များသိမ်းပိုက်ထားခဲ့သော (၁၈၉၁)ခုနှစ်ဝန်းကျင်က ဆလုံများကို စာရင်းမှတ်တမ်းကောက်သူသောအခါ 'ဆီလုန်'ဟု ရေးသားဖော်ပြထားခဲ့ရာ ဆလုံဟူသောအမည် ပေါ်ပေါက်အသုံးပြုခဲ့ကြသည်မှာ နှစ်ပေါင်းအတော်ပင်ကြာမြင့်ခဲ့ပေပြီ။

မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအပြင် အခြားမျိုးနွယ်စုပေါင်း (၉၀၀) နီးရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူမျိုးစုတို့တွင် ဆလုံတို့လည်း အပါအဝင်ဖြစ်လာခဲ့ပေသည်။ ရှေးဟောင်းဆလုံတို့နှင့်ပတ်သက်၍ ဒဏ္ဍာရီတစ်ပုဒ်လည်း ရှိခဲ့ပေ၏။

ကဗျာဆရာကြီး 'ဂါမန်'ရေးသားခဲ့သည့် ကဗျာရှည်တစ်ပုဒ်တွင်ပါဝင်သော အကြောင်းအရာများဖြစ်ပေသည်။

ဘုရင်မ စီဘီယန် အုပ်ချုပ်သောနိုင်ငံတွင် ရှေးဦးကာလ ဆလုံမျိုးနွယ်စုတို့နေထိုင်ခဲ့ကြသည်။

တစ်ချိန်တွင် ဘုရင်မ စီဘီယန်က သူ၏ကြင်ယာတော်နှင့် လက်ဆက်ခဲ့သည်။ ဘုရင်မ စီဘီယန်၌ ညီမတော် လီမော်ကင် ရှိသည်။

တစ်ချိန်မှာတော့ ဘုရင်မ ကြင်ယာတော်နှင့် ညီမတော် လီမော်ကင်တို့ ဖောက်ပြန်နေကြသည်ကို ဘုရင်မသိသဖြင့် ညီမတော်ကို ရေ၌နှစ်၍ သတ်စေသည်။

ရေ၌နှစ်သက်သည့် အမျိုးအနွယ်ကိုလည်း 'မော်ခင်' ဟုခေါ်ဝေါ်ရာမှ မျိုးနွယ်စုတစ်ခုဖြစ်လာခဲ့သည်။

ထိုမျိုးနွယ်စုတို့သည် ဘုရင်မ၏ ညှင်းပန်းနှိပ်စက်မှုဒဏ်ကို မခံနိုင်ကြသဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ပြေးကြသည်။

သို့သော်လည်း ဘုရင်မ၏ ကျိန်စာသင့်နေသူများဖြစ်သောကြောင့် တစ်နေရာတည်းမှာ အတည်တကျ မနေကြရခြင်း လူအများမမြင်စေရန် ပုန်းရှောင်နေရခြင်း၊

အစဉ်သဖြင့် ရေအောက်မှာသာနေကြရပြီး သေတော့





လည်း ရေ၌သာ သေကြရခြင်း၊ အမှားကျူးလွန်သူတို့ မျိုးပွားမှုမရှိကြစေရန် ၄င်းတို့နေအိမ်အဖြစ်နေကြသော လှေတွင် လူရုပ်ပုံငယ်များ ထုလုပ်ချိတ်ဆွဲရခြင်း၊

တစ်သက်လုံး နေရာအတည်တကျမရှိဘဲ လှေပေါ်မှာသာနေပြီး လှေပေါ်မှာသာ သေကြရခြင်း စသောအဖြစ်အပျက်တို့မှာ ဘုရင်မစီဘီယန်၏ ကျိန်စာကြောင့်သာဖြစ်သည်ဟု ယူဆထားကြလေသည်။

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့များ သိမ်းပိုက်ပြီးနောက်ပိုင်းတွင် တနင်္သာရီ၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း. . စသောနေရာများကို မြို့ပြအသွင်ပြောင်းလဲကာ အစိုးရရုံးစိုက်ဒေသများအဖြစ် ပြုလုပ်ကြသည်။

သို့သော် ထိုအချိန်ကာလတွင် တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်တွင် နေထိုင်သူ လူဦးရေမများလှပေ။

ထို့ထက် ပင်လယ်ပြင်နေရာအနှံ့အပြားတွင်ရှိသောကျွန်းစုများမှာတော့ အခြားနေထိုင်သူမရှိသလောက် နည်းပြီး ဆလုံမျိုးနွယ်တို့သာ နေထိုင်ခဲ့ကြပေသည်။

ထိုနေရာတို့သည် ရေဘီလူးတို့နေရာ သို့မဟုတ် ပင်လယ်ပျော်မော်ကင်းတို့နေသော ယက္ခပူရနေရာပင် ဖြစ်ခဲ့ကြပေသည်။

www.burmeseclassic.com





# အခန်း (၂)

# တစ္ဆေကြမ်းသောသစ္ဆေကျွန်း

မြိတ်၊ ထားဝယ်၊ ကော့သောင်းနှင့် တနင်္သာရီ ကမ်းရိုးတန်းကြီး အနောက်ဘက်ရေပြင်ပေါ်မှာတော့ ကျွန်းကြီးကျွန်းငယ်ပေါင်းမြောက်များစွာ ရှိကြလေသည်။

အချို့ကျွန်းစုများမှာ လှမ်းမြင်လောက်သောနေရာတွင် ရှိကြသော်လည်း အချို့ကျွန်းများကတော့ ဝေးလံလှသော ပင်လယ်ထဲမှာ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ကျွန်းများမှာ ပင်လယ်ထဲမှာရှိနေသည်ကိုပင် မသိကြ။ လူသူအရောက်အပေါက်ကင်းသော ကျွန်းစုများပင် နေကြသည်။

တနင်္သာရီကမ်းရိုးတန်းတလျှောက်နှင့် နီးသောနေ များမှာရှိသော ကျွန်းကြီးကျွန်းငယ်များကိုတော့ သိကြသည်။

ဟိန်းဇေကျွန်း၊ မောင်းမကန်ကျွန်းစု၊ လောင်းလုံကျွန်း မလိကျွန်းစု၊ မလိငယ်ကျွန်း၊ သမီးလှကျွန်း၊ ကဘူဇာကျွန်း တနင်္သာရီကျွန်း၊ သရေ့သဲကြီးကျွန်း၊ ဖုံးကျွန်း၊ ဇာတောကျွန်း ကတန်ကျွန်း၊ ကျွန်းစု၊ စခန်းသစ်ကျွန်း၊ သိမ်ဖြူကျွန်း၊ ကံ ကျွန်း၊ ပန်းဆောင့်ကျွန်း၊ ဖရဲကျွန်း၊ ညီမငါးဖော်ကျွန်း၊ အိုး ကျွန်း၊ ကော့ရေးကျွန်း၊ ကလာရာကျွန်း၊ လန်ပိကျွန်း၊ လာတိုး ကျွန်း၊ ပလောကာကျန်လိုကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ဇာဒက်ငယ် ကျွန်း၊ သဋ္ဌေးကျွန်း၊ သကျွန်း . . .။

ထိုကျွန်းကြီးကျွန်းငယ်တို့မှာ တနင်္သာရီကမ်းရိုးတန်းနှ မဝေးလံလှသည့်နေရာများတွင်ရှိကြလေသည်။

အချို့ဝေးလံလှသည့် နေရာများ၌ရှိသော ကျွန်းကြ ကျွန်းငယ်ပေါင်း မြောက်များစွာရှိနေသေး၏။

မြိတ်ကျွန်းစုများဟူသော အမည်အောက်မှာပင် ကျွ ကြီးကျွန်းငယ် ရာပေါင်းများစွာရှိကြလေသည်။

ယခုမျက်မှောက်ကာလ အခြေအနေများကို ကြည့်မည် ဆိုပါက အချို့ကျွန်းများမှာ ရွာကြီးသာမကဘဲ မြို့ငယ်ကလေး တမျှ စည်ကားနေသည်ကို တွေ့ရပေတော့မည်။ လွန်ခဲ့သော





နှစ်ပေါင်းတစ်ရာကျော်ခန့်က မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်း ပိုက်အုပ်ချုပ်နေကြစဉ်က ထိုကျွန်းများပေါ်တွင် နေထိုင်သူ မရှိသ လောက်နည်းပေသည်။

ယခု မြို့ကြီးများဖြစ်နေသော ထားဝယ်၊ မြိတ်၊ ကော့ သောင်းစသောမြို့များမှာပင် နေထိုင်ကြသူ အနည်းငယ်မျှသာ ရှိကြပေသည်။

ကျွန်းများပေါ်မှာတော့ အချို့ကျွန်းများပေါ်တွင် ငါးဖမ်း သူများ၊ ပုလဲငုတ်သူ၊ ငှက်သိုက်ရှာသူတို့ နေကြသည်။ အချို့ကျွန်း များမှာတော့ ဆလုံတို့နေကြသည်။

ဆလုံတို့က လှေကိုအိမ်အဖြစ်နှင့်နေထိုင်သောကြောင့် တစ်နေရာတည်းမှာ ကြာရှည်မနေကြပေ။

မိုးရာသီရောက်ပြီး မိုးထန်တော့မှ ကျွန်းတစ်ကျွန်းပေါ် တက်ကာ ယာယီတဲထိုးနေကြခြင်းဖြစ်သည်။ ထို့ကြောင့် ကမ်းရိုး တန်းနှင့်ဝေးသော ကျွန်းများမှာတော့ လူမရှိကြပေ။

ကျွန်းအတော်များများပေါ်မှာတော့ သစ်တောကြီးများ သာ နေရာယူထားကြသည်။ အချို့ကျွန်းကြီးများပေါ်မှာတော့ ပေအနည်းငယ်မြင့်သော ကျောက်တောင်များရှိကြသည်။

ကမ်းစပ်နှင့်နီးသော နေရာများတွင် ကျောက်တောင် ကျောက်လိုဏ်ခေါင်းကြီးများရှိကြသည်။

ကျောက်တောင် ကျောက်လိုဏ်ခေါင်းများအတွင်း၌ ဇီဝစိုးငှက်များ အသိုက်ပြုလုပ်ကာနေကြသည်။

ထိုအချိန်ကာလက ငှက်သိုက်ကို စီးပွားဖြစ် ဝယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချသူမရှိသောကြောင့် ပေါလှသည်။

ပင်လယ်ထဲမှာရှိသော ကျွန်းများပေါ်တွင် လူနေထိုင်မှုကို ပင်လယ်ဖျော်မော်ကင်းဟု တင်စားခေါ်ဝေါ်ကြသည့်ဆလုံတို့က စတင်ခဲ့ကြလေသည်။

၎င်းတို့သည် ကဗန်းလှေပေါ်တွင် မိသားစုများ၊ ခွေးများပါမကျန်ဘဲ တင်ဆောင်ပြီး ပင်လယ်ပြင်နေရာအနှံ့ လှည့်လည်နေထိုင်ကြသည်။

လေမိုးပြင်းထန်သောအချိန် ၊ လှိုင်းထန်သောအချိန်မျိုးရောက်မှသာ နီးစပ်ရာကျွန်းများပေါ် တက်ကာ ယာယီတဲများထိုးကာ နေထိုင်ကြခြင်းဖြစ်သည်။

ဤသို့နှင့်ပင် လူသူဝေးသော ပင်လယ်ထဲမှာရှိသည့်ကျွန်းများပေါ်တွင် ရွာငယ်ကလေးများ စတင်ပေါ်ပေါက်လာကြခြင်းဖြစ်သည်။

နောက်တော့ ဆလုံများသာမကတော့ဘဲ၊ အခြားသူများလည်း နီးစပ်ရာကျွန်းများပေါ်သို့ ရောက်လာပြီးနောက် ရွာတည်၍နေထိုင်လာကြလေသည်။

ပင်လယ်ထဲမှာရှိသည့် လူသူမနီးသော ကျွန်းများပေါ်တွင် ရွာတည်ပြီး လာရောက်နေထိုင်ကြခြင်းမှာ အကြောင်းအချို့လည်းရှိပေသည်။

ယခင်က သူတို့နေသော မြိတ်၊ ထားဝယ်၊ ကော့သောင်းစသောမြို့များမှာ လူနေများပြားလာသည်ကတစ်ကြောင်း၊ ကမ်းနှင့်နီးသောနေရာများတွင် ငါး၊ ပုစွန်ရှာဖွေသူ များလာသဖြင့် ငါးပုစွန်ရှာဖွေ၍ မရတော့သောကြောင့်တစ်ကြောင်း၊ နေထိုင်ရတာလွတ်လပ်ပြီး ငါးပုစွန်ရှာဖွေရတာ အဆင်ပြေသောကြောင့် ပင်လယ်ထဲမှာရှိသော ကျွန်းများသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်းဖြစ်သည်။





ထိုကျွန်းများတစ်ဝိုက်မှာ အခြားသူများ မလာကြသဖြင့် ငါး၊ ပုစွန်၊ ပုလဲ၊ ငှက်သိုက်၊ ငါးကြီးအံဖက်၊ ပင်လယ်မျှော့ စသည်တို့ ရှာဖွေဖမ်းဆီး၍ အရများလေသည်။

ထို့ပြင် ဗြိတိသျှအစိုးရတို့၏ အခွန်အကောက် ကောက်ယူခြင်းဒဏ်မှ ကင်းဝေးသောကြောင့်လည်း ပါလေသည်။

ကျွန်းများပေါ်မှာရွာတည်ပြီး နေကြသူတို့မှာ ရှာဖွေရသမျှ ပစ္စည်းများကို စုဆောင်းထားကြပြီး (၁၅)ရက်တစ်ကြိမ်၊ (၁၀)ရက်တစ်ကြိမ်လောက်ကြာသောအခါမှ မြို့များသို့ သွားရောက်ရောင်းချကြသည်။

ရရှိသောငွေဖြင့် အခြားအသုံးလိုသောပစ္စည်းများ ဝယ်ယူပြီးမှ ပြန်ကြလေသည်။

သို့ကြောင့် လူသူဝေးသောကျွန်းများတွင် သွားရောက်နေထိုင်ကြသူတို့မှာ နေထိုင်ရတာ လွတ်လပ်ခြင်းနှင့် ငါးပုစွန်ရှာဖွေရမှာ အရများသောကြောင့် နှစ်သက်သဘောကျကြလေသည်။ သို့ကြောင့် . တဖြည်းဖြည်းနှင့် ပင်လယ်ထဲမှာရှိသော ကျွန်းများပေါ်မှာ ရွာငယ်ကလေးများ ပေါ်ပေါက်လာကြခြင်းပင်ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်လောက်က ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



များပေါ်တွင် ရွာတည်ကြသည်ဆိုသော်လည်း ရွာကြီးများတော့ မဟုတ်ကြပေ။ သင့်တော်သောနေရာတွင် တဲစုကလေးများ ဆောက်ကာ နေကြခြင်းဖြစ်သည်။

ယခုကာလတွင် . . ရဲစခန်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဈေး၊ လက်ဖက်ရည်ဆိုင်၊ ဗီဒီယိုဆိုင်များဖြင့် ရွာကြီးတစ်ရွာမက စည်ကားတိုးတက်နေသော အောင်ဘာရွာလိုနေရာမှာပင် ရှေးအခါက ဆလုံများနေသည့် တဲတန်းကလေးမျှသာ ရှိသော ကျွန်းတစ်ကျွန်းဖြစ်ခဲ့ပေ၏။

အချိန်ကာလမှာ (၁၉၀၀)ပြည့်နှစ်ဝန်းကျင်အချိန်ကာလ ဖြစ်ပေသည်။

ထိုအချိန်ကာလက ကျွန်းအတော်များများပေါ်တွင် ရွာများဖြစ်တည်စဖြစ်နေသော အချိန်မျိုးလည်းဖြစ်ပေသည်။ ထိုရွာများထဲတွင် တံငါမော်ရွာလည်း အပါအဝင်ဖြစ်ပေသည်။ တံငါမော်ဟုခေါ်ရခြင်းမှာ ငါးပုစွန်ရှာဖွေသူတို့ စုဝေးနေထိုင်သော ကျွန်းမှာ အငူစွန်းရှိသော ကျွန်းမျိုးဖြစ်သောကြောင့် ထိုအမည်ပေးထားခြင်းဖြစ်သည်။

'မော်'ဟူသောအဓိပ္ပယ်မှာ 'အငူစွန်း'ဖြစ်ပေသည်။ တံငါမော်ရွာမှာ အိမ်ခြေသုံးလေးဆယ်ခန့် ရှိနေပြီဖြစ်သဖြင့် ရွာကြီးတစ်ရွာဖြစ်နေပေပြီ။ ရွာတည်ထားသော ကျွန်းနှင့်အနီးဝန်းကျင်တစ်ဝိုက်မှာလည်း ကျွန်းအချို့ ရှိကြသေးသည်။

အချို့ကျွန်းများမှာ လူနေထိုင်မှုရှိပြီး အချို့ကျွန်းများမှာတော့ လူမနေဘဲ သစ်တောကြီးများသာ ရှိကြပေသည်။





တံငါမော်နှင့် မဝေးလှသောနေရာ၌ရှိသော ကျွန်းနှင့်ရွာများမှာ အောင်ဘာရွာ၊ မကျုပ်ခလဲ့ရွာ၊ မြင်သာရွာ၊ ငှက်သိုက်ကျွန်း၊ ညီမသုံးဖော်ကျွန်းနှင့် တစ္ဆေကျွန်း စသည်တို့ ဖြစ်ကြလေသည်။

အောင်ဘာရွာ၊ မကျုပ်ခလဲ့ရွာတို့တွင် . . လူနေတဲများ၊ အိမ်များရှိပြီး ၊ ငှက်သိုက်ကျွန်း၊ ညီမသုံးဖော်ကျွန်းနှင့် တစ္ဆေကျွန်းတို့မှာတော့ နေထိုင်သူ မရှိကြပေ. . .။

ထိုကျွန်းများမှာ လူနေထိုင်ရန် မကောင်းသည်ကတစ်ကြောင်း၊ ရွာတည်ရန် အဆင်မပြေသည်ကတစ်ကြောင်းနှင့် ချောက်လှန့်နှောက်ယှက်မှုများရှိသောကြောင့် မနေဝံ့ကြခြင်းဖြစ်သည်။

ငှက်သိုက်ကျွန်းဆိုလျှင် ကျောက်ဆောင်လိုဏ်ခေါင်းများပေါသည်။ မြွေနှင့် အခြားတိရစ္ဆာန်များရှိသည်။

ညီမသုံးဖော်ကျွန်းဆိုလျှင် ထိုကျွန်းပေါ်တွင် အမှားအယွင်းပြုလုပ်မိပါက မိန်းမသုံးယောက်ရောက်လာပြီး အနှောင့်အယှက်ပေးသဖြင့် အသက်သေဆုံးရခြင်းမျိုး ရှိပေသည်။

ထို့ကြောင့် မသွားဝံ့ကြပေ။

တစ္ဆေကျွန်းကတော့ ထိုသို့မဟုတ်ပေ။ ကျွန်းကကြီးသလောက်၊ ကျွန်းပေါ်တွင် ကျောက်တောင်နှင့် လိုဏ်ခေါင်းများရှိသည်။ တောနက်ကြီးများရှိသည်။

ထို့ပြင် ထိုကျွန်းပေါ်တွင် တစ္ဆေသရဲကြမ်းသည်။ နေဝင်ရီတရောအချိန်၊ ဒါမှမဟုတ် ညအချိန်များတွင် ထိုကျွန်းနားမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွားဖြတ်လာပြုပါက သရဲခြောက်တာခံကြရသည်။

ကျွန်းပေါ်မှ ခေါ်သံများကြားရခြင်း၊ ဖြူဖြူသဏ္ဌာန်၊ မည်းမည်းသဏ္ဌာန်များ သွားလာနေသည်ကို လှမ်းမြင်ရခြင်း. . ၊ အချို့ရေစပ်ဘက်သို့ ကိုင်းကျနေသော သစ်ပင်၊ သစ်ကိုင်းများပေါ်မှာထိုင်ပြီး သွားလာနေသော လှေများကို ခြောက်လှန့်ကြလေသည်။

ထိုသို့ခြောက်လှန့်ခြင်းမှာလည်း အဆန်းတော့ မဟုတ်ပေ။ ထိုကျွန်းပေါ်တွင် အလောင်းများထားသော သင်္ချိုင်းတစ်ခုရှိသောကြောင့်ပင်. . . ။

ရှေးအခါကတော့ ထိုကျွန်းပေါ်သို့ ဆလုံတို့ သေဆုံးသွားလျှင် အလောင်းစင်ပြုလုပ်၍ အလောင်းကိုလာရောက်တင်ထားလေသည်။

အလောင်းကို မြေမမြှုပ်၊ မီးမရှို့ဘဲ လေးတိုင်စင်ဖြင့်တောထဲမှာတင်ထားသော ခလေ့မှာ ဆလုံတို့ပြုလုပ်သော ခလေ့တစ်ခုဖြစ်သည်။

သူတို့အယူအဆမှာ သေသွားသော ဆလုံတစ်ဦးသည် သူစွဲလန်းခဲ့သော ဆွေမျိုး ပစ္စည်းအသုံးအဆောင်တို့ကို သေလွန်သွားပြီးနောက် ဝိညာဉ်က လာရောက်၍ ကြည့်ရှုနှောင့်ယှက်တတ်သည်ဟု အယူစွဲရှိသည်။

သို့ကြောင့်. . ဆလုံမိသားစုမှ တစ်ဦးတစ်ယောက် သေဆုံးသွားပါက ၎င်းပိုင်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကိုပါ တစ်ပါတည်း ယူဆောင်သွားကာ လူမရှိသောကျွန်းတစ်ကျွန်းပေါ်တွင် သွားရောက်တင်ထားလေ့ရှိသည်။

လေးတိုင်စင်ပြုလုပ်၍ အပေါ်တွင် အလောင်းတင်ထားပြီး စင်အောက်တွင် ၎င်းနှင့်သက်ဆိုင်သောပစ္စည်းများကို ချထားပေးခဲ့သည်။ လှေရှိလျှင် လှေပါထည့်ပေးရသည်။

၎င်းအမျိုးသားပိုင်သောလှေကို ထက်ခြမ်းခွဲရသည်။ တစ်ခြမ်းထဲတွင် အလောင်းနှင့် အသုံးအဆောင်ပစ္စည်းများထည့်ပြီး ကျန်တစ်ခြမ်းကို အပေါ်ဖုံးအဖြစ် အသုံးပြုကြလေသည်။

ကျွန်းပေါ်ရောက်တော့မှ အဖုံးကို ပြန်ဖွင့်ပြီး စင်ပေါ်တင်ထားခဲ့ကြသည်။

လူတစ်ယောက်သေဆုံးသွားသောအခါ ၎င်းနှင့်ပတ်သတ်သည့် မကောင်းကြောင်းများကို ပြောပေးရသည်။ ကောင်းသည့်အကြောင်းများ ပြောပေးပါက ဝိညာဉ်က စိတ်မကုန်ဘဲ တစ်ကျော့ပြန်လာပြီး နှောင့်ယှက်မှာစိုးသောကြောင့်ဖြစ်သည်။

မကောင်းကြောင်းပြောတော့မှ စိတ်နာပြီး အဝေးသို့ထွက်သွားမည်ဖြစ်ရာ လွတ်ရာကျွတ်ရာ ရောက်ရှိစေရန် ရည်ရွယ်ချက်ဖြင့် တမင်ပြောပေးကြရခြင်းဖြစ်ပေသည်။

ထိုမျှနှင့် မပြီးသေးပေ. . . ။

သေဆုံးသွားပြီး ရက်အတန်ကြာသောအခါ သေဆုံးသွားသူ၏ ဆွေမျိုးသားချင်းတို့အနေဖြင့် အလောင်းထားခဲ့သော ကျွန်းတစ်လျှောက်လှည့်လည်ပြီး ကွယ်လွန်သူ၏အမည်ကို ခေါ်ကြရသည်။

တကယ်မသေဘဲ မေ့မျောနေခြင်းမျိုးဖြစ်ပါက ပြန်







www.burmeseclassic.com

www.burmeseclassic.com



လည်ခေါ်ဆောင်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ထိုကဲ့သို့ နာမည်ခေါ်ပေးရခြင်းဖြစ်သည်။

ထိုကဲ့သို့ ပြုလုပ်ခြင်းကြောင့် အန္တရာယ်များဖြင့် ကြုံတွေ့ရပုံများကို ဆက်လက်ရေးသားပါမည်။

ပင်လယ်တွင်း ကျွန်းများပေါ်တွင် ရွာတည်ပြီးနေကြသော ရွာများအနက် တံငါမော်ရွာလည်း တစ်ရွာပါဝင်လေသည်။ အိမ်ခြေ (၃၀)ကျော်(၄၀)နီးပါးရှိသော ရွာတစ်ရွာဖြစ်သည်။ အများအားဖြင့်တော့ ဆလုံလူမျိုးများပြီး အခြားလူမျိုးများလည်း ရောနှောနေထိုင်ကြသည်။

ပုလဲ၊ ငှက်သိုက် ရှာဖွေစားသောက်ကြသည်။ ထိုရွာမှာနေကြသူများတွင် ဦးနေဒွန်းတို့မိသားစုလည်း အပါအဝင်ဖြစ်သည်။ စုစုပေါင်းငါးယောက်ရှိပြီး ဆလုံမျိုးနွယ်များဖြစ်ကြသည်။

ဦးနေဒွန်းနှင့် မမယ်ဆုံက အဖေနဲ့အမေဖြစ်ပြီး၊ ဘူကြိုင်းက သားဖြစ်သည်။ ဘူကြိုင်းတွင် မိန်းမရှိသည့်အပြင် တစ်နှစ်သားအရွယ် ကလေးတစ်ယောက်ပါရှိသည်။

ဘူကြိုင်းက အသက်(၃၀)ဝန်းကျင်ရှိပြီး ပုတင်က(၂၅)နှစ်လောက်သာ ရှိပေသေးသည်။ ရထားသောကလေးက တစ်နှစ်သားလောက်သာရှိသေးပြီး 'စံကင်း' ဟုအမည်ပေးထားလေသည်။

၄င်းတို့မိသားစုသည် သောင်စပ်တွင် တဲတစ်လုံး ထိုးနေကြပြီး ငါးပုစွန်ရှာဖွေသောအလုပ်လုပ်ကာ အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။





တစ်နေ့တော့ ဘူကြိုင်းတစ်ယောက် တောထဲသို့ဝင်ရာမှာ အမဲလိုက်ရင်းနှင့် သရဲခြောက်ခံရသည်။ သရဲခြောက်ခံရသောနေရာမှာလည်း အခြားမဟုတ်ပေ။ တစ္ဆေခြောက်သည်ဟု နာမည်ကြီးလှသော တစ္ဆေကျွန်းပေါ်၌ ဖြစ်ပေသည်။

ထိုကျွန်းပေါ်တွင် လူနေထိုင်ခြင်းမရှိပေ။ တောင်တန်းကြီးများနှင့် သစ်တောကြီးများသာရှိသည်။

ထို့ကြောင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာရှိကြသော ရွာများ၊ ကျွန်းများတွင် နေထိုင်သူတို့ သေဆုံးသွားလျှင် ထိုကျွန်းပေါ်မှာ လာရောက်ထားလေ့ရှိသည်။ ထို့ကြောင့် တောထဲသို့ဝင်သွားသောအခါ အလောင်းတင်သော လေးတိုင်စင်များကို နေရာအနှံ့ တွေ့ရလေ၏။ အချို့စင်များပေါ်တွင် အလောင်းရှိနေသော်လည်း အချို့စင်များပေါ်မှာတော့ မရှိတော့ပေ။

တောတိရစ္ဆာန်များ စားသောက်ဖျက်ဆီးသဖြင့် အရိုးပင်မကျန်တော့ပေ။

သေဆုံးသူပိုင်ဆိုင်သော ပစ္စည်းအချို့ကို အလောင်းစင်နေရာတွင် ထားခဲ့သော်လည်း မတွေ့ရသည်ကများသည်။

အဘယ်ကြောင့်ဆိုသော်. . .

အချို့ခရီးသွားများ၊ ကျွန်းပတ်ဝန်းကျင်တစ်ဝိုက်မှာ ငါးရှာဖွေသူအချို့က တက်ရောက်ယူသွားသောကြောင့် ဖြစ်လေသည်။

သေဆုံးသူ၏ ပစ္စည်းများကို ယူသွားသဖြင့် မကျေနပ်နိုင်သတ်သော ဝိညာဉ်တို့က နောက်မှလိုက်တောင်းသောအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



များလည်းရှိပေသည်။

သို့သော်. . အယုံအကြည်မရှိ အကြောက်အလန့်မရှိ သူများကတော့ အသုံးဝင်သော ပစ္စည်းများတွေ့ပါက ယူဆောင် သွားကြလေသည်။

ထိုကျွန်းမှာ သရဲတစ္ဆေခြောက်လှန့်မှုရှိသောကြောင့် တစ္ဆေကျွန်းဟုပင် အမည်ပေးထားကြလေသည်။

ဘူကြိုင်းကတော့ သရဲမကြောက်တတ်ပေ၊ ထိုကျွန်း ပေါ်သို့သွားရောက်ပြီး မကြာခဏ အမဲလိုက်လေ့ရှိသည်။

တစ်နေ့တော့ အမဲလိုက်ခွေးနှစ်ကောင် ခေါ်ပြီး ကျွန်း ပေါ်သို့ တက်ကာ အမဲလိုက်ရာမှ သရဲခြောက်သည်ကို ခံရလေ သည်။ တောနက်ထဲရောက်သွားတော့ မနီးမဝေးနေရာမှ စကား သံလိုလို ကြားရလေသည်။

ပထမတော့ မသာချသူများ တောပေါ်ရောက်နေသည် ဟု စိတ်ထဲမှာထင်မိလိုက်သည်။

နောက် ပြောသောစကားသံများကို နားထောင်ကြည့် တော့မှ သူထင်သလိုမဟုတ်မှန်း သိရလေသည်။ သို့ကြောင့် ခွေးနှစ်ကောင်ကို ကြိုးမလွှတ်သေးဘဲ အသံကြားရာဘက်သို့ လျှောက်သွားလေသည်။

သစ်တစ်ပင်၊ ချုံကွယ်တစ်ခုခြားလောက်သော နေရာသို့ ရောက်သောအခါ ပြောဆိုနေသောအသံကို သဲကွဲစွာကြားရ လေသည်။

"အလောင်းကောင်ရေ. . ထ. . ထ. .၊ နေစရာမရှိ





ဒါညာဉ်တွေရေ. . လာကြ. . လာကြ"

ဟူသောအသံပင်ဖြစ်သည်။

ထိုအသံကိုကြားရသဖြင့် စိတ်ထဲမှာ အံ့ဩသွားလေ သည်။ ကြားလိုက်ရသော စကားသံက ထူးခြားနေသည်။ ကြား နေကျစကားသံမျိုးမဟုတ်ပေ. .။

သို့ကြောင့် ခွေးနှစ်ကောင်ကို ကြိုးလွှတ်ပေးလိုက်သည်။ ခွေးနှစ်ကောင်က အသံကြားရသောနေရာဘက်သို့ ပြေးသွား လေသည်။ အတန်ကြာတော့ ခွေးဟောင်သံကြားရသည်။

ခွေးဟောင်သံကြောင့် စောစောကကြားနေရသော စကားသံက ပျောက်သွားလေသည်။ မကြာခင်မှာပင် ခွေးနှစ် ကောင်က အမြီးကုပ်ကာ ပြန်ပြေးလာကြလေသည်။

သူ့နံဘေးသို့ တိုးဝှေ့ကာ တအီအီနှင့် အော်နေကြ သည်။ အမဲလိုက်ခွေးနှစ်ကောင်မှာ တော်ရုံနှင့်တော့ ကြောက် ရွံ့ကြသည်မရှိပေ. . .။

ယခု ဘယ်လိုသတ္တဝါမျိုးနှင့် တွေ့ခဲ့ရသဖြင့် အမြီးကုပ် ကာ ပြန်ပြေးလာကြသည်ကို မစဉ်းစားတတ်အောင်ဖြစ်သွား လေသည်။

ထိုအခိုက်မှာပင် တောတိုးလာသောခြေသံကို အရင် ကြားရသည်။ ဘူကြိုင်းက ပါလာသောလက်နက်များကို အဆင် သင့်ပြင်ထားလိုက်သည်။

ခဏကြာတော့ တောထဲမှ မိန်းမတစ်ယောက်ထွက် လာသည်။ ပုံမှန်ထွက်လာခြင်းမျိုးတော့ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒယိမ်းဒယိုင်နှင့် လျှောက်လာခြင်းဖြစ်သည်။

ဆံပင်ဖားလျားချထားပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေ
လေသည်။

"နင်ဘယ်သူလဲ"

ဘူကြိုင်းကလှမ်းမေးလိုက်သည်။

ထိုမိန်းမက ဘာမှပြန်မပြောပေ. . .။

စိုက်ကျနေသော ဦးခေါင်းကို အနိုင်နိုင်ပြန်မော့ရင်းနှင့်
သူ့ကိုကြည့်ကာ သွားဖြဲ၍ရယ်ပြသည်။

သည်တော့မှ ဘူကြိုင်းလည်း သဘောပေါက်သွားလေ
တော့သည်။

"ဟင် . . . နင် လူမှမဟုတ်တာ. . ငါ့ကိုသရဲခြောက်နေ
တာပဲ"

ဟုရေရွတ်ကာ ခွေးနှစ်ကောင်ပါခေါ်၍ လှေရှိသော
နေရာသို့ ပြန်ဆင်းပြေးလေတော့သည်။

တောထဲမှထွက်လာသော မိန်းမကလည်း နောက်မှ
လိုက်လာလေသည်။

ဘူကြိုင်းမှာ သရဲကြောက်တတ်သူတော့ မဟုတ်ပေ။
သို့သော် တကယ်လက်တွေ့ ကြောက်လန့်အောင်ခြောက်သော
အခါမှာတော့ ဆင်းပြေးရလေတော့သည်။





# အခန်း (၃)

# သေရွာမှပြန်ထလာသောအလောင်း

တောထဲမှပြန်ရောက်ကတည်းက ဘူကြိုင်းတစ်ယောက်
ငြိမ်မှန်မရှိတော့ပေ။ ကယောင်ချောက်ချားဖြစ်ကာ ညအချိန်
ရောက်သည်နှင့် အသံနက်ကြီးဖြင့် အော်ဟစ်နေတတ်လေ
သည်။

"ငါ့နောက်ကို သရဲမလိုက်လာနေပြီ. . .
ငါ့နောက်ကို သရဲမလိုက်လာနေပြီ. . ."

ဟုအော်နေရာ ကျန်လူများလည်း ထိတ်လန့်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘူကြိုင်း . . မင်းနေမကောင်းဘူးလား၊ စိတ်ကို အေးအေးထားလေ၊ မင်းနောက်မှာ ဘယ်သူမှလိုက်မလာပါဘူး"

ဟု ဦးနေဒွန်းကပြောသည်။

သို့သော်လည်း ညအချိန်ရောက်သည်နှင့်. . .

"သရဲလာဆွဲနေတယ်. . .

သရဲလာဆွဲနေတယ်. . ."

ဟုအသံနက်ကြီးနှင့် လန့်အော်တတ်သည်။

သို့ကြောင့် နတ်ဆရာနှင့် ခေါ်ပြရန် တိုင်ပင်ကြရသည်။ နတ်ဆရာက သူတို့ရွာ၌မရှိပေ။ အောင်ဘာရွာ၌သာရှိသဖြ ဦးနေဒွန်းကိုယ်တိုင် လှေဖြင့်သွားခေါ်လေသည်။

နတ်ဆရာက မရဏလွယ်အိတ်ကိုပါ တစ်ပါတည်း ယူဆောင်လာလေသည်။

အိမ်သို့ရောက်သောအခါ ဘူကြိုင်းအခြေအနေ ကြည့်လေသည်။

"သရဲဖမ်းစားထားတာ၊ သရဲကိုနှင်ထုတ်ရင် သူ့အသ ပါ နှုတ်ယူသွားလိမ့်မယ်၊ ဒီအတိုင်းထားရင်လည်း အိမ်က တွေကိုပါ ဒုက္ခပေးလိမ့်မယ်"

နတ်ဆရာစကားကြားတော့ ထိတ်လန့်ကြောက်ရွံ့သွာ ကြလေသည်။ အချင်းချင်းတိုင်ပင်ပြီးမှ ဦးနေဒွန်းကပြောသည်။

"သူတစ်ယောက်အတွက်နဲ့တော့ ကျန်တဲ့လူတွေ ဒုက္ခ မရောက်စေချင်ဘူး၊ သေချင်လည်း သေပေစေတော့ သူ့ကို





ထဲရောက်နေတဲ့ သရဲကိုသာ နှင်ထုတ်ပေးပါဆရာ"

"ဆေးကုခဘာပေးမှာလဲ"

"ငါတို့မှာသိမ်းထားတဲ့ ပုလဲတွေရှိပါတယ်၊ အကောင်းဆုံး ပုလဲသုံးလုံးပေးပါ့မယ်"

ဟုပြောပြီး ပေးတော့မှ နတ်ဆရာက ဘူကြိုင်းကိုယ်မှာ ဝင်ရောက်ပူးကပ်နေသည့် မကောင်းဆိုးဝါးကို နှင်ထုတ်ပေးလေသည်။

သရဲထွက်သွားသည်နှင့် ဘူကြိုင်းလည်း အသက်ထွက်သေဆုံးသွားလေတော့သည်။ မတတ်နိုင်တော့ပေ. . .။

သေဆုံးသွားပြီးမှသာ ဆလုံတို့၏ ဓလေ့ထုံးစံအတိုင်း ပြုလုပ်ဆောင်ရွက်ကာ အလောင်းကို တစ္ဆေကျွန်းပေါ်သို့ သွားရောက်တင်ထားကြလေသည်။

သူကိုင်ဆောင်သော လက်နက်ပစ္စည်းများကိုလည်း သူနှင့်အတူတစ်ပါတည်း ထည့်ပေးလိုက်ကြသည်။

အလောင်းကိုတော့ ကမ်းစပ်နှင့် မနီးမဝေးတောထဲမှာ လေးတိုင်စင်ဖြင့် တင်ထားခဲ့ကြလေသည်။

ပုတင်တစ်ယောက်ကတော့ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဘဝရောက်ခဲ့ရပေတော့သည်။

ကိစ္စက ထိုမျှနှင့် မပြီးကြသေးပေ။

ဘူကြိုင်း၏အလောင်းကို တစ္ဆေကျွန်းပေါ် တင်ထားခဲ့ပြီး ရက်အနည်းငယ်ကြာသောအခါမှာတော့ ပုတင်နှင့် ဦးနေဒွန်းတို့ နှစ်ယောက်တို့သည် လှေတစ်စင်းဖြင့် တစ္ဆေကျွန်းရှိရာသို့ သွား



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

ကျွန်းအနီးသို့ရောက်သောအခါ လှေဖြင့်ပတ်လျှော်ရင်း

နှင့် အသံကျယ်ကျယ်ဖြင့် ခေါ်ကြသည်။

"ဘူကြိုင်းရေ. . ဘူကြိုင်းရေ. . . "

"ဘူကြိုင်ရေး ငါတို့လာတယ်ဟေ့၊ နင်အသက်မသေ

လို့ပြန်ရှင်နေရင် ကမ်းဘက်ကိုဆင်းခဲ့ဟေ့. . . "

"ရွာကိုပြန်ဖို့ လှေကြုံရှိတယ်ဟေ့၊ နေမကုန်ခင် ပြန်ပြ

ရအောင်"

"ဘူကြိုင်းရေ ငါတို့အသံကြားရသေးရင် ဆင်းလာ

ဟေ့. . "

ဟု တစ်ယောက်တစ်လှည့်စီ အော်ဟစ်ကြသည်။

ကမ်းစပ်တလျှောက်မှာတော့ ကျောက်ဆောင်နှင့် သစ်

တောများရှိသောကြောင့် သူတို့အော်သံ၊ ခေါ်သံက ပဲ့တင်ထပ်

သွားလေသည်။

"ဘူကြိုင်းရေ. . ဘူကြိုင်း "

"ငါဒီမှာဟေ့. . . "

နောက်တစ်ကြိမ်ခေါ်ကြသောအခါ တောထဲမှ ပြန်ထူး

သံကြားရသည်။ ပထမတော့ ဇဝေဇဝါဖြစ်သွားကြသည်။

ပဲ့တင်ထပ်နေသော အသံများလားဟု ထင်မိကြသည်။

"ဘူကြိုင်းရေ. . . "

"ငါလာနေပြီဟေ့. . "

နောက်တစ်ခါကြားရသောအသံက အတော်ပင် သဲသဲ





ကွဲကွဲ ရှိလာသောကြောင့် လှေကိုရပ်တံ့လိုက်သည်။

"ကမ်းပေါ်က အသံလိုလိုကြားရသလား"

"ကြားရတယ်အဖေ၊ ဘူကြိုင်းအသံလို့တော့ ထင်တာပဲ

သူ အသက်မသေသေးဘူးထင်တယ်"

ဟု ပုတင်က ဝမ်းသာစွာပြောလိုက်သည်။

ထိုသို့ပြောရင်းနှင့် လှေကိုရပ်တံ့ထားသော တောပေါ်

သို့ ကြည့်နေကြစဉ် သစ်ပင်များကြားမှ လူတစ်ယောက်တိုး

ထွက်လာလေသည်။ ဘူကြိုင်းပင်ဖြစ်လေသည်။

ဘူကြိုင်းမှာ သေဆုံးသွားစဉ်က အဝတ်အစားများ နှင့်

ပင်ဖြစ်ကာ ဒယိမ်းဒယိုင်နှင့် ဆင်းလာလေသည်။

"ဟင်. . ဟိုမှာ ဘူကြိုင်း မဟုတ်လား"

"ဟုတ်. . ဟုတ်တယ်. . သူမသေသေးဘူး၊ ဝမ်းသာ

လိုက်တာ"

ဟုပြောဆိုကာ လှေကိုကမ်းစပ်သို့ကပ်ပေးလိုက်ကြ

သည်။ ဘူကြိုင်းက လှေရှိရာဘက်သို့ ဆင်းလာလေသည်။

"ဘူကြိုင်း၊ နင် . . မသေသေးဘူးလား"

"ငါမသေသေးဘူး၊ သတိမေ့ပြီး မှောနေတာကို သေပြီ

ထင်လို့ တောထဲမှာလာထားတော့မှ သတိပြန်ရလာတာ. . "

ဟုပြောပြီး လှေပေါ်သို့ တက်လာလေသည်။

သူလှေပေါ်ရောက်သည်နှင့် လှေကိုပြန်ထွက်လာကြ

သည်။

"ဘာစားစရာပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စားစရာတော့ မပါလာဘူး၊ အိမ်ရောက်တော့မှသာ စားပေတော့"

"ဆာလိုက်တာ၊ ငါသတိပြန်ရနေတာ အတော်ကြာပြီ လူကြုံမရှိလို့ မပြန်ရတာ. . ."

"ဖြစ်မှဖြစ်ရလေဟယ်. . ဒီလိုမှန်းသိရင် ငါတို့လာခေါ်တာပေါ့"

ဟု ပုတင်က ပြောသည်။

"ငါ့သား စံကင်း ရောရှိသေးလား"

"ရှိတာပေါ့"

"ငါ့ခွေးနှစ်ကောင်ရော ရှိသေးသလား"

"ရှိပါတယ်. ."

ထို့နောက် စကားတပြောပြောနှင့် လျှော်သွားရာ နေဝင်ချိန်ရောက်တော့မှ ရွာသို့ပြန်ရောက်သွားကြလေသည်။

ရွာပြန်ရောက်တော့ ဘူကြိုင်းတစ်ယောက် ပြန်ပါလာသည်ကို မြင်သောအခါ တစ်ရွာလုံးက အံ့သြနေကြသည်။

သေပြီးမှ ကံကောင်းထောက်မပြီး အသက်ပြန်ရှင်လာသည်က ရှိသည်ဆိုငြားသော်လည်း အတော်ပင်ရှားသည်။

သုသာန်သို့သွားပို့ပြီးမှ ရွာသို့ပြန်ရောက်လာသည်ဆိုခြင်းကလည်း ဆလုံများအတွက် ဓလေ့ထုံးစံအနေဖြင့်သာ ရှိသော်လည်း လက်တွေ့မှာတော့ တစ်ယောက်မှပြန်လာနိုင်ကြသည်မျိုးမရှိဖူးသေးပေ. . .။

ယခုတော့ တစ္ဆေကျွန်းသို့ အလောင်းပို့ထားခဲ့ပြီး ရက်





အနည်းငယ်ကြာသောအခါမှ ဘူကြိုင်းက ရွာသို့ပြန်ရောက်လာချေပြီ. . .။

၎င်းကိုကြည့်ပြီးလည်း တစ်ယောက်တစ်မျိုး ပြောဆိုနေကြလေသည်။

"ဘူကြိုင်းကြည့်ရတာ အရင်နဲ့မတူသလိုဘဲ"

"နေမကောင်းရက်နဲ တောထဲမှာ တစ်ယောက်တည်း နေခဲ့ရလို့ ဒီလိုဖြစ်သွားတာများလားမသိဘူး"

"သေပြီးမှ ပြန်ရှင်လာတာ ငါတော့ ဒီတစ်ခါပဲ တွေ့ဖူးကြုံဖူးသေးတယ်၊ ရိုးမှရိုးရဲ့လားမသိဘူး"

ဦးနေဒွန်းက လှေဆိပ်မှာဝင်ဆိုက်ပေးတော့ ဒေါ်မယ်ဆုံနှင့် ခွေးနှစ်ကောင်က ဝမ်းသာအားရဖြင့် လှေဆိပ်အထိ ဆင်းလာကြလေသည်။

ဒေါ်မယ်ဆုံကလည်း သေပြီးမှ ပြန်တွေ့ရသဖြင့် သားဖြစ်သူအတွက် ဝမ်းသာနေသည်။

ခွေးနှစ်ကောင်ကလည်း သခင်နှင့် ပြန်တွေ့ရဟန်ဖြင့် ပျော်ရွှင်နေကြလေသည်။

သို့သော်လည်း ဘူကြိုင်းနှင့် မနီးမဝေး နေရာရောက်သည်နှင့် ခွေးနှစ်ကောင်က အရှိန်တုံ့သွားလေသည်။ အမူအယာလည်း ပြောင်းသွားကြသည်။

သခင်နှင့်ပြန်တွေ့ရသည်ကြောင့် ဝမ်းသာပျော်ရွှင်နေသော အမူအယာမှ လူစိမ်းတစ်ယောက်၊ ဒါမှမဟုတ် ရန်သူနှင့်တွေ့ရသကဲ့သို့ နောက်သို့ပြန်ဆုတ်ပြီး တဂီးဂီး၊ တဂဲဂဲနှင့် မာန်ဖီ



www.burmeseclassic.com

www.burmeseclassic.com



နေကြလေသည်။

"ဟဲ့ . . . ခွေးနှစ်ကောင် ဘာဖြစ်နေကြတာလဲ၊ ကိုယ့်သခင်ပြန်လာတာတောင် မမှတ်မိကြပြန်ဘူးလား၊ ဝေးဝေးသွားနေကြစမ်း"

ဟု ဦးနေဒွန်းက အော်ငေါက်ထုတ်လိုက်တော့မှ အဝေးသို့ ရှောင်သွားကြလေသည်။ သို့တိုင်အောင် မကျေနပ်သေးဟန်ဖြင့် စူးစူးဝါးဝါး ဟောင်နေကြသေးသည်။

ဘူကြိုင်းကတော့ သူ့ကို စူးစူးဝါးဝါးဟောင်နေသော ခွေးနှစ်ကောင်ကို မျက်မှောင်ကျုံ့ကာ လှမ်းကြည့်နေလေသည်။

အိမ်ပေါ်ရောက်တော့ မှောင်စပျိုးသောအချိန်ရောက်နေချေပြီ . . .။

သတင်းလာမေးသူများပင် ပြန်သွားကြသဖြင့် အိမ်ပေါ်မှာ သူတို့လေးယောက်နှင့် ကလေးသာကျန်ခဲ့တော့သည်။

"ဗိုက်ဆာလာလို့ စားစရာရှိတာပေးပါ"

ဟုတောင်းသဖြင့် ဒေါ်မယ်ဆုံက ချက်ပြုတ်ထားသော ထမင်းဟင်းများကို ချပေးလိုက်ရာ ပလုပ်မလောင်းထိုင်စားနေလေတော့သည်။

အိမ်သူအိမ်သားများကတော့ ဘူကြိုင်းအမူအယာကို ကြည့်ပြီး ဂရုဏာသက်နေကြသည်။ ထိုမျှနှင့်မပြီးသေးပေ။

ညအချိန်ရောက်တော့လည်း အိပ်သည်မရှိဘဲ တချွတ်ချွတ်နှင့် ထပြီး အိမ်မှာရှိနေသော အစားအသောက်တို့ကို ရှာဖွေစားသောက်နေလေသည်။





အိမ်သားများကတော့ နလံပြန်ထစဖြစ်သဖြင့် ထိုမျှအစားသောင်းကျန်းနေသည်ဟု ထင်မိကြသည်။

နေ့လည်ဘက်အချိန် အခြားသူများရှိနေလျှင် ပုံမှန်သာရှိသော်လည်း အခြားအိမ်သားများမရှိတော့လျှင် ကျပ်စင်ပေါ်မှာတင်ထားသော အသားခြောက်ငါးခြောက်များကိုပါ ယူစားလေ့ရှိသည်။

ယခင်က တစ်အိမ်လုံးကို ဘူကြိုင်းက ရှာဖွေကျွေးမွေးခဲ့သည်။ ယခု ဘူကြိုင်းအလုပ်မသွားနိုင်သောအခါ ဦးနေဒွန်းနှင့် ပုတင်တို့က အလုပ်သွားကြရသည်။

ပင်လယ်ထွက်သည့်အခါထွက်၊ တောထဲဝင်သည့်အခါဝင်ကြသည်။ ဘူကြိုင်းကဲ့သို့ သန်သန်မာမာမလုပ်နိုင်ကြသဖြင့် အမဲသားငါးတို့ဖြစ်မြောက်အောင် မရသော်လည်း မိသားစုများစားလောက်ရုံတော့ရသည်။

ငါး၊ ပုစွန်၊ အမဲသားငါးတို့ရလာပါက ပိုလျှံတာများကို နေလှမ်း၊ ကျပ်တင်ထားကြသည်။ ယခု ဘူကြိုင်း ပြန်ရောက်လာတော့ အခြေအနေက ပြောင်းသွားလေသည်။

သူကအလုပ်သာမလုပ်နိုင်သေးသော်လည်း အစားအသောက်ကတော့ . . ယခင်ကထက် နှစ်ဆလောက်ပိုပြီး စားသောက်နိုင်လေသည်။

လေးယောက်စာ ချက်ပြုထားသော ထမင်းဟင်းများကိုပင် တစ်ခါတလေ တစ်ယောက်တည်းစားသောက်သဖြင့် ကုန်ချင်ကုန်သွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထပ်ချက်စရာလည်း မရှိတော့လျှင် မရှိရှိတာစားပြီး ဝမ်းဖြည့်ကြရလေသည်။

ထိုအခြေအနေကို ဦးနေဒွန်းတို့လင်မယားက သတိမပြုမိကြသော်လည်း အတူနေသော ပုတင်ကတော့ သတိပြုမိလာလေသည်။

ဘူကြိုင်းမှာ ထိုမျှလောက်စားသောက်နေသော်လည်း ခွန်အားတိုးမလာဘဲ တဖြည်းဖြည်းနှင့် အရိုးပေါ်အရေတင်သော ဘဝမျိုးဖြင့် ပိန်ကျလာသည်။

ပါးရိုးနားရိုးများ ချောင်ကျလာပြီး မျက်တွင်းဟောက်ပက်ဖြစ်လာသည်။

ပါးများကချိုင့်ဝင်သွားတော့ သွားများက ရှေ့သို့ခေါ်ထွက်လာသည်။ မျက်လုံးနှစ်လုံးက အတွင်းသို့ချိုင့်ဝင်သွားသဖြင့် လူရုပ်နှင့်ပင်မတူတော့ပေ။

လူကသာပိန်ကျသွားသော်လည်း အစားအသောက်ကတော့ လျော့သွားသည်မရှိဘဲ ခါတိုင်းထက်ပင် ပိုစားလာလေသည်။ တစ်နေ့တော့ အိမ်မှာစားသောက်စရာပြတ်သွားသဖြင့် ဘူကြိုင်းတစ်ယောက် တစ်နေ့ကုန်အိပ်ယာထဲမှာ ခွေနေလေသည်။

အိမ်ပြန်ရောက်တာ ရက်အတော်ကြာပြီဖြစ်သော်လည်း ယခုအချိန်ထိ အလုပ်ဘာမှမလုပ်နိုင်သေးဘဲ ရှိသမျှအစားအသောက်တို့ကို တစ်ယောက်တည်း စားသောက်နေသောကြောင့်လည်း သူ့ကို တစ်အိမ်သားလုံးက ဂရုမစိုက်ကြတော့ပေ။ သူ့ကို





ဂရုစိုက်ဖို့ထက် စားဖိုးသောက်ဖို့ ရှာဖွေနေကြရသောကြောင့် ဖြစ်ပေသည်။

ညအချိန်ရောက်တော့ တစ်အိမ်လုံး မောမောပန်းပန်းနှင့်အိပ်ပျော်နေကြတော့မှ ဘူကြိုင်းကပြန်ထလာသည်။

ခြေသံမကြားအောင် ထလာပြီး နံယံမှာ ထိုးထားသော ဓားကိုယူကာ အောက်ဆင်းသွားသည်။

အိမ်အောက်မှာ တောခွေးနှစ်ကောင်ရှိသည်။

ဘူကြိုင်းပြန်ရောက်စက ခွေးနှစ်ကောင်က အနားကပ်မခံသော်လည်း ယခုရက်အတော်ကြာလာသောအခါမှာတော့ ဟိန်းခြင်း၊ ဟောက်ခြင်းမရှိတော့သော်လည်း ဖာသိဖာသာ နေကြလေသည်။

အိမ်ပေါ်မှ ဘူကြိုင်းဆင်းလာတာမြင်တော့ ခေါင်းထောင်ကြည့်ပြီး ပြန်အိပ်သွားကြသည်။

ဘူကြိုင်းကအနားသို့ရောက်အောင်သွားပြီး ဓားဖြင့် ခွေးတစ်ကောင်ကို သတ်ဖြတ်လိုက်သည်။ ခွေးအော်သံက စူးစူးဝါးဝါး ပေါ်ထွက်လာရာ ကျန်တစ်ကောင်ကလည်း ဟောင်လေတော့သည်။

ထိုအသံကြောင့် ပုတင် အရင်နိုးလာလေသည်။

နံဘေးမှာကြည့်လိုက်တော့ ဘူကြိုင်းကိုမတွေ့ရပေ။ အိမ်ပေါ်မှာလည်းမရှိပေ။

ထို့ကြောင့်နေရာမှထသွားပြီး အောက်သို့ငုံ့ကြည့်သည်။ အိမ်အောက်မှာတော့ ဆောင့်ကြောင့်ထိုင်ပြီး ထမ်းစုံတစ်ခုပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသော ဘူကြိုင်းကို ဝိုးတဝါးမြင်ရသည်။

သူ့ဘက်သို့ ကျောပေးထိုင်နေသောကြောင့် သေသေ ခြာခြာတော့ မမြင်ရပေ. . .။

"နင် ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး"

ဟု မလုံးမထွေးဖြင့် ပြန်ပြောလေသည်။

ပုတင်က စိတ်ထဲမှ မသင်္ကာသောကြောင့် အောက်သို့ ဆင်းသွားပြီးကြည့်တော့ ခွေးတစ်ကောင်ကို သတ်ဖြတ်ပြီး အူ အသည်းများ ထုတ်ယူစားသောက်နေသည်ကို တွေ့ရလေသည်။

ထို့ကြောင့် မျက်လုံးပြူးသွားလေသည်။

ပုတင်ရောက်လာတော့ ဘူကြိုင်းက နောက်သို့တစ် ချက် ပြန်လှည့်ကြည့်ပြီးရယ်ပြသည်။

"ဟီး. . ဟီး. . ဗိုက်ဆာနေလို့"

ပုတင်လည်း မနေဝံ့တော့သဖြင့် အိမ်ပေါ်သို့ ပြန်တက် လာပြီး ဦးနေဒွန်းတို့ကိုနှိုးပြီး အကျိုးအကြောင်းပြောပြလိုက်လေ သည်။

ဦးနေဒွန်းကတော့ အိပ်ချင်မူးတူးအသံဖြင့် အရေးမကြီး သလိုပြန်ပြောလေသည်။

"ဖုတ်ဝင်လည်း ဝင်ပေစေ. . ကိုယ့်ကိုဘာမှ လုပ်တာမှ မဟုတ်တာ သူဘာသာနေတော့ နေပေစေ. . ."

ထို့ကြောင့် ပုတင်လည်း ဘာမှထပ်မပြောဝံ့တော့ပေ။

ထိုညမှစပြီး ပုတင်မှာ ဘူကြိုင်းအကြောင်းကိုသိသွားပြီ





င်သောကြောင့် ထိတ်လန့်ကြောက်ရွံ့နေလေသည်။

သူရှိသောနေရာနှင့် မနီးမဝေးမှာလည်း အသွားကို မြ အောင် သွေးထားသော ဓားတစ်လက်ကို အဆင်သင့်ဆောင် ထားလေသည်။

ခွေးတစ်ကောင်ကို သတ်စားခဲ့ပြီးနောက်မှာတော့ အ ီးတစ်ကောင်မှာလည်း ထိုအိမ်မှာ မနေဝံ့တော့သောကြောင့် ခြားအိမ်သို့ သွားနေလေသည်။

၎င်းတို့အိမ်မှာလည်း အစားအသောက်က အလျှင်မမီ အောင် ဖြစ်နေလေသည်။

သခင်က တစ်ရက်ရှာဖွေထားလျှင် နှစ်ရက်သုံးရက် င်စား၍ရသည်။

နွေရာသီ ဆောင်းရာသီတွင် ရှာဖွေစုဆောင်းထားသော စားအသောက်များမှာ လှိုင်းလေပြင်းထန်သော ရာသီရောက် ာ တစ်မိုးတွင်းထိုင်စားလျှင်လည်း လုံလောက်သည်။

ယခု ပုတင်တို့အိမ်မှာတော့ တစ်နေ့ရသော အစားအ သောက်များကို တစ်နေ့မစားလောက်တော့ပေ။

ဘူကြိုင်း တစ်ယောက်တည်း စားသောက်သည်က တစ် ်လုံး စားတာထက်ပိုများနေသည်။ သို့ကြောင့် အလျှင်မမီ တော့ပေ။ နေဖို့ညစာ ချန်ထားစရာ မကျန်တော့ပေ။

တစ်ညမှာတော့ ပုတင်တစ်ယောက် ကလေးကို နို့တိုက် နှင့် အိပ်ပျော်သွားစဉ် ကလေးငိုသံကြားသဖြင့် ပြန်နိုးလာ သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိဖွင့်ကြည့်လိုက်သော အိပ်ယာနံဘေးမှာ ဆော
ကြောင့်ထိုင်နေသော ဘူကြိုင်းကိုတွေ့ရလေသည်။

"ဘာလုပ်တာလဲ"

"ငါဗိုက်ဆာနေပြီ"

"အိမ်မှာတော့ ဘာမှမကျန်တော့ဘူး"

"ဒါဖြင့် နင့်ရင်ခွင်ထဲက ကလေးငါ့ကိုပေး"

ဟု လက်ညှိုးထိုးပြကာ တောင်းလေသည်။

ပထမတော့ ပုတင်မှာလန့်သွားသည်။

နောက်တော့. . သူကြောက်နေလျှင် ကလေးအသ
သေတော့မည်ကို သိသဖြင့် မိခင်စိတ်သွင်းကာ စိတ်ကို ပြန်
လိုက်လေသည်။

"ကလေးကိုစားချင်လို့လား"

ဘူကြိုင်းကခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် ခဏစောင့်. . ငါ့ကလေးကို တခြာ
သတ်တာ ငါမကြည့်ချင်ဘူး၊ နင်စားချင်ရင် ငါ့လက်နဲ့သတ်
မယ်"

ဟုပြောကာ နေရာမှထသည်။

အသင့်သွေးထားသောဓားကိုယူလာပြီး အနားမေ
သည်နှင့် ဘူကြိုင်းလည်ပင်းကို ပိုင်းချလိုက်လေသည်။

"ကိုင်း. . စားချင်ဦးဟာ"

ဓားကထက်လှသောကြောင့် ခေါင်းတခြား ကိုယ်တ
ဖြစ်သွားလေတော့သည်။





ခေါင်းပြတ်သွားသော ခန္ဓာကိုယ်ကြီးက သွေးရူးသွေး
တန်းဖြင့် လျှောက်ပြေးနေသေးသည်။

ဆူဆူညံညံအသံကြောင့် အိပ်ပျော်နေသော ဦးနေဒွန်း
တို့ပါ လန့်နိုးလာကြလေသည်။

"ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ"

ခေါင်းပြတ်နေသော ဘူကြိုင်းခန္ဓာကိုယ်ကြီးက အိမ်
ပေါ်မှာလျှောက်ပေးနေရင်းမှ တန်းဖြင့်တိုက်ကာ လဲကျသွား
လေတော့သည်။ ပြန်မထလာတော့ပေ. . .။

ငြိမ်သက်သွားတော့မှ ကြည့်လိုက်သောအခါ မူလရုပ်
ခန္ဓာမရှိတော့ဘဲ တစ်ကိုယ်လုံး အရိုးကျနေသော အရိုးစုခန္ဓာကို
သာတွေ့ကြရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

# ပုလဲရတနာနှင့် အသက်ပေးရသောဘဝများ

မြန်မာ့ပုလဲရတနာများကို မြန်မာနိုင်ငံတောင်ဘက်ဖျား၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့အနောက်တောင်ဘက် (၈၅)မိုင်အကွာ၊ အရှေ့လတ္တီတွဒ် (၁၁)ဒီဂရီ (၁၅)မိနစ်မှ ၁)ဒီဂရီ (၂၀)မိနစ်နှင့် မြောက်လတ္တီတွဒ် (၉၈)ဒီဂရီအတွင်း ည်ရှိသည့် ပုလဲကျွန်းဒေသတွင် တွေ့ရှိရသည်။

ပုလဲကျွန်းမှာ အရှည်ငါးမိုင်ခွဲ၊ အကျယ်နှစ်မိုင်ခန့်ရှိ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သည်။ စတုရန်းမိုင် (၁၀)မိုင်ခန့်ရှိပြီး ဤကျွန်းကို ရှေးအခါက ဆာဂျေမယ်(လ)ကွန်ကျွန်း (Sir. J. Malcom) ဟု အင်္ဂလိပ် ရေကြောင်းဌာနမှ အမည်ပေးခဲ့သည်။

သို့သော်လည်း မြိတ်ကျွန်းသားများက "ဘိုးမောင်ဆောင်ကျွန်း" ဟုခေါ်ကြသည်။

၎င်းမှာ မြန်မာမုတ်ငုပ်သူ ကိုဘိုးမောင်ကို ဂုဏ်ပြုသောအားဖြင့် ခေါ်တွင်အမည်တပ်ခြင်းဖြစ်သည်။

"ဆောင်" မှာ ရှေး လှေသမားတို့၏ ဝေါဟာရဖြစ်ပြီး "အပေါက်" ဟူ၍ အဓိပ္ပါယ်ရသည်။

တစ်နည်းအားဖြင့် "ဆောင်" မှာ "အစွန်း အဆောင်များတွင် မုတ်ကောင်အရကောင်းသည်"ဟု ဆိုလိုခြင်းဖြစ်သည်။

ရေပြင်ထဲသို့ ကျွန်းမှ ကျောက်ဆောင်ကျောက်စွယ်များ ထိုးထွက်လျက် ရေအောက်တွင် လှိုဏ်ခေါင်းဖြစ်နေပြီး. . မုတ်ကောင်များ ခိုအောင်းနေကြသည်ကို ရည်ရွယ်၍ ခေါ်ဆိုဟန်တူပေသည်။

မုတ်ကောင်အများဆုံးထွက်သော ယင်းပုလဲကျွန်းကို ရှေးမုတ်ကောင်ရှာဖွေသူ ရေလုပ်သားကြီးများက "ဘိုးမောင်ဆောင်ကျွန်း" ဟုခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

ရှေးအခါက မုတ်ကောင်းများငုပ်ယူကြရာတွင် ဖိလစ်ပိုင်ကျွန်း၊ မနီလာလူမျိုး (ယခုဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မနီလာမြို့) များကို ဗြိတိသျှအစိုးရက အထူးမြှောက်စားခဲ့သည်။

မုတ်ကောင်များကို ရေအောက်တွင် ဖမ်းယူရာ၌ မနီ





တို့သည် ဦးစီးဦးကိုင်များဖြစ်သည်။

ထိုခေတ်က ရေအောက်ဆင်း၍ မုတ်ကောင်ရှာဖွေရာ င် ဝတ်ဆင်ရသော ပစ္စည်းကိရိယာများမှာ ပိဿာချိန်(၇၀) ကျော် လေးသည်ဟုဆိုသည်။

ယင်းရေငုပ်ဝတ်စုံကြီးကိုဝတ်ပြီး ရေငုပ်ရာတွင် အပေါ် အဆက်မပြတ် လေရရှိစေရန် လက်လှည့်စက်ဖြင့် လှည့်ပေး သည်။

ရေငုပ်သူသည် ရေထဲတွင် အချိန်(၂၀-၂၅)မိနစ်မျှသာ နိုင်သည်။

(၁၈၂၄)ခုနှစ်ကဖြစ်ပွားခဲ့သော ပထမအကြိမ် အင်္ဂလိပ် ကျူးကျော်လာသည့် စစ်ပွဲအပြီး တနင်္သာရီတိုင်းကို သိမ်းပြီး မှစ၍ အင်္ဂလိပ်တို့ စိတ်ဝင်စားဟန်တူသည်။

(၁၈၉၁)ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် ဩစတြေးလျ င်၊ ကွင်း(စ)လန်ပုလဲငုပ်သမား မစ္စတာချီး(လ) (Mr. Chill) ဆောင်သော ပုလဲငုပ်လုပ်ငန်းကို မြိတ်ကျွန်းစုတွင် စတင်လုပ် င်စေခဲ့သည်။

မြိတ်ကျွန်းစုရှိ ကျွန်းများအမည်ကိုလည်း ၎င်းတို့၏ အုပ် ရေးအရာရှိနှင့် စစ်ဖက်အရာရှိကြီးများ၏ အမည်များကို ပြုလျက် အင်္ဂလိပ်အမည်များမှည့်ခေါ်ခဲ့ကြသည်။

(၁၈၉၁)ခုနှစ်က ဗြိတိသျှပိုင် မုတ်ကောင်ငုပ်လှေသုံး သည် မုတ်ကောင်များကို ရှာဖွေရန် မြိတ်မြို့မှထွက်လာ ည်။



www.burmeseclassic.com

www.burmeseclassic.com



လှေတစ်စီးလျှင် မနီလာနှစ်ဦးစီနှင့် မြန်မာခြောက်ဦး တို့ပါဝင်သည်။ နောက်လိုက်များဖြစ်ကြသည့် လှေသုံးစီးပေါ် မြန်မာ(၁၈)ဦးတို့တွင် ကိုဘိုးမောင်လည်း တစ်ယောက်အပါအ ဝင် ဖြစ်သည်။

ပုလဲကျွန်းသို့ရောက်သောအခါ မနီလာခြောက်ဦးသည် အရက်များမူးယစ်လျက် မြန်မာများကို နည်းအမျိုးမျိုးဖြ နိုင်ထက်ကလူ ပြုကြသည်။

ဤတွင် မဟုတ်မခံတတ်သော ကိုဘိုးမောင်က တော လှန်တော့သည်။ ကျန်မြန်မာများက ကြောက်ရွံ့၍ အညံ့ခံ သည်။

မနီလာခြောက်ယောက်သည် တစ်ယောက်တည်းသော ပုန်ကန်သူ မြန်မာလူမျိုး ကိုဘိုးမောင်ကို အမျိုးမျိုး ညှင်းဆဲ သတ်ပစ်လိုက်သည်။

ထိုအချိန်မှစ၍ ဆာဂျေမယ်(လ)ကွန်ကျွန်း (ယခု ပု ကျွန်း) ကို မြိတ်အခေါ် ဘိုးမောင်ဆောင်(ဘိုးမောင်ကျွန်း) ခေါ်ဆိုခဲ့ကြသည်။

ဤပုလဲကျွန်းကို စတင်တွေ့ရှိသူများမှာလည်း မနီလာ လူမျိုးများပင်ဖြစ်ပြီး ခရစ်နှစ်(၁၈၈၁)ခုနှစ်က တွေ့ရှိသည်။

ထိုစဉ်က မြန်မာနိုင်ငံအခြေအနေမှာ တောင်သူလယ် သမားများ ကြွေးတင်လျက် ဒုက္ခနှင့်ရင်ဆိုင်နေရသော မြ တွင်း ရေးမတည်ငြိမ်သည့်အချိန်ဖြစ်သည်။ အောက်မြန်မာပြ ကို အင်္ဂလိပ်တို့ သိမ်းထားပြီးဖြစ်သည်။





ထို့မှ လေးနှစ်အကြာ (၁၈၈၅)ခုနှစ်တွင် မြန်မာဘုရင် သီပေါမင်းပါတော်မူခြင်းဖြင့် မြန်မာတစ်ပြည်လုံး ဗြိတိသျှလက် အောက်သို့ ကျရောက်ခဲ့ရသည်။

ဗြိတိသျှတို့သည် မြန်မာ့ပုလဲကျွန်းမှ အဖိုးတန်ရတနာ မြောက်များစွာကို ရှာဖွေယူခဲ့ပြီးဖြစ်သည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး (၁၈၂၆)ခုနှစ်တွင် တနင်္သာရီတိုင်း၊ ကျိုက္ခမီမြို့ကို ဗြိတိသျှတို့က မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

ယင်းနောက် ဖိလစ်ပိုင်ကျွန်း၊ မနီလာမြို့မှ မနီလာလူ မျိုးများကို ခေါ်ဆောင်လျက် ပုလဲရှာဖွေရေးလုပ်ငန်း စတင်သည် တွင် (၁၈၈၁)ခုနှစ်၌ ပုလဲကျွန်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မနီလာပုလဲငုပ်သမားများ ရှာဖွေလုပ်ကိုင်ခဲ့သည့် နှစ် ပေါင်း (၉၀)ကျော်ခန့်၊ ခရစ်နှစ် (၁၉၂၃) ခုနှစ်တွင်မှ ဂျပန်ပုလဲ မွေးသူများ ရောက်ရှိလာကြခြင်းဖြစ်သည်။

မြန်မာလူမျိုးများထဲမှ ရှေးဦးစွာ ပုလဲငုပ်သူမှာ မြိတ်မြို့ မှ ဦးဘခိုင်ဆိုသူဖြစ်သည်။

ဤသို့ဖြင့် မြန်မာ့ရတနာပုလဲကျွန်းမှာ ဗြိတိသျှတို့၏ လက်၊ ဂျပန်တို့၏ လက်ဝယ်မှ ယနေ့ မြန်မာ့လက်ဝယ်သို့ အဆင့် ဆင့် ရောက်ရှိလာခြင်းဖြစ်သည်။

## ➢ ပုလဲခေါင်းတီးသွင်းအစေ

ပုလဲတစ်လုံးဖြစ်လာရန်အတွက် မှတ်ကောင်သည် အစိ



www.burmeseclassic.com

www.burmeseclassic.com



က ဖန်တီးရှင်အမေဖြစ်သည်။

မုတ်ကောင်ကို "ပင်တဒါ မာဂရီတီဖီရာ " (Pinctada Margarifera) ဟု သိပ္ပံအမည်သတ်မှတ်ထားပြီး အဓိပ္ပါယ်မှာ "ပုလဲမွေးသူ"ဟုဆိုလိုသည်။ မုတ်ကောင်ကို "ခုံးကောင်" (OYSTER) ဟုလည်း အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုသည်။

မိခင်မုတ်ကောင်၏ ကိုယ်ခန္ဓာအတွင်း၌ အမြုတေ (သို့မဟုတ်) သံသေဓဖြစ်သော ပုလဲသည် တစ်စုံတစ်ရာသော အကြောင်းကြောင့် ဖြစ်တည်လာရပေသည်။

အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ မိခင်မုတ်ကောင်အတွင်း၌ အရည်အသွေးလှပတင့်တယ် စွဲမက်ဖွယ် "အဇီဝပစ္စည်း" (Inorganic Substance)ဖြစ်သော ပုလဲအဖြစ် ရရှိလာသည်။

မုတ်ကောင်တွင်းရှိ ပုလဲကို လူတို့တွေ့ရှိလျှင် အဖိုးတန်ရတနာအဖြစ် ရောက်ရှိပြီး အကယ်၍ မသိမိသဖြင့် မိခင်မုတ်ကောင် သေဆုံးလျှင် ယင်းပုလဲရတနာသည်လည်း ပင်လယ်ရေအောက်တွင်ပင် ဓာတုဖွဲ့စည်းမှုပျက်စီးလျက် ကွယ်ရပေသည်။

မုတ်ကောင်ဟူသော ဝေါဟာရမှာ မြန်မာစကားစစ်စစ် မဟုတ်ပေ။

"ပုလဲ" ကို သန္ဓေတည်ပေးသော မိခင် ကမာကောင် (Mother of Pearl) ကို အင်္ဂလိပ်ဘာသာဖြင့် အတိုကောက် (M.O.P) "မော့(ပ)" ဟုခေါ်ရာမှ အသံထွက်ကိုလိုက်၍ "မုပ်-





မုတ်ကောင်" ဟုခေါ်တွင်လာခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ "ပုလဲပုတီး"ကို ရှေးက "မုတ်ပုတီး"ဟု ခေါ်ဆိုကြသည်။

ရှေးကဗျာတစ်ပုဒ်တွင် "မုတ်ပုတီးရယ် တစ်သွယ်နှစ်သွယ်၊ မမလေးရွှေခြေကျင်း ဝါဝင်းလှတယ်" ဟု စပ်ဆိုထားသဖြင့် "မုတ်ပုတီး"သည် မုတ်ကောင်မှရသည့် "ပုလဲပုတီး"ကို ဆိုလိုသည်။

## မုတ်ကောင်၏ သဏ္ဌာန်

ပုလဲလုံးက လှပတင့်တယ်သလောက် မိခင်က ရုပ်ဆိုးသည်ဟု ဆိုရပေမည်။

မုတ်ကောင်၏ ပုံသဏ္ဌာန်မှာ ပြားပြားဝိုင်းဝိုင်းပုံရှိပြီး အချင်း (၁၀)လက်မမှ (၁၄)လက်မပတ်လည်ခန့်ရှိသည်။

မုတ်ကောင်၏ အပြင်ခွံသည် ကြမ်းတမ်းပြီး မိမိနေထိုင်ရာပတ်ဝန်းကျင် ရေအောက်ပင်လယ်ကြမ်းပြင်နှင့် စရိုက်ခလေ့တူအောင် အသွေးအရောင်ကာပါ လိုက်လျောညီထွေမှု ရှိစေရန် သဘာဝက ဖန်တီးပေးထားသည်။

မုတ်ကောင်တွင် အခွံနှစ်ခြမ်းပါသည်။ ကမာကောင် အမျိုးအစားဖြစ်ပြီး အပြင်ခွံ ကျောနှစ်ဘက်လုံးသည် . . ထုံးကျောက်သားဖြင့် တည်ဆောက်ထားသည်။ အဖုအထစ်များ၊ ရေညှိများ၊ တစ်ခါတစ်ရံ ခယင်းကောင်များ ကပ်နေတတ်သည်။

မုတ်ခွံသည် အများအားဖြင့် ထုံးကျောက်အမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com



(Calcium Carbonate) ဖြင့် အများဆုံး အချိုးအဆပါဝင်တည်ဆောက်ထားပြီး မုတ်ခွံကဲ့သို့ အမျိုးအနွယ်တူသော ခုံးကောင်၊ ရှပ်ကောင်၊ ခရုညို၊ ယောက်သွားတို့ဖြစ်ပြီး ယင်းအခွံကို အပူပေးပါက ထုံးမှုန့်အဖြစ်ရရှိသည်။

မုတ်ကောင်၏ အတွင်းသားမှာ ချောမွေ့နူးညံ့သည်။
အရောင်မှာ ငွေရောင်ရွှန်းပလင်းလက်နေသည်။

## ➢ မုတ်ကောင်များကို တွေ့နိုင်သည့်နေရာများ

မုတ်ကောင်များသည် ကမ်းရိုးတန်း ပင်လယ်ရေတိမ်ပိုင်းမှ ရေနက်ပိုင်းအထိ နေကြသည်။ သို့သော်လည်း ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းတွင်ကား မတွေ့ရချေ။

ပုလဲများရရှိအောင် မွေးဖွားသန့်စင်ပေးသော မုတ်ကောင်ကို ပါရှန်ပင်လယ်ကွေ့ရှိ ဘာရိန်းဆိပ်ကမ်းအနီးမှ ပင်လယ်နီ၊ သီရိလင်္ကာနိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံ ကမ်းခြေများ၊ ပနားမားတူးမြောင်း၏ အရှေ့ဘက် မိုင်(၃၀)အကွာရှိ ပုလဲကျွန်းများ၊ မက္ကဆီကို နိုင်ငံ၏ ပစိဖိတ်ကမ်းခြေဒေသ၊ ဩစတြေးလျတိုက်၊ မလေးရှားနိုင်ငံ၊ အနောက်အိန္ဒိယကျွန်းစု၊ ဖိလစ်ပိုင်နိုင်ငံ၊ နယူးဇီလန်နှင့် ဂျပန်နိုင်ငံကမ်းခြေအချို့တွင် တွေ့ရှိရသည်။

မုတ်ကောင်ကို ကမ္ဘာကမ်းရိုးတန်းဒေသများမှ ပင်လယ်ရေအောက်မြေပြင်ရှိ ကျောက်ဆောင်ကျောက်တုံးကြီးများ အပူအအေးမျှတသည့် ပင်လယ်ရေစီးကြောင်းရှိသည့် နေရာများ





ပင်လယ်ရေညစ်ညမ်းမှု မရှိသည့် နေရာများတွင်သာ အများအားဖြင့် တွေ့ရှိရတတ်သည်။

မြန်မာ့ပုလဲထွက်ရှိရာ မုတ်ကောင်များကို တနင်္သာရီတိုင်း၊ မြိတ်ခရိုင်အတွင်းရှိ ကျွန်းပေါင်း (၈၀၄)ကျွန်းပါဝင်သော မြိတ်ကျွန်းစုများမှ ပုလဲကျွန်းဒေသများတွင် တွေ့ရှိရသည်။

မုတ်ကောင်ဖမ်းသည့်လုပ်ငန်းအကြောင်းကို အကျဉ်းမျှဖော်ပြပါဦးမည်။

## ➢ မုတ်ငုပ်လှေ

မုတ်ကောင်များကို မြန်မာအဏ္ဏဝါရေပြင်အောက်မှ ဖမ်းဆီးရရှိနိုင်ရန် မုတ်ငုပ်လှေများ လိုအပ်ပေသည်။

မုတ်ငုပ်လှေအရွယ်အစားမှာ အလျား (၄)လံခွဲမှ (၇)လံအထိရှိပြီး ဗြက်(၄)တောင်မှ (၅)တောင်အထိရှိသည်။

ဝမ်းထိုင်စက်တစ်လုံးပါရှိပြီး လှေပေါ်တွင် အောက်ဆီဂျင်အိုးတစ်လုံးမှ နှစ်လုံး၊ သီးခြားလေပေးမည့် စက်တစ်လုံး၊ ပိုက်ပျော့ရှည်များပါဝင်သည်။

မုတ်ငုပ်လှေကို သစ်မာအမျိုးအစားဖြင့် တည်ဆောက်ရသည်။ မုတ်ငုပ်လှေတစ်စီးသည် လှေဂရမ်၊ မုတ်ကောင်ဖမ်းခွင့်လိုင်စင်တို့ ရှိမှသာ လုပ်ကိုင်ခွင့်ရှိသည်။

ထိုစဉ်က မြန်မာပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးပိုင် မုတ်ငုပ်သင်္ဘော ရှစ်စင်းရှိသည်။

ယားမားခြောက်လုံးထိုး အမျိုးအစားအဖြစ်. . ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



သီတာ၊ ပုလဲသီဂီ၊ ထူးမြစ်ပုလဲ၊ အောင်ပုလဲမြွတ် စသည့် ပုလဲအမည်ပါသင်္ဘောများဖြစ်သည်။

လေအိုးကြီးနှစ်လုံးပါရှိပြီး မုတ်ငုပ်သူ သုံးဦးတစ်ပြိုင်တည်း ငုပ်နိုင်ရန် လေမီတာနှင့် ပိုက်ပျော့ရှည်များရှိပြီး အခြားမီတာတစ်လုံးနှင့် ပိုက်ပျော့ရှည်များကို ရေနာရောဂါခံစားရသူများအတွက် ရေစိမ်ရန် အသင့်ထားရှိသည်။

စုစုပေါင်း လေမီတာ လေးလုံး၊ လေပိုက်နှင့် ဆက်သွယ်ထားသည့် မုတ်ငုပ်ရန် ကြေးခေါင်းလေးလုံးပါရှိသည်။

## ➤ မုတ်ငုပ်သူ

ရှေးယခင်က ရေငုပ်ကျွမ်းကျင်သော ဆလုံလူမျိုးအချို့ကို မုတ်ကောင်ဖမ်းယူရာတွင် အသုံးပြုလေ့ရှိသည်။

အချို့ဆလုံများမှာ လေရှူပိုက်မပါဘဲ ရေနက်သို့ အချိန်ကြာကြာဆင်းငုပ်နိုင်ကြသည်။ နောက်ပိုင်းကာလများတွင် မော်လမြိုင်၊ ထားဝယ်၊ မြိတ်မှ ရေလုပ်သားများ၊ ရေငုပ်ကျွမ်းကျင်သူများ နေရာယူလုပ်ကိုင်ဆောင်ရွက်သည်။

အထူးသဖြင့် ရေငုပ်သူများသည် အသက်(၂၅)နှစ်မှ အသက်(၄၅)နှစ်ကြားတွင်သာ လုပ်ကိုင်သူများဖြစ်သည်။ ကျန်းမာရေးပြည့်စုံခြင်း၊ သွက်လက်ဖြတ်လတ်ခြင်း၊ ရေငုပ်ကျွမ်းကျင်ခြင်း၊ မျက်စိအမြင်ကောင်းခြင်း၊ ဖြတ်ထိုးဉာဏ်ရှိခြင်း စသည့် အရည်အချင်းများရှိရန် လိုအပ်သည်။

မုတ်ငုပ်သင်္ဘော လူငယ်တစ်ဦးသည် ရေအနက် သုံးလံ





လေးလံမှစ၍ ရေအောက်သို့ ကြည့်တတ်မြင်တတ်အောင် သင်ရသည်။

မုတ်ကောင်ငုပ်မည့်သူ ငါးဦးမှ ခုနစ်ဦးခန့်အထိ မုတ်ငုပ်လှေတွင် လိုက်ပါလေ့ရှိပြီး (၂)ဦးစီ အလှည့်ကျ ရေအောက်သို့ဆင်းရသည်။

ပုလဲကျွန်းပိုင် မုတ်ငုပ်သင်္ဘောများတွင်မူ သုံးဦးတစ်ပြိုင်တည်းဆင်းနိုင်သည့် ပြင်ဆင်ထားမှုရှိသည်။ ရေအောက်သို့မဆင်းမီ မှန်ကပ်ကိုတင်ဆင်ပြီး အောက်ဆီဂျင်ပိုက်နှင့် ဆက်သွယ်ရသည်။

မုတ်ကောင်ထည့်မည့်ခြင်း(သို့မဟုတ်)အိတ်ကို မုတ်ငုပ်သူ၏ကိုယ်တွင် ကပ်ချည်ဝတ်ပြီး မုတ်ထည့်ခြင်းနှင့် ဆက်သွယ်ထားသောကြိုးကိုပါ ပူးတွဲယူဆောင်ရသည်။

ယခင် မှန်ကပ်မပေါ်မီကာလက ကြေးခေါင်းတပ်ဆင်၍ ရေအောက်သို့ ဆင်းရသည်။

မြန်မာ့ပုလဲပိုင် ဝန်ထမ်းရေငုပ်သူများမှာ ကြေးခေါင်းကိုသာ ယခုတိုင်သုံးစွဲနေဆဲဖြစ်သည်။ ကြေးခေါင်းသုံးလေ့ ရှိသူများမှာ မှန်ကပ်ကို မသုံးရဲ၊ စိတ်မချရသကဲ့သို့ မှန်ကပ်ကို သုံးလေ့ရှိသူများကလည်း ကြေးခေါင်းစွပ်၍ ရေအောက်သို့ မဆင်းရဲကြပေ။

ကြေးခေါင်းမှာ ဦးခေါင်းတစ်ခုလုံးအားစွပ်ထားသည့် ကြေးနှင့်ပြုလုပ်ထားသော ခေါင်းဆောင်းအလုံပိတ် ဦးခေါင်းစွပ်တစ်မျိုးဖြစ်ပြီး အလေးချိန် ခုနစ်ပိဿာခန့်လေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးခေါင်းအတွင်းသို့ လေရရှိရန် လေဝင်ပေါက် ပိုက်လိုင်းတစ်ခုရှိသည်။

ခေါင်းစွပ်လိုက်သည်နှင့် ပခုံးကို ဖိထားသည့် တာပေါ်လင်အထူစားပခုံးစွပ်က ရေမဝင်နိုင်ရန် အပေါ်ဖိအားဖြင့် ကာကွယ်ထားသည်။

ခေါင်းစွပ်အတွင်းလေက မှုတ်ထုတ်နေသဖြင့် အောက်မှ ရေဝင်ရန် အခွင့်လမ်းမရှိချေ။

ကြေးခေါင်းအတွင်း၌ လူ၏ဦးခေါင်းမှာ အဖက်ဖက်သို့ လှည့်ကြည့်နိုင်ပြီး ဘေးရှိမှန်ပေါက်များမှ ပတ်ဝန်းကျင်ရေအောက်အခြေအနေကို တွေ့ရှိနိုင်ပေသည်။

ခါးဘေးတွင် အလေးချိန် ငါးပိဿာစီရှိသော ခဲပြားကြီးနှစ်ခုက တစ်ဖက်တစ်ချက်စီတွင် တွဲကျနေသည်။

ခဲခါးပတ်ကြီးကိုကား နောက်ပိုင်းကာလတွင် မသုံးကြတော့ပေ။ တစ်ကိုယ်လုံး ဖုံးအုပ်ထားသည့် ကြေးခေါင်းဝတ်စုံမှာ အလေးချိန် ပိဿာ(၇၀)ခန့်ရှိသည်။

အောက်စီဂျင်လေအိုးနှင့် လေပိုက်ဆက်သွယ်မှုကောင်း မကောင်း၊ သေချာမှုရှိမရှိ စိစစ်ရသည်။

စက်ပုံမှန်လည်နေပြီး လေပိုက်၊ မှန်ကပ် (သို့မဟုတ်) ကြေးခေါင်း၊ ကြိုးအသင့်ဖြစ်ပြီဆိုလျှင် မုတ်ငုပ်လှေပေါ်မှ အဖွဲ့ခေါင်းဆောင်၏ လမ်းညွှန်ချက်ဖြင့် ရေထဲသို့ ခုန်ဆင်းလိုက်ရသည်။

မုတ်ငုပ်အတွေ့အကြုံရှိပြီးသူ၊ မုတ်ကောင်ရှာဖွေရမည့်





နေရာကို ကျွမ်းကျင်သူများက ငုပ်ရမည့်နေရာရှိ ကျောက်ပုံ၊ ရေနက်ချိုင့်များ၏ အခြေအနေကို ခန့်မှန်း၍ ရေအလံမည်မျှအနက်တွင် ငုပ်ယူရရှိနိုင်သည်ကို သိကြသည်။

ကြေးခေါင်းဖြင့်မုတ်ငုပ်သူများမှာ ရေထဲရောက်သွားလျှင် ကြေးခေါင်းက လေးလံခြင်းမရှိဘဲ ရေထုအတွင်း ပုံမှန်ထိန်းအားဖြင့် ပေါ့ပါးစွာ လှုပ်ရှားနိုင်ပေသည်။

မုတ်ကောင်သည် သန္တာကျောက်ဆွယ်တန်းများ (Coral Reef) အနီးတွင် တွေ့ရှိရတတ်သည်။

မုတ်ကောင်ရှာဖွေလေ့ရှိသည့် ပင်လယ်ကျွန်းတောင်နှင့် သန္တာကျောက်ဆွယ်တန်းများကို ဖော်ပြပါမည်။

(၁) *ဇာဒက်ကြီးခွင်*

ဇာဒက်ကြီး၊ လငန်း၊ မြင်းခွာအော်၊ လန်ပိကျွန်း၊ ဒန်ဘင်၊ ငှက်သိုက်၊ ဘော်ယာကြီးတို့ဖြစ်သည်။

(၂) *မလိခွင်*

မလိငှက်သိုက်၊ ဆေးသမားကျွန်း၊ လေးကျွန်း၊ လငန်းကြီး၊ လငန်းငယ်၊ ဘူဇွာ၊ ဒုံးပုလဲအော်တို့ဖြစ်သည်။

(၃) *ဘုတ်ပြင်းခွင်*

ပါဝယ်၊ ကျောက်ပေါက်၊ ပြင်စဘုကျွန်း တို့ဖြစ်သည်။

(၄) *ပုလုကျွန်းဝန်းကျင်*

ဂျပန်မဆံထုံး၊ လူသတ်ကျွန်း၊ အလီကေတာကျောက်ပုံ၊ ဘင်းချိုကျွန်း၊ ဗန္ဓုလကျောက်ပုံ၊ မန်ကျည်းပင်ဆောင်တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ➤ ဗုတ်ငည်ရာ

မှတ်ကောင်ဖမ်းရမည့်ရက်ကို အထူးသဖြင့် ရေသေရက်များတွင် ဖမ်းလေ့ရှိသည်။

လဆန်း(သို့မဟုတ်) လဆုတ်(၇)ရက်နေ့မှ (၁၃)ရက်နေ့အထိ ရှာဖွေကြရသည်။

ရေငုပ်လျှင် ရေငုပ်သူနှစ်ဦးစီ အလှည့်ကျဆင်းကြရသည်။ ပုလဲကျွန်းဒွာနပိုင် မှတ်ငုပ်လှေများတွင်မူ တစ်ကြိမ်ဆင်းလျှင် သုံးဦးတစ်ပြိုင်တည်းဆင်းနိုင်သည်။

ရေငုပ်ရာသို့ ကြိုးနှင့်မှတ်ကောင်များထည့်မည့် ပိုက်အိတ်ကိုပါ အတူယူဆောင်ပြီး ဆင်းကြရသည်။

ကျောက်ဆောင်များနှင့် ပင်လယ်ကြမ်းပြင်တွင် တွေ့ရှိရသည့် မှတ်ကောင်များအား ပိုက်အိတ်အတွင်းထည့်ပြီး အပေါ်သို့ပြန်ပို့ရသည်။

အပေါ်သို့ ပိုက်အိတ်နှင့်အတူ ကြိုးကိုကိုင်ရင်း ပြန်တက် နိုင်သည်။

ပထမသတ်မှတ်နေရာတွင် ရှာဖွေရာ၌ တစ်ဖွား(မှတ်ငုပ်လှေစတင်ဖမ်းယူသည်မှာ လုပ်ငန်းသိမ်းပြန်လာသည့် ကာလအထိ)အတွင်း မှတ်ကောင်ရေ (၁၀၀)မှ (၂၀၀)အထိ ရှာဖွေရရှိတတ်သည်။

ထိုနေရာမှ နောက်ထပ်အခြားနေရာများသို့ ပြောင်းလဲရှာဖွေလေ့ရှိကြသည်။

တစ်ခါတစ်ရံ မှတ်ငုတ်လှေ (၂၀)မှ (၃၀)ခန့်အထိ ထို





နေရာတစ်ဝိုက်တွင် တွေ့ရှိရတတ်သည်။

မြန်မာ့ပင်လယ်ပြင်ရေအောက်ကြမ်းပြင်မှ မှတ်ကောင်င်းအကောင်သိန်းပေါင်းများစွာ ရရှိနိုင်ကြောင်း နှစ်စဉ်ဖမ်းယူသည့် မှတ်ကောင်အရေအတွက်ကို ခန့်မှန်းသိရှိနိုင်ပေသည်။

မှတ်ကောင်ရှာဖွေရေးလုပ်ငန်းနှင့် ပတ်သက်၍ ယခင်ကျယ်စွာ ထုတ်လုပ်ခဲ့သည့် အထိမ်းအမှတ်နှစ်ခုရှိသည်။

ယင်းမှာ ပုလဲဂေဟာ(မြိတ်မြို့၊ ဈေးတန်းရပ်)နှင့် ဆလုံမျိုးတို့ဖြစ်သည်။

အချို့မှာ မှတ်ငုပ်ရက်ကို လဆုတ်(၈)ရက်နေ့မှ စတင်း လဆန်း/လဆုတ် (၁၄)ရက်နေ့အရောက် ပြန်ဝင်ကြသည်။

ဖမ်းယူရရှိသည့် မှတ်ကောင်များကို မှတ်ငုပ်လှေ (သို့တ်) သင်္ဘောပေါ်တွင် သစ်သားစည်ကြီးများ၊ ဖိုက်ဘာကန်ဖြင့် ပင်လယ်ရေသွင်း၍ သယ်ယူကြရသည်။

ရေညစ်ညမ်းမှုမရှိစေရန်နှင့် ဆီမပါဝင်စေရန် အမိကသည်။ အကယ်၍ သယ်ယူလာရာတွင် ဆီပါဝင်ပါက မှတ်င်များ လမ်းတွင်ပင် သေဆုံးနိုင်ပေသည်။

ပုလဲငုတ်သော အလုပ်မှာ သာမန်လူတို့ မလုပ်နိုင်ကြ။ ယခုခေတ်ကာလ ပုလဲငုတ်ခြင်းမှာ ခေတ်မီကိရိယာများသုံးပြုပြီး ငုတ်ယူကြသဖြင့် မထောင်းတာလှပေ။ ရှေးအခါကတ်မီကိရိယာများ မရှိသေးသဖြင့် ကြေးခေါင်းစွပ်ကဲ့သို့ အသုံးဆောင်ပစ္စည်းများဖြင့်သာ အသုံးပြုလျက် ရေငုတ်ရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အန္တရာယ်မကင်းလှပေ။

သို့တိုင်အောင် ကြေးခေါင်းစွပ်များကိုပင် လူတိုင်းမ
နိုင်ကြပေ။

ထို့ကြောင့် ဆလုံများအပါအဝင် ရေငုတ်သမား
တော်များများကတော့ မည်သည့်အကူအညီမှ မပါဘဲနှင့်
လွတ်ငုတ်ကြရလေသည်။

ပင်လယ်ရေအောက်မှာတော့ မမြင်ရသော အန္တရာ
မျိုးစုံတို့ရှိကြလေသည်။

လူတစ်ယောက်လုံး မြိုနိုင်သော ငါးကြီးများ၊ လူ
ထားနှင့် ဝေလငါးကိုပင် ဖမ်းယူသတ်ဖြတ်နိုင်သော ညံ့သတ္တ
ကြီးများမှစပြီး. . . အပ်ချည်မျှင်မှ သေးသော်လည်း ထိလို
သည်နှင့် အဆိပ်သင့်သော ရေကြောကဲ့သို့ သတ္တဝါမျိုးအ
မျိုးစုံစွာရှိကြလေသည်။

သို့ကြောင့် ပုလဲရှာဖွေသူတို့မှာ သူ့အသက်ကို ယူသ
ကိုယ့်အသက်လည်း ပြန်ပေးရသော ဘဝမျိုးဆိုပါက မမှာ
ချေ. . .။





# အခန်း (၅)

# ညီမထုံးဖော်ကျွန်းမှ လမ်းညွှန်ပေးသူ

မြင်သာကျွန်းမှာ ပင်လယ်ပြင်တစ်နေရာတွင် ရှိကြ
သော ကျွန်းပေါင်းများစွာတို့ထဲမှ တစ်ကျွန်းအပါအဝင်ဖြစ်ပေ
သည်။ သို့သော်လည်း လူနေထိုင်ရန်ကောင်းသော ကျွန်းကြီးမျိုး
ဖြစ်သည်။ မြေပြန့်နေရာများစွာရှိသည်။

လှေများဆိုက်ကပ်ရန် သောင်ပြင်သောင်ပြန့်များရှိကြ
သည်။ ကျွန်းအလယ်နှင့် အနောက်ဘက်တို့တွင် တောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် သစ်တောများရှိသည်။

တောင်တန်းကြီးရှိသော နေရာမှစပြီး ကမ်းခြေရော
သည်အထိ တောက်လျှောက် မြေပြန့်ရေရာများရှိသည်။ လူ
နေထိုင်ရန် လေကွယ်မိုးကွယ် ရသည့်ကတစ်ကြောင်း၊ လို
တက်သောနေရာနှင့် ဝေးသည်ကတစ်ကြောင်းကြောင့် ရွာတ
ပြီး နေကြလေသည်။

ဗြိတိသျှနယ်ချဲ့ခေတ်က အောင်ဘာရွာသည် သာ
ကျွန်းတစ်ကျွန်းမျှသာဖြစ်သည်။ ပုလဲရှာသူ၊ ငါးပုစွန်ရှာသူ
ဆလုံတို့နေကြသည့် ရွာငယ်တစ်ရွာသာဖြစ်သည်။

ယခုမျက်မှောက်ကာလမှာတော့ အောင်ဘာသည် ဒါ
ခြေပေါင်း မြောက်များစွာရှိနေပြီဖြစ်သော ရွာကြီးတစ်ရွာ ဖြစ်
ပေပြီ။

တုံးလုံးမာကမ်း၊ သူကြီးကမ်း၊ အဖမ်းကမ်း နေရာ
တွင် နေသူများပါ စုပေါင်းရေတွက်မည်ဆိုပါက အိမ်ခြေပေါ
တစ်ထောင်ကျော်ခန့်ရှိနေပေပြီ။ ထို့ကြောင့် ရွာကြီးတစ်ရွာ
သတ်မှတ်ပေးထားခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့ပင် နီမောင်တို့နေသော မြင်သာရွာရှိသ
ကျွန်းမှာလည်း ကျွန်းကြီးတစ်ကျွန်းဖြစ်ပေသည်။ ပင်လယ်တွင်
သော်လည်းကောင်း၊ ဝေးလံသောနေရာများမှသော်လည်း
ကောင်း လှမ်းကြည့်ပါက မြင်သာသဖြင့် မြင်သာကျွန်းဟု အမ
ပေးခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ကျွန်းပေါ်တွင် ပေအတော်
သော တောင်အချို့နှင့် သစ်တောများရှိသည်။





မြေပြန့်နှင့် သောင်ပြန့်ကမ်းစပ်များရှိသဖြင့် ရွာတည်
ပြီးနေကြခြင်းဖြစ်၏။

ရှေးအခါကတော့ ကျွန်းအတော်များများပေါ်မှာ နေ
ထိုင်ကြသူမရှိကြပေ။

ငါးပုစွန်ရှာဖွေရန်သော်လည်းကောင်း၊ ပုလဲနှင့် ငှက်
သိုက်ရှာဖွေရန်သော်လည်းကောင်း ရောက်လာကြသူတို့ ခဏ
တစ်ဖြုတ်တည်းနေထိုင်ကြသည်မျိုးသာ ရှိသည်။

နောက်ပိုင်းကာလများရောက်လာတော့မှသာ ကမ်းရိုး
တန်းဘက်သို့ မပြန်ကြတော့ဘဲ သင့်တော်သော ကျွန်းများပေါ်
တွင် အခြေချနေထိုင်ကြရာမှ ရွာငယ်ကလေးများ စတင်ပေါ်
ပေါက်လာခြင်းဖြစ်လေသည်။

ကာလကြာလာတော့ အခြားခင်ရာမင်ရာ မိတ်ဆွေများ
ပါ လာရောက်နေထိုင်ကြသဖြင့် တဖြည်းဖြည်း အိမ်ခြေများလာ
လေသည်။

ရွာငယ်ကလေးမှာ ရွာကြီးများဖြစ်လာလေသည်။ မြင်
သာရွာမှာ ကိုလိုနီခေတ်ဦးကာလများကပင် အိမ်ခြေအတော်များ
သောရွာကြီးတစ်ရွာ ဖြစ်နေချေပြီ။

တောင်ခြေမှ ကမ်းစပ်ရောက်သည်အထိ ကျယ်ပြန့်
သောမြေကွက်ပေါ်တွင် အိမ်များကို မျက်နှာချင်းဆိုင် ဆောက်
ကာ နေထိုင်ကြသည်။

ပင်လယ်ကမ်းခြေနှင့် နီးသောကမ်းစပ်နေရာများမှာ
တော့ အိမ်ခြေများသည်။ ခြေတံရှည်ဆောက်ထားသော အိမ်



www.burmeseclassic.com

www.burmeseclassic.com



များရှိသည်။ ငါးပုစွန် လှမ်းသော ရေစင်များရှိသည်။

ရေစပ်နှင့်နီးသောနေရာတွင် ဈေးဆိုင်အချို့ရှိသည်။ အရက်ဆိုင်ရှိသည်။ အခြားအစားအသောက် ပြုလုပ်ရောင်းသော ဆိုင်အချို့လည်းရှိသည်။

အချို့ကတော့ ခြံထွက်အသီးအနှံများ ရောင်းချကြသည်။ မြင်သာရွာတွင် လူမျိုးစုံတွေ့ရသည်။

ပသျှူးအလုပ်သမားများက မူးယစ်သောက်စားခြင်းကို များစွာခုံမင်နှစ်သက်ကြသည်။

ထိုအကြောင်းကို ကောင်းစွာသိသော အလုပ်ရှင်များက ဘိန်း၊ ဆေးခြောက်၊ အရက်တို့ကို သင့်သလောက်ပေးပြီး ထို အလုပ်သမားများ သူတို့ထံမှ ထွက်ခွာမသွားစေရန် စည်းရုံးထားကြလေသည်။

မြင်သာရွာ စည်ကားရသောအကြောင်းများတွင် အခြားကျွန်းများ၊ ရွာများနှင့် သွားရေးလာရေး အဆင်ပြေခြင်းအကြောင်းလည်း ပါဝင်လေသည်။

မြင်သာရွာရှိသောကျွန်းနှင့် သွားရေးလာရေး အဆင်ပြေလွယ်ကူသော ကျွန်းများ၊ ရွာများမှာ. . .

တံငါမော်ရွာ၊ အောင်ဘာရွာ၊ မကျုပ်ခလဲ့ရွာ တို့အပြင် ငှက်သိုက်ကျွန်း၊ ပုလဲကျွန်း၊ တစ္ဆေကျွန်းနှင့် ညီမသုံးဖော်ကျွန်းတို့နှင့် သွားရေးလာရေး မဝေးလှပေ။

ထို့ပြင် မြိတ်၊ ထားဝယ်၊ ကော့သောင်းဘက်သို့ သွားလျှင်လည်း ခရီးမဝေးလှပေ။ ရေတက်ရေကျ၊ လေကြောင်းသင့်





မသင့် ကြည့်ပြီး သွားလာကြသည်။

ရှေးအခါကတော့ ယခုကာလလို သင်္ဘော၊ စက်လှေများ ကူးသန်းသွားလာခြင်းမျိုး မရှိသေးသောကြောင့် ဘယ်နေရာသွားသွား တက်နှင့်ရွက်ကိုသာ အားကိုးအားထားပြုကြရလေသည်။

တစ်ခုတော့ရှိသည်။ မြိတ်၊ ထားဝယ်၊ ကော့သောင်းဘက်မှ ကုန်သည်များလာလျှင်တော့ သင်္ဘောသို့မဟုတ် ကတ္တူစက်လှေများဖြင့် လာလေ့ရှိကြသည်။

၎င်းတို့ရောက်လာလျှင် လိုချင်သောပစ္စည်းရနိုင်သည်၊ အများအားဖြင့်တော့ ယိုးဒယားဘက်မှလာသော ကုန်သည်များသဖြင့် သင်္ဘောပေါ်တွင် ယိုးဒယားနိုင်ငံဖြစ် ပစ္စည်းမျိုးစုံတို့ ပါလာကြသည်။ အများအားဖြင့်တော့ အဝတ်အထည်၊ အစားအသောက်တို့အပြင် အရက်၊ ဘိန်း၊ ဆေးခြောက်တို့ ယူဆောင်လာကြလေသည်။

ကျွန်းများ၊ ရွာများတွင် နေကြသော ဆလုံများ၊ ပသျှူးများအပါအဝင် အလုပ်ကြမ်းလုပ်နေကြသူများကလည်း အဝတ်အထည်အစားအသောက်ထက် အရက်၊ ဘိန်း၊ ဆေးခြောက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး စသည်တို့ကို ပိုမိုနှစ်သက်ကြလေသည်။

ကုန်သည်များထံမှ ထိုပစ္စည်းများကိုလိုချင်ပါက ပိုက်ဆံပေးစရာမလိုပေ. . ။ ရွာဖွေစုဆောင်းထားသော ပစ္စည်းများနှင့် လဲလှယ်ဖြတ်ပြီး လဲလှယ်ယူလျှင် ရကြလေသည်။

၎င်းတို့စုဆောင်းထားသော ပစ္စည်းများမှာ. . ပုလဲ၊ ငှက်



www.burmeseclassic.com

www.burmeseclassic.com



သိုက်၊ ငါးကြီးအံ့ဖက် စသောတန်ဖိုးရှိသည့် ပစ္စည်းများပင်ဖြစ်
သည်။
ယိုးဒယားဘက်မှလာကြသော ကုန်သည်များအနေဖြင့်
ပင်လယ်ထဲမှ ကင်းလှည့်နေသော ဗြိတိသျှစစ်သင်္ဘော တစ်စင်း
တလေလောက်ကို ရှောင်ကွင်းသွားနိုင်ပါက အဖမ်းအဆီး မခံကြ
ရပေ။ ကျွန်းကြီးကျွန်းကြားမှ ရှောင်ကွင်းသွားခြင်းဖြင့် အန္တရာယ်
မှ လွတ်ကင်းကြရပေသည်။
ပင်လယ်ပြင်မှာ ကင်းစောင့်နေကြသည့် စစ်သင်္ဘော
များအနေဖြင့်လည်း. . ယခင်အခါက ပင်လယ်ဓားပြသင်္ဘော
များလောက်သာ ဂရုတစိုက်ကြည့်ရှုသော်လည်း ကုန်သည်လှေ
သင်္ဘောများကိုတော့ ဂရုမစိုက်ကြပေ။
မြန်မာပြည်အောက်ပိုင်းဒေသများကို ဗြိတိသျှများ
မရောက်လာခင်က ထိုဒေသမှာ ပင်လယ်ဓားပြတို့ ကျက်စားရာ
နေရာတစ်ခု ဖြစ်ခဲ့သည်။
ဗြိတိသျှများ သိမ်းပိုက်ခဲ့ပြီးနောက်၊ စစ်သင်္ဘောများဖြ
လိုက်လံနှိမ်နင်းခဲ့ပြီးနောက်မှာတော့ တဖြည်းဖြည်းနှင့် ပပျောက်
သွားခဲ့ကြခြင်းဖြစ်သည်။
ထို့ကြောင့်လည်း ယိုးဒယားဘက်မှ ဝင်ထွက်သွားလာ
ကြသော ကုန်သည်တို့မှာ ဘေးအန္တရာယ်ကင်းစွာဖြင့် ဝင်ထွက်
သွားလာနိုင်ကြခြင်းဖြစ်သည်။
ထိုကဲ့သို့ ကုန်သည်များ အဝင်အထွက်ကောင်းလာ
သောကြောင့်လည်း ကမ်းရိုးတန်းနှင့် ဝေးသောနေရာများမှာ





ရှိသည့် ကျွန်းများ၊ ရွာများမှာ စည်ကားလာခြင်းဖြစ်ပေတော့
သည်။ ထိုရွာများထဲတွင် မြင်သာကျွန်းလည်း အပါအဝင်ဖြစ်
ပေသည်။ မြင်သာကျွန်းပေါ်တွင် တည်ထားသောရွာမှာ အိမ်ခြေ
တစ်ရာကျော်ခန့်ရှိသည်။ ဘုန်းကြီးကျောင်းရှိသည်။
ကျွန်းထိပ်တောင်ကုန်းပေါ်တွင် စေတီတစ်ဆူရှိသည်၊
ရွာထဲမှာ ဈေးဆိုင်ရှိသည်၊ အရက်ဆိုင်ရှိသည်။ အစားအသောက်
ရောင်းသောသူများရှိသည်။
မြင်သာရွာတွင် နတ်ဆရာလည်းရှိသည်၊ ဆေးဆရာ
လည်းရှိသည်။
နတ်ဆရာက ဇာလာဟီး ဖြစ်ပြီး၊ ဆေးဆရာကြီးက
ဦးဗန်ဂကောင်းဖြစ်သည်။
နီမောင်တို့ မိသားစုက မြင်သာရွာမှာနေကြသည်. .၊
မိသားစုဆိုသော်လည်း များများတော့မရှိပေ။ အဖေနှင့် အမေ
ဖြစ်သော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့အပြင် နီမောင်နှင့် ညီမ
ဖြစ်သူ မေနှင်းတို့နှစ်ယောက်သာရှိသည်။
နီမောင်က (၂၅)နှစ်အရွယ်ရှိပြီး မေနှင်းက (၁၈)နှစ်
လောက်သာရှိသေးသည်။
နီမောင်တို့မောင်နှမ ငယ်ရွယ်စဉ်ကပင် ဦးဘရှိန်က
မြင်သာရွာသို့ရောက်လာပြီး လုပ်ကိုင်ကျွေးမွေးခဲ့ခြင်းဖြစ်ပေ
သည်။ ဦးဘရှိန်က ရေငုပ်ကျွမ်းကျင်သူဖြစ်သောကြောင့် ထို
ရွာသို့ရောက်စကတည်းကပင် ပုလဲငုပ်သောအလုပ်လုပ်ကိုင်ခဲ့
ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင်ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း မြန်မာနိုင်ငံအောက်ပိုင်းဒေသများကို ဗြိတိသျှတို့သိမ်းပိုက်ခဲ့ပြီးနောက်တွင် ပင်လယ်ပြင်တွင် ပင်လယ်ဓားပြတို့ရန်မှ အတော်ပင် ကင်းဝေးသွားကြလေသည်။ ယခင်က ပင်လယ်ပြင်ထွက်ရန် ကြောက်ရွံ့နေကြရာမှ ပင်လယ်ဓားပြများ မရှိတော့သည့်အခါ ဝမ်းစာအတွက် ပင်လယ်ပြင်သို့ ထွက်လာကြသည်။

ယခင်က ကမ်းရိုးတန်းနှင့် နီးသောနေရာများ၌သာ ရှာဖွေစားသောက်ကြသော်လည်း အန္တရာယ်ပေးမည့် အန္တရာယ်များ မရှိတော့သည့်အခါ ဝေးလံသော ကျွန်းများသို့ ရောက်အောင်သွားကာ ရှာဖွေကြသည်။

အချို့လည်း နေရပ်သို့ပင် ပြန်မလာတော့ဘဲ ကျွန်းများပေါ်မှာ ယာယီတဲများထိုးပြီးနေထိုင်ကာ အလုပ်လုပ်ကြလေသည်။

ရရှိသော ကုန်ပစ္စည်းများကို စုဆောင်းထားပြီး အတော်များများ စုဆောင်းမိတော့မှာ မြို့များသို့ သွားရောက်ရောင်းချကြသည်။ ထိုသို့ရောင်းချရင်းနှင့် လိုသော စားသောက်ရန်ပစ္စည်းများပါ တစ်ပါတည်း ဝယ်ယူလာကြလေသည်။

ဤသို့ဖြင့် ကျွန်းအတော်များများပေါ်မှာ ရွာငယ်ကလေးများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

နောက်ပိုင်း တဖြည်းဖြည်းကြာလာသော အခါမှာတော့ ရွာငယ်ကလေးများမှ ရွာကြီးများဖြစ်လာခြင်းဖြစ်ပေသည်။

ဗြိတိသျှများမရောက်ခင် အချိန်ကပင် ထိုကျွန်းစုများ





သို့ ဦးစွာရောက်လာကြသူများမှာ ဆလုံလူမျိုးများဖြစ်ကြလေသည်။

ဆလုံလူမျိုးများက တစ်နေရာတည်းမှာ အခြေတကျနေထိုင်ခြင်းမရှိကြဘဲ လှေတစ်စင်းနှင့် သွားလာနေကြသောကြောင့်သာ ကျွန်းများပေါ်တွင် ရွာများမဖြစ်ကြခြင်းဖြစ်၏။

ပုလဲငုတ်သောအလုပ်ကို ဆလုံတို့က ဦးစွာဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပေသည်။

(၁၈၉၁)ခုနှစ်လောက်ရောက်တော့မှ မုတ်ကောင်များငုတ်ယူရန်အတွက် ဗြိတိသျှပိုင် လှေသုံးစီးတို့စတင်ရောက်လာကြခြင်းဖြစ်၏။

လှေတစ်စင်းလျှင် မနီလာ(၂)ဦးနှင့် မြန်မာရေငုတ်သမား(၆)ဦး ပါလေသည်။ လှေသုံးစင်းတွင် မနီလာ(၆)ဦးနှင့် မြန်မာ(၁၈)ဦး ပါလာသည်။

မနီလာတို့တွင် သေနတ်များပါလာကြသည်။ မြန်မာလူမျိုးတို့ကို ခေါင်းဆောင်လာသူမှာ 'ကိုဘိုးမောင်' ပင်ဖြစ်၏။

နောက်ပိုင်းကိုဘိုးမောင်ကို သတ်ဖြတ်ပစ်လိုက်ကြသည်။ သူတို့စတင်ရောက်ကြသော ကျွန်းကို 'ဘိုးမောင်ကျွန်း'ဟုပင်ခေါ်ခဲ့ရာမှ နောက်ပိုင်း 'ပုလဲကျွန်း'ဟုအမည်ပြောင်းလဲခဲ့လေသည်။

နီမောင်၏ဖခင် ဦးဘရှိန်တို့ ထိုကျွန်းစုများသို့ ရောက်လာသောအချိန်ကာလမှာ (၁၈၉၅)ခုနှစ်ဝန်းကျင်အချိန်လောက်တပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကိုဘိုးမောင်တို့ရောက်လာပြီး မရှေးမနှောင်း ရောက်လာကြသူများထဲတွင် ကိုဘရှိန်တို့လည်း အပါအဝင်ဖြစ်သည်။

ထိုနေရာသို့ ရောက်လာစဉ်က ကိုဘရှိန်မှာ အသက် (၄၀)ကျော်ရှိသာရှိသေးပြီး သန်တုန်းမြန်တုန်းအရွယ်လည်းဖြစ်သည်။ ကိုဘရှိန်က မြစ်ဝကျွန်းပေါ်သားတစ်ယောက်ဖြစ်သည်။ ထိုအရပ်မှာ နေစဉ်ကပင် သစ်တောလုပ်ငန်း၊ သားငါးရှာဖွေသောအလုပ်များ လုပ်ကိုင်ခဲ့လေသည်။

ထိုအရပ်မှာနေစဉ်ကတည်းက ကိုဘရှိန်က ရေငုတ်ကျွမ်းကျင်သူဖြစ်သည်။ ရေစူးနက်သောနေရာများကို ဒီအတိုင်း ငုတ်ပါများတော့ နားနှစ်ဖက်စလုံး လေးသွားရပေတော့သည်။ ထိုအရပ်မှာနေစဉ်ကပင် သူနှင့်အတူ အလုပ်တွဲလုပ်နေကြသော လူသုံးယောက်ရှိသည်။

ကိုစံသိန်း၊ ချာလိတ်၊ မော်ကင်း ဆိုသူတို့ဖြစ်ကြသည်။ ကိုစံသိန်းက သူတို့အရပ်သားဖြစ်သော်လည်း၊ ချာလိတ်နှင့် မော်ကင်းကတော့ မြိတ်ဒေသဘက်မှ ဖြစ်ကြလေသည်။

နောက်ပိုင်း သူတို့နှစ်ယောက် ခေါ်သဖြင့် ကိုဘရှိန်လည်း မိသားစုကိုပါတစ်ပါတည်းခေါ်ကာ မြိတ်ဒေသဘက်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပေသည်။

ထိုနေရာရောက်တော့လည်း မြို့ပေါ်မှာနေရခြင်းမျိုး မဟုတ်ဘဲ လှေဖြင့်ကျွန်းစုများဘက်သို့ သွားရောက်နေထိုင်ကြကာ ပုလဲရှာဖွေသောအလုပ် လုပ်ကြလေသည်။





၄င်းတို့ဦးစွာ စတင်နေထိုင်သောကျွန်းမှာ ပုလဲကျွန်းဝင်ဖြစ်သည်။

ထိုကျွန်းမှာ ဘိုးမောင်ကျွန်းဟုအမည်တွင်သော ပုလဲကျွန်းမဟုတ်ဘဲ ပုလဲထွက်မှုများသဖြင့် သူတို့ဘာသာ အမည်ပေးထားသော ကျွန်းငယ်တစ်ကျွန်းသာဖြစ်ပေသည်။

ထိုကျွန်းရောက်တော့ ကျွန်းပေါ်မှာပင် စခန်းချပြီး ပုလဲရှာဖွေကြရာ မြောက်များစွာရကြလေသည်။

၄င်းတို့လေးယောက်စလုံး ရေငုတ်ကျွမ်းကျင်ကြသူများဖြစ်ကြသည်။ ချာလိတ်နှင့် မော်ကင်းတို့ နှစ်ယောက်က ဆလုံမျိုးနွယ်များဖြစ်သောကြောင့် မည်သည့်ပစ္စည်းကိရိယာ အကူအညီမလိုဘဲ ရေအောက်၌ အချိန်အတော်ကြာအောင် နေနိုင်ကြသည်။

ရေအောက်တွင် ငါးတစ်ကောင်ကဲ့သို့ ပါးစပ်ဖြင့် အသက်ရှူနိုင်ကြသူများလည်းဖြစ်ကြလေသည်။

သူတို့ရောက်လာစဉ်က ထိုကျွန်းများတစ်ဝိုက်တွင် အခြား ပုလဲရှာဖွေသူများလည်း မရောက်ကြသေးသောကြောင့် ရေနက်ပိုင်းများအထိ ဆင်းစရာမလိုဘဲ ကမ်းခြေနှင့်နီးသော ကျောက်တန်းများ၌ပင် ကမာကောင်များ ရှာဖွေရကြလေသည်။

၄င်းတို့သည် ရှာဖွေရရှိသော ပုလဲလုံးများကို မြိတ်အားဝယ် ကော့သောင်းမြို့များမှာရှိသော ကုန်သည်များထံသို့ သွားရောက်ရောင်းချရာမှ ငွေကြေးရကြလေသည်။ ထိုငွေဖြင့် လှေသစ်များဝယ်ခြင်း၊ ကြေးခေါင်းစွပ်. . . စသော ရေငုတ်



www.burmeseclassic.com

www.burmeseclassic.com



ကိရိယာများ ဝယ်ယူခြင်းများပင် ပြုနိုင်ကြသည်။

တစ်နေ့တော့ မော်ကင်းကပြောသည်။

"ငါတို့ ဒီကျွန်းတစ်ဝိုက်မှာ ရှာဖွေတာနေရာအတော် ထပ်နေပြီ၊ ငါတို့မငုတ်ဖူးတဲ့နေရာလည်း သိပ်မရှိတော့ဘူး၊ တစ် နေရာရွှေ့ကြရင် မကောင်းဘူးလား"

"ဘယ်နေရာသွားမှာလဲ"

"ဟိုမှာမြင်နေရတဲ့ ညီမသုံးဖော်ကျွန်းဘက်သွားပြီး အ ခြေအနေကြည့်ရင် မကောင်းဘူးလား"

"တစ်ခေါက်မှတော့ မသွားဖူးသေးဘူး မင်းပြောသလို သွားကြည့်ကြတာပေါ့"

ဟု ပြောပြောဆိုဆိုပင် လှေပေါ်သို့ စားအိုးစားခွက် များတင်ပြီး သွားကြလေသည်။

ပုလဲကျွန်းနှင့် ညီမသုံးဖော်ကျွန်းမှာ မဝေးလှပေ။ လှမ်း ကြည့်လျှင် တစ်ကျွန်းနှင့်တစ်ကျွန်း မြင်နေရသည်။ သို့သော် လည်း ပင်လယ်ရေပြင်တို့၏ သဘောသဘာဝအတိုင်း မြင်နေ သော်လည်း တစ်နေရာနှင့် တစ်နေရာရောက်အောင် အတော် ပင်သွားကြရသည်။

မနက်ပိုင်းကတည်းကသွားရာ နေ့လည်ပိုင်းအချိန် လောက်မှ ရောက်သွားကြသည်။

ကျွန်း၏အနေအထားကတော့ ထူးခြားသည်။

အခြားကျွန်းများနှင့် မတူပေ။ ကျွန်းပတ်လည်မှာ သောင်ပြင်နှင့်မရှိ၊ ညီညာသော မြေပြင်မရှိပေ။





ကျောက်တိုင်ကြီးတစ်တိုင် ရေထဲစိုက်ထားသကဲ့သို့ ...တ်စောက်သော ကျောက်ဆောင်၊ ကျောက်နံယံကြီးများသာ ...ကြသည်။

ကျွန်းပေါ်မှာတော့ မှိုင်းညို့နေသော သစ်တောကြီးများ ...ရှိနေကြသည်။

လေးယောက်သား . . လှေဖြင့် ကျွန်းကိုပတ်ကြည့်ကြ ...သည်။ ကျောက်ဆောင်၊ ကျောက်နံယံကြီးများတွင် လိုဏ်ခေါင်း ...ါက်ရှိနေသည်။ အချို့က ရေတစ်ပိုင်း ကုန်းတစ်ပိုင်းရှိနေပြီး ...ချို့ကတော့ အပေါ်ပိုင်းမှာပင် ရှိကြသည်။

ထိုဂူပေါက်များထဲမှာ ငှက်သိုက်ရသော ဇီဝစိုးငှက်က ...ေးများ ဝင်ထွက်နေကြသည်။

ထိုနေရာရောက်တော့ လေးယောက်သား မောပန်းလာ ...သာကြောင့် ချက်ပြုတ်ပေးလိုက်သည့် ထမင်းဟင်းများကို စား ...သောက်ရန် လှေကိုကမ်းစပ်မှာ ရပ်သည်။

ထမင်းစားကာနီးတော့ ကိုဘရှိန်က ထုံးစံအတိုင်း . . ...န်းပိုင်၊ တောပိုင်တို့ကို တင်မြှောက်ပသလေသည်။ ချာလိတ် ...် မော်ကင်းတို့က အယုံအကြည်မရှိကြသော်လည်း ကိုဘရှိန် ...လုပ်နေကြဖြစ်သဖြင့် ထွေထွေထူးထူးတော့ ဘာမှမပြောကြ ... . ။

တင်မြှောက်ပသပြီးတော့မှ ထမင်းဟင်းများကို စား ...သောက်ကြသည်။ စားသောက်ပြီးတော့မှ လှေကို တစ်နေရာ ...ချဲ့ပြီး ဂူပေါက်တစ်ခုတွင်းသို့ ဝင်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝင်ကြည့်သော ဂူကြီးမှာ အတော်ပင်ကျယ်ဝန်းပြီး၊ အတွင်း၌ ဇီဝစိုးငှက်များရှိကြသည်။

"ရေအောက်မှ ပုလဲရှိမရှိတော့ မသိဘူး၊ ဂူထဲမှာတော့ ငှက်သိုက်တွေ အများကြီးရှိတယ်"

ဟု စံသိန်းကပြောလိုက်သည်။

"ငှက်သိုက်တော့ မလိုချင်သေးပါဘူးကွာ ဝယ်တဲ့လူတွေက ဈေးနည်းနည်းပဲပေးချင်ကြတယ်၊ နောက်ရက်မှ တစ်ခေါက်ထပ်လာပြီး ကမာကောင်ရှာကြသေးတာပေါ့"

ဟုမော်ကင်းက ပြောသဖြင့် အပြင်သို့ ပြန်ထွက်လာကြသည်။ ဂူပေါက်ဝနားရောက်တော့ အပြင်ဘက်မှ ဝင်လာသော လှေတစ်စင်းနှင့်ဆုံကြလေသည်။

အဘိုးကြီးတစ်ယောက်က လှေကိုလှော်လာပြီး အမျိုးသမီးတစ်ယောက်က ရှေ့မှ ထိုင်လိုက်လာလေသည်။

သူတို့ကိုမြင်တော့ ဝင်လာသောလှေက အရှိန်တုံ့သွားပြီး အဘိုးကြီးကမေးသည်။

"ဂူထဲက ပြန်ထွက်လာကြတာထင်ပါရဲ့"

"ဟုတ်ပါတယ်"

"ငှက်သိုက်ကလေးဘာလေး မရနိုင်ဘူးလားကွယ့်"

"အတွင်းမှာတော့ ငှက်သိုက်တွေ အများကြီးရနိုင်လိမ့်မယ်"

ဟု ကိုဘရှိန်က ပြန်ပြောလိုက်သည်။

"ဟန်ကျပြီပေါ့၊ ဒါထက် မင်းတို့က ငှက်သိုက်ခွာမယ့်





လူတွေ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့က ကမာကောင်ရှာကြတဲ့လူတွေပါ"

"ကမာကောင်လိုချင်မှတော့ ဒီနေရာမျိုးမှာလာရှာလို့ အများမရနိုင်ပါဘူးမောင်ရယ်"

"ဘယ်နေရာရှာရမလဲအဘ"

"ကမာကောင်များများရှိနိုင်မယ့် နေရာတစ်ခုတော့ တွေ့ထားမိပါရဲ့၊ ရှာဖွေစားသောက်ကြတဲ့သူအချင်းချင်းမို့ ပြောင်းပေးလိုက်ပါ့မယ်"

ထိုစကားကြောင့် ကိုဘရှိန်တို့သုံးယောက်မှာ စိတ်ဝင်စားသွားကြလေသည်။

"ဘယ်နေရာလဲအဘ"

"ဒီနေရာကသွားရင် မဝေးလှပါဘူး၊ တစ္ဆေကျွန်းဆိုတာတော့ ကြားဖူးကြမယ်ထင်ပါရဲ့၊ တစ္ဆေကျွန်းရဲ့အနောက်ဘက်နားမှာ ဂူပေါက်ကြီးတစ်ပေါက်ရှိတယ်၊ အဲ့ဒီဂူပေါက်က ပင်လယ်အောက်နဲ့ တစ်ဆက်တည်းရှိနေတဲ့ ဂူပေါက်မျိုးပေါ့"

"ဟုတ်ကဲ့"

"အတွင်းရောက်တော့ ရေကလည်း သိပ်မနက်လှပါဘူး၊ အဲ့နေရာမှာသွားပြီး ရှာဖွေရင်တော့ မင်းတို့လိုချင်တဲ့ ကမာကောင်တွေ အမြောက်အများ တွေ့ရပါလိမ့်မယ်"

"အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်အဘ၊ ဒါထက် အဘတို့က ငှက်သိုက်ရှာရုံသက်သက်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ငှက်သိုက်သက်သက်ရှာတာမျိုးတော့ မဟုတ်ပါဘူး သွားရင်းလာရင်းနဲ့ တွေ့မိတော့လည်း မှတ်သားထားရတာပေါ့ ဒါမှ အခုလိုဘဝတူတွေတွေ့တဲ့အခါ ပြောပြလို့ရတော့မပေါ့"

ထိုသို့ပြောဆိုပြီး လှေကိုဆက်လှော်လာကြစဉ်မှာပင် နောက်ဘက်မှာ ကျန်ခဲ့သော အဘိုးကြီးက သူတို့ကြားလောက် အောင် လှမ်းပြောလိုက်လေသည်။

"တစ်ခုတော့ ပြောဖို့မေ့သွားတယ်မောင်ရေ၊ တကယ် လို့ တစ္ဆေကျွန်းကိုသွားတဲ့အခါ သတိလေးတော့ထားကွယ်. . ဒီကျွန်းပေါ်မှာ ထူးဆန်းတာတွေရှိတယ်၊ ကိုယ်မသိလည်း. . ရောက်ဖူးတဲ့သူတွေကို မေးမြန်းစုံစမ်းပြီးမှသာ သွားကွယ့်"

ဟုပြောဆိုပြီး ဂူထဲသို့ ဝင်သွားလေတော့သည်။

"သူပြောသွားတဲ့ အဓိပ္ပာယ်က. . ဘာလဲ"

"ကျွန်းပေါ်မှာ ထူးခြားတာတွေရှိလို့ ဖြစ်မှာပေါ့"

"ဒါဖြင့် သွားလို့ကော ဖြစ်ပါ့မလား"

"ငါတို့အလုပ်က ကမ်းပေါ်တက်ရတာမှ မဟုတ်ဘ ရေထဲငုတ်ရတဲ့အလုပ်မျိုးပဲ ကြောက်စရာမရှိပါဘူး၊ သူပြောသွ တာဟုတ်မဟုတ် တစ်နေ့သွားကြည့်ရမယ်"

ဟုပြောဆိုပြီး လှေကို ဂူအပြင်သို့ လှော်ခတ်ခဲ့ကြလေ သည်။





## အခန်း (၆)

# တစ္ဆေကျွန်းမှ ထူးဆန်းသောအသံများ

တစ်နေ့သည် ကိုဘရှိန်တို့လေးယောက်မှာ လှေထဲသို့ း သောက်စရာများနှင့် အသုံးအဆောင်လက်နက်ကိရိယာများ ည့်ကာ တစ္ဆေကျွန်းဘက်သို့ ကူးသွားကြလေသည်။

နေ့ဝက်ခရီးမျှ ကြာအောင်သွားရသော ခရီးဖြစ်သဖြင့် း လှသည်တော့မဟုတ်ပေ။

သို့သော်လည်း ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ လှိုင်း း က ရှိနေသောကြောင့် အတော်ကြာအောင်သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေကျွန်းမှာ ကျွန်းကြီးတစ်ကျွန်းဖြစ်သည်။ ကျွန်းပေါ်တွ
တောင်မြင့်ကြီးများရှိသည်။ သစ်တောကြီးများရှိသည်။

ကိုဘရှိန်တို့ သွားရောက်စဉ်က ကျွန်းတစ်ဝိုက်တွ
နေထိုင်သူမရှိသေးသောကြောင့် ကျွန်းပေါ်မှာ အလောင်း
များ လာရောက်ထားခြင်းမျိုးလည်း မရှိသေးပေ။ ထိုအချိန်
ကျွန်းအတော်များများပေါ်တွင် လူမနေကြသေးသောကြော
လှေဖြင့်လှည့်လည်သွားလာနေကြသည့် ဆလုံတို့ကလည်း ၄
တို့မိသားစုများထဲမှ တစ်ဦးတစ်ယောက်သေဆုံးပါက ကြ
ကျွန်းပေါ်မှ စင်ဖြင့်တင်ထားခဲ့ကြသည်။

(၁၉၀၀)ပြည့်ကာလမှသာ ကျွန်းအတော်တော်များ
နေထိုင်သူများရောက်လာကြသဖြင့် လူမနေသော တစ္ဆေကျွ
ပေါ်တွင် လူသေမြှုပ်နှံသင်္ဂြိုဟ်ခြင်းများ သတ်သတ်မှတ်မှ
ပြုလုပ်လာကြခြင်းဖြစ်သည်။

လေးယောက်သား စကားတပြောပြောနှင့် လှော်သွ
ကြရာ နေ့လည်ပိုင်းအချိန်ရောက်တော့ တစ္ဆေကျွန်းရှိရာ
ရောက်သွားကြလေသည်။

သူတို့သည် အဘိုးကြီးပြောလိုက်သည့် ဂူပေါက်ဝ
ရှာဖွေရန် အနောက်ဘက်သို့ လှော်လာကြလေသည်။ ကျွန်း
အနီးဆုံးနေရာမှ လှော်လာကြသော်လည်း ကျွန်းတစ်ဝိုက်
တော့ ထူးခြားမှု ဘာမှမတွေ့ရပေ။

"ဒီကျွန်းနာမည်က တစ္ဆေကျွန်းဆိုတော့ တစ္ဆေသရဲ
များ ရှိသလားမသိဘူး"





"ရှိတော့လည်း ဘာဖြစ်လဲကွာ လာခြောက်လှန့်လည်း
ငါတို့ကကြောက်တတ်တဲ့သူတွေမှ မဟုတ်တာ"

မော်ကင်းက ပြောလိုက်သည်။

ထိုအခါ စံသိန်းကမေးလိုက်သည်။

"မင်းကမကြောက်ဘူးဆိုတော့ တစ္ဆေသရဲတွေကို မြင်ဖူး
တွေ့ဖူးလို့လား"

"မတွေ့ဖူးပါဘူး. . ဘာဖြစ်လို့လဲ"

"တစ္ဆေသရဲက ကြောက်အောင်လန့်အောင် ခြောက်
လှန့်ရင် ကြောက်စရာကောင်းတယ်လို့ ကြားဖူးတယ်"

"ငါတော့ မကြောက်ပါဘူး"

ထိုကဲ့သို့ အချင်းချင်းပြောဆိုရင်း လှေလှော်သွားရာ
အနောက်ဘက်ကမ်းခြေတစ်နေရာရောက်တော့ ကျောက်နံရံ
တွင် ဂူပေါက်ဝတစ်ခုကို တွေ့ရလေသည်။

ရေပြည့်နေချိန်ဖြစ်သောကြောင့် ဂူပေါက်ဝမှာ လှေ
တစ်စင်းဝင်လောက်သည်အထိတော့ မကျယ်ဝန်းလှပေ။

"ဒီမှာဂူပေါက်ဝတော့တွေ့တယ်၊ အဘိုးကြီးပြောလိုက်
တာ ဒီဂူပေါက်ဝဖြစ်မယ်ထင်တယ်"

"အနောက်ဘက်မှာတော့ ဒီဂူတစ်ပေါက်ပဲရှိတာဆို
တော့ ဒါပဲဖြစ်မှာပေါ့"

"လှေဝင်လို့မရဘူး၊ ဘယ်လိုလုပ်မလဲ"

"လှေကိုတစ်နေရာမှာထားခဲ့ပြီး. . အခြေအနေသိရ
အောင် အပေါ်တက်ကြည့်ကြရအောင်. ."



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး လှေကိုသင့်တော်သောနေရာမှာ ထားခဲ့
အပေါ်သို့တက်ကြည့်ကြသည်။

လူသူအရောက်အပေါက်နည်းသောကြောင့် ကျွန်း
ရောက်တော့ တစ်နေရာနှင့်တစ်နေရာ သွားလာ၍မလွယ်
လောက်အောင် တောရှုပ်လှသည်။

သူတို့ထဲမှာ ဓားတစ်လက်စီအပြင် သစ်ပင်ခုတ်
ကပ်ပါးတစ်လက်စီလည်း ပါကြလေသည်။

အောက်ဘက်တွင် ဂူပေါက်ဝရှိသောနေရာဘက်
ဦးတည်ပြီးသွားကြသည်။ ထိုနေရာတစ်ဝိုက်မှာတော့ ကျော
တောင်မြင့်ကြီးများ ရှိသည်။ သစ်ပင်မြင့်ကြီးများရှိကြသည်

ကျောက်ဆောင်များရှိသော နေရာရောက်တော့
အောက်ဘက်သို့ဆင်းနိုင်သော ကျောက်ချပ်များ၊ အပေါက်မျ
ကို တွေ့ကြရသည်။

"အဘိုးကြီးပြောတဲ့နေရာက ဒီနေရာပဲဖြစ်မယ်၊ ဘ
လိုလုပ်မလဲ"

"ဟိုနေရာနဲ့ဒီနေရာ လာဖို့ကမလွယ်ဘူး၊ ရောက်
တုန်း ရေကျသွားတဲ့အချိန်ထိ စောင့်ကြည့်သွားကြရင် မကော
ဘူးလား"

"ကောင်းတယ် . . လှေကိုသင့်တော်တဲ့နေရာမှာ
တင်ထားပြီး၊ ရေကျသွားတဲ့အချိန်ထိစောင့်ကြည့်ရင် က
ကောင်တွေ ရှိမရှိ သိရနိုင်တယ်"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်၊ ရေကျသွား





အချိန်ရောက်ရင် မှောင်နေလောက်ပြီ၊ ငါတို့မှာ မီးအိမ်မပါဘူး"

"မီးခြစ်ပါတာပဲ ပူစရာမလိုပါဘူး"

ဟုပြောဆိုတိုင်ပင်ပြီး လှေကိုသင့်တော်သောနေရာ
တွင် တင်ထားလိုက်ကြသည်။

ထို့နောက် ဂူပေါက်ဝရှိသောနေရာနှင့် မနီးမဝေးတွင်
နေရာရှင်းပြီး မီးပုံတစ်ခု ပြုလုပ်ထားကြသည်။

အချိန်က နေ့လည်ဘက်အချိန် ကျော်နေချေပြီ။

ပင်လယ်ပိုင်းတွင် ရေတက်ချိန်၊ ရေကျချိန်က မနက်
(၆)နာရီ ည(၆)နာရီတစ်ကြိမ်ကျစီရှိသည်။

မနက်(၆)နာရီရေတက်လျှင် နေ့လည်(၁၂)နာရီ ရောက်
သောအခါ ရေပြည့်သည်။

နေ့လည် (၁၂)နာရီမှ ရေပြန်ကျလျှင် ညနေ (၆)နာရီ
ရောက်လျှင် ရေစစ်ချိန်ရောက်သည်။

တစ်နေ့လျှင် တစ်နာရီခြားပြီး ရေတက်ချိန်၊ ရေကျချိန်
ပြောင်းသည်။ ပင်လယ်ပိုင်းမှာနေသူများက နေ့ရက်ကို (၃)ဖြင့်
ပေါင်းခြင်းဖြင့် ရေတက်ချိန်ကို သိနိုင်သည်။

လဆန်း (၃)ရက်နေ့ကို (၃)ဖြင့်ပေါင်းပါက မနက်(၆)
နာရီတွင် ဒီရေတက်မည်ကိုသိနိုင်ကြသည်။ (၄)ရက်ဆိုလျှင်
(၇)နာရီတွင် ရေတက်သည်။

တစ်ရက်လျှင် တစ်နာရီနောက်ကျသည်။

ရေတက်ချိန်၊ ရေကျချိန် (၆)နာရီခြားသည်။

ဒါကိုသိထားပြီဆိုလျှင် ဘယ်အချိန် အုပ်ဆင်းပြီး၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန် အလုပ်ပြန်ရမည်ကို သိနိုင်ကြပေပြီ။

ကိုဘရှိန်တို့လေးယောက်မှာ ထိုအလုပ်ကိုလုပ်လာတာ ကြာပြီဖြစ်သောကြောင့် ဘယ်နေရာရောက်သည်ဖြစ်စေ အခက်အခဲမရှိကြပေ. . .။

လှေကို သေသေချာချာထားပြီးနောက် ပါလာသော ပစ္စည်းများ၊ လက်နက်ကိရိယာများကို သယ်ယူသွားကြသည်။

မီးပုံရှိသောနေရာနှင့် မနီးမဝေးမှာရှိသော ဂူပေါက်တစ်ခုထဲမှာပင် နေရာယူကြသည်။

ဂူပေါက်က လူလေးယောက် ချောင်ချောင်ချိချိ နေနိုင်သော ဂူပေါက်မျိုးဖြစ်သည်။

ရေစစ်သည့်အချိန်က ညနေစောင်းအချိန်ရောက်မည်မို့ မီးတုတ်မီးတိုင်များလည်း အဆင်သင့်ပြုလုပ်ထားကြသည်။ တောထဲမှ အလွယ်တကူရသည့် ကြက်ပေါင်စေးကို အသုံးပြု၍ ပြုလုပ်ထားသော မီးတိုင်များမှာ ညအချိန်တွင် များစွာအသုံးတည့်လှပေသည်။

အရေးကြီးဆုံးမှာ. . ညအချိန်ရောက်သောအခါ စားသောက်စရာများနှင့် သောက်ရေကို သယ်ယူသွားကြလေသည်။

ရေငန်ပိုင်းအရပ်ဒေသများတွင် သောက်ရေသည် အခြားအစားအသောက်များထက် ပို၍အရေးကြီးပေသည်။

အခြားအစာအသောက်မရှိတော့ပါက ရှာဖွေစားသောက်၍ရနိုင်သေးသည်။

သောက်ရေမရှိတော့လျှင် ဘယ်နေရာမှ ရှာမရနိုင်ကြ





ပေ။ ပင်လယ်ထဲမှာရှိသော ကျွန်းများတွင် လူမနေနိုင်သော ပြဿနာများထဲတွင် သောက်ရေမရသော ပြဿနာလည်း ပါဝင်လေသည်။

အချို့ကျွန်းများတွင် ရေချိုရနိုင်သော်လည်း အချို့ကျွန်းများမှာတော့ မရနိုင်ပေ။ ကျွန်းတိုင်းရေချိုမရနိုင်သဖြင့် ကျွန်းအတော်များများတွင် လူများမနေနိုင်ကြခြင်းဖြစ်ပေသည်။

ကိုဘရှိန်တို့လေးယောက်သည် လိုအပ်သော ပစ္စည်းများကို ဂူပေါက်ထဲသို့သယ်ထည့်ပြီးနောက် အချိန်ရှိသေးသဖြင့် ပတ်ဝန်းကျင်သို့ လိုက်ကြည့်ကြသည်။ ထူးခြားမှုတော့ မတွေ့ကြရပေ။

တောတွင်းအချို့နေရာမှာတော့ အလောင်းတင်သောလေးတိုင်စင်အချို့ကိုတွေ့ကြရသည်။ စင်များပြုလုပ်ထားသည်မှာ ကြာမြင့်နေဟန်ဖြင့် အလောင်းတော့မရှိတော့ပေ။

ပင်လယ်ထဲမှာနေရာအနှံ့သွားလာနေသော ဆလုံလူမျိုးတို့ ပြုလုပ်ထားခဲ့သောအလောင်းစင်များပင် ဖြစ်ပေသည်။

လူသူအရောက်အပေါက်နည်းသော ကျွန်းဖြစ်သောကြောင့်ပင်၊ နေရာအနှံ့တွင် သစ်ပင်ကြီးငယ်တို့နှင့် ချုံနွယ်ပိတ်ပေါင်းတို့က လူတိုးမပေါက်သာအောင် ကောင်းလှပေသည်။

သူတို့လေးယောက်သည် အချိန်ရှိသေးသောကြောင့် တောထဲသို့ လိုက်လံကြည့်ပြီးမှ ကျောက်ဆောင်များရှိသောနေရာသို့ ပြန်လာကြသည်။

ညနေပိုင်းအချိန်ရောက်ပြီမို့ ရေကထက်ဝက်ခန့်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ သူတို့တင်ထားသောလှေပင် ကျွန်းပေါ်တွင် ကျန်နေခဲ့ပေပြီ။ လေးယောက်သား တိုင်ပင်ပြီး ကျောက်ချပ်များကြားမှ အောက်ဘက်သို့ ဆင်းကြသည်။

ကျောက်ကြားများမှာ ခက်ရင်းချွန်များနှင့် ကျောက်စွန်းကျောက်စွယ်များရှိသဖြင့် သတိထားပြီး ဆင်းကြရသည်။

ကျောက်ချပ်များကြားမှဆင်းသွားတော့ လိုဏ်ခေါင်းပေါက်တစ်ခုသို့ ရောက်သွားကြသည်။

လူတစ်ယောက်ဝင်သာရုံကျယ်သော အခေါင်းပေါက်မျိုးဖြစ်လေသည်။ သို့ကြောင့် တစ်ယောက်ချင်းဆင်းကြရလေသည်။

လိုဏ်ခေါင်းပေါက်အတွင်း၌ ခြေနင်းစရာ၊ လက်ကိုင်စရာ ကျောက်စွန်းကျောက်ချွန်များရှိနေသဖြင့် ဆင်းရသည်မှာ မခက်ခဲလှပေ။ လိုဏ်ခေါင်းပေါက်ဆုံးသွားသောအခါ အောက်ခြေသို့ ရောက်သွားကြသည်။

အမှန်တော့ ကျောက်တောင်လိုဏ်ခေါင်းကြီးတစ်လုံးပင်ဖြစ်ပေသည်။ ထိုလိုဏ်ခေါင်းထဲမှာတော့ အလင်းရောင်မရှိတော့ပေ။ သူတို့မှာလည်း မီးတုတ်မီးတိုင် မပါလာပေ။

သို့သော် အပြင်ဘက်မှတိုးဝင်နေသော အလင်းရောင်အချို့ကြောင့်တော့ ရေအောက်အခြေအနေနှင့် လိုဏ်ခေါင်းအတွင်းမှ အခြေအနေကို မြင်ကြရသည်။

လိုဏ်ခေါင်းအနေအထားက ဝင်ပေါက်ကျဉ်းသော်လည်း အထဲရောက်တော့ ကျယ်သည်။ ရေက မနက်လှပေ။





ထက်ဝက်ခန့်ကျသွားပြီဖြစ်သောကြောင့် အောက်ခြေသို့ပင် ဝိုးတဝါးမြင်နေရသည်။

အဘိုးကြီးပြောလိုက်သည့်အတိုင်းပင် ရေအောက်ကြမ်းပြင်၌ ကမာကောင်အမြောက်အများ ရှိနေသည်ကို တွေ့ကြရသည်။

"ရေကသိပ်မနက်ဘူး၊ အလင်းရောင်သိပ်မရလို့ မမြင်ရပေမယ့် ရေအောက်မှာတော့ ကမာကောင်တွေအတော်များပုံပဲ၊ ရေအောက်အနက်ကြီးမငုတ်ရဘဲ ဒီတစ်နေရာထဲမှာတင် ကမာကောင်တွေများများရတော့ ပိုကောင်းတာပေါ့ကွာ"

ဟု ကိုဘရှိန်က ပြောလိုက်သည်။

ကမာကောင်များမှာ ပင်လယ်ပြင်မှ လှိုင်းပုတ်သည့်ဒဏ်ကြောင့်သော်လည်းကောင်း၊ ရေစီးကြောင်းကြောင့်သော်လည်းကောင်း လိုဏ်ခေါင်းအတွင်းသို့ လိမ့်ပါလာကြပြီးနောက် တင်ကျန်နေခဲ့ကြခြင်းဖြစ် ပေသည်။

ဤသို့ဖြင့် နှစ်ကာလကြာသောအခါ အစုလိုက်အပုံလိုက် များနေကြခြင်းပင်ဖြစ်ပေသည်။

ဘာပဲဖြစ်ဖြစ် ကိုဘရှိန်တို့ကတော့ ရေကလည်းတိမ်၊ လှိုင်းလေကလည်း ငြိမ်သောနေရာတွင် ထိုကဲ့သို့ ကမာကောင်အမြောက်အများတွေ့ရသဖြင့်တော့ ဝမ်းသာနေကြလေသည်။ ထို့နောက် လေးယောက်သား စခန်းချသောနေရာသို့ ပြန်တက်လာကြသည်။

အပေါ်ပြန်ရောက်တော့ ပါလာသော အစားအသောက်



www.burmeseclassic.com

www.burmeseclassic.com



များကို ဖြစ်သလိုပင် ချက်ပြုတ်စားသောက်ကြလေသည်။ အချိန်ကလည်း နေဝင်သွားသည်မှာ ကြာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်မှာ မှောင်လာလေသည်။

ပင်လယ်ပြင်ဘက်မှာတော့ ဆည်းဆာရောင်များရှိနေသေးသည်။ တောထဲမှာတော့ သစ်ပင်ရိပ်များကြောင့် အမှောင်ရိပ်က ပိုများလာခြင်းဖြစ်သည်။

လေးယောက်သား အစားအသောက်များကို ချက်ပြုတ်စားသောက်နေကြစဉ် တောထဲမှ လူသံလိုလိုကြားလာရသဖြင့် နားစွင့်လိုက်သည်။ ပြောဆိုနေသောအသံက မဝေးလှသောကြောင့် ထိုအသံများကို ကြားကြရသည်။

"ရှင်သူငယ်ရေ. . ထ. . ထ. .

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ဟူသောအသံပင်ဖြစ်သည်။

"ဘာသံလဲ"

"လူသံမဟုတ်ဖူးလား"

"လူသံတော့ဟုတ်ပါရဲ့၊ ဘာတွေပြောနေကြတာလဲ"

ထိုသို့ပြောရင်း နားထောင်နေကြရာ ကြားရသောအသံက နေရာပြောင်းသွားလေသည်။

"အလောင်းကောင်ရေ. . ထ. . ထ. .

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ထိုစကားသံကိုတော့ လေးယောက်စလုံး ကောင်းစွာကြားလိုက်ကြရသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်





လိုက်ကြသည်။

"တောခြောက်နေတာဖြစ်မယ်"

"တောခြောက်တာလား၊ သရဲခြောက်နေသလားတော့ မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ထိုအချိန်မှာပင် ထူးဆန်းသောအသံကို ထပ်ကြားကြရပြန်သည်။

"အလောင်းကောင်ရေ. . ထ. . ထ. .

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ထိုအသံနှင့် မရှေးမနှောင်းမှာပင် အမှောင်ရိပ်ထဲမှာ သွားလာနေသော ဖြူဖြူသဏ္ဌာန်ကိုလည်း တွေ့ကြရသည်။ မှောင်နေသည်ကတစ်ကြောင်း၊ သစ်ပင်များကြားမှာ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားသောကြောင့်သော်လည်းကောင်း၊ သဲသဲကွဲကွဲ မမြင်ရပေ။

"လူတော့လူပဲ. . ဒါပေမယ့် လူမဟုတ်ဘူး"

မော်ကင်းစကားကြောင့်. . ကျန်သုံးယောက်က သူ့ကို ကြည့်လိုက်ကြသည်။

"မင်းစကားကလဲ. . . "

"ငါပြောတာက လူနဲ့တော့တူတယ်၊ ဒါပေမယ့် လူအစစ်တော့မဟုတ်ဘူး၊ တောခြောက်တာ ဒါမှမဟုတ် သရဲခြောက်နေတာလို့ ပြောတာပေါ့"

ထိုသို့ပြောနေကြစဉ် ခြေသံကြားလာကြသည်။

သစ်ရွက်ခြောက်များပေါ်မှ နင်းလာသောခြေသံ၊ သစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်နှင့်ချုံများကို တိုးလာသောအသံကြောင့် လှည့်ကြည့်လိုက်ကြသည်။

အတန်ကြာတော့ တောထဲမှ မိန်းမတစ်ယောက် ထွက်လာလေသည်။ အဝတ်များက စုတ်ပြဲနေပြီး၊ ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက်ပင်ဖြစ်လေသည်။

ကြည့်ရတာ ဆလုံအမျိုးသမီးတစ်ယောက်ဖြစ်ပြီး ရုပ်ပျက်ဆင်းပျက်တော့ ဖြစ်စပြုနေသည်။ သရဲ မကြောက်တတ်ကြောင်း ပြောဆိုနေသော မော်ကင်းပင် ထိုမိန်းမကိုမြင်တော့ မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

တောထဲမှာထွက်လာသောမိန်းမက သူတို့ရှိနေသောနေရာဘက်သို့လျှောက်လာပြီး မီးဖိုထားသောနေရာ ရောက်တော့ တန့်သွားသည်။

မီးရောင်နှင့်မြင်ရတော့ သာမန်မဟုတ်ပဲ ရုပ်ပျက်ဆင်းပျက် ဖြစ်စပြုနေသောအခြေအနေကို မြင်တွေ့ကြရလေသည်။

"နင်ဘယ်သူလဲ"

မော်ကင်းကမေးလိုက်တော့ မီးဖိုရှိသောနေရာနှင့် မနီးမဝေးမှာ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"နင်ဘယ်ကလာတာလဲ"

မော်ကင်းကဆက်မေးတော့ တောထဲသို့ လက်ညှိုးထိုးပြလေသည်။

"ဒီကျွန်းပေါ်မှာ လူမနေဘူး၊ အလောင်းတွေပဲရှိတယ်





နင်အလောင်းကောင်မဟုတ်လား"

ဒီတစ်ကြိမ်မှာ ခေါင်းညိတ်ပြသည်။ သေချာပေပြီ။

သူတို့ရှေ့ရောက်နေသောမိန်းမမှာ လူတစ်ယောက်မဟုတ်ဘဲ အလောင်းကောင်ကို ဖုတ်ဝင်သဖြင့် နေရာမှထလာခြင်းဖြစ်ကြောင်း သဘောပေါက်သွားကြသည်။

သို့သော် အလောင်းကောင်က ရှေ့တိုးမလာဘဲ မီးပုံနံဘေးမှာပင် ဆောင့်ကြောင့်ထိုင်နေသောကြောင့် တော်သေးသည်ဟု ဆိုရပေမည်။

"အခုဘာလာလုပ်တာလဲ"

ထိုမိန်းမက မီးဖိုပေါ်မှ ကင်ထားသော ငါးကင်ကို လက်ညှိုးထိုးပြသည်။

"ဟင်း. . ဟင်း. . "

လက်ညှိုးထိုးပြရင်းနှင့် ပါးစပ်မှလည်း တဟင်းဟင်းနှင့် အသံထွက်နေလေသည်။

မော်ကင်းက ကိုဘရှိန်ကိုကြည့်တော့ ကိုဘရှိန်က မသိသောခေါင်းညိတ်ပြလိုက်သဖြင့် ငါးကင်တစ်ကင်ကိုယူပြီး ပစ်ပေးလိုက်သည်။

ထိုမိန်းမက ကောက်ယူပြီး အရိုးရေအသားပါ မကျန်တဂျိုးဂျိုးတဂွပ်ဂွပ်နှင့် စားသောက်နေလေသည်။ သူတို့ လေးယောက်ကတော့ ထိုကဲ့သို့ စားသောက်နေပုံကို ကြည့်နေကြသည်။ အတန်ကြာတော့ ကုန်သွားသဖြင့် ထပ်တောင်းပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . ဟင်း. ."

မီးဖိုပေါ်မှာလည်း ငါးကင်က သိပ်မကျန်တော့ပေ။

သူတို့စားဖို့လောက်သာကျန်တော့သဖြင့် မော်ကင်းဝ
မေးသည်။

"သူတောင်းသမျှပေးရင်တော့ ငါတို့စားဖို့တောင် ကျ
တော့မှာမဟုတ်ဘူး၊ ဘယ်လိုလုပ်မလဲ"

"မပေးနဲ့ပေါ့ကွာ"

ထိုသို့ပြောပြီး မပေးဘဲနေလေရာ မီးပုံနှင့် မနီးမဝေ
မှာ ဆောင့်ကြောင့်ထိုင်နေရာမှ တဟင်းဟင်းနှင့် အသံပြု
လက်ညှိုးတထိုးထိုးဖြင့် တောင်းနေလေသည်။

နောက်တော့ မော်ကင်းက ဒေါသထွက်လာသဖြင့် ဓ
ကတစ်ဖက်၊ မီးတုတ်ကတစ်ဖက်ကိုင်ကာ အပြင်သို့ထွက်သွ
ပြီး မားဖြင့်လိုက်ခုတ်တော့မှ တောထဲသို့ဝင်ပြေးလေတော့သည်

"မော်ကင်း နောက်ကလိုက်မသွားနဲ့ ပြန်လှည့်လာ"

ဟု ကိုဘရှိန်က လှမ်းအော်လိုက်တော့မှ မော်ကင်း
ပြန်လှည့်လာသည်။

သို့သော် အခြေအနေက ထိုမျှနဲ့ပြီးမသွားပေ။

အတန်ကြာတော့ တောတွင်းမှ အသံကြားကြရပြန်လေ
သည်။

"အလောင်းကောင်ရေ. . ထ. . ထ. .၊
ဝိညာဉ်တွေရေ. . လာကြ. . လာကြ. ."
ဟူသောအသံပင်ဖြစ်လေသည်။





ထိုအသံကြားရပြီး မရှေးမနှောင်းမှာပင် တောထဲမှ သရဲ
ဘက်များ ထွက်လာပြီး လာရောက်ခြောက်လှန့်ကြလေတော့
ည်။ ထိုကဲ့သို့လာရောက်ခြောက်လှန့်နေသော သရဲများထဲ
င် စောစောကမိန်းမလည်း ပါလာလေသည်။

"ဒီသရဲတွေ ငါတို့ကိုလာပြီး ခြောက်လှန့်နေတာ စော
ကလူ သွေးထိုးပေးနေလို့ဖြစ်ရတာ၊ မနက်လင်းတော့မှ ဒင်း
လိုက်ရှာပြီး သတ်ပစ်ရမယ်"

ဟု မော်ကင်းက မကျေမနပ်ဖြင့် ပြောဆိုရေရွတ်နေ
သည်။

သို့သော်လည်း တစ်ညလုံးလိုလို သရဲများလာရောက်
ခြောက်လှန့်နေရာ လေးယောက်စလုံး တစ်မှေးမှပင် မအိပ်ကြ
။ နောက်တစ်နေ့မနက်လင်းတော့မှ ရှင်းသွားလေတော့
ည်။ သူတို့လေးယောက်ကတော့ ရေတက်သည်နှင့် ကမာ
င်ပင်မငုတ်တော့ဘဲ ပြန်ခဲ့ကြလေသည်။

ထိုအဖြစ်အပျက်များက နီမောင်တို့ငယ်ရွယ်စဉ်က
င်ဖြစ်သူ ဦးဘရှိန်တို့ တစ္ဆေကျွန်း၊ ညီမသုံးဖော်ကျွန်းနှင့် ပတ်
ပြီး ကြုံတွေ့ခဲ့ရသော ထူးဆန်းသည့် အကြောင်းအရာများ
ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

# သရဲနှင့်တူသောလူများ

နောက်ပိုင်းနှစ်ကာလအချိန်ကြာလာသောအခါ အခြေ
နေတို့ကလည်း တဖြည်းဖြည်းပြောင်းလဲခဲ့ကြပေသည်။

ရှေးအခါက လူသူမနေသော ကျွန်းများတွင် နေထိုင်သူ
များလာပြီး ရွာများပေါ်ပေါက်လာသည်။

ပင်လယ်ပြင်မှာလည်း ငါးပုစွန်ရှာသူတို့ များလာသည်။
ရှာဖွေသူ၊ ငှက်သိုက်ရှာဖွေသူတို့လည်း တစ်နေ့တခြား များ
လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ညအချိန်ရောက်လျှင် မှောင်နှင့်မည်းမည်း နေသောကျွန်းများပေါ်မှာ ဘယ်နေရာကြည့်ကြည့် မီးရောင်မှာ မြင်လာရသည်။

ပင်လယ်ပြင်မှာလည်း ထိုနည်းအတိုင်းပင်ဖြစ်၏။

ယခင်က လှိုင်းမျက်နှာပြင်တို့ကသာ နေရာယူသော ရေပြင်ပေါ်တွင် ခရီးသွားလာနေကြသော ငါးဖမ်းရန်ထွက်လာ သောလှေများဖြင့် စည်ကားနေပေတော့သည်။

ကင်းမွန်ဖမ်းသောလှေများက ညအချိန်ရောက်သော အခါ လှေပေါ်မှာ မီးထွန်းထားကြသည်။

မီးရောင်ရှိသောနေရာသို့ ကင်းမွန်များကလာကြသဖြင့် အပြိုင်အဆိုင် မီးထောင်ချောက်ထွန်းပြီး ဖမ်းဆီးကြရာ အဝေး မှကြည့်လျှင် မီးထွန်းပွဲတော်အလား ထင်မှားလောက်အောင် လင်းထိန်နေကြလေသည်။

(ယခုမျက်မှောက်ကာလမှာတော့ မီးအလင်းရောင် ပို သော မာကျူရီမီးများ တပ်ဆင်အသုံးပြုလာကြသဖြင့်. . ပို အလင်းရောင်ရကြလေသည်။)

ကျွန်းများပေါ်မှာလည်း ရွာငယ်ကလေးများမှ တဖြည်း ဖြည်းနှင့် နေထိုင်သူများလာသောအခါ ရွာကြီးများဖြစ်လာ သည်။

ဗြိတိသျှနယ်ချဲ့များလက်အောက်မှာ နေရစဉ်ကာလ တော့ ယခုမျက်မှောက်ကာလလောက်တော့ မများလှသော် လည်း အချို့ရွာကြီးများမှာ ဗြိတိသျှအစိုးရက အသိအမှတ်





ထားသည့် သူကြီးတစ်ဦးအုပ်ချုပ်သော အဆင့်သို့ ရောက်နေကြ သေပြီ။

(၁၉၀၀)ပြည့်နှစ် ဝန်းကျင်လောက်က ကျွန်းများပေါ်၌ သူကြီးအုပ်ချုပ်သည့် ရွာအနည်းသာရှိပေရာ ထိုအထဲတွင် မြင်သာရွာလည်း တစ်ရွာအပါအဝင်ဖြစ်လေသည်။

မြင်သာရွာမှာ အိမ်ခြေတစ်ရာကျော်ခန့်ရှိပြီး စည်ကား သည်။ ရွာတွင်သောက်ရေထွက်သည့် ရေတွင်းရေကန်ရှိ သည်၊ ဘုန်းတော်ကြီးကျောင်းရှိသည်၊ စေတီတစ်ဆူရှိသည်။

ရောဂါဖြစ်လျှင် ဆေးကုသပေးသော ဆေးဆရာရှိ သည်။ ပယောဂနှောင့်ယှက်ခံရလျှင် ကုသပေးသော နတ်ဆရာ လည်းရှိသည်။

ရွာမှာရှိသော ကလေးများကို ဘုန်းကြီးကျောင်းမှ စာ သင်ပေးသည်။

မြိတ်၊ ထားဝယ်၊ ကော့သောင်းဘက်မှ ကုန်သည် စက် လှေ၊ ကတ္တူလှေများကလည်း တစ်လတစ်ခေါက်၊ နှစ်ခေါက် ဆိုသလို ပုံမှန်ရောက်ကာ ကုန်ပစ္စည်းများ ဝယ်ယူကြလေသည်။

လိုအပ်သော ပစ္စည်းများကိုလည်း ဝယ်ယူ၍ရသည် ဖြစ်ကြောင့် မြို့သို့ တကူးတက မသွားမလာနိုင်ကြသူတို့အတွက် လည်း အဆင်ပြေသည်။

မြင်သာရွာ ထိုကဲ့သို့ စည်ကားနေသောအကြောင်းမှာ နေထိုင်ရတာကောင်းပြီး၊ သွားလာရေး အဆင်ပြေသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၀၀) ပြည့်နှစ် မတိုင်ခင်ကတော့ ထိုကဲ့သို့ မဟုတ် ချေ။ သာမန်တဲစုလေးများ စုဝေးနေထိုင်ကြသော ကျွန်းစုတစ်ခု မျှသာရှိပေသည်။

ထိုကျွန်းပေါ်သို့ အစောဆုံးလာရောက်နေထိုင်ကြသူ တို့တွင် ဦးဘရှိန်တို့တစ်တွေလည်း အပါအဝင်ဖြစ်ကြလေသည်။

ဦးဘရှိန်တို့မိသားစုမှာ ထိုနေရာတစ်ဝိုက်တွင် ရှိသော ကျွန်းများသို့ လှည့်လည်နေထိုင်ခဲ့ကြရာမှ နောက်ဆုံး မြင်သာ ကျွန်းသို့ ရောက်လာခဲ့ကြခြင်းဖြစ်သည်။

သူနှင့်အတူ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော စံသိန်း ချာလိတ်နှင့် မော်ကင်းတို့လည်း ၎င်းတို့မိသားစုများနှင့်အတူ မြင်သာရွာသို့ လာရောက်နေထိုင်ကြသည်။

ယခုတော့ သူတို့တစ်တွေမှာ အသက်အရွယ်များရလာ ကြပြီဖြစ်သောကြောင့် ယခင်ကလိုပင်လယ်သို့ မဆင်းနိုင်ကြ တော့ပေ။ ၎င်းတို့၏ သားသမီးများ၊ တူသားနောင်မယ်တို့က ဆက်လက်လုပ်ကိုင်ကြလေသည်။

ဦးဘရှိန်တို့မိသားစုမှာ လေးယောက်သာရှိသည်။ ဦး ဘရှိန်၊ ဒေါ်ကျင်မေတို့အပြင် နီမောင်နှင့် မေနှင်းတို့ မောင်နှ နှစ်ယောက်သာရှိသည်။

ဦးဘရှိန်ကတော့ အသက်အရွယ်ရလာသည့်ကတ ကြောင်း ဒုက္ခိတဘဝရောက်ခဲ့ရသည့်ကတစ်ကြောင်းကြော အနားယူခဲ့ရခြင်းဖြစ်ပေသည်။

ဦးဘရှိန်တစ်ယောက် ဒုက္ခိတဖြစ်ရခြင်းမှာ တစ္ဆေကျွ





၏ပယောဂ မကင်းဟုလည်း ဆိုနိုင်ပေသည်။

ထိုကျွန်းတစ်နေရာမှာရှိသော ဂူပေါက်အတွင်းသို့ဝင် ပြီး ကမာကောင်များ ရှာဖွေယူရင်းနှင့် အန္တရာယ်တစ်ခုနှင့် တွေ့ တာ ဒုက္ခိတဘဝရောက်ခဲ့ရခြင်းဖြစ်ပေသည်။ ကျောက်စွန်းတစ်ခု ပေါ်မှပြုတ်ကျရာ အောက်မှ ကျောက်တုံးဖြင့် ခါးကိုဆောင့်မိသ ဖြင့် အောက်ပိုင်းသေသလိုမျိုး ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ ခါတိုင်း လိုရေအောက်မဆင်းနိုင်သောကြောင့် ထိုတာဝန်ကို နီမောင်က ယူပြီး မိသားစုများကို လုပ်ကိုင်ကျွေးမွေးခဲ့ရခြင်းပင်ဖြစ်လေ သည်။

နီမောင်က အသက်(၂၅)နှစ်အရွယ်ခန့်ရှိနေပြီး ကြံ့ခိုင် သန်စွမ်းသော ခန္ဓာကိုယ်ရှိသည်။

အသားညိုညိုနှင့် ယောကျ်ားပီသသော ရုပ်ရည်မျိုးရှိ သည်။ ဆံပင်ကလည်း ဂုတ်အထိရှည်ပြီး ရေအောက်ဆင်းလျှင် စည်းထားလေသည်။

နီမောင်က ငယ်ရွယ်စဉ်ကတည်းက အလေ့အကျင့် ကောင်းခဲ့သူမို့ ရေအောက်မှာ ဖျံတစ်ကောင်ကဲ့သို့ သွားလာနေ နိုင်သူဖြစ်ပေသည်။

ကမာကောင်ငုတ်သည့်အခါ နှစ်မျိုးနှစ်စားရှိသည်။ ရှေး အခါက ဆလုံလူမျိုးများကတော့ လေရှူသော ကိရိယာမသုံးဘဲ နှင့် ဒီအတိုင်းသာ ရေအောက်သို့ ဆင်းငုတ်ကြသည်။ ဗြိတိသျှ များဝင်ရောက်လာပြီးသောအချိန်မှာတော့ ကြေးခေါင်းစွပ်များ အသုံးပြုလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးခေါင်းစွပ်အသုံးပြုလျှင် လေရှူပိုက်၊ အောက်ဆီဂျင်တို့ဖြင့် တပ်ဆင်အသုံးပြုကြလေသည်။

နီမောင်တို့မှာလည်း ကြေးခေါင်းစွပ်များရှိသော်လည်း သုံးသည့်အခါမှသာသုံးပြီး မသုံးသည့်အခါတွင် ဒီအတိုင်းသာ ငုတ်ကြလေသည်။

အလေ့အကျင့်ကောင်းသူများအတွက် အသက်ရှူရန်အတွက် ရေအောက်၌ အချိန်ကြာကြာမနေနိုင်သည်ကလွဲပြီး ကြည်လင်သောရေအောက်တွင် ဒီအတိုင်းသွားလာရသည်က ပိုမိုလွတ်လပ်မှုရှိပေသည်။

နီမောင်က ပင်လယ်ထွက်သောအခါ တစ်ယောက်တည်းမသွားပေ။ အခြားအဖော်နှစ်ယောက်နှင့်အတူ အမြဲသွားလာလေ့ရှိသည်။ သူနှင့်တွဲဖော်တွဲဖက်နှစ်ယောက်မှာ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ပင်ဖြစ်သည်။

စောထီးက ကရင်လူမျိုးဖြစ်ပြီး၊ ငမဲအောင်က ရခိုင်လူမျိုးဖြစ်ကာ နှစ်ယောက်စလုံး နီမောင်နှင့် သက်တူရွယ်တူ စိတ်တူကိုယ်တူများ ဖြစ်ကြလေသည်။

၎င်းတို့နှစ်ယောက်မှာ ဦးဘရှိန်နှင့် အလုပ်အတူလုပ်ခဲ့ကြသော ချာလိတ်၊ မော်ကင်းတို့နှင့် သားချင်းမကင်းကြသူများလည်းဖြစ်ကြသည်။

ယခုလည်း သုံးယောက်သား လှေတစ်စင်းဖြင့် တစ္ဆေကျွန်းရှိရာဘက်သို့ ဦးတည်ထွက်လာကြလေသည်။

ပင်လယ်ထဲမှာရှိသော ကျွန်းများအနက် ကျွန်အတော်





များများပေါ်တွင် ရွာများတည်ပြီး နေကြသော်လည်း ညီမသုံးဖော်ကျွန်းနှင့် တစ္ဆေကျွန်းပေါ်မှာတော့ နေထိုင်သူမရှိကြပေ။ ရေချိုမရသည်ကတစ်ကြောင်း၊ လှေဆိုက်ကပ်ရန် သောင်ပြန့်များမရှိသည်ကတစ်ကြောင်းနှင့်၊ တောကြမ်းသောကြောင့် မနေဝံ့ကြခြင်းဖြစ်ပေသည်။

တစ္ဆေကျွန်းပေါ်မှာတော့ အနီးတစ်ဝိုက်မှာနေကြသော ဆလုံမျိုးနွယ်တို့ သေဆုံးလျှင် အလောင်းကို လာရောက်စွန့်တင်ထားသော 'သင်္ချိုင်းကျွန်း'အဖြစ် ရှေးအစဉ်အဆက်ကပင် အသုံးပြုခဲ့ကြရာ ယခုတိုင်အောင်ပင် ဖြစ်တော့သည်။

အခြားသူများကတော့ ထိုကျွန်းရှိရာသို့ တကူးတက လာရောက်လေ့မရှိကြပေ။ အဘယ်ကြောင့်ဆိုသော်. .

သရဲခြောက်သည်ဟု နာမည်ကြီးသည်ကတစ်ကြောင်း၊ ကိုယ်တွေ့ကြုံဖူးသူများလည်း ရှိနေကြခြင်းကြောင့် ဖြစ်ပေသည်။

နီမောင်တို့သုံးယောက်ကတော့ ထိုကျွန်းရှိသောနေရာသို့ တစ်ခါတစ်ရံ ရောက်လာလေ့ရှိသည်။

"ငါတို့ တခြားနေရာတွေမှာ ရှာဖွေတာထက်၊ တစ္ဆေကျွန်းတစ်ဝိုက်မှာ ရှာဖွေရတာ ကမာကောင်တော့ အရများပါရဲ့ ဒါပေမယ့် စိတ်ထဲကတော့ လန့်နေသလိုပဲ"

ဟု ငမဲအောင်ကပြောသည်။

"ဘာများလန့်စရာရှိလို့လဲ"

"အဲဒီကျွန်းက တစ္ဆေကြမ်းတယ်မဟုတ်လား၊ ဘယ်အချိန်တစ္ဆေနဲ့တွေ့မလဲဆိုပြီး သတိထားနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများသတိထားနေရတာလဲကွာ တစ္ဆေနဲ့တွေ့တော့လည်း မိတ်ဆွေဖွဲ့လိုက်ကြတာပေါ့"

"မင်းအဖေ ခါးမသန်တော့တာ အဲဒီကျွန်းက တစ္ဆေတွန်းချလို့မဟုတ်လား"

"အဖေကတော့ ဘာမှမပြောပါဘူး၊ ဒါပေမယ့် တစ္ဆေကျွန်းဘက်သွားရင် သတိထားဖို့တော့မှာတယ်"

"ဒီတစ်ခေါက် အနောက်ဘက်မှာရှိတဲ့ ဂူကြီးထဲ အခြေအနေဝင်ကြည့်ကြရင် မကောင်းဘူးလား"

"ရေအခြေအနေ အဆင်သင့်တော့လည်း ဝင်ကြည့်ကြတာပေါ့. ."

ဟုပြောဆိုပြီးနောက် သွားကြရာ ညနေစောင်းအချိန်ရောက်တော့ ကျွန်းအနီးသို့ ရောက်သွားကြလေသည်။

ထိုနေရာသို့ရောက်သောအခါ အနောက်ဘက်သို့ လှော်သွားကြလေသည်။ အနောက်ဘက်၌ရှိသော ဂူပေါက်အတွင်းသို့ တစ်ကြိမ်၊ နှစ်ကြိမ်တော့ ရောက်ကြဖူးသည်။

ထိုလိုဏ်ခေါင်းထဲတွင် ကမာကောင်နှင့်ငှက်သိုက် အတော်ပင်ပေါများလေသည်။

နေဝင်ရီတရောအချိန်လောက်တွင် အနောက်ဘက်၌ရှိသော ကျောက်ဂူပေါက်ဝသို့ ရောက်သွားကြသည်။

တကယ်တော့ ဂူပေါက်ဝသို့ ရောက်စေရန် ချွန်းစွယ်တစ်ခုကို ကွေ့သွားရသောကြောင့် တစ်နေရာနှင့် တစ်နေရာ မမြင်ရပေ. . .။





ချွန်းကိုပတ်ကွေ့လိုက်တော့ ဂူပေါက်ဝရှိသော နေရာကို ဘွားခနဲတွေ့ကြရခြင်းဖြစ်သည်။

လှေကို ကွေ့ထွက်လိုက်သည်နှင့် ရေစပ်မှာရှိနေသည့် ကျောက်တုံးတစ်တုံးပေါ်မှာ ထိုင်နေသော အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ကြရသဖြင့် အံ့သြသွားကြလေသည်။ ကျောက်တုံးပေါ်မှာထိုင်နေသော အမျိုးသမီးက သူတို့ဘက်သို့ ကျောပေးပြီး နေဝင်သွားရာဘက်သို့ ကြည့်နေသောကြောင့် သူတို့လှေလာနေသည်ကို မြင်ဟန်မတူပေ။ ထို့ပြင် လှိုင်းပုတ်သံများကလည်း ဆူညံနေသောကြောင့် လှေတက်သံကိုလည်း ကြားရဟန် မတူပေ။

သူမသည် ခြေထောက်ကို ကျောက်တုံးအောက်ရှိ ရေထဲသို့ချထားသောကြောင့် ကိုယ်တစ်ဝက်သာ မြင်နေရသည်။ နေဝင်ချိန်ဆည်းဆာရောင်များက သူမကိုယ်ပေါ်သို့ ကျနေကြသည်။

ပင်လယ်ဘက်မှ တိုက်လာသောလေကြောင့် ဆံပင်ရှည်တို့က နောက်ဘက်သို့ လွင့်နေကြသည်။ မနီးမဝေးရောက်တော့ လှေကိုအရှိန်သတ်လိုက်ကြသည်။

"လူတော့ဟုတ်မယ်မထင်ဘူး"

"ရေသူမပဲဖြစ်မှာပေါ့. ."

"ရေသူမရှိတယ်လို့ပဲ ကြားဖူးတာ အခုမှာပဲတွေ့ရဖူးတော့တယ်"

"အနားရောက်အောင် သွားကြည့်ကြမလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့မြင်ရင် ရေထဲဆင်းပြေးမှာပေါ့. ."

ထိုသို့ပြောနေစဉ် လှေကိုလှိုင်းပုတ်သောအသံကို ကြားသွားဟန်ဖြင့် နောက်သို့လှည့်ကြည့်လေသည်။

လူမျက်နှာမျိုးပင်ဖြစ်ပေသည်။

ထိုနောက် ရေထဲသို့ လျှောဆင်းသွားလေတော့သည်။ နီမောင်တို့လည်း ကဗျာကရာနှင့်ပင် လှေကိုထိုနေရာရောက်အောင်လှော်သွားကြကာ ကြည့်တော့ ဘာမှမတွေ့ရတော့ပေ။

"ရေသူမဆိုပေမယ့် ရုပ်ရည်ကတော့ မဆိုးလှဘူး"

"ရေသူမ,မဟုတ်ဘဲ လူယောင်ဆောင်ထားတဲ့ရေဘီလူးဆိုမှ ခက်နေဦးမယ်"

ဟုပြောကာ လှေကို ဂူပေါက်အတွင်းသို့ လှော်ဝင်သွားကြလေသည်။ ရေကျနေသောအချိန်ဖြစ်သောကြောင့် လှေကို ဂူပေါက်ဝတွင်းသို့ ဝင်သွား၍ရနေပေသည်။

အကယ်၍ ရေပြည့်နေသောအချိန်ရောက်ပါက လှေဝင်၍ မရတော့ပေ။ ဂူအတွင်းကတော့ အတော်ပင်ကျယ်လေသည်။

မတ်စောက်သော ကျောက်နံယံကြီးများရှိပြီး အမိုးပိုင်းကလည်း အတော်ပင်မြင့်မားလှသည်။

လိုဏ်ခေါင်းကြီး၏ အမိုးနေရာများမှာတော့ ဇီဝစိုးငှက်ကလေးများနေသော နေရာများရှိသည်။

၎င်းတို့အံဖပ်ဖြင့် ပြုလုပ်ထားသော ငှက်သိုက်ကလေးများရှိသည်။





လူတို့က ထိုငှက်သိုက်ကလေးများကို ခွာယူပြီး ရောင်းချခြင်း၊ စားသောက်ခြင်းများ ပြုလုပ်ကြသည်။

ဇီဝစိုးငှက်ကလေးများက ၎င်းတို့ပြုလုပ်ထားသော ငှက်သိုက်တစ်ခုကို ခွာယူသွားပါက နောက်ထပ်အသစ်ပြုလုပ်ပြန်သည်။ အသိုက်ပြုလုပ်ရာမှာတော့ အခြားငှက်များလို သစ်ကိုင်းခြောက်၊ သစ်ရွက်၊ မြက်ပင်ခြောက်များဖြင့် ပြုလုပ်ကြခြင်းမျိုးမဟုတ်ဘဲ ပါးစပ်ထဲမှထွက်လာသော ချွဲများကို အံထုတ်ပြီးမှ အသိုက်ပြုလုပ်ကြခြင်းဖြစ်သည်။

ငါးကြီးတစ်ကောင်က အန်ထုတ်လိုက်သော အံဖပ်များမှာ လူတို့အတွက် ဆေးဖက်ဝင်သလို ဇီဝစိုးငှက်တစ်ကောင်အန်ထုတ်လိုက်သည့် ချွဲဖက်များကလည်း လူတို့အတွက် ဆေးဖက်ဝင်လေသည်။

သို့ကြောင့် တကူးတကရှာဖွေ၍ ခွာယူကြခြင်းဖြစ်၏။ ၎င်းတို့ပြုလုပ်ထားသည့် ငှက်သိုက်ကို တစ်ကြိမ်ခွာယူသွားပါက နောက်တစ်ကြိမ် ထပ်လုပ်ပြန်သည်။ နောက်တစ်ကြိမ်ခွာယူသွားလျှင် နောက်တစ်ကြိမ် ထပ်လုပ်ကြပြန်၏။

သုံးလေးကြိမ်လောက်ဆိုလျှင် အံဖပ်ထဲမှာ သွေးများပါလာလေတော့သည်။

အချို့ငှက်သိုက်ခွာသူများကတော့ ငှက်သိုက်တွင် သွေးများတွေ့ပါက ခွာမယူဘဲ ချန်ထားခဲ့ကြသည်။

လောဘကြီးသူများတွေ့လျှင်တော့ ခွာယူသွားကြလေသည်။ ငှက်ကလေးများမှာ သုံးလေးကြိမ်မက ပြုလုပ်ရလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော့ သွေးအန်ပြီး သေကြရလေသည်။

နှစ်စဉ်လိုလိုပင် လောဘသားတို့၏ မဆင်မခြင်ပြုလုပ်မှုကြောင့် ဇီဝစိုးငှက်ကလေးအတော်များများ သေကြေပျက်စီးကြရသည်။

ရှေးက စာတစ်ခုရှိခဲ့ဖူးသည်။

လောကတွင် အပြစ်မကင်းသော လုပ်ရပ်များထဲတွင် သူတစ်ပါးတို့အသိုက်အမြုံကို ဖျက်ဆီး၍ ဝမ်းစာရှာသူတို့မှာ ပို၍ အပြစ်ကြီးကြောင်း ရေးသားထားသော စာပင်ဖြစ်ပေသည်။

"ပျားဖွပ်၊ သားတိုး၊ မယားခိုး"

ဟူသော စာပင်ဖြစ်သည်။

ပျားဖွပ်ရာမှာ ပျားရည်ရှိသော ပျားသလပ်ကို သင့်တော်သလောက်မယူဘဲ ပျားအုံတစ်ခုလုံး ဖျက်ဆီးသော အပြစ်၊ ဝက်၊ ဆိတ် စသော သတ္တဝါတို့ကို သားဖောက်ပြီး သားငယ်တို့ကို ရောင်းချသတ်ဖြတ်သောအပြစ်၊ သူတစ်ပါး သားမယားကိုပင် များ၍ သူတစ်ပါးအိမ်ထောင်ကို ဖျက်ဆီးသောအပြစ်တို့မှာ အပြစ်ကြီးလှကြောင်း ရေးသားဆုံးမထားသော စာပင်ဖြစ်သည်။

ယခုကာလမှာတော့ ငှက်သိုက်ခွာသူများပါ အပြစ်ကြီးသူတို့စာရင်းတွင် ထည့်သွင်းရပေတော့မည်။

"ပျားဖွပ်၊ သားတိုး၊ မယားခိုး၊
ငှက်သိုက်ခွာသူ ထပ်၍တိုး"

ဟု စာချိုးရတော့မည့် အခြေအနေမျိုးရောက်နေရ ဖြစ်ပေသည်။





ဗြိတိသျှများအုပ်ချုပ်စဉ်ကတော့ တောများကိုလည်း သစ်တောဥပဒေဖြင့် ထိန်းချုပ်ထားသောကြောင့် တည်မြဲခဲ့သည်။

ငှက်သိုက်ခွာသောအလုပ်ကိုလည်း ခွင့်ပြုမပေးဘဲ ငှက်သိုက်ကောက်သောအလုပ်ကိုသာ ခွင့်ပြုပေးခဲ့သည်။

ကျောက်တောင်ကြီးများတွင် ငှက်ကလေးများက ငှက်သိုက်ပြုလုပ်ထားရာ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ကျေးငှက်များ ထိုးဆိတ်ဖျက်ဆီးခြင်းကြောင့်သော်လည်းကောင်း အောက်သို့ပြုတ်ကျကြလေသည်။

ထိုငှက်သိုက်များကို တောတိရစ္ဆာန်များတွေ့သောအခါမှာလည်း ကောက်ယူစားသောက်ကြသည်။

အခြားတိရစ္ဆာန်များထက် ငှက်သိုက်ကို တောဝက်များက ပိုမိုကြိုက်နှစ်သက်ကြသဖြင့် တောဝက်များက ရှာဖွေစားသောက်ကြလေသည်။ လူများကတွေ့လျှင်လည်း ကောက်ယူစားသောက်ကြလေသည်။

တစ္ဆေကျွန်း၌ရှိသော ဂူကြီးအတွင်းမှာလည်း ငှက်သိုက်ကလေးများရှိကြသည်။ ဇီဝစိုးငှက်ကလေးများလည်း များစွာရှိကြလေသည်။ သို့သော် အပေါ်မှ ပြုတ်ကျလာသော ငှက်သိုက်များမှာ ရေထဲသို့ရောက်သွားပြီး ငါးများကသာ စားသောက်ကြလေသည်။

နီမောင်တို့ရောက်သွားသောအချိန်မှာ နေဝင်ချိန်ရောက်နေပြီဖြစ်သောကြောင့် ဂူထဲမှာ မှောင်နေလေပြီ။

သို့ကြောင့် လှေကိုသင့်တော်သောနေရာမှာ ကပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပါလာသော အစားအသောက်များကို စားသောက်ကြလေသည်။ သူတို့သုံးယောက်သည့် လှေပေါ်တွင် ရေနံဆီမီးအိမ်တစ်လုံး ထွန်းထားရာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ အလင်းရောင်ရနေလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ကျောက်ကြိုကျောက်ကြားများအတွင်းမှာ ခိုအောင်းနေကြသော လင်းနို့နှင့် လင်းဆွဲများ အပြင်သို့ ပျံထွက်သွားကြလေသည်။

သူတို့သုံးယောက်အစားအသောက်များကို စားသောက်နေကြစဉ် ကျောက်ချပ်များကြားမှ ခြေသံလိုလိုကြားကြရသဖြင့် လှည့်ကြည့်လိုက်သည်။

ကျောက်ချပ်များကြားမှ ဦးခေါင်းသုံးလုံးကို တွေ့ရသည်။ သူတို့ရှိရာသို့ ချောင်းကြည့်နေခြင်းဖြစ်ပြီး လူဟုသာ ဆိုသော်လည်း လူနှင့်တော့ သိပ်မတူလှပေ။

မည်းနက်သောအသားအရေရှိပြီး ကျိုးတို့ကျဲတဲ့ဆံပင်ရှည်တို့က မျက်နှာပေါ်အထိကျနေသည်။

နှာရွက်ကကားပြီး မျက်လုံးများက အပြင်သို့ ပြူးထွက်နေကြလေသည်။ မျက်နှာကလည်း အရိုးခေါင်းတစ်ခုကဲ့သို့ ပိန်ကပ်နေလေသည်။

"ဘာကောင်တွေလဲ လူတော့ဟုတ်မယ်မထင်ဘူး"

"ဒီကျွန်းမှာ လူမှမနေတာ ငါတို့ကို သရဲလာခြောက်နေတာဖြစ်မှာပေါ့"

"သရဲတော့ ဟုတ်ပုံမရဘူး၊ ကြည့်ရတာတော့ ငါတို့





န်မူချင်တဲ့ပုံမျိုးမရှိဘူး"

နီမောင်က ထိုသို့ပြောပြီး စားနေသော ထမင်းပန်းကန်ကို မြှောက်ပြလိုက်သည်။

ထိုအခါ မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

ထို့နောက် လှေကို ထိုနေရာသို့ လှော်သွားပြီး ကျောက်တုံးနားမှာကပ်လိုက်သည်။

ထိုအခါမှာတော့ ကျောက်တုံးနောက်ဘက်မှ ချောင်းကြည့်နေသော ဦးခေါင်းသုံးလုံးမှာ ပျောက်သွားလေသည်။ သို့သော်လည်း နီမောင်က ထမင်းပန်းကန်ကိုယူကာ အပေါ်သို့ တက်သွားလေသည်။

"နီမောင် သတိထားနော်"

စောထီးက သတိပေးလိုက်လေသည်။

နီမောင်ကတော့ မကြောက်မရွံ့နှင့်ပင် ထမင်းပန်းကန်ကို ယူသွားပြီး ကျောက်တုံးပေါ်မှာ ချထားပေးလိုက်ပြီးနောက် လှေသို့ ပြန်ဆင်းလာသည်။

ပြီးမှ လှေကို ပြန်ခွာလာပြီး မူလနေရာမှာ ပြန်ကပ်ပြီး ခြေအနေကို ကြည့်နေကြသည်။ တော်တော်နှင့်တော့ အခြေအနေ မထူးသေးပေ။

စောစောကတွေ့လိုက်ရသော ဦးခေါင်းသုံးလုံးလည်း မတွေ့ရသေးပေ။ သို့ကြောင့် သုံးယောက်သား စားလက်စ ထမင်းကို ဆက်စားနေကြသည်။

ဒီတော့မှ ကျောက်တုံးနောက်ဘက်မှ လက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာလေသည်။

လူလက်မျိုးမဟုတ်ဘဲ အရိုးပြိုင်းပြိုင်းထနေသော လ

တစ်ဖက်ပင်ဖြစ်လေသည်။ လူကိုမမြင်ရဘဲ လက်ချည်းထွက်လ

ပြီးနောက် နီမောင် ချပေးထားသော ထမင်းပန်းကန်ကို ဆွဲ

သွားလေသည်။

နောက်ထပ်တော့ ထူးထူးခြားခြား ဘာမှမတွေ့ကြ

တော့ပေ. . . .။



# အခန်း (၈)

# တမာနီနှင့် တွေ့ဆုံရခြင်း

တစ်ညလုံးတော့ အနှောင့်အယှက်မရှိဘဲ ကောင်းစွာ
အိပ်ကြရပေသည်။ နီမောင်ကတော့ ညနေပိုင်းကတွေ့ရသော
ရိပ်များကြောင့် ကောင်းစွာအိပ်မပျော်ဘဲရှိလေသည်။

ညအချိန်ရောက်တော့ အပြင်ဘက်မှာအေးသော်လည်း
အတွင်းမှာတော့ ရေမာတ်ကြောင့်သော်လည်းကောင်း၊ 
အတွင်းရောက်နေသည်ကတစ်ကြောင်းကြောင့် နွေးနေလေ
သည်။

www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့အိပ်ပျော်နေကြစဉ် နံနက်စောစောအချိ
ရောက်တော့ တစ်စုံတစ်ယောက်က ရေဖြင့်ပက်လိုက်သဖြ
လန့်နိုးလာကြသည်။

ကြည့်လိုက်တော့ သူတို့ကိုယ်ပေါ်မှာ ရေများရွှဲနေ
သည်။

"ငါတို့ကို ဘယ်သူရေနဲ့ပက်သွားတာလဲ"

"ဒီနေရာမှာတော့ ဘယ်သူမှမရှိပါဘူး၊ ငါးတစ်ကော
အမြီးခတ်သွားတာပဲဖြစ်မှာပေါ့"

ဟုပြောဆိုကာ နေရာမှထပြီး ကြည့်လိုက်တော့ ရေ
ကာနီးနေပေပြီ။

"ရေတောင်စစ်နေပါရောလား၊ တော်ပါသေးရဲ့ကွာ
အချိန်မီနိုးလာလို့၊ မဟုတ်ရင် မီမှာတောင်မဟုတ်တော့ဘူး"

"ဒါဖြင့်ရေနဲ့လာပက်တဲ့သူကိုပဲ ကျေးဇူးတင်ရတော
ပေါ့"

ဟုပြောဆိုကာ အဝတ်အစားလဲလှယ်ပြီး ရေထဲဆ
ကြလေသည်။

ဂူအတွင်းဘက်မှာနေရောင်ခြည်မရှိသောကြော
ပင်လယ်ရေကအေးနေလေသည်။ လိုဏ်ခေါင်းအတွင်းမှာ
ရေစူးမနက်လှပေ. . ။

သို့ကြောင့် မည်သည့်ပစ္စည်းကိရိယာမှ အသုံးပြု
မလိုဘဲ ငုပ်နိုင်ကြလေသည်။

ပင်လယ်ရေစီးကြောင်းရှိသော အပြင်ဘက်မှာ





ရေစီးကြမ်းသောရေထရက်များတွင် ရေငုပ်၍ အဆင်မပြေလှ
ပေ။

ထို့ကြောင့် ရေသေရက်များရောက်တော့မှသာ ကမာ
ကောင်ငုတ်ယူသော အလုပ်ကိုလုပ်ကိုင်လေ့ ရှိကြသည်။ ရေသေ
ရက်ကိုတော့ လဆန်းပဲဖြစ်စေ၊ လဆုတ်ရက်ပဲဖြစ်စေ. . လစဉ်
(၈)ရက်နေ့မှ (၁၂)ရက် (၁၃)ရက်အထိ သတ်မှတ်ကြသည်။

ရေသေရက်တွင် ရေစီးမကြမ်းလှသေးသဖြင့် ရေငုပ်
ရတာ အဆင်ပြေသည်။

ထိုရက်များမှကျော်လျှင် ရေထရက်ရောက်လာပြီ ဖြစ်
သဖြင့် ရေစီးကြမ်းလာပြီဖြစ်ရာ ရေငုပ်ရသည်မှာ အဆင်မပြေ
တော့ပေ။

လဆန်း၊ လဆုတ်၊ (၁၄)ရက်နေ့ရောက်လျှင် ရေငုပ်
သောအလုပ်များ သိမ်းဆည်းပြီး ပြန်နားလေ့ရှိကြသည်။

နီမောင်တို့ရောက်နေသော လိုဏ်ခေါင်းအတွင်းမှာ
တော့ ရေတက်ရေကျသာရှိပြီး ရေစီးကြမ်းခြင်းမျိုးမရှိပေ။

ထိုနေရာသို့ ကမာကောင်များ ရောက်နေကြခြင်းမှာ
လည်း ရေစီးကြောင်းဖြင့်ပါလာခြင်းမျိုး မဟုတ်ပေ။ အပြင်ဘက်
မှ ပင်လယ်ဒီရေက တွန်းတင်လိုက်ရာမှ လိမ့်ပါလာခြင်းဖြစ်ရာ
လိုဏ်ခေါင်းအတွင်းရောက်တော့ တင်ကျန်နေခဲ့ကြခြင်း ဖြစ်
ပေသည်။

နီမောင်တို့ သုံးယောက်မှာ ထိုလိုဏ်ခေါင်းအတွင်းသို့
နှစ်ခေါက်သုံးခေါက်မက ရောက်ဖူးကြသည်။

www.burmeseclassic.com



ရောက်တိုင်းလည်း ကမာကောင်အတော်များများ ရှာဖွေရကြသည်။ သို့သော် ကုန်သွားသည်တော့မရှိပေ။

ရက်အတန်ကြာသည်နှင့်ပင် ပင်လယ်ဒီရေနှင့်အတူ ပါလာသော ကမာကောင်များက ထပ်မံရောက်နေကြပြန်လေသည်။

ထို့ကြောင့် သုံးလေးလခန့်ကြာသောအခါ ထိုလိုဏ်ခေါင်းရှိရာသို့ တစ်ကျော့ပြန်လာကြခြင်းဖြစ်ပေသည်။ တစ်ခုထူးသည်က ထိုကျွန်းသို့ အခြားကမာကောင်ရှာဖွေသူက မလာကြပေ။

မလာဝံ့သောကြောင့် မလာကြခြင်းလည်း ဖြစ်ပေလိမ့်မည်။ ထိုအနေကပင် သူတို့အတွက် လွတ်လွတ်လပ်လပ်ရှိနိုင်လောက်သောအခြေအနေမျိုး ဖြစ်နေပေတော့သည်။

သုံးယောက်သား အဝတ်အစားလဲပြီးသည်နှင့် ကမာကောင်ရှာဖွေခြင်းကို စတင်ကြလေတော့သည်။

ငုတ်၍ရသော ကမာကောင်တို့ကို လှေပေါ်မှာတင်လာသော ရေငန်ထည့်ထားသော သစ်သားစည်အတွင်းသို့ ထည့်ထားလေသည်။

ထိုသို့လှောင်ထားရာမှာတော့ ရေထဲသို့ ဆီမကျစေရနှင့် မသန့်ရှင်းသော ရေမဖြစ်စေရန်တော့ များစွာဂရုစိုက်ရသည်။

မဟုတ်ပါက ကမာကောင်များ သေပြီး ပုတ်တတ်လေသည်။

သုံးယောက်စလုံး ရေငုတ်ကျွမ်းကျင်သူများဖြစ်ကြသ





ဖြင့် ရေမပြည့်ခင်မှာပင် ကမာကောင်အတော်များများ ရကြလေသည်။

လိုဏ်ခေါင်းကြီးမှာ အတော်ပင်ကျယ်ဝန်းလှပြီး ရေကလည်း နက်သည့်နေရာနက်၊ တိမ်သည့်နေရာတိမ်သည်။

ရေစစ်ချိန် (ရေကျချိန်) ဖြစ်နေသောကြောင့် မည်သည့်နေရာမှာပင်ငုပ်ငုပ် ရေစူးမနက်ကြပေ။

သုံးယောက်သား တက်ညီလက်ညီဖြင့် ရှာဖွေကြရာ ရေတက်လာသောအချိန်တွင် ကမာကောင်အတော် များများ ရကြလေသည်။

ရေတက်ပြီဖြစ်သော်လည်း လိုဏ်ခေါင်းထဲမှာတော့ အပြင်ဘက်မှာလို ရေစီးကြောင်းများ၊ လှိုင်းများ၊ ရေစီးကြမ်းခြင်းမျိုးမရှိသောကြောင့် အခက်အခဲမရှိကြပေ. . .။

လိုဏ်ခေါင်းထဲမှာ ရေအတော်များလာပေပြီ၊ အချိန်ကလည်း နံနက်ပိုင်းအချိန်ကျော်လာပြီဖြစ်သဖြင့် ရေငုပ်ခြင်းကို ရပ်လိုက်ကြသည်။ လှေပေါ်ပြန်တက်ပြီး အစားအသောက်များ ချက်ပြုတ်ရန်ပြင်ကြသည်။

"ငမဲအောင်ရေ ထမင်းချက်ရင် ပိုချက်ဟေ့"

နီမောင်စကားကြောင့် ငမဲအောင်က ပြန်မေးသည်၊

"ဘယ်သူကျွေးဖို့လဲ"

"မနေ့ကလူတွေတွေ့ရင် ကျွေးရတာပေါ့"

"မင်းကတော့ ကြံကြံဖန်ဖန် အတော်လုပ်တယ်"

"ငါက ကြံကြံဖန်ဖန်လုပ်တာမဟုတ်ပါဘူးကွာ၊ သရဲပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် ကိုယ်ကစေတနာနဲ့ ဆက်ဆံရင် သူဘက်ကလည်း ကိုယ့်အပေါ်မှာ အန္တရာယ်မပေးဘူးပေါ့"

ဟုပြောသဖြင့် ငမဲအောင်လည်း ဘာမှထပ်မပြောတော့ဘဲ အိုးထဲသို့ ဆန်ပိုထည့်ကာ ထမင်းချက်လေသည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က အစားအသောက်များ ချက်ပြုတ်နေကြစဉ် နီမောင်က ဓားတစ်လက်ကို ယူပြီး ကမ်းပေါ်သို့တက်သွားလေသည်။

သူသည် ကျောက်တုံးကျောက်ဆောင်များရှိသော နေရာဘက်သို့ လျှောက်လာသည်။

ထိုနေရာရောက်တော့ ကျောက်တုံးများကြားမှာ ကျနေသည့် ပန်းကန်တစ်ချပ်ကို တွေ့ရသည်။

ညကထမင်းထည့်ပေးလိုက်သည့် ပန်းကန်ပင် ဖြစ်သည်။ နီမောင်က ပန်းကန်ကို ကောက်ယူပြီး ကျောက်တုံးပေါ်သို့တင်ထားခဲ့ပြီး အပေါ်သို့ ဆက်တက်လာသည်။

အပေါ်နေရာမှာတော့ ဂူပေါက်အချို့တွေ့ရသည်။ မရောက်နိုင်သော နေရာမှာရှိသည့် ဂူပေါက်များဖြစ်ပြီး အတွင်းမှာ မှောင်နေလေသည်။

အချို့အပေါက်များမှာ လူတစ်ယောက်ဝင်သာလောက်အောင်ကျယ်သော်လည်း အချို့နေရာမှာရှိသည့် ဂူပေါက်များကတော့ မကျယ်လှပေ. . .။

တစ်နေရာရောက်တော့ အပေါ်သို့တက်နိုင်သော လိုဏ်ခေါင်းပေါက်တစ်ခုကို တွေ့ရသဖြင့် အပေါ်သို့တက်ခဲ့





သည်။ ကျောက်စွန်း၊ ကျောက်ဖုများရှိသောကြောင့် တက်သွား၍ရပေသည်။

လိုဏ်ခေါင်းပေါက်ဆုံးသွားတော့ ကျောက်ချပ်နှစ်ခုမှ ဟနေသော ကြားကိုတွေ့ရပြန်သည်။

ကျောက်ကြားမှာလည်း အတန်အသင့်ကျယ်သောကြောင့်လူတစ်ယောက်တက်နိုင်၊ ဆင်းနိုင်သော အနေအထားမျိုးရှိလေသည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဓားကို ခါးထိုးပြီး ကျောက်ချပ်နှစ်ခုကြားမှ အပေါ်သို့တက်သွားလေသည်။ အခက်အခဲမရှိသောကြောင့် သိပ်တော့ကြာကြာမတက်လိုက်ရဘဲ အပေါ်သို့ ရောက်သွားလေသည်။

ကျောက်ချပ်ကြားမှအပေါ်ရောက်သည်နှင့် တောထဲသို့ ရောက်သွားခြင်းဖြစ်သည်။

အပေါ်သို့ရောက်သည်နှင့် ထူးခြားမှုတစ်ခု တွေ့ရလေသည်။ အခြားတော့မဟုတ်ပေ။

ကျောက်တုံးတစ်တုံးပေါ်မှာ ပုံထားသော ပန်းပွင့်များကိုတွေ့ရခြင်းဖြစ်သည်။

တောထဲ၌ပွင့်သော ပန်းများနှင့် သစ်ခွပန်းများပင်ဖြစ်သည်။ ထိုပန်းပွင့်များမှာ ကြွေကျနေခြင်းမဟုတ်ပေ၊ တစ်စုံတစ်ယောက်က ခူးပြီးပုံထားခြင်းဖြစ်နိုင်ပေသည်။

သို့ဆိုပါက ထိုနေရာတစ်ဝိုက်တွင် တစ်စုံတစ်ယောက်ရှိနေပုံရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က အပေါ်ရောက်တုန်းရောက်ခိုက် အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်ကြည့်ရန်ဆုံးဖြတ်ပြီး ထိုနေရာမှ ထွက်လာခဲ့သည်။

ထိုနေရာတစ်ဝိုက်မှာတော့ အတော်ပင်နက်သည်. .။ အောက်ခြေတွင် ချုံနွယ်ပိတ်ပေါင်း ထူထပ်သလို သစ်ပင်မြင့်ကြီးများကလည်း နေရာမလပ်အောင် ရှိနေကြသည်။

ထိုသစ်ပင်မြင့်ကြီးများပေါ်တွင် ကြောင်မြီးတူသစ်ခွ၊ စာကလေးသစ်ခွကဲ့သို့သော သစ်ခွပန်းခိုင်များ ရှိနေကြသည်။

ကြောင်မြီးတူက အပြာရောင်ဖြစ်ပြီး၊ စာကလေးသစ်ခွက အဝါရောင်ဖြစ်သည်။

နီမောင်က ဓားတစ်လက်ကိုင်ကာ ထိုနေရာတစ်ဝိုက်သို့လိုက်ကြည့်သောအခါ အလောင်းတင်သော လေးတိုင်စင်အဟောင်းများကိုသာတွေ့ရသည်။

စင်ပေါ်မှာတော့ အလောင်းများက မရှိတော့ပေ။ သေသူ၏ ပစ္စည်းများကိုသာ အချို့တွေ့ရတော့သည်။ သို့သော် သုံးမရတော့လောက်အောင် ပျက်စီးနေသည့် ပစ္စည်းများသာ ဖြစ်ပေသည်။

တစ်နေရာရောက်တော့ အသံတစ်သံကို ကြားရလေသည်။

"အလောင်းကောင်ရေ. . ထ. . ထ. .၊
ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ဟူသော မသဲကွဲသောအသံဖြင့် ပြောနေသည့် အသံ





ပင်ဖြစ်ပေသည်။

"ဟင်. . . "

ထိုအသံကြားရသဖြင့် ခြေလှမ်းကို ရပ်တန့်လိုက်သည်။ တဆက်တည်းမှာပင် သူ့ဖခင်ဦးဘရှိန်ပြောပြဖူးသော စကားများလည်း ကြားယောင်မိလေသည်။

"တစ္ဆေကျွန်းပေါ်မှာ. . အလောင်းကောင်ရေ. . ထ. . ထ. .၊ ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . ဆိုတဲ့ အသံကြားရပြီးရင် ဖုတ်ဝင်နေတဲ့ အလောင်းကောင်တွေ ရောက်လာတတ်တယ်"

ဟူသော စကားပင်ဖြစ်၏။

နီမောင်အနေဖြင့် ထိုကျွန်းပေါ်သို့ ရောက်ခဲ့ဖူးသော်လည်း ထိုအသံမျိုးလည်း မကြားဖူး၊ ထိုအဖြစ်အပျက်မျိုးကိုလည်း မကြုံဖူးသေးပေ။ ထို့ကြောင့် စိတ်ဝင်စားမှုတော့ ဖြစ်မိလေသည်။

"အလောင်းကောင်ရေ. . ထ. . ထ. .၊
ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ဟူသောအသံကို ထပ်ကြားရပြန်သည်။

ထိုအသံကြားရပြီး မရှေးမနှောင်းမှာပင် တောတိုးလာသောအသံကို ကြားလာရသည်။

"အဖေပြောတာတော့မှန်နေပြီ၊ ဒီအသံဟာ အလောင်းကောင်ထလာတာပဲ ဖြစ်ရမယ်၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ လှေရှိတဲ့ဆီပြန်သွားရင် ကောင်းမလား၊ ဒါမှမဟုတ် မြင်ဖူးဘာယ် ရှိအောင် စောင့်ကြည့်ရင်ကောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုတွေးတောနေစဉ်မှာပင် တောတိုးလာသော ခြေသံ တဖြည်းဖြည်းနီးလာလေသည်။

နေ့အချိန်ဖြစ်သောကြောင့် ကြောက်ရွံ့စိတ်တော့ သိပ် မရှိလှပေ။

ခြေသံနီးလာတော့ သစ်ပင်တစ်ပင်နံဘေးသို့ ဝင်ကပ် ပြီး အခြေအနေ စောင့်ကြည့်နေသည်။

ထိုသို့စောင့်နေစဉ်မှာ ခေါင်းထဲမှာ အပုတ်နံ့လိုလို ရ လာသည်။ သို့သော် ချက်ခြင်းပျောက်သွားပြီး ပန်းရနံ့များရလာ ပြန်သည်။

"အလောင်းကောင်ထလာရင်တော့ အပုတ်နံ့ပဲရမှာ သေချာတယ်၊ အခုပန်းရနံ့တွေပါရလာတော့ နည်းနည်းတော့ ထူးဆန်းသလိုပဲ. . ."

ဟုတော့ စိတ်ထဲမှ တွေးမိသည်။

ထိုအချိန်မှာပင် တောထဲမှ လူတစ်ယောက်ထွက်လာ သည်။ ဆံပင်ဖားလျားချထားသော မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

အသက် (၂၀)ကျော်လောက်သာရှိသေးပြီး ဦးခေါင်း ပေါ်မှာ ပန်းမျိုးစုံတို့ကို ဝေနေအောင်ပန်းထားလေသည်။ ပန်း ရနံ့များက ထိုနေရာမှ ရနေခြင်းဖြစ်သည်။

တောတွင်းမှထွက်လာသော မိန်းမပျိုက ဟိုဟိုဒီဒီကြည့် ရင်းနှင့် နီမောင်ရပ်နေသည့် သစ်ပင်နားသို့ ရောက်လာလေ သည်။





သူမရောက်လာသောနေရာမှာ နီမောင်ရှိနေသောနေ ရာနှင့် သစ်ပင်တစ်ပင်သာခြားသော အနေအထားမျိုးရှိတော့ သည်။

နီမောင်က ရှေ့ဆက်သွားမည်ဟုထင်သော်လည်း. . . မသွားဘဲ ထိုနေရာမှာပင် ရပ်နေသဖြင့် သစ်ပင်နောက်မှ ထွက် လိုက်ရသည်။

မျက်နှာချင်းဆိုင်မိတော့မှ မှတ်မိသလိုဖြစ်သွားလေ သည်။

"နင်က ဖုတ်ဝင်နေတဲ့အလောင်းလား"

"ဟုတ်တယ်"

"သေတာသိပ်မကြာသေးဘူးနဲ့တူတယ်၊ လူကောင်း အတိုင်းပဲရှိပါသေးလား"

"ဟုတ်တယ်. ."

"နင့်ကိုမြင်တော့မှ မှတ်မိလာတယ်၊ မနေ့ညနေပိုင်းက ဝင်လယ်ရေစပ်က ကျောက်တုံးပေါ်မှာ ထိုင်နေတာ နင်ပဲမဟုတ် သား"

"ဟုတ်တယ်. . ."

ထိုမိန်းမပျိုက ထွေထွေထူးထူးပြန်မပြောဘဲ ဟုတ်တယ် တစ်ခွန်းဖြင့်သာ တုံ့ပြန်လေသည်။

"နင်စကားမပြောတတ်ဘူးလား"

"ဟုတ်တယ်"

"နင်က ဖုတ်ဝင်နေတဲ့အလောင်းတစ်ကောင်သား ဆိုပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ကြောက်စရာတော့ မကောင်းလှဘူး၊ မသိရင် လူလိုပဲ"

"ဟုတ်တယ်"

"ဒါထက် နင်တို့ကို အသက်သွင်းပေးတာ ဘယ်သူလဲ"

"ရှင်သူငယ်. . ."

"ဟင်. . နင်စကားပြောတတ်သားပဲ၊ ရှင်သူငယ်ဆိုတာ ဘယ်သူလဲ၊ သူကဘယ်နေရာမှာရှိတာလဲ"

"ဂူထဲမှာရှိတယ်"

"နင်တို့က ဘယ်မှာနေတာလဲ၊ ဂူထဲမှာပဲနေတာလား"

"ဟုတ်တယ်. ."

"ရှင်သူငယ်ကို ငါကြည့်ချင်တယ်. . ၊ ငါ့ကိုခေါ်သွားမလား"

"ငါတို့နေတဲ့နေရာက တမလွန်လောကလို့ ခေါ်တယ်။ ရောက်ပြီးရင် ပြန်လာလို့မရတော့ဘူး"

ထိုစကားကြောင့် ရွှေဆက်မပြောသာတော့ပေ။

"မနေ့က ဂူထဲမှာတွေ့လိုက်တဲ့ သရဲနဲ့တူတဲ့ လူသုံးယောက်က နင်တို့ဆီကလား"

"ဟုတ်တယ်. ."

"ဒါဖြင့် ငါတို့အိပ်ပျော်နေတုန်း ရေနဲ့လာပက်တာ ဘယ်သူလဲ"

"ငါပက်တာ. ."

"ကျေးဇူးတင်ပါတယ်ဟာ၊ နင်က သရဲဘဝရောက်နေပေမယ့် ခင်ဖို့ကောင်းပါတယ်၊ ငါတို့က တစ်ခါတလေမှ လာကြ





တာဆိုတော့ ငါတို့ကိုတော့ အနှောင့်အယှက်မပေးကြပါနဲ့"

"မပေးပါဘူး၊ တခြားလူတွေဆိုရင် ဒီလိုဏ်ခေါင်းထဲ ကိုဝင်ခွင့်မပေးဘူး၊ ဝင်တာနဲ့ သတ်ပစ်လိုက်ကြတယ်၊ နင်တို့ကိုတော့ သူတို့က အန္တရာယ်မပေးကြပါဘူး"

"သူတို့ဆိုတာ ဘယ်သူတွေလဲဟင်"

"ငါတို့နဲ့နေတဲ့ လူသရဲတွေကို ပြောတာ. . ."

လူသရဲဆိုသော စကားကြောင့် ထူးဆန်းသလိုဖြစ်သွားလေသည်။

"လူသရဲဆိုတာ လူလား၊ သရဲလား"

"သရဲနဲ့တူတဲ့လူကိုပြောတာ. . ."

"ထူးဆန်းလိုက်တာ တစ်ခါမှ မကြားဖူးသေးဘူး"

"နင်တို့ဒီနေရာကို ဘာလာလုပ်ကြတာလဲ"

"ကမာကောင်လိုချင်လို့ လာရှာကြတာ"

"ကမာကောင်တွေအများကြီး စုပုံနေတဲ့ တစ်နေရာရှိတယ်"

"ဟင်. . ဘယ်နေရာလဲ"

ထိုမိန်းကလေးက ဘာမှပြန်မပြောပဲ ငြိမ်နေလေသည်။ မောင်ကလည်း ဆက်မမေးဝံ့ပေ။

"နောက်တော့ ငါပြပေးပါ့မယ်"

"ငါ့နောက်တစ်ခေါက်လာရင် နင်နဲ့လည်း တွေ့ချင်သေးတယ်၊ နောက်ပြီး ရှင်သူငယ်ကိုလည်း တွေ့ချင်သေးတယ်၊ လာခဲ့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"လာပေါ့. . ."

ဟုပြောပြီး နေရာမှ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"နေ. . နေပါဦး၊ နင့်နာမည်က ဘယ်သူလဲ"

ကဗျာကရာလှမ်းမေးလိုက်သည်။

သူမက နောက်သို့လှည့်ကြည့်လိုက်ပြီး. . .

"ကမာနီ. . ."

ဟုပြောသည်။

"နင့်နာမည် ကမာနီ ဟုတ်လား၊ ငါ့နာမည်က နီမောင် လို့ခေါ်တယ်၊ ငါကိုမှတ်ထားနော်. . နောက်တစ်ခါလာလို့တွေ့ ကြရင် ငါ့ကို ကမာကောင်တွေ အများကြီးရှိတဲ့နေရာကို ပြပေး ပါနော်"

ဟုပြောလိုက်ရာ ခေါင်းညိတ်ပြပြီးနောက် တောတွင်း သို့ ပြန်ဝင်သွားလေတော့သည်။

နီမောင်မှာသာ နေရာ၌ တအံ့တသြဖြစ်ကာ ကျန်ရစ် လေတော့သည်။





# အခန်း (၉)

## တစ္ဆေကျွန်းသို့သွားလိုသောသူ

တစ်နေ့သ၌ မြင်သာရွာသို့ ကတ္တူလှေကြီးတစ်စင်း ရောက်လာလေသည်။ ပင်လယ်သွားလာနိုင်သော ကတ္တူလှေ မျိုးအစားဖြစ်ပြီး ရွက်ဖွင့်၍ဖြစ်စေ စက်ဖြင့်ဖြစ်စေ သွားလာ နိုင်အောင် ပြုလုပ်ထားသော စက်လှေကြီးမျိုးဖြစ်သည်။

စက်ဖြင့်သွားလာသောအခါ ရွက်တိုင်ကိုခေါက်လှဲ ထားပြီး လေကြောင်းသင့်သောအခါ စက်ကိုရပ်ပြီး ရွက်တပ် ၍ သွားလာနိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်လှေအမည်မှာ 'ပင်လယ်ကျား' ဟုအမည်ပေးထား သည်။ ထိုစက်လှေကို စီမံအုပ်ချုပ်သူမှာ ယောကျ်ားတစ်ယောက် တော့မဟုတ်ပေ။ မေရီချို ဆိုသော ပသျှူးမတစ်ဦးဖြစ်သည်။

အသက်အရွယ်က (၂၉)နှစ် (၃၀)နီးပါးရှိပြီး အသား ညိုညိုနှင့် ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သူ၊ စိတ်ကြမ်းလူကြမ်း အမျိုးသမီးတစ်ယောက်ဖြစ်သည်။

အမျိုးသမီးတစ်ယောက်ဟုဆိုသော်လည်း ယောကျ်ား များကို စီမံအုပ်ချုပ်ပြီး လှိုင်းကြမ်း၊ လေကြမ်း၊ ပင်လယ်ကြမ်း ခရီးမျိုး သွားလာနေသူဖြစ်သဖြင့် စိတ်ကြမ်းလူကြမ်းဖြစ်နေသည် ကတော့ အဆန်းမဟုတ်ပါချေ။

သို့သော်. . ရုပ်ရည်ကတော့ ဆိုးဆိုးဝါးဝါး မရှိလှပေ ပသျှူးအမျိုးသမီးဖြစ်သောကြောင့် အသားညိုညိုနှင့် ကိုယ်လုံး ထည်ဖွံ့ဖြိုးတောင့်တင်းသည်။

မျက်ခုံးထူထူ၊ မျက်လုံးနက်နက်၊ နှုတ်ခမ်းထူထူနှင့် ဆောင်မှုရှိသော ရုပ်ရည်မျိုးတော့ရှိသည်။

ရှပ်အင်္ကျီနှင့် ဘောင်းဘီပွပွကို ဝတ်ဆင်ပြီး သေနတ် တစ်လက်ကို ကိုယ်နှင့်မကွာ ဆောင်ထားတတ်သူဖြစ်သည်။ ရှေးအခါကပင် ပင်လယ်ပြင်၌ ယောကျ်ားခေါင်းဆောင်သော ပင်လယ်ဓားပြအဖွဲ့များ ရှိခဲ့ကြသလို မိန်းမခေါင်းဆောင်သော ပင်လယ်ဓားပြအဖွဲ့များလည်း ရှိခဲ့ကြသည်။

သင်္ဘောနှင့် ကတ္တူစက်လှေများကို ယောကျ်ားများ ဦးဆောင်ပြီး သွားလာနေကြသလို မိန်းမများက ဦးစီးပြီး သွားလာ





နေသော စက်လှေများ၊ ကတ္တူလှေများလည်း ရှိခဲ့ကြသည်။

အများအားဖြင့် ပသျှူးမိန်းမများဖြစ်ကြသည်။ ကိုယ်လုံး ကိုယ်ထည် တောင့်တင်းကြံ့ခိုင်သလို သတ္တိလည်းကောင်းသည်။

သတ်ဖြစ်ရမှာလည်း ဝန်မလေးတတ်သူဖြစ်သည်။ တော်ရုံယောကျ်ားဆိုလျှင် ယောကျ်ားဟုထင်ကြသူများ မဟုတ် ပေ။

တစ်ခါက ပင်လယ်ပြင်မှာသွားရင်း သင်္ဘောသားတစ် ယောက်က မေရီချိုကို အတင်းအဓမ္မကြိုးစားခဲ့သည်။ ထိုလူကို မထနိုင်အောင်ပြုလုပ်ပြီးနောက် ငယ်ပါကိုဖြတ်တောက်ပြီး ပင် လယ်ထဲပစ်ချထားခဲ့ဖူးသည်။

နောက်ပိုင်းတော့ ဘယ်သူကမှ မထိဝံ့ မစဝံ့ကြတော့ ပေ။ ပင်လယ်ထွက်လျှင် မေရီချိုနှင့် အဖော်အဖြစ်လိုက်ကြသည့် အခြားအမျိုးသမီးနှစ်ယောက်လည်း ပါသေးသည်။

'ကြီးခိ'နှင့် 'မာလူး'ဆိုသောမိန်းမနှစ်ယောက်ဖြစ်ပြီး အသက်(၃၀)ဝန်းကျင်ခန့်သာရှိသေးပြီး ၎င်းတို့နှစ်ယောက်လည်း စိတ်ကြမ်းကိုယ်ကြမ်းဖြစ်ကြသည်။ ပင်လယ်ထွက်သည့် အစား အသောက်ချက်ပြုတ်ခြင်းများကို သူတို့နှစ်ယောက်ကပင် တာဝန် ယူကြလေသည်။

၎င်းတို့နှစ်ယောက်မှာ မေရီချိုအတွက်တော့ လက်ရုံး များဖြစ်ကာ ယောကျ်ားများကဲ့သို့ အားကိုးကြရပေသည်။

ပင်လယ်ကျားစက်လှေပေါ်မှာ လူ(၁၀)ယောက်ခန့်ပါ သည်။ ယောကျ်ား (၇)ယောက်နှင့် မိန်းမ(၃)ယောက်တို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။

ယောက်ျားများကို စီမံအုပ်ချုပ်သူမှာ ထွန်းမောင်ကျော် ဆိုသူဖြစ်ပေသည်။ သူလည်း အသက်(၃၅)နှစ်အရွယ်ခန့်ရှိပြီး ကြမ်းကြမ်းတမ်းတမ်း စီမံအုပ်ချုပ်တတ်သူဖြစ်ပေသည်။

မေရီချို့တို့က မြန်မာနိုင်ငံဘက်မှာ နေထိုင်ကြသူများ မဟုတ်ပေ။ ပါချန်မြစ်တစ်ဖက်ကမ်းမှာရှိသော ရနောင်းမြို့မှာ နေကြသူများဖြစ်သည်။

ရနောင်းမြို့သည် ပါချန်မြစ်တစ်ဘက်ကမ်း ယိုးဒယား ပိုင်နက်ထဲမှာပါဝင်သော မြို့တစ်မြို့ဖြစ်သည်။

မြန်မာနယ်နိမိတ်အစွန်း ကော့သောင်းမြို့နှင့် တစ် ဖက်ကမ်းစီရှိကြလေသည်။ ပါချန်မြစ်ကို အလယ်ခေါင်မှ ပိုင်း ခြားထားခြင်းဖြစ်သည်။ အရှေ့ဘက်ခြမ်းက ယိုးဒယားပိုင်နက် ဖြစ်ပြီး၊ အနောက်ဘက်ခြမ်းကား မြန်မာပိုင်နက်ဖြစ်သည်။

ပါချန်မြစ်က ပင်လယ်ရောက်သည်အထိ စီးဆင်းသော မြစ်တစ်စင်းဖြစ်ရာ ပင်လယ်ဝတိုင်အောင် နယ်နိမိတ် ခွဲခြား သတ်မှတ်ထားကြလေသည်။

ဗြိတိသျှခေတ်ကတော့ အဝင်အထွက်၊ အသွားအလာ ကိစ္စများကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားခြင်းမျိုး မရှိ ဟိုဘက်ဒီဘက် လွတ်လွတ်လပ်လပ် ဝင်ထွက်သွားလာခွင့် ပြု ထားလေသည်။

ယခုခေတ်ကာလမှာတော့ ကူးတို့စက်လှေများဖြင့် ဟို ဘက်ဒီဘက်သွားလာကြရာ ကော့သောင်းအထွက် မြေကွက်





တွင် မြန်မာဘက်မှ စစ်ဆေးသည်။ ချက်ပွိုင့်တွင် ယိုးဒယား ဘက်မှ စစ်ဆေးရေးဂိတ်ထားပြီး စစ်ဆေးကြသည်။

ချက်ပွိုင့်ကိုကျော်သွားလျှင် ယိုးဒယားနယ်နိမိတ်အ တွင်းသို့ ရောက်သွားပေသည်။

ပါချန်မြစ်အရှေ့ဘက်ကမ်းမှာတော့ ယိုးဒယား၏ ဆိပ် ကမ်းမြို့ဖြစ်သော ရနောင်းမြို့ရှိသည်။

ရနောင်းမြို့၏ ဖန်ဖလားဆိပ်ကမ်းသည် များစွာစည် ကားလှသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်သလို ငါးလုပ် ငန်းသမားတို့ ဝင်ထွက်သွားလာသော နေရာတစ်ခုလည်း ဖြစ်ပေ သည်။

ဝါလတ်၊ ဝါတန်းဟုခေါ်သော. . ရေးဟောင်းငါးဖမ်း သင်္ဘောကြီးများ၊ လှေကြီးများမှစပြီး၊ ကတ္တူလှေ၊ စက်တပ်လှေ တို့ အများအပြားဝင်ထွက်သွားလာနေသော ဆိပ်ကမ်းမြို့တစ်မြို့ လည်းဖြစ်ပေသည်။

မေရီချို့တို့က ရနောင်းမြို့မှာနေကြသည်။

ဗြိတိသျှခေတ်က ရနောင်းမြို့တွင် ယိုးဒယားလူမျိုး၊ ပသျှူးလူမျိုးတို့ အများဆုံးနေကြသည်။

မေရီချို့တို့နေသောအိမ်ကြီးက ကမ်းစပ်နှင့် မနီးမဝေး တွင်ရှိသည်။ မေရီချို့မိဘများက ငါးဖမ်းသောလုပ်ငန်း အု ဆောင်ထားကြသည်။

မေရီချို့က ငါးဖမ်းသောအလုပ်ကို ဝါသနာမပါလှပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကတ္တူစက်လှေတစ်စင်းထူထောင်ကာ အရောင်းအဝယ်လုပ်ငန်း သွားလာလုပ်ကိုင်နေသူဖြစ်သည်။

ပထမတော့ ကော့သောင်း၊ မြိတ်၊ ထားဝယ်စသောမြို့များသို့ လှည့်လည်သွားလာကာ အရောင်းအဝယ်ပြုလုပ်လေသည်။

ယိုးဒယားနယ်ဘက်မှထွက်သော အစားအသောက် အသုံးအဆောင်နှင့် ကုန်ပစ္စည်းများကို ယူဆောင်သွားပြီး မြန်မာပြည်ဘက်မှာရောင်းချသည်။

မြန်မာပြည်ဘက်မှထွက်သော ကုန်ပစ္စည်းများကို ဝယ်ယူသွားပြီး ယိုးဒယားဘက်မှ ပြန်ရောက်လေသည်။

ဤနည်းဖြင့် စီးပွားရေး အဆင်ပြေကာ တိုးတက်မှုရှိပေသည်။ ရှေးအခါက ဗြိတိသျှများ မရောက်လာခင်အချိန်တ ပင်လယ်ပြင်မှာ သွားလာရတာ အဆင်မပြေလှပေ။

ပင်လယ်ဓားပြများရန် ကြောက်ကြရသဖြင့် ဝေးဝေးလံလံ နေရာများသို့ မသွားလာဝံ့ကြပေ။

နောက်ပိုင်း ဗြိတိသျှများ ဝင်ရောက်လာပြီး ရေတပ် ပင်လယ်ဓားပြတို့ကို တိုက်ခိုက်နှိမ်နင်းလိုက်သောအခါမှ ပ လယ်ပြင်မှာ အေးချမ်းသွားခဲ့ခြင်းဖြစ်ပေသည်။

ထိုသို့ ပင်လယ်ပြင်မှာ သွားရေးလာရေး အဆင်ပြေ သွားသောကြောင့်လည်း ငါးဖမ်းထွက်သူများ၊ ကုန်ရောင်းကု ဝယ်သွားလာသူတို့ ပိုမိုများပြားလာလေသည်။

မေရီချိုတို့ အရောင်းအဝယ် စတင်လုပ်ကိုင်စဉ်က ယှ



ပြိုင်ပြုလုပ်မည့်သူ သိပ်မများသေးသောကြောင့် အဆင်ပြေခဲ့သည်။ နောက်ပိုင်း စီးပွားပြိုင်ဖက်များလာသောအခါ အဆင်မပြေလှတော့ပေ။

ကော့သောင်း၊ မြိတ်၊ ထားဝယ် စသောမြို့များမှာ လိုချင်သောပစ္စည်းများ မရတော့ပေ။

ထိုအခါ မေရီချိုက အစီအစဉ်တစ်မျိုး ပြောင်းလဲခဲ့သည်။ စီးပွားရေးနည်းဗျူဟာ ပြောင်းခဲ့ခြင်းဆိုက မမှားပေ။

ယခင်က ပင်လယ်ကျွန်းများမှ စတည်းချနေသူများ လာရောက်ရောင်းချသော ပစ္စည်းများကို စောင့်ဆိုင်းဝယ်ယူကြသည်။ ဒါမှမဟုတ်. . တဆင့်ဝယ်ယူထားသော ဒေသခံ၊ မြို့ခံ ကုန်သည်များထံမှ ပြန်ဝယ်ကြရသည်။

ထိုသို့ဝယ်ယူရာမှာတော့ ကြားခံကုန်သည်၊ ပွဲစားများက တန်ဖိုးမြှင့်ပြီး ရောင်းချကြသဖြင့် သူတို့အတွက် အကျိုးအမြတ်ကျန်သင့်သလောက် မကျန်တော့ပေ။

သို့ကြောင့် မေရီချိုက နည်းဗျူဟာပြောင်းလဲခြင်းဖြစ်ပေသည်။

ကျွန်းစုများမှ ကုန်ပစ္စည်းလာရောက်ရောင်းချသူတို့ကို ထိုင်စောင့်မနေတော့ဘဲ ၎င်းတို့နေထိုင်သော ကျွန်းစုများအထိ သွားရောက်ကာ ကုန်ပစ္စည်းများ ဝယ်ယူခြင်းပင်ဖြစ်သည်။

ထိုသို့သွားရောက်ဝယ်ယူသောအခါ ယူဆောင်သွားသော ကုန်ပစ္စည်းများကို ဈေးမြှင့်ရောင်းချနိုင်ပြီး၊ ဒေသခံများထံမှ ကုန်ပစ္စည်းများကို ဈေးနှုန်းသင့်တော်သလောက်ပေး၍

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူရရှိခဲ့ခြင်းပင်ဖြစ်သည်။

အသွားကုန် အပြန်ကုန် အမြတ်အစွန်းရခြင်းပင်ဖြစ်၏။

သို့ကြောင့် နောက်ပိုင်းမှာတော့ မြို့များသို့ မဝင်တော့ဘဲ. . ပင်လယ်ထဲမှ သွားနေကျကျွန်းစုများရှိရာသို့ တောက်လျှောက် မောင်းလာခဲ့ခြင်းဖြစ်သည်။

မေရီချို့တို့အလာများသောကျွန်းမှာ မြင်သာကျွန်းပင်ဖြစ်လေသည်။

မြင်သာကျွန်းတွင် သူမနှင့်သိကျွမ်းနေသော နီမောင်တို့ရှိကြလေသည်။

နီမောင်တို့မိသားစုက ထိုရွာမှာ ရောက်ရှိနေကြသည်မှာ အတော်ပင်ကြာခဲ့ပြီဖြစ်သောကြောင့် မြင်သာကျွန်းသာမကပဲ အခြားကျွန်းများ၊ ရွာများတွင် နေကြသူများနှင့်ပါ ခင်မင်သိကျွမ်းနေကြလေသည်။

ထို့ပြင် စီးပွားရေးလည်း သင့်တော်သလောက် အဆင်ပြေကြသဖြင့် ဒေသခံအလုပ်သမားများက ငွေကြေးလိုအပ်သဖြင့် ရှာဖွေရထားသော ကုန်ပစ္စည်းများလာရောက် ရောင်းချပါက ဝယ်ယူထားကြသည်။

အလုပ်သမားအတော်များများမှာ ဆင်းရဲကြသူများဖြစ်သဖြင့်ပင်လယ်ထဲမှ ရှာဖွေရသော ပစ္စည်းများကို သင့်တော်သောဈေးရလျှင်ပင် ရောင်းချသွားကြလေသည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့က သမီးဖြစ်သူ မေနှင်းကို အိမ်မှာ ဈေးဆိုင်တစ်ဆိုင် ထူထောင်ပေးထားကြသည်။





ဆန်၊ ဆီ၊ ဆားမှ စပြီး. . အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်း အတော်များများရနိုင်အောင်လည်း စုံလင်စွာ တင်ပေးထားသော ကုန်စုံဆိုင်ဖြစ်ပေသည်။

ထိုဈေးဆိုင်ကိုတော့ မေနှင်းက လုပ်ကိုင်ပြီး နီမောင်ကတော့ ကုန်ပစ္စည်းလိုအပ်မှသာ မြို့များသို့ သွားရောက်ဝယ်ယူပေးလေ့ရှိလေသည်။

တစ်နေ့တွင် မေရီချို့တို့၏ ပင်လယ်ကျားဟု အမည်ပေးထားသော စက်လှေကြီးသည် နီမောင်တို့အိမ်ဆိပ်သို့ ရောက်လာလေတော့သည်။

မေရီချို့တို့က မြင်သာကျွန်းသို့ ရောက်လာတိုင်း နီမောင်တို့အိမ်မှာပင်တည်းခိုပြီး လိုအပ်သောပစ္စည်းများ ဝယ်ယူကြလေသည်။

သူတို့စက်လှေရောက်လာတော့ နီမောင်ကိုယ်တိုင် ဆိပ်ကမ်းသို့သွားကာ ကြိုလေသည်။ မေရီချို့က နီမောင်ထက် အသက် (၃)နှစ်ခန့်ကြီးသည်။

"နီမောင်ရေ ဒီတစ်ခေါက်တော့ ပစ္စည်းအတော်များများ လိုချင်တယ်၊ မင်းတို့ဆီမှာရော အတော်စုမိထားပြီလား"

"ရတန်သလောက်တော့ ရထားပါတယ်"

"ငါတို့မလာတဲ့ရက်တွေမှာ ဒီကျွန်းတွေကို တခြားကုန်သည်တွေ လာကြသေးသလား"

"လာကြတယ်ထင်တယ်၊ ကျွန်တော်နဲ့တော့ မတွေ့ဘူး"

"မင်းကိုတော့ စိတ်ချပါတယ်၊ တခြားလူတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



ကြုံသလို ရောင်းကြတာပါပဲ”

နီမောင်က မေရီချိုကို ၄င်းအိမ်သို့ခေါ်သွားလေသည်။ အိမ်ရောက်တော့ ပင်လယ်ဒေသထွက် အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံလေသည်။

အိမ်ပေါ်ရောက်တော့ မေရီချိုကသူယူလာသော အထုပ်တစ်ထုပ်ကို နီမောင်အားပေးလေသည်။

“ယိုးဒယားဘက်မှာ ပစ္စည်းအသစ်အဆန်းလေးတွေထွက်လို့ မင်းတို့မောင်နှမအတွက် ဝယ်လာခဲ့တယ်၊ ကြည့်ပါဦး”

“ရပါတယ်မမရယ်၊ မမတို့က လာတိုင်းလက်ဆောင်ပစ္စည်းတွေ ယူလာကြတယ်၊ ကျွန်တော်တို့က ဘာမှပြန်မပေးနိုင်တော့ အားနာစရာဖြစ်နေပြီ”

“ဘာမှအားနာစရာမလိုပါဘူး၊ မင်းက လက်ဆောင်ပစ္စည်း ပြန်မပေးနိုင်ပေမယ့် ငါတို့အတွက် အကူအညီတွေ အများကြီးပေးနေတာပဲ၊ ဒီအကူအညီတွေက လက်ဆောင်ပစ္စည်းထက် ပိုပြီးတန်ဖိုးရှိပါတယ်”

နီမောင်က ပြုံးနေလေသည်။

ထို့နောက် မေရီချိုကိုယ်တိုင်ပင် သူယူလာသောအထုပ်ကို ဖြေပြရာ အတွင်း၌ အဝတ်အစားအသုံးအဆောင်ပစ္စည်းများကို တွေ့ရလေသည်။

ပြောရလျှင်တော့ ပင်လယ်ကျွန်းများတွင် နေသူများအတွက် တွေ့မြင်ဖူးခြင်းပင်မရှိသေးသော အသုံးအဆောင်များဖြစ်ကြလေသည်။





“အခုလို တကူးတကဝယ်လာပေးတာ ကျေးဇူးတင်ပါတယ်မမရယ်. . .၊ ကျွန်တော်နဲ့ပတ်သက်ပြီး အကူအညီလိုတာရှိရင်လည်း ပြောပါ၊ ကူညီပေးနိုင်တဲ့ကိစ္စဆိုရင် အကူအညီပေးပါ့မယ်”

ထိုစကားကြားသောအခါ မေရီချိုက သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။ ပြီးမှ စကားပြန်စလေသည်။

“မင်းကအကူအညီပေးမယ်ဆိုတော့လည်း အကူအညီတစ်ခုတော့ တောင်းချင်ပါတယ်”

“ဘာများပါလိမ့်”

“မင်းတစ္ဆေကျွန်းကို သိတယ်မဟုတ်လား”

နီမောင်က အံ့ဩသွားဖြင့် ခေါင်းညိတ်ပြလိုက်သည်။

“သိ. . သိပါတယ်”

“ရောက်ဖူးတယ်မဟုတ်လား”

“တစ်ခေါက်နှစ်ခေါက်တော့ ရောက်ဖူးပါတယ်”

“ကျွန်းပေါ်မှာတော့ ထွေထွေထူးထူး ဘာမှမရှိပါဘူး”

“ဒါဖြင့် ဘာတွေရှိသလဲ”

“အလောင်းတင်တဲ့ စင်တွေတော့ရှိတယ်၊ တခြားတော့ မတွေ့မိဘူး”

“အဲ့ဒီကျွန်းပေါ်မှာ လူတွေဘာတွေ နေတာရှိသလား”

“ဟင့်အင်း. . မတွေ့ဘူး”

မေရီချိုက အတော်ကြာအောင် စဉ်းစားနေပြီးမှ ဆက်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ ဒီတစ်ခေါက်တော့ အဲဒီကျွန်းဘက် တစ်ခေါက်သွားကြည့်ဖို့ စဉ်းစားထားလို့ပါ"

"ကျွန်းပေါ်မှာတော့ လူမနေကြဘူးမမ"

"ရပါတယ်. . ပစ္စည်းဝယ်ဖို့ သွားမှာမဟုတ်ပါဘူး၊ ဗဟုသုတအဖြစ်နဲ့ လေ့လာကြည့်ချင်လို့သွားမှာပါ၊ အဲဒီကျွန်းမှာ တစ်ရက်နှစ်ရက်လောက်တော့ နေချင်တယ်၊ ဒါမှ သေသေချာချာ လေ့လာကြည့်လို့ရမှာ၊ အဲ့ဒါ မင်းလိုက်ခဲ့ပေးပါ"

နီမောင်စိတ်ထဲမှာတော့ အတော်ကလေး ရှုတ်ထွေးသွားလေသည်။

တကယ်ဆိုလျှင် တစ္ဆေကျွန်းသို့ အခြားသူများကို ခေါ်မသွားချင်ပေ။

သို့သော်လည်း ယခုလို တကူးတက ခေါ်နေပြန်တော့လည်း ငြင်းပယ်၍ မကောင်းပြန်ပေ။ ထို့ကြောင့် သွားမည့်နေ့ရောက်ပါက လိုက်ပို့ပေးပါ့မည်ဟု ကတိပေးလိုက်ရပေတော့သည်။





# အခန်း (၁၀)

# ကျွန်းပေါ်မှ အန္တရာယ်များ

သူတို့အဖွဲ့ တစ္ဆေကျွန်းသို့ ရောက်သွားသောအချိန်မှာ နေ့လည်ပိုင်းအချိန်ပင်ရှိသေးသည်။ ထိုအချိန်မှာပင် တောထဲ၌ အလင်းရောင်မရှိတော့ပေ။ နေရောင်ခြည်မရှိဘဲ မှိုင်းအုံ့နေသည့် အတစ်ကြောင်း၊ တောထူထပ်သည်ကတစ်ကြောင်းကြောင့် အမှောင်ရိပ်များ သမ်းနေခြင်းဖြစ်၏။

မေရီချိုတို့၏ ပင်လယ်ကျားစက်လှေက ကျွန်းတစ်ပတ်

www.burmeseclassic.com



ကိုပြည့်အောင်မောင်းပြီးတော့မှ အနောက်ဘက်ကမ်းခြေ သင့်တော်သည့် တစ်နေရာ၌ ဝင်ရောက်ဆိုက်ကပ်ကြလေသည်။ စက်လှေပေါ်မှာတော့ မေရီချိုတို့အဖွဲ့က (၁၀)ယောက်ခန့်ရှိပြီး နီမောင်တို့က သုံးယောက်ဖြစ်သည်။

ကျန်နှစ်ယောက်ကတော့ စောထီးနှင့် ငမဲအောင်တို့ ဖြစ်ကြလေသည်။

နီမောင်စိတ်ထဲမှာတော့ လူသူမရှိသည့်ကတစ်ကြောင်း တစ္ဆေကြမ်းသည်ဟု နာမည်ကြီးလှသော ကျွန်းပေါ်သို့ မေရီချိုတို့ ဘယ်လိုအကြောင်းကြောင့် တကူးတက လာချင်ကြသည်ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

သို့သော်လည်း တကူးတက ခေါ်ပြန်တော့လည်း မငြင်းသာတော့ဘဲ လိုက်လာကြရခြင်းဖြစ်ပေသည်။

သူ့စိတ်ထဲမှာတော့ ထိုကျွန်းသို့ တစ်ခေါက်ပြန်ရောက်လာသောအချိန်တွင် ယခင်တစ်ခေါက်လာခဲ့စဉ်က တွေ့ခဲ့သော 'ကမာနီ'နှင့်တွေ့ရလေမလားဟု စိတ်ထဲမှ တွေးတောနေမိလေသည်။

စက်လှေကို သင့်တော်သည့်နေရာမှာ ဆိုက်ကပ်ပြီးနောက် မေရီချိုကပြောသည်။

"နီမောင် နင်ဒီကျွန်းကို ရောက်ဖူးတယ်မဟုတ်လား"

ထိုမေးခွန်းကို ရောက်စက မေးခဲ့ဖူးသည်။

"ရောက်ဖူးပါတယ်"

"ထူးခြားတာတွေ ဘာတွေ့မိသလဲ"





"တစ္ဆေခြောက်တယ်လို့တော့ ပြောသံကြားမိတယ်"

"နင်ရော တစ္ဆေနဲ့ မတွေ့ဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"မတွေ့မိဘူး"

"အဲဒီလိုခြောက်လှန့်တာတွေကို နင်ယုံသလား"

"ဝိညာဉ်လောကသားတွေရှိတယ်ဆိုတာတော့ လက်ခံပါတယ်"

"ဒါထက် ကျွန်းပေါ်မှာ လူတွေမတွေ့မိဘူးလား"

"မတွေ့မိပါဘူး၊ ဘာကြောင့်မေးတာလဲဟင်"

"ဘာမှတော့ အကြောင်းမရှိပါဘူး၊ ဒီလောက်ကြီးတဲ့ ကျွန်းဆိုတော့ လူတွေဘာတွေများနေသလားလို့ မေးကြည့်တာ"

ဟု စကားကိုပြန်လျော့ချလိုက်သည်။

ထို့နောက် လှေငယ်တစ်စင်းဖြင့် တောပေါ်တက်ရန် ဝင်ကြလေသည်။ တောပေါ်တက်သောအခါ နီမောင်တို့ သုံးယောက်အပြင် မေရီချိုတို့ကလည်း သုံးယောက်ပင်ဖြစ်သည်။

မေရီချို၊ ထွန်းမောင်ကျော်နှင့် ဖောခေါ်ဆိုသူတို့ ဖြစ်ကြသည်။

သူတို့သုံးယောက်ထံတွင် သေနတ်သုံးလက်ပါလာကြသည်။ နီမောင်တို့ သုံးယောက်မှာတော့ တောရှင်းသော ဓားတစ်လက်စီသာပါကြသည်။

စက်လှေက ကျွန်းနားရောက်သည်အထိ ကပ်မရပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံး၊ ကျောက်ဆောင်များက ကျွန်းပတ်ပတ်လည်တွင် စည်းတားထားသကဲ့သို့ ကာရံထားသောကြောင့် လှေငယ်ဖြ သာ သွားကြရသည်။

ကျွန်းနားရောက်တော့ လှေကို သင့်တော်သော နေရာ ၌ ထားခဲ့ပြီး ခြောက်ယောက်စလုံး၊ ကျွန်းပေါ် တက်ကြလေသည်။

နေ့လည်ပိုင်းအချိန်ပင်ရှိသေးသော်လည်း နေရော ခြည်မမြင်ရပဲ မိုးအုံ့နေသောကြောင့် တောထဲမှာ မှောင်နေ သည်။ သူတို့တက်သောဘက်မှာ ကျွန်း၏ အနောက်ဘက်ခြ ပင်ဖြစ်လေသည်။

ထိုနေရာဘက်တွင် ကျောက်တောင်မြင့်ကြီးမျာ သည်။ ကျောက်ဆောင်များကလည်း တမျှော်တခေါ် အနေ ထားနှင့် နေရာအနှံ့တွင် ရှိနေကြသည်။

အချို့ကျောက်ဆောင်ကြီးများဆိုလျှင် ကျောက်တော တစ်လုံးစာမျှ မြင့်မားကြလေသည်။

ထို့ပြင် ကျောက်ချပ်ကြားများ၊ လိုဏ်ခေါင်းအပေါ များလည်းရှိနေသည်။

နီမောင်တို့ရောက်ခဲ့သော ဂူမှာလည်း ထိုနေရာတ မှာပင်ရှိလေသည်။

နီမောင် စိတ်ထဲမှာတော့ ထိုဂူပေါ်က်ရှိသောနေရာ မေရီချိုတို့ တွေ့သွားမည်ကို စိတ်ထဲမှ စိုးရိမ်နေမိလေသည်။

မေရီချိုမှာ အမျိုးသမီးတစ်ယောက်ဖြစ်သော်လ ကြံ့ခိုင်သန်မာသူတစ်ယောက်ဖြစ်သည်။





ဘောင်းဘီရှည် အင်္ကျီလက်ရှည်တို့ကို ဝတ်ဆင်ထားပြီး ခေါင်းမှာ ဦးထုပ်ပျော့တစ်လုံးဆောင်းထားလေသည်။

ခြေထောက်မှာတော့ တောစီးဖိနပ်ကို စီးထားလေ သည်။ ခါးမှာသေနတ်တစ်လက်ကို အဆင်သင့်ထိုးထားရာ ရုတ် ရက်ကြည့်ပါက ယောကျာ်းတစ်ယောက်နှင့်မခြား တူလှလေ သည်။

သူမနောက်မှာပါသော နှစ်ယောက်ကတော့ သေနတ် စ်လက်စီပါကြသော်လည်း မေရီချို၏ ဦးဆောင်ရာနောက်သို့ သာ လိုက်ကြရလေသည်။

နီမောင်တို့သုံးယောက်ကတော့ သူမတို့အဖွဲ့သွားလေ ကို လမ်းပြပေးကြရလေသည်။

တစ်နေရာရောက်တော့ ကျောက်တုံးတစ်တုံးပေါ်မှာ ထားသော ပန်းခြောက်အချို့ကို တွေ့ကြရသည်။

အချို့ခြောက်နေပြီဖြစ်သော်လည်း သစ်ခွပန်းခိုင်များ တော့ မခြောက်သေးပေ။ ပန်းပွင့်များကို မြင်တော့ ထိုနေရာ ရပ်ပြီး ကောက်ကြည့်ကြလေသည်။

မေရီချိုက သစ်ခွပန်းခိုင်တစ်ခိုင်ကို ကောက်ယူပြီး ညှာကိုကြည့်သည်။

ဖြတ်ထားသည်မှာ မကြာသေးသောကြောင့် အညှာပင် ခြောက်သေးပေ။

"ဒါ တစ်ယောက်ယောက် ခူးပြီးတင်ထားတာဖြစ်မယ် ရှိတဲ့တောထဲမှာ တောတိရစ္ဆာန်တွေကတော့ ဒီလိုလုပ်မယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်ဘူး"

"ဟုတ်တယ် ဒီအတိုင်းဆိုရင် ဒီကျွန်းပေါ်မှာ လူ[illegible]
ရှိနေတဲ့ပုံပဲ၊ မင်းရောဘယ်လိုထင်သလဲ နီမောင်"

ဟုဲ ထွန်းမောင်ကျော်က မေးလိုက်သဖြင့် နီမောင်က

"ဒီကျွန်းပေါ်မှာ လူတွေရှိမရှိတော့ ကျွန်တော်မသိ[illegible]
ဒါပေမယ့် ဒီကျွန်းပေါ်ကို အလောင်းလာပို့တဲ့ လူတွေ[illegible]
လာကြတယ်"

ဟုပြန်ပြောလိုက်သည်။

မေရီချိုကတော့ လတ်လတ်ဆတ်ဆတ်ပင်ရှိနေ[illegible]
သော သစ်ခွပန်းတစ်ခိုင်ကို ကိုင်ကြည့်နေရင်းနှင့် လေး[illegible]
နက်နက် စဉ်းစားနေလေသည်။

ပြီးမှ. . .၊

"တခြားနေရာတွေ လိုက်ကြည့်ကြသေးတာပေါ့"

ဟုပြောဆိုပြီး ထိုနေရာမှ ထွက်လာကြလေသည်။

ပန်းပွင့်များရှိသောနေရာမှာ ယခင်တစ်ခေါက် ရောက်ခဲ့စ[illegible]
ဖုတ်ဝင်နေသော ကမာနီနှင့် တွေ့ခဲ့ရသည်နေရာဖြစ်[illegible]
ကောင်းစွာ မှတ်မိနေသည်။

ထို့ကြောင့် နီမောင်စိတ်ထဲမှာ တစ်စုံတစ်ခုဖြစ်လာ[illegible]
ကို တွေးတောပူပန်နေမိလေသည်။ ထိုနေရာမှ ထွက်လာ[illegible]
သောအခါ တစ်နေရာတွင် လောလောဆယ် စင်ဖြင့်တင်[illegible]
သော အလောင်းတစ်လောင်းကို တွေ့ရလေသည်။

ဖျာကြမ်းတစ်ခုဖြင့် အုပ်ထားသောကြောင့် ယော[illegible]





[illegible]း၊ မိန်းမလားပင် မမြင်ရပေ. . .။

"ဒီကျွန်းပေါ်မှာတော့ လူတွေသေရင် လာပြီးတင်ထား
[illegible]တော့ အလောင်းတွေပဲရှိပါတယ်"

နီမောင်က ပြောလိုက်သည်။

"ဘယ်ကလာပို့ထားတာလဲ"

"ဒီနားတစ်ဝိုက်မှာရှိတဲ့ ကျွန်းတွေမှာ နေကြတဲ့လူတွေ၊
[illegible]ုန့်သွားနေကြတဲ့ ဆလုံတွေ သေသွားရင် အခုလိုပဲ ဒီကျွန်း
[illegible]ယူလာပြီး စင်နဲ့တင်ထားကြတယ်၊ ဒါကြောင့်. . အချို့က
[illegible]င်းကျွန်းလို့ ခေါ်ကြတယ်"

"တစ္ဆေကျွန်းလို့ ဘာကြောင့်ခေါ်တာလဲ"

"တစ္ဆေကြမ်းလို့ခေါ်တာပါ"

ဟုပင် ပြောပြလိုက်လေသည်။

ဤသို့ဖြင့် တစ်နေရာပြီးတစ်နေရာသို့ လိုက်ကြည့်ကြ
[illegible] နေရာအတော်များများမှာတော့ အလောင်းတင်သော စင်
[illegible]ာင်းများ၊ စင်သစ်များကိုသာ တွေ့ကြရသည်။ တော်တော်
[illegible]းများမှာတော့ အလောင်းမရှိကြတော့ပေ။

အချို့စင်များပေါ်မှာတော့ သေသူအတွက် ထားခဲ့သော
[illegible]ည်းများနှင့် အချို့စင်များပေါ်မှာတော့ အရိုးစုများသာ ရှိတော့
[illegible]ည်။

အရိုးစုတော်တော်များများမှာလည်း အကောင်းအတိုင်
[illegible]ာ့မရှိတော့ပေ။ တောတိရစ္ဆာန်များ ဖျက်ဆီးထားသော
[illegible]ကြောင့် တစ်စစီဖြစ်နေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရောက်တော့ တောတိုးသွားသောအသံ လိုကြားလိုက်ရသည်။

ထိုအသံနှင့်အတူ တောကြက်များ၏ ကတော်သံ ကလည်း တစ်ပြိုင်နက်ပေါ်လာလေသည်။

သို့ကြောင့် မေရီချို့တို့က ပါလာသော သေနတ်များ ထုတ်ပြီး အသင့်ပြင်လိုက်ကြသည်။

အချိန်ကလည်း နေ့လည်ပိုင်းအချန်ကျော်ပြီး ည ပိုင်းအချိန်သို့ ရောက်လာချေပြီ။ ထိုအချိန်ထိ နေရောင်ခြည် မမြင်ရသေးပေ။

မိုးသားတိမ်ရိပ်များက ထူထပ်စွာ အုပ်မိုးထားသေ ကြောင့် တောထဲတွင် အမှောင်ရိပ်တို့က ပိုများနေလေသည်

ထိုအခိုက်မှာပင် တောတွင်းတစ်နေရာမှ အသံနက် ဖြင့် အော်လိုက်သည့်အသံတစ်သံကို အားလုံးကြားလိုက် လေသည်။

"ရှင်သူငယ်ရေ. . ထ. . ထ. .၊
ဝိညာဉ်တွေရေ. . လာကြ. . လာကြ. ."
"အလောင်းကောင်ရေ. . ထ. . ထ. .၊
ဝိညဉ်တွေရေ. . လာကြ. . လာကြ. ."

ဟူသော အသံပင်ဖြစ်၏။

ထိုအသံကြားရသဖြင့် ခြေလှမ်းများကို ရပ်ကာ နား လိုက်ကြသည်။ စောစောက ကြားလိုက်ရသောအသံများကို သွားလိုက် ကျယ်သွားလိုက်ဖြင့် ကြားနေရသည်။



"ဘာသံတွေလဲ"

ထွန်းမောင်ကျော်က မျက်စိပျက်မျက်နှာပျက်ဖြင့် မေး လိုက်သည်။

နီမောင်က ဘာမှရှင်းပြမနေတော့ဘဲ မေရီချို့ကိုသာ ပြောလိုက်သည်။

"လှေ့ရှိတဲ့နေရာ ပြန်ကြမှဖြစ်မယ်"

"ဘာကြောင့်လဲ"

"ကျွန်းပေါ်မှာ အဲဒီအသံမျိုးကြားရပြီးရင် မကြာခင်မှာ တ်ဝင်နေတဲ့ အလောင်းကောင်တွေ ရောက်လာတတ်တယ်"

မေရီချို့က မျက်မှောင်ကျုံ့ပြီး စဉ်းစားနေလေသည်။

"ကြားရတဲ့အသံက လူတစ်ယောက်ပြောနေတဲ့ အသံ းပဲ၊ ငါကတော့ ဒါမျိုးတွေ အယုံအကြည်မရှိဘူး၊ စောင့်ကြည့် င်သေးတယ်"

ဟုပြောရာ နောက်မှပါလာသော နှစ်ယောက်ကတော့ က်စိမျက်နှာပျက်နေကြလေပြီ။

"ရှင်သူငယ်ရေ. . ထ. . ထ. .၊
ဝိညာဉ်တွေရေ. . လာကြ. . လာကြ. ."
"အလောင်းကောင်ရေ. . ထ. . ထ. .၊
ဝိညာဉ်တွေရေ. . လာကြ. . လာကြ. ."

ဟူသောအသံကို ထပ်ကြားရပြန်သည်။

မေရီချို့တို့ကတော့ အသံကြားရသောနေရာ က်သို့ းစွင့်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်များကို အဆင်သင့်ကိုင်ကာ မျက်ခြည်မပြတ် ကြည့်နေကြသည်။ ထိုအခိုက်မှာပင် တောတိုးလာသောအသံ ကို ကြားကြရသည်။ သေနတ်ပါသူများက အသံကြားရာဘက် မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

နီမောင်တို့ သုံးယောက်ကတော့ နောက်ဘက်သို့ ဆုတ် နေလိုက်ကြသည်။

တောတိုးလာနေသော အသံကိုကြားနေရသော်လည် တောထဲမှထွက်မလာသေးပေ။

ထိုအခါ နောက်မှာရှိနေသော နီမောင်က မေရီ အနီးသို့ ကပ်ပြီး ပြောလိုက်လေသည်။

"နောက်ဘက်မှာ ရောက်နေကြပြီ"

"ဟင်. . ဘယ်မှာလဲ. . "

မေရီချိုက ကဗျာကရာ လှည့်ကြည့်လေသည်။

သူတို့နောက်မှာတော့ ဖုတ်ဝင်နေသော လူနှစ်ယော ရောက်နေကြလေပြီ။

ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ဖြစ်ပြီး ပျက်ဆင်းပျက်ဖြစ်နေကြသည်။

ယောကျ်ားကိုယ်ပေါ်မှာ အဝတ်အစား အစုတ်အ အချို့ပါသော်လည်း၊ မိန်းမကတော့ စုတ်ပြဲနေသော ဖျာဟော တစ်ချပ်ဖြင့် ကိုယ်ကိုပတ်ထားလေသည်။

"ဟာ. . နီမောင်ပြောတဲ့အတိုင်းပါလား၊ ပစ်. . ပစ်. . သေနတ်နဲ့ပစ်. . . "





မေရီချိုက ပြောပြောဆိုဆိုနှင့်ပင် မနီးမဝေးနေရာတွင် ရပ်နေသော ဖုတ်ဝင်နေသည့်လူများကို သေနတ်ဖြင့်ပစ်သည်။

"ဒိုင်း. . ဒိုင်း. . "

သူမက ပစ်သောအခါ နောက်မှာရှိနေသူနှစ်ယောက် ကပါ သေနတ်ဖြင့်ပစ်ကြသဖြင့် တိတ်ဆိတ်နေသော တောတွင်း မှာ သေနတ်သံများ ဆူညံသွားလေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . "

ရပ်နေသောနေရာက မဝေးသောကြောင့် ပစ်လိုက် သောကျည်ဆံက ထိသည်။ သို့သော် လဲကျသွားခြင်းတော့ မရှိ ပေ. . ။

"ဒိုင်း. . ဒိုင်း. . "

နောက်တစ်ကြိမ် ထပ်ပစ်ပြန်သည်။

သေနတ်သံကြောင့် ငှက်သံများ ဆူဆူညံညံပေါ်ထွက် လာလေသည်။ ထိုအသံနှင့်အတူ အခြားအသံများလည်း ရော နှောပါလာလေသည်။

"အလောင်းကောင်ရေ. . သတ်သတ်၊ တွေ့တဲ့လူကို သတ်"

"အလောင်းကောင်ရေ. . ခေါ်. . ခေါ်. . တွေ့တဲ့လူကို အဖော်. . ခေါ်. . "

ဟူသောအသံကြားရသဖြင့် အလောင်းကောင်များက ရှေ့သို့တိုးလာလေသည်။

သေနတ်ဖြင့် ထပ်ပစ်သော်လည်း မရပ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ပြေး. . ပြေးကြ၊ ဖုတ်ဝင်နေတဲ့အလောင်းကောင်တွေက သေနတ်နဲ့ ပစ်လို့မရဘူး"

နီမောင်က ထိုသို့ပြောပြောဆိုဆိုနှင့် ဘေးလွတ်ရာသို့ ထွက်ပြေးကြရာ ကျန်သုံးယောက်လည်း ဆက်မနေဝံ့ကြတော့သဖြင့် သူတို့နောက်မှ ပြေးလိုက်လာကြသည်။ ဖုတ်ဝင်နေသော အလောင်းနှစ်လောင်းကတော့ လက်ကားရား၊ ခြေကားရားနှင့် နောက်မှလိုက်လာကြလေသည်။

ပြဿနာက ထိုမျှနှင့်မပြီးသေးပေ. . .။

'အလောင်းကောင်ရေ. . ထ. . ထ. . ' ဟူသောအသံကြီးက နောက်မှထပ်ကြပ်မကွာပါလာသလို လမ်းတစ်နေရာမှာလည်း တောထဲမှ လက်ကားရား ခြေကားရားနှင့် ထွက်လာသော ဖုတ်ဝင်နေသည့် အလောင်းကောင်အချို့နှင့် ထပ်တွေ့ရလေသည်။

ထွက်လာသော ဖုတ်ကောင်များက တွေ့သည်လူကို လှမ်းဆွဲကြလေသည်။

တစ်ကြိမ်မှာတော့ မေရီချိုဝတ်ထားသော အင်္ကျီကို ဖုတ်ကောင်တစ်ကောင်က ဖမ်းမိသွားသည်။ မလွတ်တော့ပေ။

အားစိုက်ပြီး ရုန်းသော်လည်း မလွတ်ပဲရှိနေရာ ထိုအခါမှပင် ကြောက်ကြောက်လန့်လန့်နှင့် အော်ပြောရလေသည်။

"ငါ့ကိုကူကြပါဦး၊ ကယ်ကြပါဦး"

ထိုအသံကြားမှ မနီးမဝေးရောက်နေသည့် နီမောင်က လှည့်ကြည့်လေသည်။

အခြေအနေမကောင်းမှန်းသိရသဖြင့် ထိုနေရာသို့ ပြန်လှည့်သွားကာ ဆွဲထားသောလက်ကို ဓားဖြင့်ဖြတ်ချလိုက်လေသည်။

"ကဲ. . ဟာ. . . "

ဓားချက်ကြောင့် လက်ပြတ်သွားတော့မှ လွတ်သွားလေသည်။

"လှေရှိတဲ့နေရာကို မြန်မြန်ရောက်အောင်သာ ပြေးကြတော့. . "

နီမောင်က သတိပေးလိုက်တော့ ထားခဲ့သောလှေရှိရာသို့ ပြန်ရောက်အောင်ပြေးကြရပေသည်။

လှေပေါ်သို့ရောက်ပြီး ကြိုးဖြတ်ကာ ကျွန်းမှပြန်ထွက်လာသောအချိန်နှင့် မရှေးမနှောင်းမှာပင်. . ဖုတ်ကောင်များက ကမ်းစပ်သို့ ရောက်လာကြပြီး ရပ်ကြည့်နေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

# လူသရဲများနှင့် တိုက်ခိုက်ခြင်း

အခြေအနေက ထိုမျှလောက်နှင့် ပြီးသွားခြင်းမျိုးတော့ မဟုတ်ပေ။ နောက်ထပ် ကြောက်စရာကောင်းသော အန္တရာယ်များ မရောက်လာခင်အချိန်အထိတော့ နေ့လည်က ကြုံတွေ့ခဲ့ရသည့် အကြောင်းများကို ပြောဆိုနေကြသေးသည်။

အချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပြီဖြစ်သည်။ ကောင်းကင်နှင့် လရောင်မရှိသဖြင့် ပင်လယ်ပြင်မှာ အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်မရှိပေ။

ကြယ်ရောင်အချို့ကြောင့်သာ မှုံဝါးဝါးမြင်နေရသည်။ နီမောင်တို့လိုက်လာသော စက်လှေက ကျောက်ဆောင်များနှင့် လွတ်ကင်းသောကျွန်းနှင့် မနီးမဝေးမှာ ကျောက်ချရပ်နားထားသည်။

ရေပြည့်ချိန်ဖြစ်သောကြောင့် ကမ်းခြေအထိ ရေက ရောက်နေသည်။ ကမ်းခြေကိုလှိုင်းပုတ်နေသောအသံများကို မှန်မှန်ကြားနေရသည်။

တောပေါ်မှ ငှက်များနှင့် တောတိရစ္ဆာန်များအသံအချို့ကိုလည်း မကြာခဏ ကြားနေရပေသည်။ ပင်လယ်ကျားစက်လှေပေါ်မှာတော့ မီးအိမ်တစ်လုံးထွန်းထားသည်။

နောက်ဘက် ပဲ့စင်တစ်နေရာမှာရှိသော အခန်းထဲမှာတော့ လူအချို့ရှိနေကြသည်။

မေရီချိုကတော့ နေ့လည်ဘက်၌ ကျွန်းပေါ်၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို မကျေမနပ်ဖြစ်နေဟန်ရှိလေသည်။

သူမကိုယ်တိုင် ဖုတ်ကောင်အဆွဲခံရသည်ကိုလည်း ယခုပင်ဖြစ်ပြီးသကဲ့သို့ အမှတ်ရနေသည်။

မေရီချိုလိုစိတ်ကြမ်းကိုယ်ကြမ်းနှင့် သတ္တိကောင်းသူမို့သာတော်ရှော့သည်။ သာမန်စိတ်ဓါတ်ပျော့သော အမျိုးသမီးတစ်ယောက်ဖြစ်ပါက နေရာမှာတင် သွေးပျက်ပြီးနောက် အသက်ပျောက်သွားလောက်ပေသည်။





"ငါထင်တာပြောရရင်တော့ သေပြီးသား အလောင်းကောင်တွေကတော့ သူဘာသာထလာနိုင်မှာမဟုတ်ဘူး. . ဒါ တစ်စုံတစ်ယောက်ယောက် ပယောဂကြောင့်သာ ဖုတ်ဝင်လာတာဖြစ်ရမယ်"

ဟု မေရီချိုကပြောလေသည်။

ထိုစကားကြားသောအခါ ထွန်းမောင်ကျော်ကပါ ဝင်ပြောသည်။

"ဖြစ်နိုင်တာပေါ့. . ငါတို့တောထဲမှာရှိနေတုန်းက အသံနက်ကြီးနဲ့ အော်သံကြားလိုက်ရတာပဲ၊ 'အလောင်းကောင်ရေ. . ထ. . ထ. . ' လို့ အော်တဲ့သူဟာ ဖုတ်သွင်းတဲ့လူပဲဖြစ်မှာပေါ့၊ ငါ့အထင်ပြောရရင်တော့ ငါတို့ရှာနေတဲ့လူတွေ ဒီကျွန်းပေါ်မှာ ရောက်နေတယ်လို့ သတင်းကြားတာ အမှန်ပဲဖြစ်နိုင်တယ်"

ထိုစကားကြောင့် မေရီချိုက မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားပြီးမှ ပြန်ပြီးအိန္ဒြေဆည်လိုက်သည်။

"နင်ကလည်း စကားပြောရင် သိပ်ပြီးလောကြီးတာပဲ"

ဟုအပြစ်တင်သောလေသံဖြင့် ပြောလိုက်တော့မှ. . . နီမောင်တို့သုံးယောက်ထိုင်နေသော နေရာဘက်သို့ တစ်ချက်ကြည့်လိုက်ပြီး စကားမဆက်တော့ပေ။

ထိုစကားကြားလိုက်သောအခါ နီမောင်က စိတ်ဝင်စားသွားလေသည်။

မေရီချိုတို့ တစ္ဆေကျွန်းသို့ တကူးတကလာကြခြင်းမှာ အကြောင်းမဲ့မဟုတ်မှန်းလည်း ရိပ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စိတ်မဝင်စားသော အမူအယာမျိုးဖြင့်နေလိုက်လေသည်။

"ဒါထက် နီမောင် နင့်ကိုမေးရဦးမယ်၊ နင်တို့ အရင်တစ်ခေါက်ဒီကျွန်းကိုလာတုန်းကရော ဖုတ်ကောင်တွေနဲ့ တွေ့ခဲ့ရသလား"

"တွေ့ခဲ့ဘူးတယ်"

"ဒီဘက်မှာ ဂူပေါက်ကြီးတစ်ပေါက်တွေ့ခဲ့တယ်၊ အထဲဝင်ကြည့်လို့ရသလား"

"ရေစစ်ချိန်ရောက်ရင် လှေသေးသေးနဲ့ဝင်မယ်ဆိုရင် ဝင်လို့ရပါတယ်"

"အတွင်းမှာ ဘာတွေရှိသလဲ"

"လင်းနို့တွေရှိတယ်၊ ဇီဝစိုးငှက်တွေရှိတယ်၊ ရေထဲမှာ ကမာကောင်တွေရှိပါတယ်"

နီမောင်က အခြားအကြောင်းများကို မပြောတော့ပေ။ စိတ်ထဲမှာတော့ မေရီချိုတို့ တွေ့ချင်သောသူများမှာ ဂူထဲမှာတွေ့လိုက်သော 'လူသရဲ'များဖြစ်လေမလားဟု တွေးလိုက်မိသည်။

နီမောင်က ထိုသို့ပြောသည်ကို မေရီချိုက ပြည့်ပြည့်ဝဝယုံကြည်မှုရှိဟန်တော့ မတူပေ. . .။

သို့သော်. . ထွေထွေထူးထူးတော့ ထပ်မမေးတော့ပေ။ ထိုသို့စကားပြောနေစဉ် လှေကို တစ်စုံတစ်ယောက် ဝင်တိုက်သွားသကဲ့သို့ သိမ့်သိမ့်တုန်သွားလေသည်။

ထို့ကြောင့် စကားရပ်ပြီး နားစွင့်နေကြစဉ် နောက်တစ်





ကြိမ်သိမ့်ကနဲ ဖြစ်သွားပြန်လေသည်။

"ဘာဖြစ်တာလဲဟေ့"

"မသိဘူး၊ လှေကို ငါးကြီးတစ်ကောင်ဝင်တိုးသွားတာ ဖြစ်မယ်ထင်တယ်"

ဟု စက်လှေဦးပိုင်းမှာ စောင့်နေသော လူတစ်ယောက်က အော်ပြောလိုက်သည်။

အကယ်၍သာ ရေအောက်သို့ မြင်နိုင်သော အရာဝတ္ထုဖြင့်ကြည့်မည်ဆိုပါက ထူးခြားသောအရာများကို သူတို့မြင်တွေ့ကြရမည်ဖြစ်ပေသည်။

ရေအောက်မှာတော့ မည်းမည်းသဏ္ဌာန်များရှိနေကြသည်။ နီမောင်တို့ လိုဏ်ခေါင်းထဲမှာတွေ့ခဲ့ရသော လူသရဲများပင်ဖြစ်ကြလေသည်။

၎င်းတို့၏ ပုံသဏ္ဌာန်များက သာမန်လူတို့နှင့်တော့ မတူပေ။ ဦးခေါင်းကကြီးပြီး နားရွက်နှစ်ဘက်က အပြင်သို့ကားထွက်နေသည်။

ဦးခေါင်းထက်မှာတော့ နီကြောင်ကြောင် ဆံပင်အချို့က မျက်နှာပေါ်သို့ ကျိုးတို့ကျဲတဲ ကျနေသည်။

ဦးခေါင်းက အရိုးခေါင်းတစ်လုံးကဲ့သို့ ပိန်ပြီး မျက်လုံး၊ နှာခေါင်း၊ ပါးစပ်နေရာများက အတွင်းသို့ ချိုင့်ဝင်နေကြသည်။

သို့သော် မျက်လုံးနှစ်လုံးက အနီရောင်ဖြစ်ပြီး အပြင်ဘက်သို့ ပြူးထွက်နေသည်။ ငါးတစ်ကောင်၏ မျက်လုံးမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းနှင့်ပါးစပ်က အတွင်းသို့ ချိုင့်ဝင်နေသော်လည်း သွားများက အပြင်သို့ ငေါထွက်နေကြသည်။

ငါးတစ်ကောင်၏ ပါးစပ်ပုံသဏ္ဌာန်မျိုးဖြစ်သည်။

တစ်ကိုယ်လုံး အရိုးပေါ်အရေတင်လောက်အောင် ပိန်ကပ်နေသော်လည်း လက်တံ၊ ခြေတံများကတော့ သာမန်လူတို့ထက် ပိုရှည်သည်။

ထူးခြားသောအချက်က ကုန်းပေါ်မှာနေသောအခါတွင် အရိုးပေါ်သို့ အရေပြားများကကပ်နေသဖြင့် မမြင်ရသော်လည်း ရေထဲရောက်သွားသည်နှင့် သားရေပြားနှင့်တူသော အရေပြားများက ပြန့်ကားထွက်လာသည်။

ရေအောက်တွင် ထိုအရေပြားများကို ငါးတစ်ကောင်၏ ရေယက်များကဲ့သို့ အသုံးပြုကာ သွားလာနိုင်ကြလေသည်။

နှာခေါင်းပေါက်မပါဘဲ အထဲသို့ ချိုင့်ဝင်နေသော်လည်း ၎င်းတို့၏ လည်ပင်းနေရာမှာ ပြန့်ကားနေသော လည်ပင်းအရေပြားတို့ကို ငါးပါးဟက်ကဲ့သို့ ရေအောက်၌ အသက်ရှူရန် အသုံးပြုနိုင်ကြသည်။

ထို့ကြောင့် ရေအောက်၌ အချိန်ကြာမြင့်စွာ နေနိုင်ကြခြင်းဖြစ်သည်။

နီမောင်တို့က ၎င်းတို့ကို ရုတ်တရက်တွေ့ရသော အခါ သရဲတစ်ကောင်နှင့်တူလှသောကြောင့် 'လူသရဲ' ဟု အမည်ပေးထားသော်လည်း. . . စင်စစ်တော့ ၎င်းတို့သည် တစ်ချိန်က ရေဘီလူးဟု အမည်ပေးခြင်းခံခဲ့ကြရသော 'စမင်'မျိုးနွယ်များပင်





ဖြစ်ကြသည်။

နောက်ပိုင်းကာလများတွင် ယခင်ကစရိုက်ကြမ်းကြမ်းနှင့် နေခဲ့ကြသော ဆလုံတို့ပင် အနေအထိုင် ပြောင်းလဲလာပြီဖြစ်ရာ ရေဘီလူးဟုခေါ်ခဲ့ကြသည့် စမင်များကို မတွေ့မမြင်ကြရတော့ခြင်းဖြစ်သည်။

သို့သော်လည်း လူသူမနီးသောကျွန်းများ၊ လိုဏ်ခေါင်းများအတွင်းမှာတော့ အချို့ရှိနေကြသေးသည်။

နီမောင်တို့ကတော့ အသက်အရွယ်ငယ်ရွယ်သူများဖြစ်ကြသဖြင့် စမင်များကို မတွေ့မြင်ဖူးကြပေ။ ယခုလို မမျှော်လင့်ပဲ တွေ့ရသောအခါ သရဲနှင့်တူသောကြောင့် 'လူသရဲ'ဟုပင် အယ်တကူ အမည်ပေးခဲ့ကြခြင်း ဖြစ်ပေတော့သည်။

ယခုသူတို့ရှိနေသော ပင်လယ်ကျားစက်လှေအနီး တစ်ဖက်တွင် လူသရဲများ ရောက်နေကြသည်။

(၁၅)ယောက်ခန့်ရှိပြီး ရေအောက်မှ ငုတ်ကာ စက်လှေဆီသို့ ချဉ်းကပ်လာကြသည်။

သူတို့တွင် မည်သည့်လက်နက်မှ မပါကြပေ. . .။

သို့သော် ခြေသည်း၊ လက်သည်းရှည်များမှာတော့ အပြည့်ရှိသည်။ ထိမိသဖြင့် သွေးထွက်ရုံနှင့်ပင် အသက်သေစေနိုင်သည်။ ထို့ပြင် ချွန်ထက်သော သွားများဖြင့် ကိုက်လျှင်လည်း အတွင်းလိုက်ပြတ်ပါသွားလောက်အောင် ချွန်ထက်လှသည်။

စက်လှေပေါ်မှာတော့ ဦးပိုင်းမှာရော ပဲ့ပိုင်းမှာပါ သဘာသားအချို့ရှိနေကြသည်။ ဂရုတစိုက် စောင့်နေကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးမဟုတ်ပဲ ကိုယ့်အစုနှင့်ကိုယ် ဆေးခြောက်ရှူခြင်း၊ အရက်သောက်ခြင်းများ ပြုလုပ်နေကြခြင်းဖြစ်သည်။

ထိုကဲ့သို့နားချိန်ရသောအချိန်တွင် ထိုကဲ့သို့ ပြုလုပ်နေကြခြင်းမှာ အဆန်းတကြယ်တော့ မရှိလှပေ။

သို့သော် ယခုညအဖို့မှာတော့ သူတို့အတွက် အန္တရာယ်ရှိနေချေပြီ။ နီမောင်တို့သုံးယောက်အပါအဝင် မေရီချိုတို့တစ်တွေကတော့ နောက်ပိုင်းမှာရှိနေသော အိမ်ထဲမှာ စကားပြောနေကြသည်။

ထိုသို့ရှိနေစဉ် ရေအောက်မှ လက်တစ်ဖက်က လှေကို လှမ်းဆွဲပြီး ရေထဲမှ လူသရဲတစ်ကောင် အပေါ်သို့တက်လာသည်။

အရက်သောက်နေသူများက ပထမတော့ သတိမထားကြပေ။ သူတို့မြင်သောအချိန်မှာ ရေထဲမှတက်လာသော လူသရဲက အနားရောက်နေချေပြီ။

သူကအနီးဆုံးမှာရှိသော လူတစ်ယောက်၏ လည်ပင်းကို လက်သည်းချွန်ဖြင့် ထိုးဖောက်ပစ်လိုက်သည်။

"အား. . ."

မရှေးမနှောင်းမှာပင် နောက်ထပ် လူသရဲများ စက်လှေပေါ်ရောက်လာပြီး တွေ့သမျှလူတို့ကို တိုက်ခိုက်ကြသည်။

အပြင်ဘက်မှာရှိနေကြသူများမှ ရုတ်တရက်တိုက်ခိုက်ခြင်းခံရသဖြင့် မယ်မယ်ရရ မတုံ့ပြန်နိုင်ကြဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။





သေနတ်များရှိနေသော်လည်း ပစ်ဖို့အခွင့်အရေးပင် မရလိုက်ကြပေ. . .။

အပြင်ဘက်မှ ဆူဆူညံညံအသံများကြားရသဖြင့် နီမောင်တို့ အပြင်သို့ထွက်လာကြသည်။ မြင်ကွင်းကတော့ မကောင်းလှပေ။

စက်လှေ၏ ဦးပိုင်းရော ပဲ့ပိုင်းမှာပါရှိနေသော သင်္ဘောသားအတော်များများ မရှုမလှခံရပြီး လဲကျနေကြလေသည်။

ရေထဲမှတက်လာသော လူသရဲများက ချွန်ထက်သောသွားနှင့်အစွယ်များဖြင့် ကိုက်၍သော်လည်းကောင်း၊ ချွန်ထက်သော လက်သည်းရှည်များဖြင့်သော်လည်းကောင်း တိုက်ခိုက်ကြသည်။

လက်သည်းချွန်ဖြင့် ကုတ်ခြစ်မိသောဒဏ်ရာကြောင့်တော့ ချက်ခြင်းမသေနိုင်သော်လည်း လက်သည်းမှာပါသော အဆိပ်များကြောင့်တော့ ချက်ခြင်းသေနိုင်ပေသည်။ ထိုအဆိပ်များက ဘယ်လောက်ပြင်းသလဲဆိုမူ ထိလိုက်သည်နှင့် မြွေကိုက်ခံရသကဲ့သို့ဖြစ်ကာ တုံးခနဲလဲကျသွားစေသည်။

ထို့နောက် သိပ်မကြာခင်မှာပဲ တအားအား၊ တအီးအီးနှင့် အသံများထွက်ကာ အော်ဟစ်ညီးညူကြလေသည်။

ပြီးလျှင် မျက်ဖြူလန်တက်သွားပြီး. . ပါးစပ်မှ အမြှုပ်များ တစီစီထွက်လာပြီး ငြိမ်သက်သွားလေသည်။

ငြိမ်သက်သွားခြင်းမှာ သတိမေ့သွားခြင်းမဟုတ်ဘဲ သေဆုံးသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်သားများကတော့ ကြောက်ကြောက်လန့်လန့်ဖြင့် သေနတ်ဖြင့်ပစ်သူကပစ်၊ ဓားဖြင့်ခုတ်သူကခုတ်ကြရာ လူသရဲများကိုလည်းထိသည်။

နီမောင်တို့အပြင်ထွက်လာပြီး ဝိုင်းဝန်းတိုက်ခိုက်သော အခါမှ အတော်ကလေး အသာစီးရသွားလေတော့သည်။

နီမောင်လက်ထဲမှာ ဓားတစ်လက်ရှိသည်။

ထိုဓားဖြင့် တိုက်ခိုက်သော်လည်း သတ်ဖြတ်လိုသော စိတ်ဖြင့် တိုက်ခိုက်ခြင်းမျိုးတော့မဟုတ်ပေ။ ၎င်းကိုရန်ပြုလာ မှသာ အန္တရာယ်ကိုကာကွယ်သော သဘောမျိုးဖြင့် ကာကွယ် နေခြင်းဖြစ်သည်။

တစ်ကြိမ်မှာတော့ သူ့ရှေ့သို့ လူသရဲတစ်ကောင်ရောက် လာသည်။ ပထမတော့ သူ့ကိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

နီမောင်ကလည်း ဓားဖြင့်ပြန်လည်တိုက်ခိုက်ရန် အဆင် သင့်ပြင်ထားလေသည်။

လူသရဲနှင့် နီးနီးကပ်ကပ်ရှိနေသောကြောင့် ၎င်းထံမှ အသက်ရှူထသံ၊ မာန်ဖီနေသောအသံများကိုပင် ကြားနေရလေ သည်။

သွားကိုဖြီးလျက် တဂီးဂီးနှင့် မာန်ဖီနေပုံမှာ သရဲသဘက် တစ်ကောင်နှင့် တူလှပေသည်။

အပြင်သို့ ပြူးထွက်နေသည့် မျက်လုံးနှစ်လုံးကလည်း အဖြူရောင်ပင်မရှိတော့ဘဲ နီရဲနေလေသည်။

တစ်ဦးတစ်ဦး နီးကပ်စွာရှိနေသော်လည်း နီမောင်က





လည်း ဓားဖြင့်မတိုက်ခိုက်သလို၊ လူသရဲကလည်း မတိုက်ခိုက် ပေ။

ထိုအခိုက်မှာပင် နောက်ဘက်မှ ပစ်လိုက်သည့်သေ နတ်သံတစ်ချက်ကြားလိုက်ရပြီးနောက်တွင် ရှေ့မှာရပ်နေသော လူသရဲလည်း ရေထဲသို့ ခုန်ဆင်းသွားလေတော့သည်။

နောက်မှာတော့ စက်လှေပေါ် ရောက်နေသော လူသရဲ များမှာ ရေထဲသို့ ပြန်ခုန်ဆင်းသွားကြလေသည်။

ထိုအခါမှ မီးအိမ်များထွန်းပြီး ကြည့်သောအခါ သေဆုံး နေသော သဘော်သားသုံးယောက်နှင့် ဒဏ်ရာရထားသဖြင့် အဆိပ်တက်၍ အသက်ငင်နေသော သဘော်သားနှစ်ယောက် တို့ကို တွေ့ရလေသည်။

ထိုအခြေအနေကိုကြည့်ပြီး မေရီချို့တို့မျက်စိမျက်နှာ ပျက်နေကြလေသည်။

"ဘယ်လိုသတ္တဝါတွေလဲ"

"လူတစ်ပိုင်း သရဲတစ်ပိုင်း ဖြစ်နေတဲ့ သတ္တဝါတွေပါ"

"နင်အရင်က မြင်ဖူးသလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"နင်တို့နဲ့တွေ့တုန်းက ဒီလိုအန္တရာယ်မပေးဘူးလား"

"အဝေးကနေ လှမ်းမြင်ရတာပါ"

"သေတဲ့သူတွေလည်းသေပြီ၊ ဒဏ်ရာရထားတဲ့ လူတွေ လည်း အခြေအနေမကောင်းဘူး၊ ဘယ်လိုလုပ်ရင် ကောင်းမ လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ အဆိပ်တက်နေကြတယ်၊ စက်လှေပေါ်မှာ အဆိပ်ဖြေဆေးမပါဘူးလား"

"အဆိပ်ဖြေဆေးတော့ မပါဘူး၊ အဖျားပျောက်တဲ့ဆေးတွေတော့ပါတယ်"

"ဒီဆေးတွေနဲ့ မရဘူး၊ ရွာမှာတော့ ဒီရောဂါတွေကို ကုပေးနိုင်တဲ့ ဆေးဆရာကြီးတစ်ယောက်ရှိတယ် သူ့ဆီခေါ်သွားရင်ကောင်းမယ်"

မေရီချို အမူအယာကတော့ ကျေနပ်ဟန်မတူပေ။ သို့သော်လည်း အခြေအနေက ဘယ်လိုမှ မတတ်နိုင်တော့သဖြင့် စိတ်လျှော့ပေးနေရဟန်ရှိသည်။

ထို့နောက်မှာတော့ စက်လှေကို ကျောက်ပြန်တင်ပြီး ရွာရှိရာဘက်သို့ ပြန်မောင်းခဲ့ကြရပေတော့သည်။

အချိန်ကတော့ ညဦးနက်ပိုင်းသို့ရောက်နေပြီဖြစ်၏။



# အခန်း (၁၂)

## ရှင်ထူဝယ်နှင့် ဂမ္ဘီရဆန်သောဝန်းများ

နောက်တစ်နေ့ မနက်ပိုင်းအချိန်တွင် မြင်သာရွာသို့ ပြန်ရောက်သွားကြလေသည်။ ရွာသို့ရောက်သည်နှင့် နီမောင်က သူတို့မိသားစုနှင့် ခင်မင်ရင်းနှီးသော ဆေးဆရာကြီး ဦးဖုန်ကောင်းကို သွားခေါ်လာခဲ့လေသည်။

သူတို့ရွာတွင် ပယောဂကုသော နတ်ဆရာဟလာဟီး

www.burmeseclassic.com



နှင့် ရောဂါကုပေးသော ဆေးဆရာကြီး ဦးဖန်ကောင်းတို့ ရှိကြ
လေသည်။

နီမောင်က အကျိုးအကြောင်းပြောပြီး ခေါ်လာသော
အခါ ဦးဖန်ကောင်းကလည်း ဆေးလွယ်အိတ်ကိုယူပြီး လိုက်လာ
လေသည်။

စက်လှေပေါ်သို့ရောက်သောအခါ ဒဏ်ရာရထားသော
လူနှစ်ယောက်တို့အား ကြည့်ရှုစစ်ဆေးပေးရာ မကယ်နိုင်တော့
ပေ။ လူနာနှစ်ယောက်စလုံး အသက်မရှိကြတော့ပေ။

"စိတ်မကောင်းပါဘူး၊ နှစ်ယောက်စလုံး အသက်မရှိ
ကြတော့ပါဘူး၊ တခြား ဒဏ်ရာရထားတဲ့သူတွေ ရှိသေးသလား"

ဦးဖန်ကောင်းကမေးလိုက်သဖြင့် ဒဏ်ရာအနည်းငယ်
ရထားသူများက လာရောက်ပြသကြလေသည်။

ဦးဖန်ကောင်းက ၎င်းစီမံဖော်စပ်ထားသော ဆေးများ
ဖြင့် ကုသပေးလေသည်။

တချို့မှာ ဒဏ်ရာကသေးသော်လည်း ထိုနေရာတ
ဝိုက်မှာ နီရဲနေပြီး အဆမတန် ယောင်ယမ်းနေကြလေသည်။

အကယ်၍သာ အချိန်မီဆေးမကုပါက အဆိပ်ကြောင့်
အနာဝင်သွားပါက သေလောက်သောဒဏ်ရာမျိုးဖြစ်သည်။

သံစူးသောဒဏ်ရာ၊ မြွေကိုက်ခံရသော ဒဏ်ရာမျိုးကဲ့သို့
ဒဏ်ရာသေးသော်လည်း အသက်သေနိုင်လောက်အောင် ဒုက္ခ
ပေးနိုင်သော ဒဏ်ရာမျိုးဖြစ်သည်။

သို့ကြောင့် ဦးဖန်ကောင်းက ဒဏ်ရာရထားသူအားလုံး



ကိုခေါ်ကာ ရထားသော ဒဏ်ရာများကို တစ်ယောက်မကျန်
ဆေးကုပေးလေသည်။

ဦးဖန်ကောင်းအသုံးပြုသောဆေးများမှာ အဆိပ်ပြယ်
စေသော ဆေးများနှင့် ဒဏ်ရာကို လျင်မြန်စွာ ပျောက်ကင်းစေ
သော ဆေးများဖြစ်ကြလေသည်။

ထို့ပြင် ရရှိထားသောဒဏ်ရာများကို ဆေးစည်းပေး သ
ဖြင့် နေ့လည်ပိုင်းအချိန်ရောက်တော့ အတော်ပင် သက်သာသွား
ကြလေသည်။

"ဒါ သတ္တဝါတစ်ကောင်ကောင်က ကိုက်လို့ ကုတ်ခြစ်
မိလို့ရတဲ့ဒဏ်ရာတွေပဲ ဘယ်လိုသတ္တဝါမျိုးလဲ နီမောင်"

ဦးဖန်ကောင်းက ၎င်းအနီးမှာရှိနေသော နီမောင်ကို
မေးသဖြင့် နီမောင်က အကြောင်းစုံပြောပြလိုက်ရလေသည်။

"ငါလည်း အဲဒီကျွန်းတွေဘက်ကို ဆေးပင်ရှာရင်းနဲ့
မကြာခဏ ရောက်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ငါရောက်သွားတဲ့
အချိန်တုန်းကတော့ မင်းပြောတဲ့ သတ္တဝါမျိုးတွေ မတွေ့မိခဲ့ပါ
ဘူး"

ဟုပြောလေသည်။ ထို့နောက် သေဆုံးသွားသော လူနှစ်
ယောက်ကို နီမောင်တို့ရွာသူရွာသားများကပင် ကျွန်းပေါ်မှာရှိ
သော သုသာန်သို့ သယ်ဆောင်သွားကြပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်
ကြလေသည်။

မေရီချို့တို့စက်လှေပေါ်မှာ လူသိပ်မကျန်တော့ပေ။
လေးငါးယောက်သာကျန်ခဲ့ပြီး အချို့က ဒဏ်ရာရထားကြလေ

www.burmeseclassic.com



သည်။

ထို့ကြောင့် ရက်ကြာကြာမနေနိုင်တော့ဘဲ နီမောင်တို့ထံ မှ စုဆောင်းထားသော ပစ္စည်းများနှင့် အခြားရွာသူရွာသားများ လာရောက်ရောင်းချသော ကုန်ပစ္စည်းများကို ရသမျှ ဝယ်ယူ ပြီးနောက် ပြန်ရန်ပြင်ကြလေသည်။

ပြန်ကာနီးတော့ မေရီချို့က နီမောင်ကိုပြောသည်။

"ငါတို့စက်လှေပေါ်မှာ လူသိပ်မကျန်တော့လို့ ဒီတစ် ခေါက်တော့ ရက်ကြာကြာ မနေတော့ဘူး၊ ဒါပေမယ့် မကြာခင် မှာတော့ လူစုပြီး ပြန်လာခဲ့မယ်၊ ငါတို့လူတွေကို သတ်ခဲ့တဲ့ တ ကျွန်းက မိစ္ဆာကောင်တွေကို ပြန်သတ်ပြီး ကလဲ့စားချေရမယ်"

"သူတို့ကို သတ်တော့ကော ဘာများအကျိုးရှိမလဲ မမ ရယ်၊ သူတို့က တမင်လာပြီး အန္တရာယ်ပေးကြတာမှမဟုတ်တာ"

"မင်းမသိပါဘူး၊ သူတို့နဲ့ ပြန်တွေ့ရမယ့်အကြောင်းကိ တွေက ရှိနေသေးတယ်၊ ဒီတစ်ခေါက် ငါတို့ပြန်လာရင်လည်း မင်းတို့သုံးယောက် လိုက်ခဲ့ပေးပါဦး"

ဟုပြောရာ နီမောင်က ထွေထွေထူးထူး ဘာမှပြန်မ ပြောတော့ဘဲ အပေါ်သို့ ပြန်တက်သွားလေတော့သည်။

"သူတို့ကို ခေါ်သွားလို့ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"တော်ကြာ ငါတို့အကြောင်းတွေကို ရိပ်မိသွားရင် ခ လိမ့်မယ်"

"မသိနိုင်ပါဘူး၊ နီမောင်တို့က ရိုးသားပါတယ်"



"ဒါပေမယ့် ငါတော့သိပ်ပြီး စိတ်မချလှဘူး၊ နောက်ပြီး သူနဲ့ပတ်သက်ပြီး ထူးခြားတာတစ်ခုလည်း သတိပြုမိလိုက်တာ ရှိသေးတယ်"

"ဘာလဲ"

"ဟိုကျွန်းပေါ်မှာ မိစ္ဆာကောင်တွေနဲ့ တိုက်ခိုက်တော့ မိစ္ဆာကောင်ကလည်း နီမောင်ကို အန္တရာယ်မပေးဘူး၊ နီမောင် ကလည်း ဘာမှမလုပ်ဘူး၊ မျက်နှာချင်းဆိုင်ရပ်ကြည့်နေတာကို ငါမြင်လိုက်တယ်"

"ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ငါသေနတ်နဲ့ပစ်တော့မှ မိစ္ဆာကောင် ရေ ထဲခုန်ဆင်းသွားတာ"

"ဟုတ်ရင်တော့ သတိထားရမှာပေါ့"

ပစ္စည်းများဝယ်ယူပြီးသောအခါ မေရီချို့တို့လည်း ကျွန်း မှ ပြန်ထွက်သွားကြလေသည်။

ထိုအခါမှ နီမောင်လည်း ဆရာကြီး ဦးဗန်ကောင်းနေ သောအိမ်သို့ အစားအသောက်များ သွားရောက်ပို့ပေးရင်းနှင့် သိချင်တာများကို မေးမြန်းရလေသည်။

"ဆရာကြီးကို မေးချင်တာရှိပါတယ်"

"သိချင်တာရှိရင်မေးပေါ့ကွာ. ."

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးနေရင်းမှ ပြန်ပြော လေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ဖုတ်ဝင်တယ်ဆိုတာမျိုး

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



က တကယ်ရှိတာလားဟင်"

"ဘာကြောင့်မေးတာလဲ"

နီမောင်က တစ္ဆေကျွန်းပေါ်မှာ ကြားခဲ့ရသော. . . 'အလောင်းကောင်ရေ. . ထ. . ထ. . ' ဟူသောအသံကြားရပြီး မကြာခင်မှာ ဖုတ်ဝင်နေသောအလောင်းများ ထလာကြသော အကြောင်းကို ပြောပြလိုက်သည်။

ထိုအခါ ဦးဇန်ကောင်းပါးစပ်ထဲတွင် တမြုံ့မြုံ့ဝါးနေသော ကွမ်းဖပ်များကို ထွေးထုတ်လိုက်ပြီးမှ ပြောပြလေသည်။

"ဖုတ်ဝင်တယ်လို့ပြောပြော၊ အပမှီတယ်လို့ပဲဆိုဆို၊ ပယောဂဝင်ပူးတယ်လို့ပဲခေါ်ခေါ်. . ဒါတွေက ဝိညာဉ်ပူးကပ်ခြင်း ခံကြရတာပါပဲ"

"ဟုတ်ကဲ့"

"လူတစ်ယောက်သေဆုံးသွားတယ်ဆိုတာ ရုပ်နဲ့နာမ်နဲ့ ကွဲသွားတာပဲ၊ ရုပ်တစ်ခုကို နာမ်လို့ခေါ်တဲ့ဝိညာဉ်က စွန့်ခွာသွားတာပါပဲ၊ ဘဝတစ်ခုစာပဲ အသုံးပြုခွင့်ရတဲ့ ရုပ်ခန္ဓာကို ဝိညာဉ်က စွန့်ခွာသွားရင်တော့ သေတယ်လို့ သတ်မှတ်ကြတာပေါ့"

"ဟုတ်ပါတယ်ဆရာကြီး"

"ရုပ်က နာမ်ရှိမှ ရှင်သန်လှုပ်ရှားလို့ရသလို နာမ်ကလည်း ရုပ်ရှိမှအဆင်ပြေတယ်၊ ရုပ်တစ်ခုက စွန့်ခွာထွက်သွားရင် နောက်ထပ်ခိုဝင်လို့ရမယ့် ရုပ်ခန္ဓာတစ်ခုကို ရှာရတယ်"

"ဟုတ်ကဲ့"





"ရုပ်ခန္ဓာရဖို့ဆိုတာကလည်း လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူးကွ၊ ကိုယ်ပြုခဲ့တဲ့ကံ. . ကံ၏အကျိုး. . ကောင်းမှုကုသိုလ်ကံ မကောင်းမှုအကုသိုလ်ကံတွေကြောင့် ဘုံဘဝအသစ်ရောက်ပြီး ရုပ်ခန္ဓာအသစ် ရတာမျိုးလည်းရှိတယ်၊ မင်းနားလည်အောင် ပြောရရင်တော့ ကောင်းမှုကုသိုလ်များတော့ ရုပ်ခန္ဓာအသစ်နဲ့ နတ်သားဖြစ်ရတာပေါ့ကွာ၊ မကောင်းတဲ့ အကုသိုလ်ကံများတော့လည်း ငရဲမှာခံကြရတာပေါ့"

နီမောင်က ခေါင်းညိတ်ပြရင်းနှင့် သူတို့လုပ်ကိုင်စားသောက်နေသောအလုပ်တို့မှာ အကုသိုလ်အလုပ်တွေများဖြစ်နေသလားဟု တွေးတောမိလေသည်။

လူသည် ငရဲကိုမမြင်ရသောကြောင့် မကြောက်ပေ။ ထို့ကြောင့် ဘဝတစ်လျှောက်လုံး ငရဲကျနိုင်လောက်သော အကုသိုလ်အလုပ်မျိုး ဘယ်နှစ်ကြိမ်ပြုလုပ်မိခဲ့သည်ကို သတိမပြုမိပေ။

တစ်ခါတစ်ရံ 'ငရဲ'အကြောင်းကို ပြောဆိုဆုံးမ သူတို့ထံမှ ကြားရသောအခါ မမြင်ရသော်လည်း မြင်ရသကဲ့သို့ သိကြသည်။ ထိုသို့သိသောအခါမှာ ကြောက်ရွံ့စိတ်ဝင်တတ်သည်။ ယခု နီမောင်လည်း ထိုအတိုင်းပင်ဖြစ်၏။

ငရဲဟူသောအသံကြားတော့မှ ကြောက်ရွံ့ပြီး တွေးမိတွေးရာ တွေးနေမိခြင်းဖြစ်၏။ ဦးဇန်ကောင်းက လက်ဖက်ရည်ကြမ်းတစ်ခွက် သောက်ပြီးမှ စကားပြန်ဆက်လေသည်။

"အဲသည်လို ကောင်းမှုကံ မကောင်းမှုကံတွေကြောင့် နောက်ဘုံဘဝတစ်ခုကို မရောက်ခင်မှာ ဝိညာဉ်တွေဟာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာမရှိတဲ့ဘဝနဲ့ နေကြရတယ်။ စားချင်သောက်ချင်လို့ပဲဖြစ်ဖြစ်၊ တစ်ခုခုပြောဆိုမှာကြားချင်လို့ပဲဖြစ်ဖြစ် သက်ဆိုင်ရာ လူတွေနားကို ရောက်လာရင် သရဲခြောက်တယ်လို့ထင်ကြတယ်”

“ဟုတ်ကဲ့ဆရာကြီး”

“တချို့ဝိညာဉ်တွေကျတော့ တိုက်ဆိုင်မှုကြောင့်ပဲဖြစ်ဖြစ်၊ အစီအရင်တစ်ခုခုကြောင့်ပဲဖြစ်ဖြစ်၊ ရုပ်ခန္ဓာတစ်ခုကို ဝင်ခွင့်ရကြတယ်၊ အသက်ရှိသေးတဲ့လူကို ဝင်ပူးတော့ ပယောဂကပ်တယ်လို့ ခေါ်ကြတယ်၊ သေပြီးသားခန္ဓာထဲကို ဝင်လို့ရရင်တော့ ဖုတ်ဝင်တယ်လို့ ခေါ်ကြတာပေါ့ကွာ၊ ဒါပေမယ့် ဒီလိုကိစ္စတွေက အတော်ကလေးဖြစ်ခဲပါတယ်”

“ဒါဖြင့် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရုပ်ခန္ဓာမရှိသေးတဲ့ဝိညာဉ်တွေ အများကြီးရှိကြမှာပေါ့နော်. . ”

“အများကြီးပေါ့ကွာ တောထဲမှာပဲဖြစ်ဖြစ်၊ ရပ်ရွာထဲမှာပဲဖြစ်ဖြစ် သွားလာနေကြတဲ့ဝိညာဉ်တွေ မရေမတွက်နိုင်အောင်ရှိတယ်၊ ဆရာတော်ကြီးတစ်ပါး ပြောဖူးခဲ့တယ်၊ ဝိညာဉ်တွေကိုသာ သာမန်မျက်စိတွေနဲ့ မြင်တွေ့ရရင် လမ်းသွားစရာနေရာတောင် မရှိဘူးတဲ့၊ ရဟန်းသံဃာတွေကြွရင် ပွဲခင်းထဲမှာ လူတစ်ယောက်ထွက်လာတော့ အပြည့်အသိပ်ထိုင်နေတဲ့ လူတွေက လမ်းဖယ်ပေးသလိုမျိုး ဖယ်ပေးကြရသတဲ့”

“ကြောက်စရာကောင်းလိုက်တာ”

“ဒါပေါ့ကွာ၊ လူတွေက မသိလို့ မကြောက်ကြတာ၊ သိရင် နေစရာတောင်ရှိမှာမဟုတ်ဘူး”





“ဒါထက် တောထဲမှာ ကျွန်တော်တို့ကြားခဲ့ရတဲ့. . ‘အလောင်းကောင်ရေ. . ထ. . ထ’ဆိုတဲ့အသံကြီးက ဘယ်သူပြောနေတာလဲ ဆရာကြီး”

“တစ်ယောက်ယောက်က အမိန့်ပေးနေတာလည်း ဖြစ်မှာပေါ့ကွာ၊ မင်းကြားခဲ့တဲ့အသံတွေကို မှတ်မိရင် ပြန်ရွတ်ပြပါဦး”

ဟု ပြောသဖြင့် နီမောင်က သူမှတ်မိသောအသံများကို ပြန်ရွတ်ပြလိုက်လေသည်။

“အလောင်းတွေရေ. . ထ. . ထ. .
ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . ”

“ရှင်သူငယ်ရေ. . ထ. . ထ. .
ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . ”

ထိုစကားများကို ကြားသောအခါ ဦးဗန်ကောင်းက မျက်မှောင်ကျုံ့လျက် အတော်ကြာအောင် စဉ်းစားနေလေသည်။

“အလောင်းကောင်ရေ. . ထ. . ထ. . လို့ ပြောတာက အသက်မရှိတဲ့အလောင်းကောင်ကို တစ်စုံတစ်ယောက်က အမိန့်ပေးပြီး ထခိုင်းတာဖြစ်ရမယ်၊

ရှင်သူငယ်ရေ. . ထ. . ထ. . ဆိုတာကတော့ နည်းနည်းထူးဆန်းတယ်”

“ရှင်သူငယ်ဆိုတာ ဘာလဲဆရာကြီး”

“ငါသိသမျှတော့ ရှင်သူငယ်ဆိုတာ သိဒ္ဓိရှိတဲ့ သစ်ပင်တွေ၊ ဂမုန်းပင်တွေကိုခေါ်ကြတဲ့ အမည်မျိုးပဲ၊ ရှင်သူငယ်ငှက်ပျော၊ ရှင်သူငယ်ဂမုန်းဆိုတာ ရှိတယ်၊ ရှင်သူငယ်ငှက်ပျောပင်က



www.burmeseclassic.com

www.burmeseclassic.com



သီးရင် ငှက်ပျောသီးက လက်ညှိုးလက်မလောက်နဲ့ မှည့်တယ် အဲ့ဒီငှက်ပျော်ခိုင်မှာ သိဒ္ဓိရှိတဲ့ ငှက်ပျောသီးတစ်လုံး ပါလေ့ရှိတယ်"

နီမောင်က ထိုကဲ့သို့သော စိတ်ဝင်စားဖွယ်ရာအကြောင်း အရာများကို သဘောကျနှစ်ခြိုက်သူဖြစ်လေသည်။

သို့ကြောင့် ဦးဇန်ကောင်းပြောပြသည့် ထူးဆန်းသည့် အကြောင်း အရာတို့ကို စိတ်ဝင်စားစွာဖြင့် နားထောင်နေလေသည်။

"ဆရာကြီးပြောတဲ့ ငှက်ပျောသီးကိုရရင် ဟန်ကျမှာပဲ"

"မရပါဘူးကွာ၊ ဒီငှက်ပျောသီးမျိုးက သာမန်လူတွေ ဘယ်တော့မှ မသိနိုင် မရနိုင်ပါဘူး၊ ငှက်ပျောသီးမှည့်ပြီဆိုတာနဲ့ သိဒ္ဓိရှိတဲ့ ဝိဇ္ဇာဇော်ဂျီတွေက လာပြီးယူသွားကြတာချည်းပါပဲ"

"ရှင်သူငယ်ဂမုန်းကရော ဘယ်လိုမျိုးလဲ ဆရာကြီး.. ဒီလိုကျွန်းမျိုးတွေမှာရော ရှိနိုင်ပါ့မလား"

"ရှင်သူငယ်ဂမုန်းဆိုတာ သိဒ္ဓိရှိတဲ့ ဂမုန်းမျိုးနွယ်ပါပဲ သူ့ကိုမြင်ရရင် ကိုရင်လေးတစ်ပါး ကြွသွားနေတာမျိုး တွေ့ရတတ်တယ်၊ သူရှိတဲ့နေရာမှာ တောင်လုံးကျော်ဆေးပင်လည်း ရှိနေတတ်သည်၊

ရှင်သူငယ်ဂမုန်းကို အစီအရင်ပြုလုပ်ထားရင် ဝိညာဉ် တွေကို ကြိုက်သလို စေခိုင်းလို့ရတယ်"

ဟု ပြောပြလေသည်။

"ရှင်သူငယ်ရုပ်တုကို ဒီတောထဲမှာ ဘယ်သူကလာပြီး





ထားမှာလည်း ဆရာကြီး"

"ဒါကတော့ ကာယကံရှင်မှ သိမှာပဲ၊ အစီအရင်ပြုလုပ်ပြီး အသုံးပြုရင်.. ရှင်သူငယ်ဂမုန်းလို သိဒ္ဓိရှိတာမျိုးမဆိုထားနဲ့ လူတွေနေ့စဉ်အသုံးပြုနေတဲ့ ပန်းပွင့်တွေကိုတောင် သူ့အစီအရင်နဲ့ သူပြုလုပ်ပြီး အသုံးပြုရင် အကျိုးရှိတယ်ကွယ့်"

"လူတွေကတော့ သာမန်ပဲ အသုံးပြုနေကြတာပါပဲ ဆရာကြီးရယ်"

"ပန်းပွင့်တွေမှာ အမျိုးအစားအလိုက် အရောင်အသွေး အလိုက် သိဒ္ဓိစွမ်းအားတွေရှိကြတယ်၊ မင်းကိုပြောပြမယ်"

ဦးဇန်ကောင်းက စိတ်ရှည်လက်ရှည်နှင့်ပင် ပြောပြလေသည်။

## သပြေပန်း

မြန်မာပြည်ဖွား မြန်မာ့မြေတွင် ကြီးပြင်းကြသူအားလုံးတို့သည် အောင်မြင်မှုရရန် သပြေပန်းကို အသုံးပြုကြသည်။

"သပြေပန်း"ကို ထူးခြားသော အောင်မြင်မှုရစေ၍ ဝင်လာအပေါင်း ခညောင်းစေသောပန်းဟု သတ်မှတ်ယူဆကြသည်။

"သပြေ" ဟူသည် သောကြာနံ "သ"နှင့် ကြာသပတေး နံ "ပ"တို့ ပူးပေါင်းထားသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကြာသပတေးနေ့တွင် ပဋိသန္ဓေယူသည်။ သောကြာနေ့တွင် ဖွားတော်မူသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ရှင်တော်ဗုဒ္ဓ၏ မြတ်သောနေ့နှစ်ပါးကို ကိုယ်စားပြုသော. . နံ့အက္ခရာနှင့် ဖွဲ့စည်းထားသော "သပြေ"ပန်းသည် အောင်မြင်ခြင်း၊ တင့်တယ်မြင့်မြတ်ခြင်းတို့ကို ပေးစွမ်းနိုင်သည်ဟု ယုံကြည်မှုရှိကြသည်။

သို့ဖြစ်၍ ဂမ္ဘီရလောကတွင် ပန်းပွင့်မဟုတ်သော ဖန်ဖြစ်သည့် "သပြေ"ပန်းသည် အမြတ်တနိုး တန်ဖိုးထားခြင်း ခံသည့် "ပန်း"ဖြစ်လာသည်။

သောမဂြိုလ်၊ ဓာတ်မသာဝကို ဆောင်ယူလာသော "အတိသောမ ကောင်းခြင်းဓာတ်ကို ပေးသောပန်း" ဟူ၍လည်း လောကဓာတ်ဆိုင်ရာ ရှေးပညာရှိကြီးများက ဆိုသည်။

ဂြိုလ်သက် (၂၁)နှစ်ရှိသော (သ)သောကြာနှင့် ဂြိုလ်သက် (၁၉)နှစ်ရှိသော (ပ) ကြာသပတေးတို့ ပေါင်းစပ်ပါက. . (၂၁ + ၁၉ = ၄၀) ( ၄၀ = လေးဆယ်) ဟူ၍ရ၏။

သို့ဖြစ်ခြင်းကြောင့် "သပြေ"ပန်းသည် "လေးနေသည့်အရာများ၊ ခက်ခဲသောအရာများကို ဆယ်ယူစေသောပန်း" ဟူ၍လည်း အနက်ဖွင့်ကြသည်။

"အောင်သပြေအိုး၊ မငြိုးစေနှင့်. . ."

"အောင်ဓာတ်ဆောင်ယူ၊ အောင်သပြေကပ်လှူ"

ဤသို့ လူအများလက်ခံယုံကြည်ကြသော. . "အောင်သပြေ" ဖြစ်အောင် စနစ်တကျဖန်တီးပြီးမှ "အောင်သပြေ" ပီပီသသထိုးရပုံကို ဖော်ပြပါမည်။

သပြေညွန့်တစ်ခုတွင် သပြေရွက် (၇)ရွက်ပါမှ "အောင်သပြေညွန့်" ဟုခေါ်ပါသည်။

သို့ဖြစ်၍ အောင်သပြေညွန့်ဖြစ်ရန် သပြေကိုင်းငယ်တစ်ခုတွင် လိုအပ်သည့်ထိပ်ပိုင်းအရွက် (၇)ရွက်သာချန်ထား၍ ကျန်အရွက်များကို ဖယ်ရှားရပါမည်။

သပြေရိုးတံတစ်ခုမှ အကိုင်းအခက် (၇)ခုထွက်ပြီး ထိုအကိုင်းအခက်အသီးသီးတွင် သပြေရွက် (၇)ရွက်စီသာထားရှိပါ။

ထိုသို့ (၇ ရွက် × ၇ ခက် = ၄၉ ရွက်) သပြေကိုင်းအခက် (၇)ခု၊ သပြေရွက် (၄၉)ရွက်ပါရှိသော သပြေခက်ကို "အောင်သပြေခက်" ဟုခေါ်ပါသည်။

ဖော်ပြခဲ့သည့် "အောင်သပြေ" ဖြစ်အောင် သပြေပန်းကို စီစဉ်ပြီး၊ ဘုရားတွင် ကပ်လှူကာ လိုရာဆုကို တောင်းပါက တောင်းဆုပြည့်ခြင်းအကျိုးကို ခံစားရနိုင်သည်။

အောင်သပြေပန်း၊ အောင်သပြေညွန့် တင်သောအခါ ညီသည့်ပန်းအိုးနှင့်တင်သည်ဖြစ်စေ ရပါသည်။

သို့သော် အောင်သပြေတင်ရန် အကောင်းဆုံး အိုးတို့မှာ "မြေအိုး၊ စဉ့်ရေသုတ်ညောင်ရေအိုး၊ အတာအိုး၊ အောင်အိုး၊ ရွှေရောင်အိုးနှင့် ထိုးပါက ပို၍အကျိုးများစေပါသည်။"

သပြေကို အမျိုးအစား (၄)မျိုးခွဲနိုင်သည်။

(က) ဗုဒ္ဓသပြေ (ဂ) ဝဏ္ဏသပြေ

(ခ) ရာဇသပြေ (ဃ) ကာယသပြေ

"ဗုဒ္ဓသပြေ" ဆိုသည်မှာ ဘုရားကျောင်းကန်တွင် ပေါက်





www.burmeseclassic.com

www.burmeseclassic.com



သောသပြေ၊ မြင့်မြတ်သော ပရဝဏ်တွင် ပေါက်သောသပြေဖြစ်သည်။

ထိုဗုဒ္ဓသပြေကို အိမ်တွင်ရှိသော ဘုရားစင်တွင် မတင်ကောင်းပါ။ အိမ်ထောင်ရေး ပြဿနာတက်တတ်သည်။ လူမှုရေး၊ စီးပွားရေးကိစ္စများတွင် ဗုဒ္ဓသပြေကို သုံးမိပါကလည်း ခိုက်တတ်ပါသည်။

ဗုဒ္ဓသပြေကို စေတီ၊ ပုထိုးများတွင် ဘုရားပန်းတင်ခြင်း၊ သာသနာပွဲ၊ ကန်တော့ပွဲတို့တွင် ကပ်လှူခြင်းတို့ ပြုနိုင်သည်။

"ရာဇသပြေ" ဆိုသည်မှာ အုပ်ချုပ်သူမင်း၊ အစိုးရမင်း၏ အိမ်ဝိုင်းအတွင်းပေါက်သော သပြေဖြစ်သည်။

အဆိုပါသပြေကို သာသနာပွဲ၊ ကန်တော့ပွဲတွင်သာ သုံးရပါမည်။ အိမ်တွင်မသုံးရ။ သုံးမိပါက အိမ်ပူတတ်သည်။

"ဝဏ္ဏသပြေ" ဆိုသည်မှာ တောတောင်တွင် ပေါက်သော သပြေဖြစ်သည်။

"ကာယသပြေ" ဆိုသည်မှာ မြစ်ကမ်းဘေးတွင် ပေါက်သော သပြေဖြစ်သည်။

ဖော်ပြပါ သပြေနှစ်မျိုးသည် အထူးကောင်းကျိုးပေးသော သပြေများဖြစ်ပါသည်။

လူများအတွက် ကောင်းကျိုးပေးသော သပြေများဖြစ်သောကြောင့် မင်္ဂလာပွဲများ၊ အလှူပွဲများ၊ လုပ်ငန်းကိစ္စများတွင် သုံးနိုင်ပေသည်။

လူသားတို့အနေဖြင့် ကံပွင့်၊ လာဘ်ပွင့်စေရန်၊ အောင်





ဓာတ်ရစေရန်နှင့် စီးပွားရေး၊ ပညာရေး ရာထူးတက်ရေးတို့အတွက် နည်းကောင်းတစ်ခုကို ဖော်ပြပါမည်။

"ကြေးလင်ပန်းအဝိုင်းတစ်ချပ်ပေါ်တွင်. . .

(က) သန့်စင်သောသဲကို နို့ဆီဗူး(၉)လုံး ဖြန့်ခင်းပါ။

(ခ) သဲပေါ်တွင်ရွှေရောင်အောင်အိုးကိုတင်ပါ။

(ဂ) ရွှေရောင်အောင်အိုးအတွင်း ကျောက်စရစ်ခဲ (၉)လုံးထည့်ပါ။

(ဃ) ရေခွက်ငယ်နှင့် ရေ(၉)ခွက်ဖြည့်ပါ။

(င) ပြီးလျှင် အောင်သပြေ (၇)ညွန့်ကို စိုက်ထိုး၍ အမြင့်တွင်တင်၍ မြတ်စွာဘုရားကို ကပ်လှူပါ။

ထိုနည်းဖြင့် အောင်သပြေကပ်လှူသောအခါ အောင်အိုးထိုး၍ အမြင့်တွင်တင်လှူသည့် အချိန်ကာလကို ဆောင်ရွက်သည့် နေ့အလိုက် သတ်မှတ်ချိန်အတွင်း အပြီးဆောင်ရွက်ရပါမည်။

(၁) တနင်္ဂနွေနေ့ - နံနက်(၈း၂၄)နာရီ မှ (၁၀း၄၈)နာရီကြား

(၂) တနင်္လာနေ့ - နံနက်(၆း ၀၀)နာရီ မှ (၈း၂၄)နာရီကြား

(၃) အင်္ဂါနေ့ - နံနက်(၁၀း၁၈)နာရီ မှ နေ့(၁း၁၂)နာရီကြား

(၄) ဗုဒ္ဓဟူးနေ့ - နံနက်(၆း၀၀)နာရီ မှ (၈း၂၄)နာရီကြား

(၅) ကြာသပတေးနေ့ - နံနက်(၈း၂၄)နာရီ မှ (၁၀း၂၄)နာရီကြား

(၆) သောကြာနေ့ - နံနက်(၆း၀၀)နာရီ မှ (၈း၂၄)နာရီကြား

(၇) စနေနေ့ - နံနက်(၁၀း၄၈)နာရီ မှ နေ့(၁း၁၂)နာရီကြား

အောင်သပြေပန်းများ ညှိုး၍ အသစ်လဲလှယ်ပါက

www.burmeseclassic.com

www.burmeseclassic.com



လည်း သတ်မှတ်နေ့၊ သတ်မှတ်ချိန်တွင်သာ ဆောင်ရွက်ရပါမည်။

လိုရာဆုတောင်းရန် ရှိပါက ထိုလင်ပန်းအတွင်းရှိ သဲထဲတွင် အမွှေးတိုင်တစ်တိုင်ထွန်းစိုက်၍ ဆုတောင်းပါက တောင်းသည့်ဆုပြည့်နိုင်ပါသည်။

## ➢ နှင်းဆီပန်း

ဆူးများသောနှင်းဆီပန်းသည် လူသားတို့၏ ဆူးခင်းသောဘဝလမ်းကြောင်းကို ချောမွေ့စေနိုင်သည်။ လူသားတို့အတွက် လာဘ်လာဘကို ပေးဆောင်နိုင်မှုစွမ်းရည် ထက်မြက်သည့်အရောင်မှ နှင်းဆီအနီရောင်ဖြစ် သည်။

နှင်းဆီပန်းပန်းနုရောင်သည် ငွေကြေးကံကောင်းခြင်း အေးငြိမ်းခြင်းနှင့် စကားအောင်ခြင်း၊ အတတ်ပညာအတွက် ကောင်းခြင်း၊ ကျန်းမာရေးကောင်းခြင်းတို့ကို ဖြစ်စေသည်။

အဝါရောင်၊ အဖြူရောင်၊ လိမ္မော်ရောင် နှင်းဆီပန်းများသည် လူသားတို့အား ပျော်ရွှင်ချမ်းမြေ့မှုနှင့် မေတ္တာရေး ဖြောင့်ဖြူးစေခြင်းတို့ကို ပံ့ပိုးပေးသည်။ တစ်ပါးသူ၏အမျက်ဒေါသကို ပြေပျောက်ပေးသည်။

မွေးနေ့အလိုက် ဆောင်ရမည့် နှင်းဆီပန်းအရောင်များကို ဖော်ပြပါမည်။ နှင်းဆီပန်းတွင် ရိုးတံ၌ဆူးအနည်းငယ်နှင့် အရွက်အနည်းငယ်ပါရှိရမည်။

၈ တနင်္ဂနွေနေ့ဖွားများသည် အဖြူရောင်ကြွေပန်းအိုးတစ်လုံး



တွင် အနီရောင်နှင်းဆီ (၁)ပွင့်ကိုစိုက်ထိုး၍ အလုပ်နေရာ ငွေကြေးရှာဖွေရာနေရာတွင် စားပွဲ(သို့မဟုတ်) အမြင့်တစ်နေရာတွင် တင်ပါ။

အရေးကြီးသောကိစ္စများဆောင်ရွက်ရာတွင် ဒုန်းရွက်တစ်ရွက်နှင့် ပန်းရောင်နှင်းဆီပွင့်တို့ အဖြူရောင်ကြွေပန်းအိုးတွင်ထိုး၍ မိမိကိုးကွယ်ယုံကြည်သော ဘုရားတွင် ကပ်လှူ၍ လိုရာဆုကိုတောင်းပါ။

◆ တနင်္လာနေ့ ဖွားများသည် ဖက်ဖူးရောင်ကြွေပန်းအိုးအတွင်း ပန်းနုရောင်နှင်းဆီးတစ်ပွင့်ကို စိုက်ထိုး၍ မိမိလုပ်ငန်းလုပ်ကိုင်ရာ၊ စီးပွားရှာသော နေရာတွင်ထားပါ။

ထူးခြားအရေးကြီးသောကိစ္စတို့ကို ဆောင်ရွက်ရာတွင် ကုံကော်ညွှန့်တစ်ညွှန့်နှင့် အနီရောင်နှင်းဆီတစ်ပွင့်တို့ကို ကပ်လှူ၍ လိုရာဆုကိုတောင်းပါ။

◆ အင်္ဂါနေ့ဖွားများသည် ဖန်ပန်းအိုးအတွင်း နှင်းဆီပန်း အနီရောင်တစ်ပွင့်ကိုထိုး၍ လုပ်ငန်း၊ စီးပွားရေးလုပ်သော နေရာတွင်ထားပါ။

ထူးခြားအရေးကြီးသော ကိစ္စတို့ကို ဆောင်ရွက်ရာတွင် အဆိုပါဖန်ပန်းအိုးအတွင်းသို့ပ ကျောက်စရစ်ခဲလုံးငယ် (၉)လုံး ထည့်၍ ပန်းရောင် (သို့မဟုတ်) အဝါရောင်နှင်းဆီပန်း (၃)ပွင့်ကို ပန်းအိုးထိုးပြီးကပ်လှူ၍ လိုရာဆုကိုတောင်းပါ။

◆ ဗုဒ္ဓဟူးနေ့နှင့် ရာဟုတွင်မွေးဖွားသူများသည် ဖန်ခွက်တစ်ခွက်တွင် ရေတစ်ဝက်ဖြည့်ပြီး အနီရောင်ပါကြိုးငယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



စည်းနှောင်ထားသော ပန်းရောင်နှင်းဆီပွင့် (၃)ပွင့်ကို ထိုးစိုက်၍ မိမိလုပ်ငန်း၊ စီးပွားရှာရန် နေရာဝန်းကျင်တွင်ထားပါ။

အရေးကြီးသောကိစ္စများ ဆောင်ရွက်သောအခါတွင်လည်း လည်တံရှည်သော ဖန်ပန်းအိုးအတွင်း နှင်းဆီနီတစ်ပွင့် ထိုးစိုက်ပြီး ကပ်လှူ၍ လိုရာဆုကိုတောင်းပါ။

မေတ္တာရေးတွင် အဖြူရောင်၊ အဝါရောင် နှင်းဆီပန်းများကို သုံးစွဲပါက ထူးခြားစွာ ကံကောင်းတတ်သည်။

♦ ကြာသပတေးနေ့ဖွားများသည် ကြေးနှင့်ပြုလုပ်ထားသော ပန်းအိုးအတွင်း ပန်းနုရောင် နှင်းဆီတစ်ပွင့်ကိုထိုး၍ အလုပ်လုပ်သော စီးပွားရှာသော နေရာတွင်ထားပါ။

အရေးကြီးသောကိစ္စများ ဆောင်ရွက်သောအခါတွင် နှင်းဆီအနီ(၂)ပွင့်နှင့် ပန်းရောင်(၁)ပွင့်ကို အဖြူရောင်ကြိုးနှင့် ပူးတွဲချည်နှောင်၍ ကြေးပန်းအိုးအတွင်းထိုးစိုက်ပါ။ ကျောက်စရစ်(၃)ခဲထည့်၍ ရေထည့်ပါ။ ထိုပန်းအိုးကို ကပ်လှူ၍ လိုရာဆုကိုတောင်းပါ။

နှင်းဆီပန်းအဝါကို ပန်ဆင်ခြင်း၊ ဆောင်ယူခြင်းဖြင့် ပီယဓာတ်ကိုဖွင့်နိုင်ပြီး မျက်နှာပွင့်နိုင်သည်။

♦ သောကြာနေ့ဖွားများများသည် ငွေပန်းအိုးတွင် သေးငယ်သော နှင်းဆီပွင့်ပန်းရောင် (သို့မဟုတ်) လိမ္မော်ရောင်များကိုထိုးစိုက်ပြီး အလုပ်နေရာ၊ စီးပွားရှာရာနေရာတွင် ထားပါ။

အရေးကြီးသောကိစ္စများ ဆောင်ရွက်သောအခါတွင် ကြွေပန်းအိုးအတွင်း နှင်းဆီနီ(၃)ပွင့်စိုက်ထိုး၍ ကပ်လှူပူဇော်ပြီး



လိုရာဆုကိုတောင်းပါ။

♦ စနေနေ့ဖွားများသည် ဆေးလိပ်ပြာခွက်ကဲ့သို့ ခပ်ပက်ပက်ဖန်အိုးအတွင်း ကျောက်စရစ်ခဲ အနက်၊ မီးခိုး၊ အဖြူရောင်တို့ကိုထည့်ပါ။ ရေဖြည့်ပါ။ ၎င်းနောက် နှင်းဆီပန်းပွင့် အနီရောင်တစ်ပွင့်ကို အရင်းမှဖြတ်၍ ရေတွင် ကြာပန်းပွင့်အလား မျှောထားပါ။ ထိုပန်းခွက်ကို အလုပ်၊ စီးပွားရှာရာနေရာတွင် ထားပါ။ သိသာထင်ရှားစွာ စီးပွားတက်မည်။

အရေးကြီးသောကိစ္စများရှိပါက ကြွေပန်းအိုး အဖြူရောင်တွင် ပန်းနုရောင် နှင်းဆီဖူး(၃)ဖူးကိုထည့်၍ ကပ်လှူပြီး လိုရာဆုတောင်းပါ။

## ➢ ပိန်းပန်း

ပိန်းပန်းသည် ရှားပါးရိုးရှင်းသောအလှကို ပိုင်သည်သာမက ထူးခြားသော မှော်ဂမ္ဘီရစွမ်းအင်များကို ပိုင်ဆိုင်ပြီး လူသားတို့အား အကျိုးပြုသောပန်းဖြစ်သည်။

ဤပန်းသည် အနောက်တိုင်းအယူအဆအရ အဆိုင်းစစ်(Isis)နတ်မိမယ်တော်က လူသားတို့၏လိုအင်ကို ဖြည့်ဆည်းပေးရန် ဖန်ဆင်းပေးထားသည်။ ၎င်းပန်းကို ပူဇော်၍ သူ(မ)နှင့် ဆက်သွယ်မှုပြုပါက လိုရာဆန္ဒပြည့်စေသော ပန်းဟုဆိုသည်။

ပိန်းပန်းသည် အသည်းနှလုံးပုံ ပွင့်ဖတ်အတွင်း မြားစိုက်နေသော ပုံသဏ္ဍာန်ရှိ၍ အချစ်နတ်ဖြစ်သော မြားနတ်မောင်၏ သင်္ကေတဟုလည်း ဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤပန်းသည် "လူသားတို့အား ကျက်သရေမင်္ဂလာ တိုးပွားစေခြင်း၊ ပျော်ရွှင်စေခြင်း၊ ငြိမ်းချမ်းစေခြင်း၊ ကံကောင်းစေခြင်း၊ လာဘ်ပွင့်ခြင်း၊ မင်္ဂလာရှိစေခြင်း၊ ပေါ်ပေါက်နေသော ကံကောင်းခြင်းများ မိမိထံပါးတည်မြဲစေခြင်း အဆိုးအညံ့များကို ဖယ်ရှားပေးသော အစွမ်းရှိသောပန်း" ဟူ၍ လူအများက လက်ခံသုံးစွဲကြသည်။

သို့ဖြစ်၍ ကမ္ဘာအရပ်ရပ်ရှိ ပန်းအလှပြုပြင်သည့် ပညာရှင်များသည် မင်္ဂလာဆောင် သတို့သမီးလက်ကိုင်ပန်းမှစ၍ စီးပွားရေးနှင့် ဧည့်ခန်းအလှပြင်ပန်းအိုးအထိ ပိန်းပန်းကိုပါအောင်သုံးပြီး အလှဆင်ကြသည်။

မြန်မာနိုင်ငံတွင် ပိန်းပန်းအမျိုး(၃၀)ကျော်ခန့်ရှိသည်။ ထူးခြားစွမ်းရည်ကိန်းအောင်နေသောပန်းဖြစ်သည်။

အနီရောင်ပိန်းပန်းပွင့်သည် လူသားတို့အား ထူးခြားသောစွမ်းအားနှင့် တိုးတက်မှုကိုပေးသည်။ မိမိစိတ်အားထက်သန်သည့် လိုရာဆန္ဒကို ပြည့်ဝစေသည်။ ချစ်မေတ္တာအတွက် အထူးကောင်းကျိုးပေးသည်။

ပိန်းပန်းပွင့်အနီသည် တနင်္ဂနွေ၊ အင်္ဂါ၊ စနေနေ့ဖွားများအတွက် အထူးကောင်းကျိုးပေးသည့် ဂမ္ဘီရပန်းဖြစ်သည်။

အဖြူရောင်နှင့် နီနှစ်ရောင်ပိန်းပန်းပွင့်တို့သည် လူသားဖန်တီးမှု အစွမ်းအစကောင်းကို ပေးသည်။ အတတ်ပညာအတွက် အထူးကောင်းကျိုးပေးသည်။ သတ္တိစွမ်းအားကိုပေးသည်။ လာဘ်ပွင့်စေသည်။ ရန်အောင်စေခြင်း၊ ပညာရေး ကောင်းစေ



ခြင်း၊ မေတ္တာကံကောင်းခြင်း၊ မင်္ဂလာရှိစေခြင်း စသည်တို့ကို (၇)ရက်သားသမီးအားလုံးအတွက် ရရှိစေသည်။

ပန်းရောင်ပိန်းပန်းပွင့်တို့သည် ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းမှုအတွက် အထူးအကျိုးပြုနိုင်သဖြင့် (၇)ရက်သားသမီးအားလုံးအတွက် အသုံးပြုနိုင်သည်။

အစိမ်းရောင်ပိန်းပန်းပွင့်သည် ကျန်းမာရေးအတွက် အထူးကောင်းစေသည်။ အခက်ကြုံနေသော စီးပွားရေးကို ပြန်၍ နလန်ထူစေနိုင်သည်။ ရှင်သန်ခြင်း၊ တိုးတက်ခြင်းနှင့် အသက်ရှင်စေခြင်းများကို ဖန်တီးမှုစွမ်းရည်ရှိသည်။

ခရမ်းရောင် ပိန်းပန်းပွင့်သည် ချစ်သူ၏ စွဲလမ်းမှုကို ရစေ၏။ ဥစ္စာစီးပွားတက်စေ၏။

ချောကလက်ရောင်ပိန်းပန်းသည် ရန်များကို အောင်စေ၍ ကြီးပွားတိုးတက်စေသည်။

အညိုရောင် ပိန်းပန်းပွင့်သည် ထီပေါက်ခြင်း၊ လာဘ်ပွင့်ခြင်းဖြစ်၍ ကံကောင်းစေသည်။

အဖြူရောင်ပေါ်တွင် ပန်းရောင်ဆေးစက်ကျနေသော ပိန်းပန်းပွင့်သည် မင်္ဂလာရှိပြီး ရန်ကိုအောင်မြင်စေသည်။

## ➢ ဂန္ဓမာပန်း

ဂန္ဓမာပန်းသည် ဂမ္ဘီရပညာအလိုအရ "အလွန်"တင့်တယ်ခြင်းနှင့် ထူးခြားသော လာဘ်ပွင့်စေခြင်းကို ဖန်တီးပေးနိုင်သောပန်း" ဟု သတ်မှတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာပန်းသည် "ပျော်ရွှင်ကံကောင်းစေခြင်းကို ဖန်တီးထားသော၊ ဆောင်ယူပေးစွမ်းရှိသောပန်း" ဟု အစဉ်အဆက်လူများလက်ခံပြီး အခမ်းအနားများတွင် စိုက်ထိုးထားကြသည်။

အချစ်ရေး မေတ္တာရေးအတွက် ဂန္ဓမာအပွင့်ကြီး အဝါတစ်ပွင့်၊ အဖြူတစ်ပွင့်ကို နှစ်ပွင့်အတူပူး၍ ရိုးတံတွင် အပ်ချည်ကြိုးအနီရောင်နှင့် ချည်နှောင်၍ ဖန်ပန်းအိုးတွင် ရေခံစိုက်၍ ကပ်လှူပါ။ လိုရာဆုကိုတောင်းပါ။

ပညာရေးအတွက် စာကြည့်စားပွဲပေါ်တွင် ဖန်ပန်းအိုးနှင့် ဂန္ဓာပန်းနှစ်သက်ရာအရောင်ကို တစ်ပွင့်တည်းထိုးပါ။

## ➢ မေမြို့ပန်း

မေမြို့ပန်းသည် ကြာသပတေးနံထပ်ပန်းဖြစ်သည်။ အရေးကြီးသော စကားများပြောသောအခါ အရောင်းအဝယ်စကားပြောသောအခါ၊ ကျောင်းအပ်သောအခါ၊ စာမေးပွဲဖြေသောအခါများတွင် မေမြို့ပန်းကိုဆောင်သည်။

## ➢ သစ္စာပန်း

သစ္စာပန်း၏ အစွမ်းသည် လာဘ်လာဘပွင့်၍ လိုရာဆုတောင်းပြည့်စေရန် ဖြည့်ဆည်းပေးသည်။

သစ္စာပန်းကို ခန်းမများမှအစ ဆိုင်၊ အိမ်၊ ဘုရားခန်း၊ ဧည့်ခန်းတို့တွင် ပန်းအိုးအလှတိုး၍ မင်္ဂလာယူကြသည်။





## ➢ ကုမုဒြာပန်း

ဂမ္ဘီရဓာတ်အပြည့်ရှိသောပန်းမြတ်ဖြစ်သည်။ လရောင်ဖြန်းပက်သော လထိန်ထိန်သာသည့်အခါတွင် ပွင့်တတ်သည့် ကုမုဒြာပန်းသည် ငွေကြေးကံအထူးထွန်းစေပြီး၊ အေးချမ်းမှုငြိမ်းချမ်းမှုနှင့် မေတ္တာဓာတ်ကိုပေးသော သဘာဝရှိပေသည်။

## ➢ ခရေပန်း

ခရေပန်းသည် ထူးခြားသော ဂမ္ဘီရပန်းဖြစ်သည်။ ခရေကို ဂြိုလ်သက်နှစ်ခုပေါင်းစပ်ပါက (၁၅ + ၁၂ = ၂၇) ( ၂၇ = ၂ + ၇ = ၉ ) ရသည်ကို မြန်မာဗေဒင်လောကတွင် သတ္တဗီသကြေသည်ဟု ဆိုသည်။

သတ္တဗီသကြေပါက လူသားတို့အနေဖြင့် စိတ်ပျော်ရွှင်ခြင်း၊ ပြည့်စုံခြင်း၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းမှ လွတ်ကင်းခြင်းကြုံမည်။ စီးပွားပွင့်၊ ဉာဏ်ပွင့်၊ ကံပွင့်၊ လာဘ်ပွင့်ခြင်းများကိုဖြစ်ပေါ်လာစေနိုင်သည်။

ခရေပန်းကို ဈေးရောင်းရာတွင် ဆိုင်၌ချိတ်ခြင်း၊ ချိန်ခွင်၌ချိတ်ဆွဲပေးက ဈေးရောင်းကောင်းသည်ဟုဆိုသည်။

ဘုရားကို ခရေညှန့်ကို ကလပ်ပေါ်တွင် တင်၍ကပ်လှူပါက ထူးထူးခြားခြား လာဘ်ပွင့်ပေသည်။

စာကြည့်သောအခါ စာကြည့်စားပွဲ၊ စာကြည့်ခန်းတွင် ခရေပန်းထားပါက စာရလွယ်သည်။ ခရေပန်းခြောက်ကို သနပ်ခါးနှင့် ရော၍သွေးပြီးလိမ်းပါက အလွန်မျက်နှာပွင့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## ➤ ဗုဒ္ဓဟူးပန်း

ဗွန်ပန်းသည် ဗ = အင်္ဂလိပ်လိပ်သက် (၈) + န် (နသတ်)= စနေဂြိုလ်သက်(၁၀)တို့ပေါင်း၍ (၈ + ၁၀ = ၁၈ = ၉) ကိုးနဝင်း ဖြစ်စေပြီး ဝဆွဲ (ဝ)သည် ထူးခြားသော သိဒ္ဓိဓာတ်ကို တိုးပွားစေ ရာ နံဝင်းသိဒ္ဓိကို ရရှိထားသော ပန်းပညာတ်ဖြစ်သည်။

အဖြူရောင်ဗွန်ပန်းသည် လူသားတို့အား ထူးခြားသော အောင်မြင်မှုကိုပေးစွမ်းလေသည်။

သောကြာနေ့ နံနက် (၆း၀၀) နာရီတိတိတွင် ဗွန်ပန်း (၉)ကုံးကို အိမ်မှဘုရားတွင် မည်သည့်မွေးနေ့ရှင်မဆို ကပ်လှူ ပါ။ လိုရာဆုကိုတောင်းပါ။ ဆုတောင်းပြည့်သည်ဟု ယူဆကြ သည်။

ဗွန်ပန်း/ဗွန်ညွန့်ကို အရောင်းအဝယ်ပြုရာတွင် ပန်းအိုး ထိုး၍ လာဘ်ခေါ်ယူကြပါသည်။

နေအိမ်ဧည့်ခန်းနှင့် ထမင်းစားပွဲတို့တွင် ဗွန်ပန်း/ဗွန် ညွန့်ကို ပန်းအိုးထိုးထားပါ။

"ဗွန်"နှင့်"ဉာဏ်"တို့သည် ဓာတ်တူပညတ်တူဖြစ်သည်။ ပညာသင်ယူနေသူတို့သည် စာကြည့်စားပွဲတွင် ဗွန်ပန်းထား၍ စားကျက်ပါက စာရလွယ်သည်။

## ➤ နေကြာပန်း

နေကြာပန်းသည် အပိုလို(APPOLO)အမည်ရှိ နေ





နတ်သားမှ ကမ္ဘာမြေပေါ်သို့ ယူဆောင်စိုက်ပျိုးသောပန်းဟူ၍ ရောမ၊ ခေါမ တို့က မှတ်ယူကြသည်။

နေကြာသည် နေခြည်ပက်ဖြန်းမှ လန်းဆန်းသောပန်း ဖြစ်သည်။

အဝါရောင်၊ ရွှေရောင်တို့သည် "အင်အား၊ စွမ်းရည်၊ အောင်မြင်မှုနှင့် ကျက်သရေ အဖြာဖြာကို ဖန်တီးပေးစွမ်းသော အရောင်" ဟု သတ်မှတ်သည်။

နေအိမ်၊ အလုပ်ရုံးခန်း၊ လုပ်ငန်းကိစ္စ အခမ်းအနားများ တွင် နေကြာပန်းပွင့်များကို အတု(သို့မဟုတ်)အစစ်ကို အသုံးပြု ကြသည်။

နေကြာပန်းစေ့ကိုစားခြင်းသည် နေမင်း၏ စွမ်းရည်ကို ငင်းမှ တဆင့်ယူသည်ဟုဆို၏။

အောင်မြင်ခြင်း၊ လာဘ်ပွင့်ခြင်း၊ ကံကောင်းစေသည်ဟု ယူဆသည်။ နေကြာပန်းပွင့်ကို ခေါင်းအုံးအောက်တွင်ထား၍ အိပ်စက်ပါက ခေါင်းကိုက်ခြင်းဝေဒနာ ပျောက်ကင်းစေသည်။ ကျန်းမာရေးကောင်းစေသည်။

## ➤ ငုဝါပန်း

ငုဝါပန်းသည် အဝါရောင်မူလအဆင်းရှိသဖြင့် မင်္ဂလာ ရှိခြင်း၊ လာဘ်ပွင့်ခြင်း အဓိပ္ပါယ်ကိုဆောင်ပြီး နှစ်သစ်ကိုကြို ဆိုသည့်ပန်းဖြစ်သည်။

ရောင်းပန်းဝယ်ပန်းပွင့်၍ ငွေကံကောင်းစေရန် ဈေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်များကို ငုဝါပန်းကို ဆောင်ကြသည်။

ငုဝါသားကို မိမိ၏ ညာလက်ညှိုးအလျားအရွယ်ဖြတ်၍ ရွှေချကာဆောင်ထားပါက လာဘ်ပွင့်သည်။ ငွေကြေးကံကောင်းသည်ဟု ဆိုသည်။

### ➢ စံပယ်ပန်း

ယာဉ်များ၊ ဈေးဆိုင်များတွင် စံပယ်ပန်းကို ချိတ်ဆွဲတတ်ကြသည်။ ရန်ဘေးအန္တရာယ်ကင်းစင်၍ ထူးခြားသော မင်္ဂလာရှိကာ လာဘ်လာဘကို ပွင့်စေသောပန်းဟု ယူဆကြသည်။

စေတီ၊ ဘုရားတွင်ကပ်လှူခြင်း၊ အောင်ပွဲကြိုခြင်း. . မင်္ဂလာကုံးများအဖြစ် သုံးခြင်းတို့တွင် စံပယ်ပန်းကို တန်ဖိုးထား၍ သုံးကြသည်။

### ➢ ယုဇနပန်း

လှပ၍ အဖြူရောင်အဆင်းရှိပြီး မွှေးကြိုင်သင်းပျံ့သည့် ရနံ့နှင့်ပြည့်စုံသော ယုဇနပန်းသည် ထူးခြားမှုစွမ်းရည်နှင့် ပြည့်စုံပေးသည်။

လှုပမ်း၊ စိတ်သောကဖြစ်၊ အကဲ့ရဲ့ခံရပြီး ပြဿနာပေါ်ရှင်းကာ ငွေအဖတ်မတင် အကြွေးတင်လာဘ်ပိတ်နေပါက. . ယုဇနပန်းတစ်ပွင့်ကို အိမ်ရှိဘုရားကို ကပ်လှူ၍ ဆုတောင်းပါ။ တစ်နေ့လျှင်တစ်ပွင့် (၉)ရက်ဆက်တိုက် ကပ်လှူပါက ထူးခြားစွာ အဆင်ပြေလာနိုင်သည်။





ပညာရေးအတွက် ယုဇနပန်းရွက်(၅)ရွက်ပါသောအညွန့်ကို ဆောင်သင့်သည်။

ကျန်းမာရေးညံ့သူများအတွက် အိပ်ရာခေါင်းရင်းတွင် ယုဇနပန်းညွန့်ကို ပန်းအိုးဖြင့် ထားပေးခြင်းဖြင့် ကျန်းမာရေးထူးခြားကောင်းမွန်လာစေနိုင်သည်။

### ➢ ဆူးပန်း (Kiss Me Quick)

နေအိမ်တစ်ခုတွင် ဆူးပန်း(Kiss Me Quick) အပင်ကို စိုက်ထားပါက ၎င်းအိမ်တွင်ရှိကြသော မိသားစုတစ်ခုလုံး တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်မြတ်နိုးကြပေမည်။

### ➢ ပိတောက်ပန်း

မြန်မာတို့၏ နှစ်ဦးမင်္ဂလာတွင်. . အခါကောင်း ရက်ကောင်းနှင့် တိုက်ဆိုင်ပြီးပွင့်တတ်သည့် မိုးရေကြိုက်သောပန်းဖြစ်သည်။

ဂမ္ဘီရအတတ်ပညာတွင် ပိတောက်ပန်းသည် ထူးခြားသောပန်းဖြစ်ပါသည်။

ပိတောက်ပန်းသည် "လူသားတို့၏ လိုရာဆန္ဒကို ထူးထူးခြားခြား ပြည့်စေရန် နတ်ဒေဝါတို့နှင့် လူသားအကြား ဆက်သွယ်ပေးသောပန်း" ဟု ယူဆကြသည်။

ပွင့်လျက်နှင့် မခူးဘဲထားသည့်ပိတောက်ပင်သည် ဖြစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ပန်းကို သူတစ်ပါးတောင်းလျှင် အနည်းငယ် မျှပင်မပေးမိပါက လာဘ်ပိတ်စေသည်။

မိမိလက်ဝယ်ကိုင်ထားသည့် ပိတောက်ပန်းခိုင်အား တစ်ပါးသူက တောင်းဆိုလာလျှင် နှမြောခြင်းမရှိဘဲ ဝေငှလိုက် ပါက ထူးခြားစွာကံကောင်းစေတတ်သည်။

ပိတောက်ပန်းပွင့်ချိန်တွင် ကြီးမားသော ပန်းအိုးအတွင်း ၌ ပိတောက်ပန်းများကို ဝေအောင်ထိုးပါ။ နေအိမ်ရှိ ဘုရားဆင် တုတော်၏ လက်ျာဘက်လက်တော်ဘက်မှ ကပ်လှူပါက.. မိသားစုတွင် ထူးခြားသော ကံပွင့်ရခြင်း၊ လာဘ်ဝင်ခြင်းများ ဖြစ်စေသည်။

## ➢ ဒေစီပန်း

ဒေစီပန်းကို အင်္ဂလိပ်အမည် (DAISY)မှ တိုက်ရိုက် အမည်ခေါ်ဆိုခြင်းဖြစ်သည်။

အဓိပ္ပါယ်မှာ (DAY'S EYE) ဖြစ်ပြီး "နေ့တစ်နေ့ မျက်ဝန်း" ဟူ၍ ဆိုနိုင်သည်။

ဂမ္ဘီရပညာရှင်များက ဤပန်းကို "ပျို့မျှစ်ခြင်း၊ နုနယ် ပခြင်း၊ သန့်ရှင်းစေခြင်း၊ အိပ်မက်ကို ဖြစ်ထွန်းစေခြင်း၊ တစ်ပါး သူ၏ဒေသကိုပြေပျောက်စေခြင်းနှင့် နတ်ဒေဝါတို့က နှစ်သက် အထောက်အကူပြုသောပန်း" ဟုယူဆကြသည်။

ဒေစီပန်း (၃)ပွင့်ကို ညော့ခန်း၊ ဆိုင်ခန်း၊ ကောင်တာ တို့တွင် ကြွေပန်းအိုးငယ်နှင့် ထိုးစိုက်ထားပါက လာဘ်ဝင်များ





မည်။

အိမ်တွင် ဒေစီပန်းတစ်ပွင့်နှင့် ရွက်လှနှစ်ညွန့်တွဲ၍ ပန်းအိုးထိုးပြီး ပန်းအိုးထဲသို့ ကျောက်စရစ်ခဲ(၃)ခဲ ထည့်၍ ရေဖြည့်ထားပါ။ အိမ်တွင်းရေးအေးချမ်း၍ ငွေကြေးအဆင်ပြေ နိုင်သည်။

ဒေစီပန်းပုံကို ညှပ်၍(သို့မဟုတ်)ဒေစီပန်းပွင့်ကိုဆောင် ထားပါက ကျောင်းနေရွယ်ကလေးများ ဉာဏ်ပွင့်နိုင်သည်။

## ➢ ခတ္တာပန်း

အနောက်တိုင်းပညာရှင်တို့က ကမ္ဘာစောင့်နတ်သည် ဇုနတ်မင်းကြီး၏သားတော် အပိုလို(Appolo) နေနတ်သားအား ငှင်းပိုင်စိုးသော လရာသီတွင် ပူဇော်သောအားဖြင့် ပွင့်လန်းစေ သော ပန်းဟူ၍ "ခတ္တာပန်း"ကိုဆိုသည်။

မြန်မာ့ရိုးရာ ဗေဒင်အလိုအရ "ခတ္တာ"ပန်းသည် (ခ+ တ္တာ = ၂ + ၇ = ၉) နဝင်းဓာတ်ကိုဆောင်ထားသော ပန်းဟူ၍ သတ်မှတ်ထားပါသည်။

သို့ဖြစ်၍ ခတ္တာပန်းသည် စန်း၊ နဝင်း၊ ဘုန်းကံပြည့် လာဘ်ပွင့်စေသော နဝင်းပန်းဟူ၍ လူအများကသတ်မှတ်ယူ ဆကြသည်။

ခတ္တာပန်းကို နေအိမ်တွင်စိုက်ထားပါက ထူးခြားသော ငွေပွားဖြစ်ထွန်းနိုင်သည်။ ပို၍ငွေဝင်ပြီး ဥစ္စာစီးပွားရှာဖွေ၍ အ ဆတ်တင်မည်။

www.burmeseclassic.com

www.burmeseclassic.com



ခတ္တာပန်းပင်စိုက်ထားသော အိမ်တွင် ပညာရှာသူများ ရှိပါက ၎င်းတို့ ပညာရေးအထူးကောင်းနိုင်သည်။ ခတ္တာပန်း ခြောက်ကို စာအုပ်ကြားညှပ်ထားပါက စိတ်ရွှင်လန်းပြီး ဉာဏ် ထက်စေနိုင်သည်။

နဝင်းပန်းဖြစ်သောခတ္တာပန်းကို ဘုရားပန်းအဖြစ် ကပ်လှူပူဇော်၍ ဆုတောင်းပါက လိုရာဆန္ဒပြည့်ဝစေသည်။

ရုံးခန်း၊ အလုပ်ခန်းနှင့် ကောင်တာအထက်တွင် ခတ္တာ ပန်းပွင့်ကို ကြွေပန်းအိုးနှင့်ထိုး၍ အလှထားပါက လုပ်ငန်းတွင် ထူးခြားသော အဆင်ပြေခြင်းများ ကြုံတွေ့ရမည်။ လာဘ်ပွင့် မည်။ ပန်းများတွင် အရောင်အသွေးစုံရှိကြသည်။

အရောင်အသွေးတစ်မျိုးစီတွင် ထူးခြားသော စွမ်းများ ရှိပေသည်။ ဂမ္ဘီရအတတ်ပညာ၏ အလိုအရ ပန်းတို့၏ အရောင် အသွေးအလိုက် ထူးခြားသော ဂုဏ်သတ္တိများရှိပေသည်။

မိမိနှစ်သက်ရာ ပန်း၊ နှစ်သက်ရာ အရောင်ကို ရွေးချယ် အသုံးပြုနိုင်ရန် ဖြစ်ပေသည်။

## ➤ အနီရောင်ပန်းများ

အနီရောင်ရှိသော မည်သည့်ပန်းတွင်မဆို အောင်မြင်မှု စွမ်းအားကိုပေးသည်။ မေတ္တာအတွက်ကောင်း၏။ အချစ်ရေး နှင့် ဆက်နွယ်၏။ ပါဝါစွမ်းပကားနှင့် ဆက်နွယ်၏။ လိုရာပန်း တိုင် ရောက်အောင်ပို့ဆောင်နိုင်သော ကံကောင်းခြင်းကို ဖြစ် ထွန်းစေသည့် ကံပွင့်စေသည်။





## ➤ လိမ္မော်ရောင်ပန်းများ

လိမ္မော်ရောင်ရှိသော မည်သည့်ပန်းတွင်မဆို အေးချမ်း ခြင်း၊ ပျော်ရွှင်အောင်မြင်ခြင်း၊ အောင်ပွဲမင်္ဂလာခံယူရခြင်း၊ ဆွေ သဟာမိတ်ကောင်းများရစေခြင်း၊ ရင်းနှီးမြှုပ်နှံကျိုးစားထားသည် မှ ကောင်းသောအကျိုးအမြတ်ရခြင်း၊ ရိက္ခာကောက်ပဲသီးနှံ ပေါ ကြွယ်ဝခြင်း၊ ပညာရေးကောင်းခြင်း၊ ခရီးသွားခြင်းကိစ္စအတွက် အကျိုးပေးခြင်း စသောစွမ်းအားများရှိသည်။

## ➤ အဝါရောင်၊ ရွှေရောင်ပန်းများ

အဝါရောင်၊ ရွှေရောင်ရှိသော မည်သည့်ပန်းတွင်မဆို ရဲစွမ်းသတ္တိ၊ ထူးခြားသော စွမ်းအား၊ ဉာဏ်ပညာထွန်းတောက် ခြင်း၊ စွမ်းအားကောင်းခြင်းစသော စိတ်ဓာတ်ကို အားပေးသည်။

## ➤ အစိမ်းရောင်ပန်းများ၊ အညွန့်များ

အစိမ်းရောင်ပန်းများနှင့် အညွန့်များသည် ကြီးပွားစေ သည့်၊ ချမ်းသာစေသည့် ရှင်သန်ကြီးထွားခြင်းကို ဖြစ်စေသည်။ ငွေကြေးလာဘ်လာဘကြွယ်ဝပွားများစေသည်။ ပျော်ရွှင်အေး ချမ်းမှုနှင့် ရန်ပြေငြိမ်းအေး ကောင်းကျိုးပေးသော ဓါတ်ဆင်အား ရှိသည်။

## ➤ အပြာရောင်ပန်းများ

အပြာရောင်အဆင်းရှိသော ပန်းတိုင်းသည် အေးချမ်း

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ငြိမ်းချမ်းခြင်း၊ အပူသောကကင်းဝေးစေခြင်းတို့ဖြ
သည်။ မျှော်လင့်ချက်များပြည့်ဝစေသည့် ပျော်ရွှင်ရယ်မောခြင်း
ကိုပေးစွမ်းသည်။ ယုံကြည်မှုကိုရစေသည်။ ချစ်ခင်ယုယမှု
ပွားများစေသည်။

## ➢ အညိုရောင်ပန်းများ အညွှန့်များ

အညိုရောင်အဆင်း၊ ချော့ကလက်ရောင်အဆင်းရှိ
သော ပန်းများ၊ အညွှန့်များသည် ခိုင်မာခြင်း၊ ကျန်းမာ
ကောင်းခြင်း၊ ကြီးပွားတိုးတက်စေခြင်း စတ်ကို ဆောင်ယူထား
သည်။

## ➢ အဖြူရောင်ပန်းများ

အဖြူရောင်အဆင်းရှိသော မည်သည့်ပန်းမဆို ဖန်တီး
စွမ်းအားကောင်းစေခြင်း၊ လှပတင့်တယ်စေခြင်း၊ ဝီယ
ကောင်းခြင်း၊ ပညာကောင်းခြင်း၊ စုဆောင်းမှုအားကောင်းခြင်း
လာဘ်လာဘရွှင်ခြင်းတို့ကို ဆောင်ယူထားသည်။

အထက်ပါ အကြောင်းအရာများသည် စာဖတ်သူ
နေ့စဉ်သုံးစွဲနေသော ပန်းပွင့်များ၊ အရောင်များနှင့် ပတ်သက်
ထူးခြားဆန်းကြယ်သော အကြောင်းအရာများပင်ဖြစ်ကြ
သည်။

အချို့ကမသိသဖြင့် သာမန်အလှအပအတွက် အသုံး
ပြုကြသည်။ အချို့ကတော့ သိဒ္ဓိအကြောင်းကို သိသောကြော



ဂရုတစိုက်အသုံးပြုကြလေသည်။

အကျိုးရှိအောင်အသုံးချသူက အကျိုးရရှိသည်။

သာမာန်အသုံးပြုသူက သာမန်မျှသာရရှိပေသည်။

ဦးဇန်ကောင်းက စကားဆုံးသောအခါ လက်ဖက်ရည်
ကြမ်းတစ်ခွက်ကိုသောက်နေလေသည်။

နီမောင်ကလည်း သိချင်တာသိလိုက်ရသောကြောင့်
များစွာကျေနပ်သွားလေတော့သည်။ သို့ကြောင့် ဆရာကြီးကို
နှုတ်ဆက်ကာ ပြန်ရန်ပြန်သောအခါ ဦးဇန်ကောင်းက လှမ်းမှာ
သည်။

"မင်းတို့ ဒီတစ်ခါ တစ္ဆေကျွန်းဘက်ကို ညအိပ်ညနေ
သွားကြရင် ငါ့ကိုပါခေါ်စမ်းပါကွာ၊ လိုက်ခဲ့ပါရစေ. . "

"ကောင်းပါပြီးဆရာကြီး၊ ဒီတစ်ခါသွားရင် ကျွန်တော်တို့
လာခေါ်ပါ့မယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

# ဖုတ်ဝင်နေသောလူသရဲ

ယခုတစ်ခေါက် တစ္ဆေကျွန်းသို့သွားကြရာမှာတော့ နီမောင်တို့သုံးယောက်သာမကဘဲ ဆရာကြီး ဦးဗန်ကောင်းပါ လိုက်လာသောကြောင့် လေးယောက်ဖြစ်လေသည်။

ဦးဗန်ကောင်းက ရှင်သူ့ငယ်နှင့်ပတ်သက်သည့် လျှို့ဝှက်ချက်များကို သိလိုသောကြောင့် တကူးတကလိုက်လာခြင်း ဖြစ်ပေသည်။

ထို့ပြင် ကျွန်းပေါ်တွင် အခြားစိတ်ဝင်စားဖွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော ကိစ္စများရှိနေလိမ့်မည်ဟုလည်း မျှော်လင့်ထားဟန်ရှိလေသည်။ သူ့စိတ်ထဲမှာ ကျွန်းပေါ်၌ ရှင်သူငယ်ဂမုန်းသာရှိမည်ဆိုပါက ၄င်းနှင့်တွဲလျက်နေသော တောင်လုံးကျော် ဆေးပင်ကိုပါ ရှာဖွေရနိုင်မည်ဟု မျှော်လင့်ထားလေသည်။

ထို့ကြောင့် တကူးတကလိုက်လာခဲ့ခြင်းဖြစ်သည်။

"အဘကိုမေးပါရစေ၊ ရှင်သူငယ်ဆိုတာ ဘယ်လိုဟာကိုခေါ်တာလဲအဘ"

စောထီးကမေးလိုက်သည်။

"ရှင်သူငယ်ဆိုတာ သိဒ္ဓိရှိတဲ့ ဂမုန်းပင်မျိုးပါပဲ၊ အပင်ပုံသဏ္ဌာန်က ငှက်ပျော်ပင်နဲ့တူတယ်၊ အရွက်က အပေါ်စိမ်းပြီး အောက်ဖက်က နီရဲနေတယ်၊ အပင်ငယ်ရင်. . တစ်တောင်လောက်ပဲရှိတယ်၊ အဲ့ဒီအပင်မျိုးက အသီးမသီးဘူး. . "

"ဟုတ်ကဲ့"

"နောက်တစ်မျိုးက အပင်ကြီးမျိုးပဲ၊ လူ့အရပ်လောက် မကမြင့်တယ် အပင်ကြီးမျိုးက အသီးသီးတယ် ပုံသဏ္ဌာန်က ငှက်ပျောခိုင်လိုပါပဲ၊ ဒါပေမယ့် အသီးကတော့ လက်ညှိုးလက်မထက်ပိုမကြီးဘူး"

"ဟုတ်ကဲ့"

"အဲ့ဒီငှက်ပျောခိုင်မှာ သိဒ္ဓိရှိတဲ့ ငှက်ပျောသီးတစ်လုံးပါပေမယ့် လူတွေကတော့ ရှာမတွေ့ပါဘူး၊ ငှက်ပျောသီးမှည့်တာနဲ့ ဝိဇ္ဇာဇော်ဂျီတွေက လာယူသွားကြတာပါပဲ"

"အဲ့ဒီငှက်ပျောသီးမျိုးရရင် ဟန်ကျမှာပဲ"





ငမဲအောင်က ဝင်ပြောလိုက်သဖြင့် စောထီးက မေးလိုက်လေသည်။

"ရတော့ မင်းကဘာလုပ်မှာလဲ"

"ငါးများများရအောင် တောင်းမှာပေါ့"

"သိဒ္ဓိရှိတဲ့ပစ္စည်းမျိုးရတာတောင် တခြားဟာမတောင်းပဲ ရေထဲဆင်းပြီး ငါးရှာချင်နေတုန်းပဲလား"

"ဒါကတော့ ငါဝါသနာပါတာကိုးကွ. . . "

ငမဲအောင်စကားကြောင့် အားလုံးက သဘောကျစွာဖြင့် ရယ်လိုက်ကြသည်။

ဦးဇန်ကောင်းက စကားပြန်ဆက်သည်။

"ရှင်သူငယ်ဂမုန်းက သိဒ္ဓိရှိတဲ့ ဂမုန်းမျိုးနွယ်တွေထဲမှာပါတာဆိုတော့ တကယ်လို့ သိဒ္ဓိရှိတဲ့ ငှက်ပျောသီးမရရင်တောင် အပင်ကိုရရင်လည်း သိဒ္ဓိရှိတဲ့ဆေးအစီအရင်တွေ၊ ဒါမှမဟုတ်ရင် သူငယ်ရုပ်တုပြုလုပ်စီရင်ပြီး အသုံးပြုလို့ရပါတယ်"

"ဟန်ကျတာပေါ့၊ ဒါထက် ရုပ်တုကျတော့ ဘယ်လိုပုံသဏ္ဌာန်မျိုး ထုရသလဲအဘ. . နတ်ရုပ်တွေလိုမျိုးလား၊ ဒါမှမဟုတ် ဝိဇ္ဇာဇော်ဂျီရုပ်တုမျိုးတွေလား"

"မဟုတ်ဘူး၊ ရှင်သူငယ်ဆိုတာ ကိုရင်ဘဝရောက်ကာစကလေးအရွယ်ကိုခေါ်ကြတာ၊ ဒါကြောင့် ရုပ်တုစီရင်ရင် ကိုရင်လေး သပိတ်ပိုက်ပြီး ရပ်နေတဲ့ပုံမျိုး ထုလုပ်ကြရတယ်"

"ဒါကြောင့်. . ရှင်သူငယ်ဂမုန်းလို့ ခေါ်ကြတာကိုး. . ၊ နောက်တစ်ခုမေးချင်တာက တောင်လုံးကျော်ဆိုတာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အပင်မျိုးလည်းအဘ. . .”

“တောင်လုံးကျော်ဆိုတာလည်း သိဒ္ဓိရှိတဲ့ဆေးပင်မျိုးပါပဲ. .၊ အပင်ကတော့ သေးသေးပါပဲ၊ သူက ရှင်သူငယ် ဂမုန်းရှိတဲ့နေရာမျိုးမှာ ပေါက်လေ့ရှိတယ်၊ ဒါကြောင့် ကျွန်းပေါ်မှာ တကယ်လို့များ ရှင်သူငယ်ဂမုန်းရှိတာမှန်ခဲ့ရင် တောင်လုံးကျော်ဆေးပင်လည်း ရှိနိုင်တာပေါ့”

ဟုပြောပြလေသည်။

“တောင်လုံးကျော်ဆေးပင်ကရော ဘယ်လို သိဒ္ဓိရှိသလဲအဘ”

“ဆေးပင်ဆိုပေမယ့် တစ်နေရာနဲ့တစ်နေရာကို ချက်ချင်းရွှေ့သွားနိုင်တယ်၊ သူရှိတဲ့နေရာကို လူရောက်လာပြီဆိုတာနဲ့ တောင်တစ်လုံးကျော် နှစ်လုံးကျော်အထိ ချက်ချင်းရွှေ့သွားနိုင်တယ်”

“အံ့သြစရာပဲ ကောင်းကင်ကပျံသွားတာလားဟင်”

“သိဒ္ဓိရှိတဲ့ ဆေးပင်တွေက ကောင်းကင်ကပျံသွားတာမဟုတ်ဘူး၊ တစ်နေရာကပျောက်သွားရင် နောက်တစ်နေရာသွားပေါ်တာ၊ ဂမုန်းဖူး ဂမုန်းနီ၊ ဂမုန်းနက်တွေဟာ တစ်နေရာထဲမှာ အကြာကြီးမနေကြဘူး၊ တစ်နေရာမှာ သုံးနှစ်ကြာပြီဆိုတာနဲ့ ပျောက်သွားပြီး ဟိမဝန္တာတောင်ကို ရောက်သွားတယ်”

“အံ့သြစရာပဲ”

“ဟိုမှာ သုံးနှစ်ပြည့်ပြီးရင် မူလနေရာကို ပြန်ရောက်လာလေ့ရှိတယ်၊ တောင်လုံးကျော်ဆေးပင်လည်း အဲဒီလိုမျိုးပဲ။ တစ်





နေရာကပျောက်သွားပြီးရင် တောင်တစ်လုံးကျော်နှစ်လုံးကျော်ဝေးတဲ့နေရာကို ရောက်သွားလေ့ရှိတယ်၊ ဒါပေမယ့် သူ့နာမည်ကိုခေါ်ရင်တော့ ရှိတဲ့နေရာက အသံပြန်ပေးလေ့ရှိတယ်”

“အဘပြောမှပဲ ဒီအကြောင်းတွေ သိရတော့တယ်. .”

ဟုစောထီးကပြောတော့ ငမဲအောင်က စောစောကသူအပြောခံထားရသဖြင့် ပြန်ပြောလေသည်။

“မင်းက ရေထဲငုပ်နေတဲ့လူဆိုတော့ ကမာကောင်တွေနဲ့ငါးတွေအကြောင်းပဲ သိမှာပေါ့၊ ဆေးပင်တွေအကြောင်း ဘယ်သိပါ့မလဲ”

ထိုစကားကြောင့် စောထီးမှာ ဘာမှပြန်မပြောသာတော့. . သွားအဖြဲသားနှင့်သာ ငြိမ်နေရပေတော့သည်။

စကားတပြောပြောနှင့် လျှော်လာကြရာ နေ့လည်ပိုင်းအချိန်ရောက်သောအခါ တစ္ဆေကျွန်းသို့ ရောက်ကြလေတော့သည်။ ကျွန်းသို့ရောက်သောအခါ လိုဏ်ခေါင်းပေါက်ဝရှိသောအနောက်ဘက်သို့သွားကြလေသည်။

ကျွန်းတစ်ကျွန်းလုံးမှာတော့ ထူးထူးခြားခြား မရှိလှတိတ်ဆိတ်ငြိမ်သက်နေလေသည်။

“ကျွန်းကအတော်လေးကြီးတယ်၊ ကျွန်းပေါ်မှာ တောင်တွေလည်းရှိတယ်၊ တောကလည်းနက်တော့ ထူးဆန်းတာတွေရှိနေတာကတော့ မဆန်းလှပါဘူး”

ဦးဇန်ကောင်းက သစ်တောကြီးများဖြင့် ညို့နေသောတစ္ဆေကျွန်းကြီးကိုကြည့်ပြီး မှတ်ချက်ချလေသည်။ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် လှေ့ာလာကြရာ အနောက်ဘက်မှာရှိသော လိုဏ်ခေါင်း ပေါက်ဝသို့ ရောက်လာကြလေသည်။

ရေကျချိန်ဖြစ်သောကြောင့် လိုဏ်ခေါင်းအပေါက်ဝက ပေါ်နေလေသည်။ သို့ကြောင့် အတွင်းပိုင်းသို့ ဝင်သွားကြသည်။

လိုဏ်ခေါင်းတစ်ခုလုံးမှာလည်း ထူးခြားမှုတစ်စုံတစ်ရာ မရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ တစ်နေရာရောက် သောအခါ လှေကိုရပ်လိုက်ကြသည်။

"ဒီကျောက်ချပ်တွေကြားက တက်သွားရင်လည်း တောပေါ်ကိုရောက်တယ်၊ တောပေါ်မှာ ထူးဆန်းတာတွေရှိတယ်"

နီမောင်ကပြောပြတော့ ဦးဗန်ကောင်းကလည်း စိတ်ဝင်စားလေသည်။

"ဒီလိုဆိုတော့လည်း ခဏတစ်ဖြုတ်နားကြပြီးရင် တောပေါ်သွားကြတာပေါ့။ ဖြစ်နိုင်ရင်တော့ တောပေါ်မှာ တစ်ညလောက်နေကြည့်ကြရင်ကောင်းမယ်. ."

"ဆရာကြီး သဘောကျသလိုသာ စီစဉ်ပါ၊ ကျွန်တော်တို့က ဒီတစ်ခေါက်လာကြတာ တခြားအလုပ်တွေလုပ်ဖို့ မဟုတ်ပါဘူး၊ ဆရာကြီးကိုပို့ပေးရင်းနဲ့ ထူးဆန်းတာတွေ ကြည့်ချင်မြင်ချင်ကြလို့ပါ"

နီမောင်စကားကြောင့် ဦးဗန်ကောင်းက ကျေနပ်စွာဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ထို့နောက် လှေကို သင့်တော်သောနေရာတွင် ကျောက်ချရပ်နားထားလိုက်ပြီး အသင့်ပါလာသော အစားအသောက်





များကို ဝေမျှစားသောက်ကြလေသည်။

နီမောင်စိတ်ထဲမှာတော့ ထမင်းစားသောက်နေရင်းနှင့် စိတ်မဖြောင့်ဘဲ ဖြစ်နေလေသည်။

ယခင်တစ်ခေါက်ရောက်ကြစဉ်က ထိုဂူထဲမှာ ထမင်းစားနေကြစဉ် လူသရဲသုံးကောင်ကို တွေ့ခဲ့ရသည်။ ယခုတော့ မတွေ့ရတော့ပေ။

တစ်နေရာကများ စောင့်ကြည့်နေမလားဟုတော့ စိတ်ထဲမှထင်မိသည်။

ထို့ပြင် . . သူစိတ်ထဲမှာ ဖုတ်ဝင်နေသော 'ကမာနီ' ဆိုသည့် မိန်းကလေးကိုလည်း သတိရနေမိသည်။

ဆရာကြီး ဦးဗန်ကောင်းအလိုရှိသော ရှင်သူငယ်ကို တွေ့ရပါစေဟု ဆုတောင်းပေးသလို ကမာနီနှင့် နောက်တစ်ကြိမ်တွေ့ချင်နေသည့် ဆန္ဒကလည်း ရှိနေသည်။

အစားအသောက်များ စားသောက်ပြီးသောအခါ သနေပိုင်းအချိန် ရောက်နေပေပြီ။

ထို့နောက်မှာ လိုအပ်သောလက်နက်ပစ္စည်းများကို တစ်ပါတည်းယူဆောင်၍ တောပေါ်သို့တက်ကြလေသည်။ ဦးစွာ ကျောက်ချပ်များကြားမှ အပေါ်သို့တက်သွားပြီး လိုဏ်ခေါင်းပေါက်မှတစ်ဆင့် အပေါ်သို့တက်သွားကြရခြင်း ဖြစ်လေသည်။

နီမောင်က. . ထိုလမ်းကို တစ်ခေါက်သွားခဲ့ဖူးသောကြောင့် ရှေ့မှဦးဆောင်ပြီးသွားလေသည်။ ထိုနေရာတစ်ဝိုက်မှာသည်း ဘာမှမတွေ့ကြရပေ. .။



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သားလိုဏ်ခေါင်းပေါက်ကြီးမှ တက်သွားရာ အပေါ်သို့ရောက်သွားကြသည်။

"ဒီညတော့ တောပေါ်မှာပဲ နေကြတာပေါ့၊ အချိန်ကလေးရှိတုန်း . . ပတ်ဝန်းကျင်တစ်ဝိုက်ကို လိုက်ကြည့်ကြရအောင်"

ဟုပြောပြီး တောတွင်းသို့ လိုက်လံကြည့်ကြလေသည်။ သစ်တောအတွင်းမှာတော့ ထွေထွေထူးထူးဘာမှ မတွေ့ရပေ။

အလောင်းတင်ထားသော လေးတိုင်စင်အဟောင်းများကိုသာ တွေ့ကြရသည်။

အချို့စင်များပေါ်မှာ ဖရိုဖရဲကျနေသော အရိုးစုများကို တွေ့ရပြီး အချို့စင်များပေါ်မှာတော့ ဘာမှမရှိတော့ပေ။ ဦးဗန်ကောင်းကတော့ အခြားအရာများကို စိတ်မဝင်စားဘဲ ဆေးဖက်ဝင်သော အပင်များကိုသာ ဂရုတစိုက် ရှာဖွေလေသည်။

ညနေပိုင်းအချိန်ရောက်တော့ နေရောင်ခြည်ပျောက်သွားပြီး တောထဲမှာ မှောင်စပျိုးလာလေပြီ။

အဝေးမှအော်လိုက်သော တောကောင်ကြီးများအသံအချို့ကိုပင် ကြားလာရသည်။

သို့ကြောင့် ထိုညအတွက် လုံလုံခြုံခြုံနေနိုင်ရန် နေရာတစ်နေရာကို ရှာဖွေကြရသည်။ သည်လိုတောနက်သောနေရာများတွင် ညအချိန်ရောက်သောအခါ ဒီအတိုင်းနေ၍မရပေ။

ဂူရှိလျှင် ဂူထဲဝင်နေပြီး အပေါက်ဝမှာ မီးဖိုးထားရသည်။ ဒါမှမဟုတ် သစ်ပင်အောက်မှာ မီးဖိုထားပြီး သစ်ပင်ပေါ်





တက်ကာ လင့်စင်ထိုးနေမှ အန္တရာယ်ကင်းလေသည်။

တစ်နေရာရောက်တော့ အတောင်အသင့်ကျယ်ဝန်းသော ဂူပေါက်ဝတစ်ခုကို တွေ့ကြရသဖြင့် အခြေအနေကြည့်ပြီး အတွင်းသို့ဝင်ကာ စခန်းချကြသည်။

နေရောင်ပျောက်သွားသည်နှင့် အမှောင်ရိပ်ကများလာပြီဖြစ်ရာ ထိုနေရာတစ်ဝိုက်မှာရှိသော ထင်းခြောက်တုံးများကို ရှာဖွေစုဆောင်းကာ မီးဖိုတစ်ဖိုရအောင် ဖိုကြသည်။

မီးဖိုအရှိန်ရတော့မှ ရေနွေးကျိုခြင်း၊ အဆာပြေစားသောက်ရန် ကောက်ညှင်းထုပ်၊ ငါးကင်တို့ကို မီးဖိုနံဘေးမှာချထားလိုက်ကြသည်။

ဦးဗန်ကောင်းကတော့ ထွေထွေထူးထူးဘာမှ မလုပ်တော့ဘဲ လွယ်အိတ်အတွင်းမှ ပုတီးထုတ်ကာ ပုတီးစိပ်နေလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ အိပ်တန်းပြန်လာကြသော ငှက်သံများ တဖြည်းဖြည်းနှင့် ငြိမ်သက်သွားပြီး ညအချိန်အစာရှာထွက်လာသော တောကောင်များတို့၏ အသံအချို့သောက်သာ ကြားရသည်။

နီမောင်တို့သုံးယောက်ကတော့ . . ယခင်တစ်ခေါက်ရောက်ကြစဉ်က ကြုံတွေ့ခဲ့ရသော ထူးဆန်းမှုများကို သတိရနေကြသဖြင့် တောတွင်းမှကြားနေရသော အသံများကိုသာ နားစွင့်နေကြလေသည်။

ညဦးပိုင်းအချိန်မှာတော့ ထူးထူးခြားခြားမရှိလှပေ။



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်ပိုင်းရောက်သောအခါမှသာ ကြောက်စရာကောင်းသောအသံများကိုကြားကြရခြင်းဖြစ်ပေသည်။

"ရှင်သူငယ်ရေ. . ဘ. . ထ. . ၊

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ထိုအသံကြားရသောအခါ ဦးဇန်ကောင်းကပါ ပုတီးစိပ်နေခြင်းကိုရပ်တံ့ကာ နားစွင့်လိုက်သည်။

"အလောင်းကောင်ရေ. . ထ. . ထ၊

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

နောက်ထပ်ကြားရသောအသံကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"အဲ့ဒီအသံတွေပဲဆရာကြီး"

နီမောင်က ဦးဇန်ကောင်းမျက်နှာကို ကြည့်ပြီး ပြောလိုက်လေသည်။

"အသံကြားရတာကတော့ ထူးခြားသလိုပဲ"

"အဲဒီအသံကြားရပြီးရင် ဖုတ်ဝင်နေတဲ့ အလောင်းကောင်တွေ ရောက်လာကြတော့မယ်"

ငမဲအောင်ကပါ ဝင်ပြောလေသည်။

"ဒီလောက်လည်း မစိုးရိမ်ကြပါနဲ့၊ ငါ့ဆီမှာ သာမန် မိစ္ဆာတွေ သရဲသဘက်တွေလောက်ဆိုရင် နိုင်တဲ့ဆေးဝါးတွေ ပါတယ်"

ဦးဇန်ကောင်းက နံဘေးနားမှာ ချထားသော ဆေးလွယ်အိတ်ကို လက်ဖြင့်ပုတ်ပြရင်းပြောရာ အနည်းငယ်တော့





စိတ်သက်သာရာ ရသွားကြလေသည်။

"ရှင်သူငယ်ရေ. . ထ. . ထ. . ၊

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

"အလောင်းကောင်ရေ. . ထ. . ထ၊

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ထိုအသံကို သေသေချာချာ နားစိုက်ထောင်နေပြီးမှ ဦးဇန်ကောင်းကပြောသည်။

"မင်းတို့ သေသေချာချာ နားထောင်မိရဲ့လား၊ ပထမကြားရတဲ့အသံနဲ့ ဒုတိယကြားရတဲ့အသံက အသံချင်းမတူဘူး"

နီမောင်တို့က မခွဲခြားတတ်သောကြောင့် ဦးဇန်ကောင်းကိုသာ ကြည့်နေကြလေသည်။

"ပထမအသံက တစ်စုံတစ်ယောက်က ရှင်သူငယ်ကို နှိုးတဲ့အသံမျိုးပဲ၊ နှိုးတယ်ဆိုတာ အသက်မရှိတာကို အသက်ဝင်အောင် နှိုးပေးလိုက်တာပဲ"

"နောက်ကြားရတဲ့ အသံကရော ဆရာကြီး"

"နောက်အသံက ရှင်သူငယ်ကထလာပြီးတော့. . အလောင်းကောင်တွေကို ဖုတ်သွင်းပေးလိုက်တဲ့ အသံဖြစ်နိုင်တယ်၊ ဒါကြောင့် ဝိညာဉ်တွေကိုခေါ်တာပဲ"

နီမောင်တို့အနေဖြင့် ဖုတ်ဝင်သောကိစ္စ၊ ဖုတ်သွင်းသောကိစ္စများအကြောင်းကို သေသေချာချာတော့ မသိကြပေ။

သို့သော်လည်း. . ဖုတ်ဝင်ပြီး ထလာသော အလောင်းကောင်များနှင့်တော့ တွေ့ကြရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောဆိုနေကြစဉ် တောတိုးလာသော ခြေသံကို အရင်ကြားကြရသည်။

"ဟော. . လာနေပြီ"

အသံကြားရသောနေရာက ဂူပေါက်ဝရှိသော နေရာ၏ အရှေ့ဘက်မှ ဖြစ်သည်။

"ဂွမ်း. . ဂွမ်း. . ဂွမ်း. ."

အသံကြားရသောဘက်သို့ ကြည့်နေကြစဉ် ပထမ တော့ သစ်ပင်များလှုပ်နေသည်ကို အရင်လှမ်းမြင်ရသည်။

နောက်မှ တောထဲမှထွက်လာသော အလောင်းကောင် ကို လှမ်းမြင်ကြရခြင်းဖြစ်သည်။

တောထဲမှာ မှောင်နေသည်ဆိုသော်လည်း ကောင်း ကင်မှ အလင်းရောင်အချို့ကြောင့်တော့ မြင်နေရခြင်းဖြစ်၏။ ဒီတစ်ခါထွက်လာသော အလောင်းကောင်က နည်းနည်းထူးခြား သည်။

ယခင်တွေ့ရသောအလောင်းက သာမန်လူများ သေပြီး မှ ဖုတ်ဝင်ကာထလာခြင်းဖြစ်၏။ ယခုထလာသောအလောင်း ကတော့ သာမန်လူတစ်ယောက် မဟုတ်ပေ. . .။

လူသရဲပင်ဖြစ်သည်။ သေပြီးခဲ့တာ ရက်အနည်းငယ် ကြာခဲ့ပြီဖြစ်သဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော လူသရဲက သူတို့ရှိရာသို့ ဦးတည်လာနေခြင်းဖြစ်သည်။

"လူသရဲဆိုတာ အဲဒါပဲ ဆရာကြီး"

နီမောင်က တိုးတိုးကပ်ပြောလိုက်သဖြင့် ဦးဇန်ကောင်း





က အံ့ဩသွားဟန်ရှိလေသည်။

"ဘာလဲကွ လူသရဲဆိုတာ"

"လူလိုလို သရဲလိုလို ဖြစ်နေလို့ လူသရဲလို့ ခေါ်တာပါ ဆရာကြီး"

"မင်းစကားကလည်း ရှုပ်လိုက်တာကွာ၊ သရဲနဲ့တူတဲ့ လူကို ဖုတ်ဝင်နေမှတော့ ဖုတ်သရဲလို့ခေါ်ရင် ပိုမကောင်းဘူး လား"

ဦးဇန်ကောင်းစကားကြောင့် နီမောင်တို့ သုံးယောက်မှာ ရယ်ရတော့မလို မျက်နှာမျိုးဖြစ်သွားကာ ခေါင်းညိတ်ပြလိုက် ကြရပေသည်။

"သရဲကို ဖုတ်ဝင်နေမှတော့ ပိုပြီးကြောက်စရာ ကောင်း မှာပေါ့နော်"

စောထီးက တစ်ယောက်တည်းပြောသလိုလိုနှင့် ရေ ရွတ်လိုက်သည်။ ထိုသို့ပြောနေကြစဉ် ဒယိမ်းဒယိုင်နှင့် လျှောက် လာနေသော လူသရဲက ဂူပေါက်ဝနှင့် မနီးမဝေးနေရာရောက် လာသည်။

မီးဖိုထားသောနေရာနှင့် မနီးမဝေးရောက်တော့ ရပ်တံ့ သွားသည်။

မီးရောင်ရှေ့သို့ ရောက်လာတော့မှ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် ပုံပန်းသဏ္ဍာန်ကို အသေအချာတွေ့မြင်ကြရသည်။

ရှေ့အခန်းများတွင် လူသရဲနှင့်ပတ်သက်သည့် ပုံပန်း သဏ္ဍာန်ကို ဖော်ပြပေးခဲ့ပြီးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နီမောင်က လူသရဲဟုအမည်ပေးထားသော လူတော်ပိုင်း တိရစ္ဆာန်တစ်ပိုင်းဖြစ်နေသူတို့၏ ပုံပန်းသဏ္ဌာန်မှ သာမာန်အနေမှာပင် သရဲတစ်ကောင်မျက်နှာမျိုး ဖြစ်ကြလေသည်။

ယခုလို သေတာကြာပြီးရုပ်ပျက်ဆင်းပျက် ဖြစ်နေသောအခါမှာတော့ ပြောစရာမရှိတော့ပေ။

ထိုအခြေအနေမှာမှာ ဖုတ်ဝင်ပြီး ထလာသောအခါမှာတော့ ဦးဇန်ကောင်း အမည်ပေးထားသလို ဖုတ်သရဲကဲ့သို့ ဖြစ်နေပြီး ပိုမိုကြောက်စရာ ကောင်းနေလေတော့သည်။

မီးပုံရှိနေသော ဂူပေါက်ဝနှင့် မနီးမဝေးရောက်လာသော လူသရဲက ဂူအတွင်းမှာရှိနေသော လူလေးယောက်ကို မျက်လုံးပြူးကြီးဖြင့် လှမ်းကြည့်နေသည်။

သူရှိနေသောနေရာနှင့် နီမောင်တို့ရှိသော နေရာမှာကြား၌ မီးပုံတစ်ပုံသာ ခြားလေသည်။

"ဘာလာလုပ်တာလဲ"

ဦးဇန်ကောင်းက လှမ်းမေးလိုက်သည်။

"ဟင်း. . . ဟင်း. . . "

မီးဖိုမှာကင်ထားသော အသားကင်း၊ ငါးကင်တို့ကို လက်ညှိုးထိုးပြသည်။

"ဒါကိုစားချင်လို့လား"

ခေါင်းညိတ်ပြလေသည်။

"စားချင်ရင် ငါမေးတာကိုပြောပြ၊ မင်းတို့နေတဲ့ နေရာကဘယ်မှာလဲ"





"တောဘက်သို့ လက်ညှိုးထိုးပြသည်။

"ရှင်သူငယ် ဘယ်မှာရှိသလဲ"

စောစောကလက်ညှိုးထိုးပြသော နေရာဘက်သို့ လက်ညှိုးထိုးပြလေသည်။

သူထိုးပြသောဘက်မှာ တော၏ အနောက်ဘက်ပင်ဖြစ်သည်။ နီမောင်ကတော့ ထိုနေရာဘက်မှာ ကျောက်တောင်နှင့် လိုဏ်ခေါင်းများရှိသောနေရာဘက်ဖြစ်မည်ဟု ခန့်မှန်းမိလေသည်။

"အေး. . ကောင်းပြီ. .၊ မင်းစားချင်တာလည်း ကျွေးမယ်၊ ငါတို့ကိုလည်း အနှောင့်အယှက်မပေးနဲ့၊ ကိုယ်လာတဲ့နေရာကိုယ်ပြန်ပေတော့"

ဟုပြောပြီး မီးဖိုနားမှာကင်ထားသော အသားကင်နှင့် ငါးကင်တစ်ခုစီ ပစ်ပေးလိုက်သည်။

လူသရဲက ပစ်ချပေးသော အသားကင်ငါးကင်တို့ကိုယူပြီး တောထဲပြန်ဝင်သွားလေတော့သည်။ နောက်ထပ်အသံလည်း မကြားရ၊ အနှောင့်အယှက်များလည်း ထပ်မလာတော့ပေ. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

# ရှင်သူငယ်ထောင်ချောက်

ထိုညက အနှောင့်အယှက်များထပ်ရောက်လာဦးမည်ထင်သောကြောင့် မည်သူမှ မအိပ်ဝံ့ကြပေ. . . ။

သို့ကြောင့် စကားပြောရင်း၊ စားရင်းသောက်ရင်းနှင့်စောင့်ကြသော်လည်း နောက်ထပ်အနှောင့်အယှက်များ မလာပေ။

မိုးလင်းကာနီးတော့မှ တစ်ရေးတစ်မောအိပ်ကြလေသည်။ နေအတော်မြင့်တော့မှ အိပ်ပျော်ရာမှ ပြန်နိုးလာကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အိပ်ယာမှနိုးသောအခါ ကိုယ်လက်သန့်စင်ပြီး အဆာင်သင့်ရှိသော အစားအသောက်တို့ကို စားသောက်ပြီး အပြင်ထွက်ကြလေသည်။

"ဘယ်နေရာသွားမလဲ ဆရာကြီး"

"ဒီကနေတော့ ရှင်သူငယ်ဘယ်မှာရှိတယ်ဆိုတာ လိုက်ရှာရမယ်"

"ဒီကျွန်းပေါ်မှာ ရှိတာရော သေချာပါ့မလား"

"ညက လူသရဲပြောသွားတယ် မဟုတ်လား၊ လူတွေသာ လိမ်ညာပြောရင်ပြောမယ်၊ ပရလောကသားတွေကတော့ မညာတတ်ပါဘူး"

ဟုပြောလေသည်။

"တကယ်လို့တွေ့ရင်ကော ယူလို့လွယ်ပါ့မလားဆရာကြီး"

"သိဒ္ဓိရှိတဲ့ ပစ္စည်းယူတာပဲ. . လွယ်လွယ်နဲ့တော့ ဘယ်ရပါ့မလဲ. .၊ ဒီလိုပဲရအောင် ကြိုးစားယူရမှာပဲ"

ဟုပြောဆိုကာ ပစ္စည်းများကိုသိမ်းဆည်းပြီး အနောက်ဘက်သို့ ဦးတည်ပြီး ခရီးထွက်ကြလေသည်။

၎င်းတို့ဦးတည်သောဘက်မှာ ညက လူသရဲလက်ညှိုးထိုးပြခဲ့သော တောဘက်ဖြစ်သည်။ ထိုနေရာဘက်တွင် တောနက်သည်။ ပင်လယ်ကမ်းခြေဘက်နှင့် မဝေးလှသော်လည်း ကျောက်တောင်၊ ကျောက်ဆောင်များခံနေသောကြောင့် လှမ်းမမြင်ရပေ။





သို့သော် ကမ်းခြေဘက်မှတော့ လှိုင်းပုတ်သံများကို သဲ့သဲ့ကြားနေရသည်။

သူတို့သွားသောလမ်းတစ်လျှောက်မှာတော့ ကမ်းခြေနှင့်မဝေးလှသောကြောင့် လူသေအလောင်းတင်သောစင် အတော်များများကိုတွေ့ရသည်။

အချို့နေရာများတွင် သေသူအတွက် ရည်စူးပြီး ထားခဲ့သော ပစ္စည်းအသုံးအဆောင်များ ခြေရာလက်ရာမပျက်ရှိနေကြသေးသော်လည်း အချို့နေရာများမှာတော့ မသမာသူများတက်ရောက်ယူငင်သွားသဖြင့် မရှိကြတော့ပေ။

လမ်းတစ်လျှောက်လုံးမှာတော့ ကျွန်းပေါ်တွင်ရှိကြသော တောတိရစ္ဆာန်များမှလွဲပြီး အခြားဘာမှတော့ မတွေ့ကြရပေ. . .။

တစ်နေရာမှာတော့ မြင့်မားသော ကျောက်ဆောင်၊ ကျောက်တောင်များရှိသောနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ ကျောက်နံရံပေါ်မှာ ရွှံ့စေးရေများဖြင့် မညီမညာရေးထားသော စာလုံးအချို့ကို တွေ့ရလေသည်။

"ဟိုမှာ ကျောက်နံရံပေါ်မှာ စာလုံးတွေရေးထားတယ်"

ဟုပြောပြီး အနားသို့ သွားကြည့်ကြလေသည်။

စာလုံးများရေးထားသောနေရာမှာ လူတစ်ရပ်ခန့်သာ



www.burmeseclassic.com

www.burmeseclassic.com



မြင့်သောနေရာ၌ရှိပြီး ရေးထားတာမကြာသေးသောကြောင့် အချို့စာလုံးများမှာ ခြောက်နေသော်လည်း . . ရွှံ့သားထူသော နေရာမှာရှိသည့် စာလုံးများကတော့ မခြောက်သေးပေ. . ။

စာရေးထားပုံက ကျွမ်းကျွမ်းကျင်ကျင်ရေးထားခြင်းမျိုး မဟုတ်ဘဲ ကွေ့ကွေ့ကောက်ကောက်ဖြင့် ရေးထားသော စာလုံးများဖြစ်လေသည်။

ထိုစာလုံးများကို တစ်လုံးချင်းစုပြီး အဓိပ္ပါယ်ဖော်လိုက်လျှင်တော့ အောက်ပါအတိုင်း တွေ့ကြရပေသည်။

"ရှင်သူငယ်နဲ့ တွေ့ချင်ရင် . . .

သစ်တံခါးမှဝင် . . ၊ သစ်ပလ္လင်ကိုဖြတ်၊

မြစ်ကမ်းစပ်ကိုသွား၊ ကျောက်တံခါးကိုမြင်တော့၊

အပေါက်ကြားကဝင်လာပါ . . . ၊

သင်လိုချင်တာ ရလိမ့်မည် . . . ။"

ဟူသောစာများပင်ဖြစ်ပေသည်။ နီမောင်တို့ကတော့ ထိုစာများကိုတွေ့သော်လည်း အဓိပ္ပါယ်နားမလည်ကြပေ။

ဦးဇန်ကောင်းကတော့ ခဲတံနှင့် စာရွက်ဟောင်းတစ်ခုပေါ်မှာ ထိုစာပိုဒ်များကို ကူးယူလေသည်။ ပြီးမှပြောသည်။

"ဒီကျွန်းပေါ်မှာ လူတွေရှိနေတာတော့ သေချာပြီ"

"ဘယ်လိုကြောင့်လည်း ဆရာကြီး"

"ဒီစာမျိုးက လူမှရေးနိုင်မှာပေါ့၊ ဝိညာဉ်တွေပဲ ဖြစ်ဖြစ်၊ လူသရဲတွေကပဲဖြစ်ဖြစ် ဘယ်ရေးနိုင်ပါ့မလဲ"

"ဘာကြောင့်ရေးထားတာလဲ ဆရာကြီး"





"ငါတို့ကိုလမ်းညွှန်ပေးခဲ့တာပဲဖြစ်မှာပေါ့၊ ရေးထားခဲ့တာ သိပ်ကြာပုံမရသေးဘူး၊ အချို့နေရာတွေမှာ ရွှံ့တောင်မခြောက်သေးဘူး"

"သစ်တံခါးဆိုတာ ဘာလဲအဘ"

ငမဲအောင်ကဝင်မေးလိုက်သည်။

"မင်းတို့ကလည်း သစ်တံခါးတို့၊ သစ်ပလ္လင်တို့တောင်မသိပြန်ဘူးလား၊ သစ်တံခါးဆိုတာ အောက်ရောအပေါ်ပါ သစ်တစ်ပင်တည်းဖြစ်ပေမယ့် အလယ်နေရာမှာ တံခါးပေါက်လို ကွင်းပေါက်ကြီးဖြစ်နေတာကိုပြောတာ၊ သစ်ပလ္လင်ဆိုတာက သစ်ပင်ကို ခါးလောက်ကနေ ပိုင်းဖြတ်ထားတော့ သစ်ပင်ငုတ်က ပလ္လင်လိုပုံသဏ္ဍာန် ဖြစ်နေတာကိုပြောတာ"

တောထဲသွားတဲ့အခါမှာတော့ အဘပြောတဲ့ သစ်ပင်မျိုးတွေ မြင်ဖူးပါရဲ့၊ ဒီလိုနာမည်မျိုးတွေရှိမှန်းတော့ အခုမှပဲသိရတော့တယ်"

ဟုပြောသည်။

နီမောင်ကတော့ စာလုံးများကိုကြည့်ပြီး စဉ်းစားနေလေသည်။

"ကျွန်တော်စဉ်းစားမိတာက သူတို့ကတော့ ကျွန်တော်တို့ ဒီကျွန်းပေါ်ရောက်လာတာကို သိနေပုံပဲ၊ ဒါကြောင့် ထောင်ချောက်ဆင်တာများ ဖြစ်နေမလားလို့ စဉ်းစားနေတာ"

နီမောင်စကားကြားတော့ ဦးဇန်ကောင်းကပါ ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ဖြစ်နိုင်စရာရှိပါတယ်၊ ဒါကြောင့် ဘယ်နေရာ သွား. . သွား. .၊ ဘာပဲလုပ်လုပ် သတိရှိကြဖို့တော့လိုတယ်"

"အခု ဘယ်လိုလုပ်မလဲဆရာကြီး"

"သူကလမ်းညွှန်ပေးထားမှတော့ ငါတို့ကိုလာစေချင်တဲ့သဘောလည်း ဖြစ်နိုင်စရာရှိတယ်၊ ဒါကြောင့်. . ဒီနေရာတောင် ရောက်လာမှတော့ သူလမ်းညွှန်ပေးတဲ့အတိုင်း သွားကြည့်ကြရင် မကောင်းပေဘူးလား"

"ကောင်းပါတယ်၊ ဆရာကြီး သဘောကျသလိုသာလုပ်ပါ၊ ကျွန်တော်တို့သုံးယောက်ကတော့ ဘာကိုမှမကြောက်ပါဘူး၊ နောက်ကလိုက်ဖို့ အဆင်သင့်ပါပဲ"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဒါထက်. . သူပြောတာတွေကရော ရှာလိုလွယ်ပါ့မလား ဆရာကြီး"

"ငါ့အထင်တော့ ဒီပတ်ဝန်းကျင်မှာပဲ ရှိတယ်ထင်တယ်၊ လိုက်ရှာကြည့်ကြတာပေါ့"

ဟုပြောဆိုပြီး ကျောက်နံရံတွင် စာများရေးထားသောနေရာမှ ထွက်ခဲ့ကြသည်။

နီမောင်စိတ်ထဲမှာတော့ အတွေးတစ်ခုပါလာလေသည်။ အခြားမဟုတ်ပေ။

သူတို့နေသော အရပ်မှာ လူသူမနီးသော ပင်လယ်ထဲမှာရှိသည့် ကျွန်းများပေါ်၌ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုလည်း မရှိကြသေးပေ။ ကျွန်းများပေါ်မှာ နေထိုင်ကြသူအတော်များများမှာ





မြန်မာလူမျိုးအတော်ပင်နည်းသည်။

ဆလုံနှင့် ပသျှူးလူမျိုးတို့အပါအဝင် အခြားအရပ်ဒေသမှ လာရောက်နေထိုင်ကြသူများသည်။

စာမတတ်သူများသည်။ ကျွန်းများပေါ်မှာ မဆိုထားနှင့် ရွာရှိသောနေရာများမှာပင် စာတတ်သူမရှိသလောက် နည်းသည်။ ရှိပြန်တော့လည်း သေစာရှင်စာလောက်သာ ရေးနိုင်၊ ဖတ်နိုင်သူရှိသည်။

ယခု လူမနေသောကျွန်းပေါ်မှာ စာရေးနိုင်သူရှိနေသောကြောင့် စိတ်ထဲမှာ အံ့သြသဖြင့် ဖြစ်နိုင်သည်များကို တွေးနေခြင်းဖြစ်သည်။

တစ်နေရာရောက်တော့ ထူးခြားသော မြင်ကွင်းတစ်ခုကို စတင်တွေ့ရသည်။ အခြားမဟုတ်ပေ။

သစ်တံခါးပေါက်ကြီးကို စတင်တွေ့ကြရခြင်းဖြစ်၏။

သစ်ပင်ကအတော်ပင်ကြီးသည်။

ကန့်ပလာပင်ကြီးဖြစ်ပြီး ကဗျင်းချပ်ကြီးတွင် လူတစ်ယောက်ဝင်သာလောက်သော အပေါက်ကြီးကိုတွေ့ကြရလေသည်။

"သစ်တံခါးတော့တွေ့ပြီ. . ."

"ဒါဖြင့် ဒီနေရာက ဝင်သွားကြရမှာပေါ့"

သစ်တံခါးပေါက်အတွင်းသို့ မဝင်မီ အခြေအနေကို ကြည့်ကြရသေးသည်။

သို့သော်. . ထူးထူးခြားခြားတော့ ဘာမှမတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စာညွှန်းမှာပါသည့်အတိုင်း သစ်တံခါးပေါက်မှ ဖြတ်ဝင်သွားကြလေသည်။

သစ်တံခါးပေါက်နေသော အနေအထားမှာ အရှေ့နှင့် အနောက်ဖြစ်သည်။

သူတို့သွားနေသောလမ်းက အရှေ့ဘက် အနောက်ဘက်သို့ ဦးတည်နေသောလမ်းဖြစ်သည်။

အနောက်ဘက်မှာတော့ ပင်လယ်ကမ်းခြေရှိသည်။ ကျောက်ဆောင်များကို လှိုင်းလုံးကြီးများလာရောက် ရိုက်ခတ်နေသော အသံများကိုပင်ကြားနေရသည်။

သစ်တံခါးပေါက်မှ ကျော်သွားတော့ တစ်နေရာတွင် သစ်ပင်ငုတ်ကြီးကို တွေ့ရပြန်သည်။ ကနစိုသစ်ပင်ကြီးဖြစ်ပြီး ခါးလည်လောက်မှ တိတိရိရိ ပြတ်ကနေရာ ရုတ်တရက်ကြည့်လျှင် ပလ္လင်ပုံသဏ္ဍာန်ဖြစ်နေသည်။

နံဘေးသို့ကားထွက်နေသော ကဗျင်းချပ်ကြီးများအ အောက်ခြေတွင် ပလ္လင်ပုံသဏ္ဍာန်မျိုးဖြစ်နေတော့သည်။

"သစ်ပလ္လင်တော့တွေ့ပြန်ပြီ"

"သစ်ပလ္လင်ကိုတွေ့ပြီဆိုတော့ ဒီနေရာကဖြတ်ပြီး မြေစပ်နားရောက်တဲ့အထိ သွားရမှာမဟုတ်လား အဘ"

"ဟုတ်တယ်. . ဒီအတိုင်းပဲ"

"အံ့သြစရာပဲ၊ ဒီလိုမျိုးတွေ ဘယ်သူကများ ကြံကြံဖန်ဖန်လမ်းညွှန်ပေးနေတာလဲ မသိဘူး"

"ငါတို့ကမသိပေမယ့်၊ ငါတို့ကိုသိနေတဲ့ တစ်ယောက်





ယောက်က လမ်းညွှန်ပေးနေတာပဲ ဖြစ်မှာပေါ့. ."

ဟုပြောဆိုကာ အနောက်ဘက်သို့ ဦးတည်ပြီးသွားကြပြန်လေသည်။

အချိန်က နံနက်ပိုင်းအချိန် ကျော်လာပြီဖြစ်သည်။

နေရောင်ခြည်က ကျွန်းပေါ်ရောက်နေသောကြောင့် ရာသီဥတုက သာယာပြီး အလင်းရောင်ရနေလေသည်။ တောထဲမှာတော့ တောတိရစ္ဆာန်များနှင့် ငှက်များကလွဲပြီး အခြား ထူးထူးခြားခြား ဘာမှမတွေ့ကြရပေ။

စာဖြင့်ညွှန်းထားသည့်အတိုင်း. . သစ်တံခါးပေါက်မှ ဝင်ပြီး သစ်ပလ္လင်ရှိသောနေရာနံဘေးမှ ဖြတ်သွားကြပြီးနောက် အတန်ကြာသောအခါ ပင်လယ်ကမ်းခြေအစပ်ရှိရာသို့ ရောက်သွားကြလေသည်။

ထိုနေရာတစ်ဝိုက်မှာတော့ လူသူအရောက်အပေါက် ရှိသောကြောင့် သစ်တောများက ထူထပ်သည်။

ကျောက်ဆောင်မြင့်ကြီးများက နေရာမလပ်အောင် ကာဆီးထားကြလေသည်။

ကျွန်းတို့၏သဘောမှာ လေဒဏ်၊ မိုးဒဏ်၊ လှိုင်းဒဏ်ကို အများဆုံးခံရသော ဘက်ခြမ်းမှာ တောင်ဘက်နှင့် အနောက်ဘက်ခြမ်းဖြစ်သည်။

သဘာဝက ထိုနေရာဘက်တွင် သစ်တောကြီးများနှင့် ကျောက်တောင်၊ ကျောက်ဆောင်မြင့်ကြီးများဖြင့် အကာအကွယ်ပေးထားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်နှင့် အနောက်ဘက်အခြမ်းတို့မှာ ရာသီမရွေး အချိန်အခါမရွေး လှိုင်းထန်တတ်သောကြောင့် ခရီးသွားများနှင့် အခြားဝင်ရောက်နားခိုသူတို့ မလာကြပေ။

လာလျှင်လည်း ကမ်းခြေရောက်အောင် မကပ်နိုင်ကြပေ။ လှိုင်းကြမ်းသဖြင့် လှေသင်္ဘောတို့မှာ ကျောက်ဆောင်များနှင့် ထိခိုက်မိပြီး ပျက်စီးကြခြင်းကြောင့်ဖြစ်သည်။

နီမောင်တို့လေးယောက်သည် သစ်တောထဲမှထွက်ကာ ပင်လယ်ကမ်းစပ်ဘက်သို့ သွားကြလေသည်။

ထိုနေရာတစ်ဝိုက်မှာရှိသော ကျောက်ဆောင်ကြီးများက တောင်တစ်လုံးစာမျှ မြင့်လေသည်။

လိုဏ်ခေါင်းပေါက်အချို့လည်းရှိသည်။

ထိုနေရာသည် လူသူအရောက်နည်းသော်လည်း ထူးခြားနေသည်ကတော့ အမှန်ပင်ဖြစ်သည်။

"ဒီနေရာမှာ ကျောက်တံခါးရှိလိမ့်မယ် သေသေချာချာ ရှာကြည့်ကြဟေ့. . ."

"ဘယ်နေရာမှာ ရှာရမလဲ အဘ"

စောထီးက မေးလိုက်သည်။

"ကျောက်တံခါးဆိုမှတော့ ကျောက်နံရံတွေမှာပဲ ရှိမှာပေါ့၊ အဲ့ဒီနေရာတွေမှာ ရှာကြည့်ပေါ့. . ."

ဟုပြောသဖြင့် နီမောင်တို့ သုံးယောက်မှ လူစုခွဲပြီး ထိုနေရာတစ်ဝိုက်မှာရှိသော ကျောက်တုံးများ၊ ကျောက်နံရံများကို လိုက်လံကြည့်ကြလေသည်။





နီမောင်ကတော့ ရေစပ်နှင့်နီးသောနေရာသို့ ဆင်းသွားပြီး လိုက်လံရှာဖွေနေသည်။

တစ်နေရာရောက်တော့ ထူးခြားမှုတစ်ခုကို တွေ့ရလေသည်။

လှိုင်းပုတ်သဖြင့် ကမ်းစပ်မှာ လာရောက်တင်နေသော ပန်းပွင့်အချို့ကိုတွေ့ရခြင်းဖြစ်သည်။ သူက လက်လှမ်းမှီသောနေရာမှ ပန်းပွင့်အချို့ကို ကောက်ယူပြီး ကြည့်လိုက်သည်။

ပန်းပွင့်များကတော့ ပန်းများပင်ဖြစ်သော်လည်း နွမ်းပြီးကြွေကျနေခြင်းမျိုး မဟုတ်ပေ။ မကြာသေးခင်ကမှ တစ်စုံတစ်ယောက်က ခူးပြီး ပစ်ချထားခဲ့ပုံရသည်။ လတ်လတ်ဆတ်ဆတ်ပင် ရှိနေကြလေသည်။

သူက ပန်းပွင့်များကို ကောက်ယူရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ထူးခြားမှုတော့ဘာမှ မတွေ့ရပေ။

ထိုနေရာတစ်ဝိုက်မှာတော့ ကျောက်ဆောင်မြင့်ကြီးများ ရှိနေကြသည်။

နီမောင်က အနီးဆုံးမှာရှိသော လိုဏ်ခေါင်းပေါက်တစ်ခုအတွင်းသို့ ဝင်လိုက်သည်။ အထဲမှာတော့ ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်း အနေအထားမျိုးတွေ့ရသည်။

အတွင်းဘက်မှာတော့ ထူးခြားမှုတစ်ခု ရှိနေသည်။

လေးထောင့်ပုံသဏ္ဌာန်အပေါ်က်တစ်ခုတွင် ကျောက်များတစ်ချပ် ရှိနေသည်။

ရုတ်တရက်ကြည့်ပါက တံခါးချပ်ဖြင့် ပိတ်ထားသကဲ့သို့

www.burmeseclassic.com



ထင်ရလေသည်။ နီမောင်က ထိုနေရာသို့ ရောက်အောင်သွားပြီး အခြေအနေကြည့်သည်။

အနီးကပ်ကြည့်တော့မှ အပေါက်ဝတစ်ခုကို ကျောက်တံခါးချပ်ဖြင့် ပိတ်ထားကြောင်း တွေ့ရလေသည်။

သို့ကြောင့် အပြင်ဘက်မှာကျန်နေသော မိမိအဖော်သုံးယောက်ကို သွားခေါ်ပြီးပြသည်။

"ကျောက်တံခါးဆိုတာ ဒါပဲဖြစ်မယ်ထင်တယ်"

ထိုသို့ပြောသဖြင့် အားလုံးဝိုင်းကြည့်ကြသည်။ ကျောက်တံခါးနှင့်တူသော ကျောက်ပြားချပ်ကြီးမှာ တံခါးချပ်ပုံသဏ္ဌာန်မျိုးဖြစ်သည်။ ကျောက်ပြားချပ်ကပိတ်ထားသောကြောင့် အတွင်းသို့ မမြင်ကြရပေ။

"သူ့ရဲ့ စာညွှန်းထဲမှာပါတဲ့ ကျောက်တံခါးဆိုတာ ဒါပဲဖြစ်မှာပေါ့၊ စာညွှန်းထဲမှာတော့ 'ကျောက်တံခါးကို မြင်တော့ အပေါက်ကြားက ဝင်ရမယ်လို့ပါတယ်၊ ဒီကျောက်တံခါးချပ်ကို ဖယ်လိုက်ရင် အပေါက်ရှိမယ် ထင်တယ်"

ဟု ဦးဇန်ကောင်းက ပြောသည်။

ထို့နောက်မှာတော့ ကျောက်တံခါးချပ်နှင့်တူသော နေရာကို နီမောင်တို့သုံးယောက်က လက်ဖြင့်တွန်းကြည့်ရာ ပထမတော့ မထူးခြားပေ။

သုံးယောက်အားဖြင့် ပြိုင်တူတွန်းကြည့်တော့မှ အနည်းငယ်ရွေ့လျားလာသည်။ ထို့ကြောင့် အားစိုက်ပြီး တွန်းလိုက်ရာ တကျွိကျွိဖြင့် အသံမြည်ကာ ဟသွားလေတော့သည်။





အတန်ကြာတော့ လူတစ်ကိုယ်ဝင်သာလောက်သော အပေါက်ဝပေါ်လာသဖြင့် လေးယောက်သား တစ်ယောက်ပြီး တစ်ယောက် ဝင်လိုက်ကြသည်။

အတွင်းမှာတော့ ကျယ်ဝန်းလှသော ဂူတစ်ဂူအတွင်းသို့ ရောက်သွားကြသည်။

ဘေးတစ်ဖက်တစ်ချက်မှာ ကျောက်ဆောင်၊ ကျောက်ခွန်းများပြည့်နေပြီး အခြားတော့ဘာမှ မတွေ့ရပေ။

ထိုအခိုက်မှာပင် သူတို့ဟထားခဲ့သော ကျောက်ပြားချပ်ကြီးက တဖြည်းဖြည်းနှင့်ပြန်လည်ကာ ပိတ်သွားလေတော့သည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

# ရှင်သူငယ်တောင်ဝှေးနှင့် ထူးဆန်းမှုများ

ကျောက်တံခါးချပ်ကြီးပိတ်သွားသော်လည်း ပြန်ဖွင့်လျှင် ရနိုင်သည်ဟု တွေးမိသဖြင့် သွား၍တွန်းကြည့်သော်လည်း နည်းနည်းမှ မလှုပ်တော့ပေ. . .။

တွန်းလိုက်စဉ်က ဟသွားသော်လည်း ပြန်ပိတ်သွားသောအခါ ဆွဲဖွင့်ရမည့် လက်ကိုင်စရာနေရာမရှိဘဲ ပြောင်ချော ကြီးဖြစ်နေသောကြောင့် မရတော့ခြင်းဖြစ်သည်။

"တွန်းဖွင့်လို့တော့ရတယ်၊ ပိတ်သွားပြီးရင် ဆွဲဖွင့်လို့



www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူး"

"အထဲဝင်ကြည့်ကြသေးတာပေါ့၊ တစ်နေရာမှာတော့ ထွက်ပေါက်ရှိချင်ရှိနိုင်မှာပေါ့"

ဟုပြောဆိုတိုင်ပင်ကာ အတွင်းသို့ ဝင်လာကြသည်။

ဂူပေါက်ဝရှိသောနေရာဘက်မှာတော့ ရေတစ်ပိုင်းကုန်းတစ်ပိုင်းအနေအထားမျိုးရှိသော်လည်း အတွင်းပိုင်းရောက်တော့ ရေမရှိတော့ပေ။ လိုဏ်ခေါင်းကြီးအတွင်းမှာ မှောင်နေသော်လည်း အသက်ရှူရန် လေကတော့ ရနေသည်။

တစ်နေရာရောက်တော့ ထူးဆန်းသောမြင်ကွင်းကို တွေ့ရလေသည်။ အတွင်းတစ်နေရာတွင် ရေအိုင်ကဲ့သို့ဖြစ်နေသော နေရာတစ်နေရာတွေ့ရသည်။

ရေအိုင်ကြီးတစ်အိုင်ကဲ့သို့ ဖြစ်နေသောနေရာပင်ဖြစ်၏။ အတော်ပင်ကျယ်ဝန်းပြီး ရေကတော့ မနက်လှပေ။

ထိုအထဲမှာတော့ မရေမတွက်နိုင်အောင် များပြားလှသော ကမာကောင်များကို တွေ့ကြရသည်။

ဦးဗန်ကောင်းက စိတ်မဝင်စားသော်လည်း ပုလဲရှာဖွေနေကြသော နီမောင်တို့သုံးယောက်ကတော့ များစွာစိတ်ဝင်စားကြလေသည်။

"ကမာကောင်တွေအများကြီးပါလား"

"အေး . . ဟုတ်တယ် အများကြီးပါလား"

"အေး . . ဟုတ်တယ်၊ ဘယ်နေရာက ဘယ်လို ဒီဂူထဲရောက်နေတာလဲမသိဘူး"





"တစ်ယောက်ယောက်က ပင်လယ်ထဲက ကမာကောင်ဖမ်းယူလာပြီး ဒီရေအိုင်ထဲမှာ ထည့်ထားတာများလားမှ မသိတာ"

စောထီးနှင့် ငမဲအောင်တို့ကတော့ စိတ်ထဲမှာ ထင်မြင်နေသမျှ ပြောပြနေကြသည်။

နီမောင်စိတ်ထဲမှာတော့ တစ်စုံတစ်ခုကို သတိပြန်ရလာလေသည်။ ယခင်တစ်ခါ ထိုကျွန်းသို့ရောက်ခဲ့စဉ်က ကမာနီနှင့်တွေ့ခဲ့ရသည်။

ကမာနီမှာ ဖုတ်ဝင်နေသော အလောင်းတစ်လောင်းဖြစ်သည်။ သူနှင့်တွေ့စဉ်က သူတို့နေသောဂူထဲမှာ ရှင်သူငယ်လည်းရှိသည်။ ကမာကောင်တွေအများကြီး စုပုံနေသော နေရာတစ်နေရာလည်းရှိသည် ဆိုသောစကားကို သတိပြန်ရနေလေသည်။

"ဒီအတိုင်းဆိုရင် ဒီဂူထဲမှာ ကမာနီတို့များ ရှိနေကြသလား"

ဟုလည်း တွေးနေမိသည်။

"ဟန်ကျပြီဟေ့၊ တကယ်လို့ ဒီဂူထဲမှာ တခြားဟာမတွေ့ရင်တောင် အပြန်ကျရင်တော့ ကမာကောင်တွေကိုသယ်ပြီး ပြန်ကြမယ်"

ဟု ငမဲအောင်က ဝမ်းသာအားရ ပြောနေလေသည်။

"ကမာကောင်တွေသယ်ဖို့က နောက်ထား၊ ဒီဂူထဲက အပြင်ကို ဘယ်လိုရောက်အောင် ထွက်ရမယ်ဆိုတာ အရင်စဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားထားဦး”

ဟုစောထီးက ပြောလိုက်တော့မှ ငမဲအောင် အသံတိတ်သွားလေတော့သည်။

ထို့နောက် ထိုနေရာမှ ရှေ့သို့ဆက်လျှောက်လာသော အခါ တစ်နေရာရောက်တော့ နောက်ထပ်ထူးခြားမှုတစ်ခုကို ထပ်တွေ့ရပြန်သည်။ အခြားမဟုတ်ပေ။

အတွင်းဘက်တွင် ကျောက်ပလ္လင်လိုမျိုး ကျောက်တုံးကြီးတစ်တုံးရှိနေပြီး ထိုကျောက်တုံးပေါ်မှာတော့ ရုပ်တုငယ်တစ်ခုရှိနေသည်။

(၃)ပေခန့်မြင့်ပြီး သပိတ်ပိုက်ထားကာ တောင်ဝှေးတစ်ချောင်းကိုကိုင်ထားသော မတ်တပ်ရုပ်ရုပ်ထုမျိုး ဖြစ်သည်။

ဦးဗန်ကောင်းက စိတ်ဝင်စားဟန်ဖြင့် ရုပ်တုအနီးသို့ တိုးကပ်ကြည့်သည်။ နီမောင်ကလည်း စိတ်ဝင်စားသောကြောင့် နောက်မှကပ်ကြည့်လေသည်။

ရုပ်တုမှာ ထုလုပ်ထားသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သောကြောင့် ရေညှိရေမှော်များတက်ကာ ပီပီပြင်ပြင်ပင်မရှိတော့ပေ။

သို့သော်လည်း ပုံပန်းသဏ္ဌာန်ကြည့်ရုံနှင့်တော့ မည်ကဲ့သို့သော ရုပ်တုမျိုးဖြစ်သည်ကို သိနိုင်လေသည်။

“ရှင်သူငယ်ရုပ်တုဖြစ်မယ်”

ဦးဗန်ကောင်းက တိုးတိုးပြောသည်။

“ထုထားတာတော့ နှစ်ပေါင်းအတော်ကြာပြီထင်တယ်၊



ပုံပန်းသဏ္ဌာန်တောင် သိပ်ပြီးမပီပြင်တော့ဘူး”

“ဒါပေမယ့် သိဒ္ဓိရှိပုံတော့ရတယ်၊ ရုပ်ထုကသာ ရေညှိရေမှော်တွေ ကပ်နေပေမယ့် သူကိုင်ထားတဲ့ တောင်ဝှေးကတော့ နည်းနည်းထူးခြားတယ်”

နီမောင်က အသေအချာကြည့်လိုက်တော့ ရုပ်တုက ကျောက်ဖြင့်ထုလုပ်ထားဟန်ရှိသော်လည်း တောင်ဝှေးကတော့ ကျောက်သားမဟုတ်ပေ။ ဝါး သို့မဟုတ် သစ်သားတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားဟန် ရှိလေသည်။

အနက်ရောင်သမ်းကာ ရေညှိရေမှော်များ ကပ်ညိနေခြင်းမရှိပေ။ သူတို့က ရုပ်ထုကိုစိတ်ဝင်စားစွာ ကြည့်နေကြစဉ်မှာ ပတ်ဝန်းကျင်မှာရှိသော ကျောက်ချပ်၊ ကျောက်ဆောင်များကြားမှ လူသရဲများထွက်လာကြသည်။

“နီမောင်. . .ဟိုမှာ လာနေကြပြီ”

စောထီးကသတိပေးလိုက်တော့မှ လှည့်ကြည့်လိုက်ကြသည်။ ကြောက်စရာကောင်းသောမျက်နှာမျိုးဖြင့် သူတို့ကို တိုက်ခိုက်ရန် ထွက်လာကြသော လူသရဲများမှာ နှစ်ဆယ်သုံးဆယ်ခန့်ရှိပေလိမ့်မည်။

လက်ထဲမှာ လက်နက်မပါသော်လည်း သွားဖြင့်ကိုက်ရန်၊ လက်သည်းဖြင့်ကုတ်ခြစ်တိုက်ခိုက်ရန် အမူအယာမျိုးဖြင့် ရှေ့သို့တိုးလာကြခြင်းဖြစ်သည်။

နီမောင်တို့မှ လူလေးယောက်ဟုသာ ဆိုသော်လည်း ဦးဗန်ကောင်းထံတွင် ဆေးလွယ်အိတ်နှင့် တောင်ဝှေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမှလွဲပြီး အခြားမည်သည့်လက်နက်မှ မပါပေ။ နီမောင်တို့သုံးယောက်မှာလည်း ဓားတစ်လက်စီလောက်သာ ပါလာကြသည်။

သူတို့သုံးယောက်မှာ အဆင့်မြင့်သိုင်းသမားများမဟုတ်ကြသဖြင့် ထိုမျှအရေအတွက်များသော လူသရဲများကို နိုင်အောင် တိုက်ခိုက်ဖို့ကတော့ မလွယ်လှပေ. . .။

လိုဏ်ခေါင်းထဲမှာ ပြေးပေါက်ကလည်း မရှိတော့သဖြင့် ဒီတစ်ခါတော့ဖြင့် သေရရုံအပြင် အခြားမရှိတော့ဟုပင် တွေးလိုက်မိသည်။ လူသရဲများက သူတို့ကိုပတ်ဝိုင်းထားပြီး အခြေအနေကို ကြည့်နေသည်။

အချို့က ကြည်ရုံသာကြည့်နေသော်လည်း အချို့ကတော့ ဒေါသဖြစ်နေဟန်ဖြင့် ဝင်ရောက်တိုက်ခိုက်ရန် ဟန်တပြင်ပြင်ဖြစ်နေကြသည်။

ထိုအခိုက်မှာပင် ကျောက်ချပ်တစ်ခုကြားမှ လူတစ်ယောက်ထွက်လာလေသည်။

အသက်အရွယ်ကြီးသော အဘိုးကြီးတစ်ယောက်ပင်ဖြစ်သည်။ ဖြူဖွေးနေပြီဖြစ်သော ဆံပင်ရှည်၊ နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေးတို့က ရင်ဘတ်ပေါ် ကျနေသည်။

ခန္ဓာကိုယ်အပေါ်ပိုင်းမှာ အဝတ်မရှိပေ။

အောက်ပိုင်းမှာတော့ ဆာဒူးတစ်ယောက်ကဲ့သို့ နံငယ်ပိုင်းတစ်ထည်ကိုပတ်ထားသည်။ လက်ထဲမှာ တောင်ဝှေးရှည်တစ်ချောင်းမှလွဲပြီး အခြားဘာမှမပါပေ။





ရုတ်တရက်ကြည့်လျှင် အိန္ဒိယနယ်ဘက်တို့တွင် အတွေ့ရများသော ဆာဒူးတစ်ယောက်နှင့် များစွာတူလှပေသည်။ ၎င်းထွက်လာတော့ လူသရဲများက လမ်းဖယ်ပေးကြသည်။

"ဘယ်သူတွေလဲ. . ."

မေးလိုက်သောစကားသံက ဗိုးဗိုးဝါးဝါးနှင့် ဗလုံးဗထွေးနှင့်ဖြစ်သော်လည်း နားလည်ကြသည်။

"ရန်သူတွေ မဟုတ်ပါဘူး"

ဦးဇန်ကောင်းက ပြန်ပြောလိုက်သည်။

"ဘာအတွက် ရောက်လာကြတာလဲ"

"ရှင်သူငယ်ကို မြင်ဖူးချင်လို့ပါ"

"ဒီဂူထဲကို အပြင်လူတွေ လာလို့မရဘူး၊ ရောက်လာရင်လည်း ပြန်ထွက်ခွင့်မပေးဘူး၊ ပြန်ထွက်ခွင့်ပေးလိုက်ရင် ငါတို့နေတဲ့နေရာကို တခြားလူတွေသိပြီး ရောက်လာကြလိမ့်မယ်၊ ဒီတော့ သတ်ပစ်ရမယ်"

"ကျုပ်တို့က ရန်သူတွေလည်း မဟုတ်ပါဘူး၊ ရန်မူရအောင်လည်း လာတာမဟုတ်ပါဘူး"

ဦးဇန်ကောင်းကထိုသို့ပြောနေစဉ်မှာ လူသရဲအချို့က အဘိုးကြီးအနီးသို့ကပ်ကာ တစ်စုံတစ်ခုကိုပြောနေကြသည်။

နီမောင်တို့သုံးယောက်ကိုလည်း လက်ညှိုးထိုးပြနေသည်။ ထို့နောက်. . အဘိုးကြီးက နီမောင်တို့ကိုကြည့်၍ပြောသည်။

"မင်းတို့ကသာ ရန်သူတွေ မဟုတ်ဖူးလို့ပြောတယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့လူတွေထဲမှာ ပါ့လူတွေကို သတ်ခဲ့တဲ့ ရန်သူတွေပါတယ်"

ထိုစကားကြားတော့ နီမောင်က သဘောပေါက်သွားလေပြီ။ မေရီချိုတို့နှင့် အတူပါလာစဉ် လူသရဲများနှင့် တိုက်ခိုက်ကြစဉ်က လူသရဲများက သူတို့သုံးယောက်ကို မှတ်မိကြဟန်ရှိပေသည်။

သို့ကြောင့် ရှေ့သို့ထွက်သွားပြီး အကိုးအကြောင်း ပြောပြရပေသည်။

"ကျွန်တော်တို့က ရန်သူတွေမဟုတ်ပါဘူး၊ အလုပ်သမားတွေအနေနဲ့ သူတို့ခေါ်လို့ လိုက်လာခဲ့တာပါ၊ သူတို့ကို ကျွန်တော်တို့လက်နဲ့ တစ်ယောက်မှမသတ်ခဲ့ပါဘူး"

ထိုသို့ပြောသဖြင့် အဘိုးကြီးမှာ အတော်ကြာအောင် စဉ်းစားနေလေသည်။

"ကောင်းပြီလေ၊ မင်းတို့ လောလောဆယ် မသတ်သေးပါဘူး၊ ဒါပေမယ့် ဒီဂူထဲက ပြန်ထွက်ခွင့်မပေးနိုင်ဘူး"

ဟုပြောဆိုကာ ၎င်းတို့နေသောနေရာသို့ ခေါ်သွားလေသည်။ ဝေးလံသောနေရာတော့ မဟုတ်ပါချေ။

ရှင်သူငယ်ရုပ်တုရှိသောနေရာနှင့် မနီးမဝေးမှာရှိသော ကျောက်ဂူပေါက်များရှိရာသို့ပင်ဖြစ်သည်။

တစ်နေရာရောက်တော့ လေးတိုင်စင်ထိုးပြီး တင်ထားသော လူသရဲအလောင်းများတွေ့ရသည်။ အချို့လည်း ကျောက်ချပ်များကြားတွင် ဒီအတိုင်းပင် တင်ထားလေသည်။

"သေပြီးသားအလောင်းတွေကို ဘာကြောင့် ဒီမှာထား





တာလဲ မသိဘူး"

"သူတို့က ဖုတ်သွင်းတတ်တဲ့ ပညာတတ်ပုံရတယ်၊ ဒီပညာတတ်ရင် သေပြီးသား အလောင်းတွေကို ဖုတ်သွင်းပြီး သုံးလို့ရတယ်"

ဟု ဦးဗန်ကောင်းက ပြောပြသည်။

နောက်တစ်နေရာရောက်တော့ ဒဏ်ရာရထားသော လူနာများ၊ နာမကျန်းဖြစ်နေသော လူနာများတွေ့ရလေသည်။ အော်ဟစ်ငြီးငြူသံများကို ကြားနေရသည်။

"ခင်ဗျားတို့လူတွေ ဒဏ်ရာရထားရင် ဆေးကုပေးပါ့မယ်၊ ကျုပ်က ဆေးဆရာတစ်ယောက်ပါ"

ဦးဗန်ကောင်းက ပြောလိုက်သည်။

အဘိုးကြီးက အတန်ကြာအောင် စဉ်းစားနေပြီးမှ သဘောတူလေသည်။

"ကဲ. . ရောက်တုန်းရောက်ခိုက် ကုသိုလ်ယူလိုက်ကြရအောင်ဟေ့"

ဟုပြောဆိုကာ ဆေးကုပေးရန် ပြင်ဆင်ကြလေသည်။

နီမောင်တို့ လေးယောက်ကို ရန်သူမဟုတ်မှန်းသိသွားသောအခါ လူသရဲများလည်း သူတို့အနီးမှ ခွာသွားကြလေသည်။

နီမောင်တို့ သုံးယောက်က ဦးဗန်ကောင်းစေခိုင်းသမျှ လိုအပ်တာများ လုပ်ပေးကြသည်။

ရေနွေးကျိုခြင်း၊ ဆေးထောင်းပေးခြင်း၊ ဒဏ်ရာရထားသူများကို ဆေးထည့်၊ ဆေးစည်းပေးခြင်း၊ အဖျားရောဂါရနေသူ



www.burmeseclassic.com

www.burmeseclassic.com



များကို ဆေးတိုက်ပေးခြင်းများ ပြုလုပ်ပေးကြသည်။

ဦးဇန်ကောင်းထံမှပါလာသော ဆေးပစ္စည်းများအပြင် ၄င်းတို့ဂူထဲမှာ အသုံးပြုသော သဘာဝဆေးပင်များကိုပါ အသုံးပြုကြရသည်။

တောထဲမှရနိုင်သော ကျွဲင်းပျံ၊ မိတ်သလင်၊ သက်ရင်းကြီး၊ တောရှောက်သီး၊ တောရှောက်မြစ်၊ ပိန်းပျံ၊ နနွင်းခါး.. စသည်တို့အပြင် ဂမုန်းပင်၊ မမုန်းဥ အချို့လည်း တွေ့ရသည်။

ထိုဆေးပင်၊ ဆေးမြစ်၊ ဆေးဥများများကို နနွင်းခါးဆား၊ ကျပ်ခိုးစသည်တို့ဖြင့် ရောစပ်ကာ ဆေးအဖြစ် တိုက်ခြင်း ဒဏ်ရာများကို ဆေးကြောပြီး ဆေးထည့်ပေးခြင်းများ ပြုလုပ်ပေးသည်။

ပတ်တီးစည်းပေးစရာ အဝတ်မရှိသေဖြင့် နီမောင်တို့ တွင်ပါလာသော ပုဆိုးဟောင်းတစ်ထည်ကို ဆုပ်ဖြဲပြီး စည်းပေးလိုက်လေသည်။

ရေနွေးပူပူနှင့် ဆေးတိုက်ပေးသောအခါ အဖျားဝင်နေသူများလည်း သက်သာသွားပြီး၊ ဒဏ်ရာရပြီး အော်ဟစ်ညည်းညူနေသံများလည်း လျော့သွားလေတော့သည်။

ဒီတော့မှ အဘိုးကြီးကလည်း သူတို့ကို ယုံကြည်သွားဟန်တူလေသည်။

ကျေးဇူးတင်သော အမူအယာမျိုးလည်း တွေ့ရသည်။

ထိုကဲ့သို့ နီမောင်တို့ ဆေးကုပေးနေကြစဉ်မှာ ဂူထဲသို့ လူတစ်ယောက်ဝင်လာလေသည်။ ကမာနီပင်ဖြစ်သည်။





ကမာနီကိုမြင်တော့ နီမောင်တို့က အံ့ဩသွားသော်လည်း ကမာနီကတော့ အံ့ဩဟန်မတူပေ. . .။

သူမရောက်လာတော့ နီမောင်က မေးလိုက်သည်။

"နင်က ဒီဂူထဲမှာ နေတာလား"

"ဟုတ်တယ်"

"ဒါဖြင့် နင်က ဖုတ်ဝင်နေတဲ့အလောင်း မဟုတ်ဖူးပေါ့"

ကမာနီက ဘာမှပြန်မပြောပေ။

"နင်ဘာကြောင့် ရန်သူတွေကို ဒီကျွန်းကိုခေါ်လာတာလဲ"

ကမာနီအသံက မကျေမနပ်အသံမျိုးဖြစ်သည်။

"ငါခေါ်လာတာမဟုတ်ပါဘူး၊ သူတို့ခေါ်လို့ လိုက်လာရတာပါ၊ လူသရဲတွေနဲ့တွေ့တော့လည်း တစ်ယောက်ကိုမှ ရန်မမူခဲ့ပါဘူး"

"ငါသိပါတယ်၊ ဒါကြောင့်လည်း နင်တို့ကို အခုအချိန်ထိ အသက်ရှင်ခွင့်ရနေတာပေါ့။ ဒီဂူထဲမှာ နင်တို့ထမင်းကျွေးလိုက်တဲ့ လူသရဲတွေလည်း ရှိကြတယ်"

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငါတို့အသက်ကို ချမ်းသာပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် ငါတို့ကို ဒီဂူထဲရောက်လာအောင် လမ်းညွှန်ပေးတာ နင်လားဟင်. . ."

ကမာနီက ခေါင်းညိတ်ပြလေသည်။

ထို့နောက်မှာတော့ အဘိုးကြီးက သူတို့လေးယောက်

www.burmeseclassic.com



ကို သူတို့နေသောနေရာခေါ် သွားပြီး အစားအသောက်များ ကျွေးမွေးလေသည်။ ထွေထွေထူးထူးတော့ မဟုတ်ပေ။

မီးပုံကြီးပေါ် မှာသော်လည်းကောင်း၊ နံဘေးပတ်လည် နေရာမှာသော်လည်းကောင်း တံစို့များဖြင့် ထိုးပြီးကင်ထားသော အသားကင်၊ ငါးကင်၊ ပုစွန်ကင်များဖြစ်သည်။ သောက်စရာ ကတော့ ဂျင်းပြုတ်ရေနှင့်တူသော ရေပင်ဖြစ်သည်။

မီးဖိုပေါ်တွင် ကြေးအိုးကြီးများဖြင့် ရေနွေးတည်ထားပြီး ထိုအထဲသို့ ဂျင်းများလှီးထည့်ထားခြင်းဖြစ်သည်။ လက်ဖက် ခြောက်ခပ်ထားသကဲ့သို့ အရသာမျိုးမရှိသော်လည်း ပူပူရှိန်ရှိန် ဖြင့် သောက်၍တော့ကောင်းသည်။

ညဦးပိုင်းအချိန်ရောက်တော့ မီးဖိုနံဘေးနားမှာ ဝိုင်းထိုင် ရင်း အဘိုးကြီးက သူတို့အကြောင်းကို ပြောပြလေသည်။

အဘိုးကြီး၏ အမည်မှာ 'ဆန်နေး' ဖြစ်သည်။ သူသည် ယိုးဒယားလူမျိုးဖြစ်ပြီး ယခင်က ပင်လယ်ဓားပြအလုပ်ဖြင့် အ သက်မွေးဝမ်းကျောင်းပြုခဲ့သူဖြစ်သည်။

သူနှင့်အတူ လက်တွဲလုပ်ကိုင်ခဲ့သူမှာ 'နက်တာဒက်' ဆိုသူဖြစ်သည်။

မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းဒေသများသို့ အင်္ဂလိပ် တို့ရောက်မလာခင်အချိန်က ပင်လယ်ဓားပြတို့ခေတ်ကောင်း ခဲ့ကြသည်။

မြိတ်၊ ထားဝယ်၊ ကော့သောင်းဒေသများမှာ အခြေစိုက် နေထိုင်ကြပြီး ပင်လယ်ဓားပြအလုပ် လုပ်ခဲ့ကြသည်။





မြိတ်ဒေသတွင် ယခင်က ပင်လယ်ဓားပြတို့ ခိုအောင်း ခဲ့သော နေရာဟောင်းများရှိခဲ့ကြသည်။

ပင်လယ်ဓားပြလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသူများထဲတွင် ထိုင်းလူမျိုး၊ ပသျှူးလူမျိုးနှင့် ဆလုံလူမျိုးတို့ များကြလေသည်။

နက်တာဒက်နှင့် ဆန်နေးတို့နှစ်ယောက်မှာ အတူပူး ပေါင်းပြီး ပင်လယ်ဓားပြလုပ်ငန်း လုပ်ကိုင်ခဲ့ကြသည်။

ရွှေငွေရတနာများရလျှင် ခွဲဝေယူကြသည်။

ဆန်နေးက မိသားစုများရှိသည်။

နောက်ပိုင်း အင်္ဂလိပ်တို့ဝင်ရောက်လာပြီး ကမ်းရိုးတန်း တစ်လျှောက်နှင့် ပင်လယ်ပြင်နေရာအနှံ့အပြားတို့တွင် ကျင် လည်ကျက်စားနေကြသော ပင်လယ်ဓားပြတို့ကို ရေတပ်သင်္ဘော တို့ဖြင့်တိုက်ခိုက်ပြီး လိုက်လံနှိမ်နင်းသောအခါ တကွဲတပြားစီ ဖြစ်ကာ ထွက်ပြေးကြရလေသည်။

နက်တာဒက်ကလည်း သူစုဆောင်းထားသော ရွှေငွေ ရတနာတို့ကိုယူဆောင်ပြီး ယိုးဒယားဘက်သို့ ပြန်သွားလေ သည်။

ဆန်နေးကလည်း မိသားစုများ၊ တပည့်များကိုပါခေါ် ပြီး ကတ္တူလှေတစ်စင်းဖြင့် ပင်လယ်ထဲမှ ကျွန်းတစ်ကျွန်းသို့ ထွက်ပြေးကာ ခြေရာဖျောက်နေခဲ့လေသည်။

၎င်းတို့နှင့်အတူ စုဆောင်းထားသော ရွှေငွေရတနာ များလည်း ပါလာလေသည်။

သူတို့ရောက်လာစအချိန်က ပင်လယ်ထဲမှာရှိသော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းများတွင် လူများလာရောက်နေထိုင်ခြင်း မရှိသေးပေ။

ထို့ကြောင့် တစ်နေရာပြီးတစ်နေရာ၊ တစ်ကျွန်းပြီးတစ်ကျွန်း ရွှေ့ပြောင်းနေထိုင်ရင်းမှ ယနေ့နေသော ကျွန်းသို့ရောက်လာကြခြင်းဖြစ်၏။

ထိုကျွန်းမှာ အစားအသောက်ပေါသည်ကတစ်ကြောင်း လုံခြုံစိတ်ချမှုရှိသည်ကတစ်ကြောင်းကြောင့် အခြေချပြီး နေခဲ့ကြခြင်းဖြစ်သည်။

"ကျုပ်တို့ ဒီကျွန်းပေါ်ရောက်နေကြတာ ဟောဒီ ကျုပ်မြေးမလေးအသက်တမျှပါပဲ၊ ကျုပ်ခေါ်လာတဲ့ မိသားစုတွေတော့ သေသွားကြပါပြီ၊ အခုတော့ ကျုပ်တို့မြေးအဖိုးနှစ်ယောက်နဲ့ တပည့်တွေပဲ ကျန်ပါတော့တယ်"

ဟု ဆန်နေးက သူတို့ဘဝအစိတ်အပိုင်းများကို ပြောပြသည်။

"ဒါဖြင့် ယူလာတဲ့ ရွှေငွေရတနာတွေလည်း ဒီမှာပဲရှိသေးတာပေါ့"

"ရှိပါတယ်၊ တစ်နေရာမှ ဝှက်ထားပါတယ်၊ ဒီကျွန်းပေါ်မှာတော့ ဒီရတနာတွေက ဘာမှအသုံးမဝင်ကြပါဘူး"

"ရတနာပစ္စည်းတွေယူပြီး ခင်ဗျားတို့ မြေးအဖိုးနှစ်ယောက် တစ်နေရာရာသွားပြီး အခြေချနေရင်ကော ပိုမကောင်းဘူးလား"

ဦးဇန်ကောင်း စကားကြားတော့ ဆန်နေးက ခေါင်းခါပြလေသည်။





"မဖြစ်ပါဘူး၊ ကျုပ်ကတော့ သူတို့ကိုထားခဲ့ပြီး တစ်နေရာကို ထွက်သွားဖို့ဆိုတာ ဘယ်လိုနည်းမှ မဖြစ်နိုင်တော့ဘူး၊ သူ့အတွက်သာ. . ."

ဆန်နေးက နံဘေးမှာ ထိုင်နေသော ကမာနီကို ကြည့်ပြီးပြောရာ ကမာနီက ခေါင်းငုံ့ထားလေသည်။

"ဒါထက် မေးရဦးမယ်၊ ဂူထဲမှာတွေ့ခဲ့တဲ့ ရုပ်တုက ဘာရုပ်တုလဲဗျ"

"ရှင်သူငယ်ရုပ်တုပါ"

"ဒီရုပ်တုက သိဒ္ဓိရှိသလား"

"ရုပ်တုထက် သူလက်ထဲမှာ ကိုင်ထားတဲ့ တောင်ဝှေးက အစွမ်းထက်ပါတယ်"

"ဒီရုပ်တုက ခင်ဗျားလုပ်ထားတာလား"

"မဟုတ်ပါဘူး၊ ရှေးကတည်းကရှိနေတာပါ"

"တောင်ဝှေးကို ဘယ်လိုအသုံးချရသလဲ"

"ဒီအတိုင်းတော့ ယူလို့မရဘူး၊ ရှင်သူငယ်ရေ. . ထ. . ထ. .၊ ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . 'လို သူကြားအောင်အော်ပြီးနိုးတော့မှ အသက်ဝင်လာတယ်၊ ဒီတော့မှ သူ့လက်ထဲက တောင်ဝှေးကို ယူလို့ရတယ်"

"တောင်ဝှေးက ဘယ်လိုစွမ်းသလဲ"

"အသက်မရှိတဲ့ အလောင်းကောင်တွေကို ရှင်သူငယ်တောင်ဝှေးနဲ့ထိပြီး အလောင်းကောင်ရေ. . ထ. . ထ၊ ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . လို့ပြောရင် ဖုတ်ဝင်ပြီး ထလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီလိုထလာရင် ကိုယ်စေခိုင်းတဲ့အတိုင်း လုပ်ပေးကြတယ်"

သည်တော့မှ သဘောပေါက်သွားကြလေသည်။

"ဒီဂူထဲမှာ သေပြီးသားအလောင်းတွေ ဒီအတိုင်းထားတာ အဲဒီလိုအသုံးချဖို့လား"

"ဟုတ်ပါတယ်၊ တလောက ရန်သူတွေနဲ့ တိုက်ခိုက်ရင်းနဲ့ သေသွားကြတဲ့သူတွေပါ. . ."

"အဲဒီလူတွေက ခင်ဗျားတို့ကို ဘာကြောင့် အန္တရာယ်ပေးနေကြတာလဲ"

"နက်တာဒက်ရဲ့ အဆက်အသွယ်တွေပဲ ဖြစ်မှာပေါ့. . ကျုပ်ဆီမှာပါလာတဲ့ ရွှေငွေရတနာတွေကို လိုချင်လို့ လိုက်ပြီးရှာဖွေနေကြတာဖြစ်မှာပေါ့။ ဒီလိုလူတွေလက်ထဲကိုတော့ ဘယ်လိုနည်းနဲ့မှ အပါမခံနိုင်ပါဘူး. ."

ဟုပြောပြလေသည်။

ထိုစကားများကိုကြားတော့မှ တစ္ဆေကျွန်းပေါ်သို့ အခြားသူများ လာရောက်လျှင် ဖုတ်ကောင်များရောက်လာပြီး နှောင့်ယှက်ခြောက်လှန့်ပုံများနှင့်၊ မေရီတို့အဖွဲ့ ထိုကျွန်းသို့ တကူးတကလာရောက်ကြပုံများကို သဘောပေါက်ကြရပေတော့သည်။





# အခန်း (၁၆)

# နှလုံးသားကိုပျော်ရွှင်စေသောအရာ

အချိန်က ညဉ့်နက်ပိုင်းအချိန် ရောက်နေပေပြီ။ တစ္ဆေကျွန်းတစ်ကျွန်းလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကောင်းကင်မှ ဖြာကျလာသော လရောင်က ကျွန်းပေါ်၌သာမက ဘဲ ပင်လယ်ပြင် နေရာအနှံ့သို့ ဖြာဆင်းနေသည်။

သို့ကြောင့် ပင်လယ်မျက်နှာပြင်ပေါ်တွင် ငွေရောင်တလက်လက် တောက်ပလျက်ရှိသည်။

ပင်လယ်ပြင်မှာ ဆားနံ့ဆားငွေ့များကို သယ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လာသောလေက တစ်ခါတရံ ကျွန်းပေါ်သို့ ရောက်လာလေ့ရှိသည်။ ထိုအခါ ငိုက်မြည်းနေသော သစ်ပင်ကြီးငယ်တို့မှာ ကယောင်ကတန်းဖြင့်ထကာ လှုပ်ရှားကြရပြန်လေသည်။

လေငြိမ်သွားမှ သူတို့လည်း ပြန်လည်ငြိမ်သက်သွားကြပြန်၏။ ပင်လယ်ကမ်းခြေတစ်ဝိုက်မှာရှိသော ကျောက်ဆောင်၊ ကျောက်တုံးများကိုတော့ ပင်လယ်လှိုင်းလုံးကြီးများက ဝင်ရောက်ရိုက်ပုတ်နေကြသော အသံများမှာ ဆူညံနေလေသည်။

ကျောက်ဂူကြီးအပြင်ဘက် ကမ်းနှင့်မနီးမဝေးမှာရှိသော ကျောက်တုံးပေါ်မှာတော့ လူနှစ်ယောက်ထိုင်နေကြသည်။ နီမောင်နှင့် ကမာနီတို့ပင်ဖြစ်သည်။

"နင့်ကိုစတွေ့တော့ ဖုတ်ဝင်နေတဲ့သူတစ်ယောက်လို့ထင်ခဲ့မိတာ၊ အခု မဟုတ်မှန်း သိတော့မှပဲ စိတ်မကောင်းဖြစ်နေတာ လျော့သွားတော့တယ်. ."

"နင်က ငါ့အတွက် ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရတာလဲ"

"အသက်ငယ်ငယ်နဲ့ ဖုတ်ကောင်ဘဝရောက်နေရလို့ စိတ်မကောင်းဖြစ်နေတာပါ။ နင်ရေးထားခဲ့တဲ့စာကိုတွေ့လို့ ငါတို့ဂူထဲရောက်ခဲ့ကြရတာ. .၊ အဲဒီလိုစာမျိုးတွေ ရေးတတ်အောင် နင့်ကိုဘယ်သူသင်ပေးထားတာလဲ"

ဟုမေးလိုက်သည်။

"အဘိုး သင်ပေးထားတာ၊ သူခိုင်းလို့ ငါကရေးရတာ"

"ဘာကြောင့်လဲဟင်"





"နင်တို့သုံးယောက် ဟိုမိန်းမတွေနဲ့အတူပါလာပြီး ငါတို့လူတွေကို သတ်ခဲ့တယ်လို့ထင်နေတာ၊ ဒါကြောင့် ကျွန်းပေါ်ရောက်လာတော့ ငါတို့နေတဲ့ ဂူထဲရောက်အောင်ခေါ်ပြီး ပြန်သတ်မလို့ ထောင်ချောက်ဆင်ခဲ့တာ"

ထိုစကားကြောင့် နီမောင်က ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သည်။

"ဂူထဲရောက်လာပြီး ရန်သူတွေမဟုတ်မှန်းသိတော့မှ အသက်ချမ်းသာခွင့်ပေးလိုက်တာ"

"တော်သေးတာပေါ့၊ သူတို့နဲ့ပါလာတာက နင်တို့ကို အန္တရာယ်ပေးချင်လို့ မဟုတ်ပါဘူး၊ သူတို့ခေါ်လို့ လိုက်လာကြရတာပါ၊ ဒါထက် ဒီဂူထဲမှာပဲ တစ်သက်လုံး နေသွားတော့မှာလား"

"ဒီမှာ မနေလို့ ဘယ်နေရာသွားနေရမှာလဲ၊ ငါတို့မှာ အားကိုးစရာ ဆွေမျိုးသားချင်းမှ မရှိတော့တာ. . ."

"နင့်အဘိုးကတော့ သူ့လူတွေရှိတဲ့နေရာမှာပဲ တစ်သက်လုံးနေမယ်လို့ ဆုံးဖြတ်ထားပုံရတယ်၊ နင်ကရော ဒီဂူထဲမှာနေရတာ ပျော်လို့လား"

သူမက ခေါင်းခါပြသည်။

"ဒီလိုဆိုရင် ငါတို့ပြန်ရင် လိုက်ခဲ့ပါလား၊ ငါတို့ပြန်ရင်နင့်ကိုခေါ်သွားမယ်လေ. ."

"ဟိုရောက်တော့ ငါက ဘယ်သူနဲ့နေရမှာလဲ"

"ငါတို့နဲ့ နေရမှာပေါ့. ."



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့က တစ်သက်လုံး ခေါ်ထားမှာမို့လား"

"နင်နေရင် ခေါ်ထားမှာပေါ့"

"ဆွေမျိုးသားချင်းမတော်ဘဲနဲ့ တစ်သက်လုံး အတူနေလို့ဖြစ်မှာတဲ့လား"

"ဖြစ်ပါတယ်၊ တစိမ်းတွေလိုမနေချင်ရင် ဆွေမျိုးသားချင်းလိုနေပေါ့. . ."

ထိုစကားကြောင့် ကမာနီက မျက်လုံးအဝိုင်းသားဖြင့် ကြည့်လေသည်။

"ငါပြောတာကို သဘောပေါက်တယ်မဟုတ်လား၊ နင်သဘောတူရင် ငါနင့်ကို လက်ထပ်ပြီး ယူမယ်၊ ပြီးရင် တစ်သက်လုံးခေါ်ထားမယ်"

"ငါ့ကိုသဘောကျလို့ ဒီစကားပြောတာလား၊ ငါ့မှာရော သဘောကျစရာတွေ့မိလို့လား"

"နင့်ဆီမှာ ငါသဘောကျတာတွေရှိပါတယ်၊ ရိုးသားခြင်းနဲ့ အပြစ်ကင်းစင်ခြင်းပါပဲ၊ လူတစ်ယောက်ရဲ့ အလှအပတွေထက် စိတ်ထားဖြူစင်ခြင်းက ပိုပြီးနှစ်သက်ဖို့ကောင်းပါတယ်။ ငါက နင့်ကိုတွေ့စကတည်းက သဘောကျနေတာ၊ ငါပြောတာ ဘယ်လိုသဘောရသလဲ"

"အဘိုးကိုပြောပြရဦးမယ်"

"နင့်သဘောကရော. . ."

ဘာမှပြန်မပြောပဲ ခေါင်းငုံ့ထားလေသည်။

ထို့ကြောင့် သူမလက်ကလေးကိုကိုင်ပြီး မေးလိုက်





သည်။

"ငါက အဲဒါမျိုးတွေ မသိသေးဘူး၊ ဒါပေမယ့် နင်နဲ့နှစ်ယောက်တည်းနေရတာ စိတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်းမသိဘူး"

အသံ ကတုံကရင်ဖြင့် ပြောသည်။

"နင် ပျော်နေတယ် မဟုတ်လား"

ထိုသို့မေးတော့ ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် တစ်သက်လုံး ငါတို့နှစ်ယောက် အတူတူနေသွားကြမယ်နော်၊ ငါတို့ပြန်ကာနီးတော့ နင့်အဘိုးဆီမှာ ခွင့်တောင်းပြီး တစ်ခါတည်း ခေါ်သွားမယ်၊ နင်သဘောတူတယ်မဟုတ်လား"

ဒီတစ်ခါတော့ ခေါင်းညိတ်ပြသဖြင့် နီမောင်က သူမကိုယ်လေးကိုဆွဲယူပြီး ပွေ့ဖက်ထားလိုက်လေတော့သည်။ ထိုညက သူတို့အတွက်တော့ အလှဆုံးညတစ်ည ဖြစ်လာခဲ့ပေသည်။

နောက်တစ်နေ့ နံနက်စောစောပိုင်းမှာတော့ တဆွေကျွန်းသို့ စက်လှေတစ်စင်း ရောက်လာပေတော့သည်။

မေရီချိုနှင့် သူမ၏ဖခင် နက်တာဒက်တို့ လိုက်ပါလာသော စက်လှေပင်ဖြစ်သည်။

စက်လှေပေါ်မှာတော့ လူ (၂၀)ခန့်ပါလာပြီး သေနတ်များကလည်း လူစေ့တက်စေ့ပါလာကြသည်။

၎င်းတို့သည် ကျွန်းတစ်ကျွန်းလုံးနှံ့အောင် စက်လှေဖြင့် ပတ်ကြည့်ကြသည်။

နာတာဒက်နှင့် မေရီချိုတို့ကတော့ စက်လှေဦးပိုင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး အဝေးကြည့်မှန်ပြောင်းကိုယ်စီဖြင့် ကျွန်းပေါ်သို့ ကြည့်နေကြသည်။

"သူတို့ဒီကျွန်းပေါ်မှာ ရှိတယ်ဆိုတာ သေချာရဲ့လား၊ ငါကြည့်တာတော့ လူရိပ်လူခြေမတွေ့ရဘူး"

နက်တာဒက်က ပြောသည်။

"ကျွန်မတို့ အရင်တစ်ခေါက်လာတုန်းက သူတို့ကို တွေ့ခဲ့ရတယ်၊ သူတို့က ဂူတွေထဲမှာ ပုန်းနေကြတယ်"

ဟု မေရီချို့က ပြောပြသည်။

ဌင်းစီးလာသော ပင်လယ်ကျားစက်လှေသည် ကျွန်းကို တစ်ပတ်ပြည့်အောင် ပတ်မောင်းကြပြီးနောက် ဂူပေါက်ဝရှိသော နေရာသို့ရောက်တော့ သင့်တော်သောနေရာမှာ စက်လှေကို ရပ်ပြီး လှေငယ်တစ်စင်းဖြင့် ဂူပေါက်အတွင်းဝင် ကြည့်ကြလေသည်။

စက်လှေပေါ်မှာ (၁၀)ယောက်ခန့် ကျန်ခဲ့ပြီး ဂူထဲဝင်သောအဖွဲ့မှာတော့ နက်တာဒက်နှင့် မေရီချို့တို့အပါအဝင် (၁၀) ယောက်ခန့်ပါလာကြသည်။ သူတို့တွင် သေနတ်များပြည့်စုံစွာ ပါလာကြသည်။

ဂူထဲရောက်တော့ နီမောင်တို့ထားခဲ့သော လှေကို တွေ့ကြရသည်။ လှေပေါ်မှာတော့ လူမရှိပေ။

"သူတို့ ဒီဂူထဲကို ရောက်နေကြတယ်"

"ဘယ်သူတွေကိုပြောတာလဲ"

"တစ်ခါတုန်းက လမ်းပြခေါ်လာခဲ့တဲ့ နီမောင်တို့ လှေ





ဆိုတာ မှတ်မိတယ်၊ ဘယ်လိုလုပ်မလဲ"

"သူတို့နောက်လိုက်သွားရင် ပိုကောင်းမှာပေါ့"

ထိုသို့တိုင်ပင်ပြီး စက်လှေပေါ်မှာ လူငါးယောက်ခန့် ထားခဲ့ပြီး လူ (၁၅)ယောက်ခန့် တောပေါ်သို့ တက်ကြလေသည်။

တောပေါ်ရောက်တော့ နီမောင်တို့သွားသော လမ်းအတိုင်းလိုက်ကြည့်ကြလေသည်။

တောထဲတွင် ရှေ့ကလူသွားထားသောလမ်းကို ရှာဖွေရတာ မခက်ခဲလှပေ။ အဘယ်ကြောင့်ဆိုသော်. . .

မလွှတ်မလပ် ဖြစ်နေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ချထားခဲ့သောကြောင့် ဖြစ်သည်။

နောက်ဆုံးမှာတော့ ကျောက်နံရံမှာ ရွှံ့စာများရေးထားသောနေရာသို့ ရောက်သွားကြတော့သည်။

ထိုနေရာမှာရေးထားသော စာများ၏အဓိပ္ပါယ်ကိုတော့ သူတို့မသိကြပေ။

သို့သော် ထိုကျွန်းပေါ်မှာသော်လည်းကောင်း၊ ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာသော်လည်းကောင်း လူများရှိနေသည်ကိုတော့ သိသွားကြလေသည်။

ထို့နောက်မှာတော့ နေရာအနှံ့လိုက်လံရှာဖွေရင်းနှင့် ကျောက်တံခါးရှိသောနေရာ ရောက်သွားပြန်သည်။

အချိန်ကလည်း နေ့လည်ပိုင်းအချိန် ကျော်လာပြီ။ လိုဏ်ခေါင်းကြီးအတွင်းမှာတော့ အပြင်ဘက်မှ အလင်းရောင် မဝင်သောကြောင့် မှောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေသော ဂူကြီးအတွင်းသို့ ရောက်သောအခါ သေနတ်များကို ပြင်ဆင်ထားကြသည်။

ထိုအခိုက်မှာပင် လိုဏ်ခေါင်းအတွင်းမှ ကြောက်စရာကောင်းသောအသံကြီး ထွက်ပေါ်လာလေတော့သည်။

"ရှင်သူငယ်ရေ. . ထ. . ထ. . ၊

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ဟူသောအသံကြီးကြားရပြီး. . မရှေးမနှောင်းမှာပင် နောက်ထပ်အသံတစ်သံကြားရပြန်၏။

"အလောင်းကောင်တွေ. . ထကြ. . ထကြ. . ၊

ဝိညာဉ်တွေရေ. . လာကြ. . လာကြ. . "

ထိုကဲ့သို့သော ချောက်ချားဖွယ်ရာကောင်းသောအသံကြီးကို ကြားရသောအခါ နာတာဒက်တို့မှာ ကျိုးကန်းတောင်းမျှောက် ကြည့်နေကြလေသည်။

ထိုအခိုက်မှာပင် သူတို့ဝင်လာသော နေရာဘက်မှ လက်ကားရား ခြေကားရားနှင့် အလောင်းကောင်အချို့ဝင်လာကြလေသည်။

"ဘာတွေလဲ. . လူတွေလည်း မဟုတ်ပါလား"

"ဖုတ်ဝင်နေတဲ့ အလောင်းကောင်တွေ သေနတ်နဲ့ ပစ်၊ ပစ်ကြ"

ဟုပြောပြောဆိုဆိုနှင့် သေနတ်ဖြင့်ပစ်ရာ ဂူအတွင်းမှာ လိုဏ်ခေါင်းသံ၊ ပဲ့တင်သံများဖြင့် ဆူညံသွားလေတော့သည်။ သေနတ်ဖြင့်ပစ်သော်လည်း ဖုတ်ဝင်နေသော အလောင်းများ





ကတော့ လဲကျမသွားကြပေ။

သေနတ်ကျည်ဆံထိသော်လည်း တဖြည်းဖြည်းနှင့် အနားရောက်လာကြသည်။

ထို့ကြောင့် နောက်ဆုတ်ပေးကြရသည်။

တစ်နေရာရောက်တော့ ဟနေသော ကျောက်တံခါးပေါက်တစ်ခုတွေ့ရသဖြင့် အတွင်းသို့ဝင်ပြေးကြရသည်။

အားလုံးအထဲရောက်တော့ ကျောက်တံခါးချပ်ကို ပြန်ပိတ်လိုက်သည်။

တံခါးပိတ်သွားသော်လည်း ဘေးကင်းသွားပြီးဟုထင်သော်လည်း မဟုတ်ပေ။ ဆီပူအိုးမှ ခုန်ဆင်းရာ မီးပုံထဲရောက်သွားသကဲ့သို့ ဖြစ်နေတော့သည်။ အဘယ်ကြောင့်ဆိုသော်. . .

အတွင်းမှာလည်း ဖုတ်သွင်းထားသော လူသရဲများက အဆင်သင့်စောင့်ပြီး လာရောက်တိုက်ခိုက်ကြသည်။

နာတာဒက်တို့မှာ ပါလာသောသေနတ်တို့မှာ လူနှင့် တိရစ္ဆာန်တို့ကို နှိမ်နင်း၍ရသော်လည်း ဖုတ်ဝင်နေသော အလောင်းကောင်များကို ပစ်ခတ်ရာမှာတော့ မည်သို့မျှမထိရောက်ပေ။

ဖုတ်ဝင်နေသော လူသရဲများက ပစ်ခတ်နေရင်းမှ အနားရောက်လာပြီး ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

၎င်းတို့မှာ လက်နက်မပါကြပေ။ ချွန်ထက်သောသွားများ၊ လက်သည်းများဖြင့် ကုတ်ခြစ်ကိုက်ဖြတ်ကြခြင်းဖြစ်သည်။

လက်သည်းတွင် ပြင်းထန်သော အဆိပ်ရှိသဖြင့် ထိ

www.burmeseclassic.com



သည်နှင့် တုံးခနဲ လဲကျသွားကြလေသည်။

နာတာဒက်တို့မှာ အခြေအနေမကောင်းကြပေ။

သေနတ်ရှိလျှင် မည်သူကိုမဆို တိုက်ခိုက်နိုင်ကြသော်လည်း သေနတ်မကြောက်သည့် ဖုတ်ကောင်များနှင့် တွေ့သောအခါမှာတော့ အထိနာကြလေတော့သည်။

ထိုအခြေအနေမှာပင် ကျောက်ချပ်များကြားမှ အသင့်စောင့်နေသော ဆန်နေးနှင့် လူသရဲများထွက်လာကြပြီး ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ဒီတော့မှ တိုက်ပွဲက ပိုမိုပြင်းထန်သွားပေတော့သည်။ ဖုတ်ဝင်နေသောအလောင်းများက သေနတ်ကျည်ဆံထိ၍ ဘာမှမထူးခြားသော်လည်း သာမန်လူများကတော့ သေနတ်ကျည်ဆံထိသောအခါ လဲကျသေဆုံးသွားကြလေသည်။

ထိုအချိန်မှာ နောက်ထပ် လူသုံးယောက်ထွက်လာပြီး သေနတ်သမားများကို ဝင်ရောက်တိုက်ခိုက်သောအခါမှ ပွဲကမျှတသွားပေတော့သည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ပင် ဖြစ်ကြလေသည်။ နောက်ဆုံးမှာတော့ ဂူပေါက်ထဲရောက်လာပြီး ထွက်ပေါက်မရှိတော့သော နက်တာဒက်နှင့် မေရီချိုတို့ တစ်ဖွဲ့လုံးသေသွားကြသည်။

ဒီဘက်မှာလည်း ဆန်နေးနှင့် အတော်များများသေဆုံးသွားကြလေသည်။ ပွဲကပြီးသွားပေပြီ။

အချိန်ကလည်း နေဝင်ချိန်သို့ရောက်ခဲ့ချေပြီ. . ။





အပြင်ဘက်မှာ စောင့်နေသောစက်လှေသမားတို့မှာလည်း အချိန်ကုန်သော်လည်း တစ်ယောက်မှပြန်ရောက်မလာကြသဖြင့် စိတ်ပူနေကြလေသည်။

သူတို့လည်း ဘာမှမတတ်နိုင်ကြတော့ပေ။

နောက်ထပ် တစ်ရက်နှစ်ရက်ကြာသော်လည်း တစ်ယောက်မှ ပြန်မလာနိုင်သောအခါ စိတ်ပျက်လက်ပျက်ဖြစ်ကာပြန်သွားကြလေတော့သည်။

တစ်ရက်မှာတော့ ဂူထဲမှ လှေတစ်စင်းပြန်ထွက်လာသည်။ ဝင်သွားစဉ်က နီမောင်တို့လေးယောက်ဖြစ်သော်လည်း ပြန်ထွက်လာတော့ တစ်ယောက်တိုးပြီး ငါးယောက်ဖြစ်လာလေသည်။ အခြားမဟုတ်ပေ။

ကမာနီကိုပါ တစ်ပါတည်း ခေါ်လာခဲ့ခြင်းဖြစ်သည်။

အဘိုးဖြစ်သူ ဆန်နေးလည်း မရှိတော့သဖြင့် ကမာနီလည်း အားကိုးမရှိတော့သဖြင့် လိုက်လာခဲ့ခြင်းဖြစ်သည်။

သူမနှင့်အတူ အဘိုးဖြစ်သူဆန်နေး သိမ်းထားသော ရတနာပစ္စည်းထုပ်လည်း ပါလာသည်။

ဦးဇန်ကောင်းကတော့ ရှင်သူငယ်ရုပ်ထုမှ တောင်ဝှေးကို တစ်ပါးတည်းယူဆောင်လာခဲ့ပေသည်။

အဘိုးဆန်နေး မရှိတော့သည့်နောက်ပိုင်း၊ ရှင်သူငယ်တောင်ဝှေးမရှိတော့သည့်နောက်ပိုင်း တန္တေကျွန်းပေါ် တွင်ဖုတ်သွင်းသောကိစ္စများလည်း မရှိတော့။

ဖုတ်ကောင်များ၏ နှောင့်ယှက်ခြင်းများလည်း မခံကြ



www.burmeseclassic.com

www.burmeseclassic.com



ရတော့ပေ။ နီမောင်အတွက်ကတော့ မမျှော်လင့်ဘဲ ရတနာပစ္စည်းများရလာခဲ့သဖြင့် ဝမ်းသာစရာကောင်းပေ၏။

ထို့ထက် ပင်လယ်ထဲမှ ပုလဲရတနာရလာသောကြောင့် ပိုပြီး ကျေနပ်စရာကောင်းပေတော့သည်။

အခြားတော့မဟုတ်ပေ။ ပုလဲရတနာထက် နှစ်လိုဖွယ်ကောင်းသော နှလုံးသားရတနာကို ပိုင်ဆိုင်ခွင့် ရခဲ့သောကြောင့် ဖြစ်ပေသည်။

လောကတွင်. . လူတို့၏နှလုံးသားကို ပျော်ရွှင်စေနိုင်သောအရာများထဲတွင် ချစ်ခြင်းမေတ္တာလည်း အပါအဝင်ဖြစ်ပေသည်။ ယခုတော့ ချစ်ခြင်းမေတ္တာကြောင့်ပင် နီမောင်တစ်ယောက် ပျော်ရွှင်ခွင့်ရခဲ့ပြီ ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ရှင်သူငယ်ထောင်ချောက်) အမည်ရှိသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနိစ္စာဟောတု၊ သုခိအတ္တာနံ ပရိဟရန္တု။

ပြိစ္ဆ

တပြီးချိန်။ ။ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာ(၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၄)နာရီ

